
ဝန်းလရင်မှာ
ထွန်းညိုပါ
ပြုနောင်းညိုပါ



မဏ္ဍိမ-၁၄

* စာမူခွင့်ပြုချက် (၂၀)
* မျက်နှာဖုံးခွင့်ပြုချက်(၃၅)

* ၁၉၈၇၊ မတ်လ
* ပထမအကြိမ်
* အုပ်ရေ-၁၀၀၀
* မျက်နှာဖုံးပန်းချီ-မျိုးမြင့်
* အဖုံးရိုက်-သိန်းမြင့်ဝင်း
* တန်ဖိုး-၃၀
* စာအုပ်ချုပ်-ကိုမြင့်

ဒေါ်မမ{၀၂၁၄၃}၊ အောင်ဥက္ကလာပုံနှိပ်တိုက်၊ အမှတ် ၁၄၁၊ ၃၇ လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး၊ ဒေါ်ခင်လေးညို၊ ညိုစာပေ{၀၃၃၀၀} ၇၅၊ ညောင်တပင်လမ်း၊ အောင်ဆန်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

မဏ္ဍိမရသစာစဉ် (၇)

မြန်နောင်ဘုံ

စန်းမရင်မှာတွန်းညှိပါ

ကိုရဲမြင့်

ဖုံး ၇၇၃

မဏ္ဍိမစာပေတိုက်၊ စာဘူး ၇၂၉၊ မဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့

ငယ်ချစ် မုန်းနေလေမှာလား
ငယ်ချစ်လွမ်းနေလေမှာလား

နေဘုးနှင့် စိမ်းအေးနုတို့သည် တစ်ဦးအပေါ် တစ်ဦး သံယောဇဉ် ခိုင်မြဲစွာတွယ်တာလှသည့် ငယ်ပေါင်းချစ်ဖော်များ ဖြစ်ကြလေသည်။

နေဘုးမှာ လူမှန်းမသိခင်ကတည်းက ဖခင်ကွယ်လွန်ခဲ့ရပြီး ပထွေးလက်တွင် ကြီးပြင်းလာရသူဖြစ်သည်။ ဧမတ္တာမပေးသည့် ပထွေးကို နေဘုး ချစ်ခင်ခြင်း မရှိခဲ့စေကာမူ မိခင်ကို ထောက်ထားကာ ပထွေး တင်**သက်** သူ ရှိကျိုးခဲ့သည်။ သူ၏မိခင်သည် သားဘဝတိုးတက်ရေးကို အလေးပေးပျိုးထောင်ကာ ဆရာဝန်တစ်ဦးဖြစ်လာအောင် မြေတောင်မြောက်ပေးခဲ့သည်။

စိမ်းအေးနု၏မိဘနှစ်ပါးသည် မကွာဟလှသော အပိုင်းအခြားအတွင်း ရှေ့ဆင့်နောက်ဆက် ဆိုသလို တိမ်းပါးသွားခဲ့ကြသည်။ စိမ်းအေးနုသည် အိမ်ထောင်ကျနေပြီ ဖြစ်သော

စာမျက်နှာ ၃၀၄၊ စာကြောင်းရေ ၆ တွင် စာဆိုရှင်အမည်
လွှဲမှန်း အစား လျှဲမှန်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အစ်မနောက်သို့ လိုက်ပါရကာ အစ်မနှင့်အတူ သူမ၏ ခင်ပွန်း ယောကျ်မ မိသားစု ထံတွင် ခိုဝှေ့နေထိုင်ရလေ၏။

ငယ်ဖွစ်နှစ်ဖေါ်မှာ ကွေ့ကောက် ကြမ်းတမ်းသော ဘဝလမ်းကို အားခဲဖြတ်သန်းရင်း မျော်လင့်ချက် တွေသည် ရှေ့တွင် ဘရိုရိုပ် ထင်ဟပ် နေခဲ့ကြပေသည်။

သို့တစေအရွယ်ရောက်လာသောစိမ်းအေးနု အပေါ် ခဲအို ဖြစ်သူက မရိုးမသား ကြံစည် ဖောက်ပြန်လာခဲ့သည်။ မိမိအန္တရာယ်ကို ကျိုးလန့်စာစား ကာကွယ်ရသည်က တစ်ဖက်၊ လင်သည်ကို စိတ်မချနိုင်ဘဲ သောကလှိုက်ဆူသော အစ်မက ကုလားမနိုင် ရခိုင်မကာ စိမ်းအေးနုအပေါ် မကြည်သာသည်က တစ်တန်၊ စိမ်းအေးနု မျော်မှန်း တည်ဆောက်နေသော အနာဂတ်ရိပ်မြုကလေးသည် အခြေမခိုင်ယိုင်နဲ့ လှိုက်စားလာခဲ့ရခေါ်။

နေဘွားမှာ ဆေးတက္ကသိုလ်ရောက်စ ပထမနှစ်သာ ရှိသေးသည်။ အမမှ ကြံစည်ကြိုးစားသည်အထိ အတင့်ရဲလာပြီ ဖြစ်သော ခဲအို၏ လက်မှ စိမ်းနု လွတ်မြောက်ရန်အတွက် ထွက်

ရပ်လမ်းအဖြစ် နေဘွားကို ယူလိုက်ပါဖျင် နေဘွား၏ တက်လမ်းသည် ရပ်တန်းကရပ်ကာ အညွှန်ကျိုးရပေလိမ့်မည်။ချစ်သူကိုငဲ့ညှာခြင်း၊ စိတ်နှလုံး ချုံးကျကာ လူလုံးမလှရှာသော အစ်မကို စာနာခြင်းတို့ဖြင့် စိမ်းနုဆုံးဖြတ်ချက် ချကာ အမြတ်ခွန်ဝန်ထောက် ဦးသက်တင်နှင့် လက်ထပ်လိုက်လေ၏။

နေဘွားသည် ဝေဒနာကိုကျိတ်မှိတ်ခံစားကာ မိခင်အဓာတ်အပုံနှင့်မလုံလောက်သော သူ့ကျောင်းစရိတ်ကိုလည်း သူ့အစွမ်းအစနှင့် ကြံဆရွာဖွေပြီး ဆရာဝန်ဘဝကို အရယူနိုင်ခဲ့လေ၏။

ဦးသက်တင်သည် ငယ်စဉ်ကပင် ဝက်ရူးပြန်ရောဂါရှိခဲ့သည်။ ကိုကို၊ ညီညီနှင့် သမီးထွေးယွန်းတို့ကို ရရှိပြီးနောက် ဦးသက်တင်သည် ဝက်ရူးပြန်ကာ လိုင်းကားပေါ်မှ လိမ့်ကျပြီး ဦးခေါင်းထိခိုက် ကွယ်လွန်ခဲ့သည်။ မုဆိုးမ ကလေး စိမ်းအေးနုသည် ကလေးသုံးယောက်ကို စောင့်ရှောက်ပြုစုရင်း စီးပွားရေးကို စမ်းတဝါးဝါးပျိုးထောင်ခဲ့ရသည်။ ဆေးဆိုင်တည်ထောင်ကာ ဆေးခန်းဖွင့်သောအသုပ်တွင် စိမ်းအေးနု အဆင်ပြေ အခြေကျလာလေသည်။

ကံ့ကော်ရိပ်က ကြိုနေမယ်

စိမ်းအေးနုနှင့် မမျော်လင့်ဘဲ ပြန်လည်ဆုံဆည်းခွင့် ရချိန်၌ နေဘွားတွင် လက်ထပ်ရန် ရည်မှန်းထားသူ ရှိနေ နှင့်လေသည်။

ဦးသက်တင် ကွယ်လွန်စကလည်း နေဘွားတွင် နီးစပ်သော မိန်းကလေးတစ်ယောက် ရှိခဲ့ဖူးသည်။ စိမ်းအေးနု အပေါ် ချစ်ရိပ်ငွေ့မပြယ်နိုင်သေးသူမို့ ထိုစဉ်က သူသည် အနီမိန်းကလေးနှင့် သူ့အကြားမှ အတားအဆီးများကို ထွင်းဖောက်ဖို့ အားမထုတ်ခဲ့ပေ။ စိမ်းအေးနုကတော့ နေဘွား၏ မပြီးဆုံးသေးသော ပညာရေးကို မထစ်ငေါ့မနှောင့်နှေးစေလိုသော ဆန္ဒ၊ သားသမီးများ၏ ဖတဆိုးဘဝကို သူမ၏ မေတ္တာ အပြည့်အဝ ပေးအပ် ကာကွယ်လိုသောဆန္ဒတို့ကြောင့် ချစ်သူကို နောက်ထပ် တစ်ဖန် ငြင်းဆန်လက်ကာပြခဲ့ရဖူးသည်။

သည် တစ်ကြိမ်မှာတော့ အသက်အရွယ် အချိန်အခါအရ နေဘွားသည် စိမ်းအေးနု

စိမ်းအေးနု၏ ဆေးခန်းတွင် ဆရာဝန် တစ်ယောက်ပြီး တစ်ယောက် ပြောင်းထိုင်သွားကြသည်။

ဆေးခန်းသို့ နောက်ဆုံး ရောက်ရှိလာသော ဆရာဝန်မှာ ဒေါက်တာနေဘွားဖြစ်ချေ၏။

နှီးချင်း ပိုင်စိုးကို အရေးပေး အရောဝင်ကာ မိခင်ဖြစ်သူ ထင်ယောင်ထင်မှား ဖြစ်စေသော ယွန်းသည် အစ်ကိုမျှားကိုလည်း ပူပင်သောက မျှားစေသည်။ ထို့မဆင့်ကဲကာ ပြဿနာ ရှုပ်ထွေးလာမည် ဖြစ်ကြောင်းကိုမူ ငယ်နုသော အတွေးနှင့်မို့ ယွန်းလေးလေးနှက်နှက်မစဉ်းစား တတ်ခဲ့ပေ။

ညီညီနှင့်ပိုင်စိုး အချင်းမျှား ရန်ဖြစ်ကြပြီး မိခင်ချင်းလည်း စိတ်ခုမုန်းတီးလာကြရသည်။ သည့်နောက်တွင်တော့ စိမ်းအေးနုသည် ယွန်းဆင်သည့် ထောင်ချောက်ထဲသို့ လက်မြောက်အရှုံးပေး ဝင်ရောက်သွားကာ နေဘွားကို လက်မထပ်ပါဟု အာမခံ ကတိပြုလိုက်တော့သည်။

အလိုပြည့် ကျေနပ်သွားပြီဖြစ်သော ယွန်းသည် မိခင်မျှော်မှန်းသည့်အတိုင်း၊ ယွန်းကိုယ်တိုင်လည်း ရည်ရွယ်ထားသည့်အတိုင်း အခြေခံပညာ အထက်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ရေးကို အားသွန်ခွန်စိုက် ဦးတည်ကြိုးပမ်းလေ၏။ မိခင် ကွယ်လွန်သွားသော သူငယ်ချင်း နီတာ၏အိမ်တွင် အဖော်အဖြစ် သွားနေကာ အတူတကွစာကျက်ကြလေသည်။

နေ့ထူတွင် တခြားတစ်ယောက်ကို အစားထိုးရန် ကြံရွယ်ထားပြီး လေပြီ။

မိခင်ကို နှမြောတွန့်တို မေတ္တာ မဝေမျှသို့သော ယွန်းကလည်း နေဘွားအပေါ်ဆန့်ကျင်ဆန္ဒပြနေသည်။

နှစ်ဦးနှစ်ဖက် ဆက်ဆံရေး ပြေလည်ကာ မိတ်ဆွေဘဝမှာ ဆက်လက်တည်မြဲ ကျွမ်းဝင်စေဖို့ နေဘွားဘက်က အချည်အနှောင်ရှိရတော့မည်။

သို့တစေ နေဘွားလက်ထပ်မည့်မိန်းကလေး၏ တိတ်တဆိတ် လက်မှတ်ထိုးလက်ထပ်ထားပြီးသော ကာမပိုင် လင်ယောကျ်ားသည် ဘွားခန့်ပေါ်ပေါက် ကြားဝင်လာချေသည်။

ငယ်ချစ်နှစ်ဦး၏ ပူးစာကံသည် မဆုံသာသော်လည်း ကြုံမြဲကြုံနေရပြန်လေ၏။

စိမ်းနုက ရှောင်ကွင်းရန်ဆက်လက်ကြိုးစားစေကာမူ နေဘွားကတော့အလိုက်သင့်အလျှောသင့် လက်ခံမနေနိုင်တော့တဲ့ကြုံကြိုက်လာသော ပြန်လည်နီးစပ်ခွင့်ကို အမိအရ တောင်းခံလေတော့၏။

ယွန်းသည် မိခင် နောက်အိမ်ထောင်ပြုမည့် အရေးကို ခါးခါးသီးသီးကန့်ကွက်သည်။ အိမ်

စိမ်းအေးနု ဆေးစား အခန့်မသင့်သော ကြောင့် အစာအိမ်မှ ထွေးယိုထွက်ကာ ရှောင် တခင် ဆေးရုံတက်ရသည်။ နေသွားကသတင်း ကြား၍ အလာ စိမ်းအေးနုက ဆေးရုံမှအဆင်း အိမ်တွင်ဆုံလေသည်။

ယွန်းသည် မိခင်ဆေးရုံတက်ရသည်ကိုသိခွင့် မရခဲ့ပေ။ ထို့ကြောင့် အိမ်ခဏပြန်အလာတွင် နေဘုး ရောက်နေသည်ကို တွေ့လိုက်ရသော ခဏ၌ မိခင် ကတိမတည်ကြည်ဟု စိတ်ထိခိုက် နာကြည်းလျက် လှည့်ထွက်ခဲ့သည်။ ခြံဝင်တွင် တွေ့ဆုံသောပိုင်စိုးက ညီညီနှင့်အပေါင်းအသင်း တစ်စု ကော်မက်သာဇင် သောက်သုံး မူးယစ် နေကြောင်းသတင်းပေးသည်။ ယွန်းကအစ်ကို ငယ်ကို လိုက်ခေါ်ရန် ပိုင်စိုးနှင့်အတူချက်ချင်း လိုက်သွား၏။

ဆေးဆိုင်မှ ကိုကို သိလျှင် ယွန်းနှင့်ပိုင်စိုး ခိုးရာလိုက်ပြေးသည်ဟု အထင်လွဲမှားကာ စာ မေးပွဲ ဖြေလုဆဲ နှမကို တားဆီးပဲ့ပြင်နိုင်ရန် အငှားယာဉ်နှင့် နောက်မှလိုက်သည်။

ကိုကို ယာဉ်တိုက်ခိုက် သေဆုံးခဲ့ချေသည်။

ညီညီသည် သူ့ကြောင့် ဖြစ်ရသည်ဟု နောင်တဖိစီးကာ အပြောင်းလဲကြီး ပြောင်းလဲ လိမ့်မသွားတော့၏။ ကိုကို၏ဘဝဝန်တွေကို သူ ထမ်းဖို့ ပခုံးပြင်လေပြီ။ စိမ်းနုအတွက် အရှုံးထဲမှ အမြတ်ဟု တွက်ဆရပေတော့မည်။

ယွန်း အား အစ်ကို ကြီး ၏ ကြမ္မာဆိုးကို အလျဉ်းအသိမပေးကြပေ။ နီတာ့အိမ်မှာ ဆက် နေစေကာ စာမေးပွဲကို အေးချမ်းစွာ ဖြေဆို နိုင်စေခဲ့သည်။

ယွန်း စာမေးပွဲကိုဖြေဆိုပြီးစီး၍ ကျောင်းမှ ထွက်ခွာလာချိန်မှာမှ လာကြိုသော စိမ်းအေးနု သည် မျက်ရည်စမျှားနှင့်.....

စန်း လ ရင် မှာ ထွန်း ညို ပါ

ယွန်းသည် ည့်ခံကုလားထိုင်တစ်လုံးတွင် လျော့လျဲလျဲ မှီထိုင်ကာ အိမ်ရှေ့ပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ ငေးမောနေသည်။ ယွန်း၏ စိတ်အစဉ်သည် လွင့်မျောဆွတ်ပျံနေလေ၏။

ကြည်သန့်သော နက်ပြာရောင်ကောင်းကင်ဝယ် တိမ်ဂွမ်းစိုင် တိမ်မျှင်တန်းတို့ တရွေ့ရွေ့ လွင့်ပါးနေကြသည်။ တစ်ခြမ်းပဲ သာနေသော လကွေးကလေးသည် တိမ်ထုနောက်ဝယ် ခေါက်ယိုက်၊ ပြန်ပေါ်လာလိုက်နှင့် ယွန်းကို ကလူကျီစယ်ငြင်းခယ် ဆော့ကစားပြနေသည်သို့....။

လမ်းဘေး ကုက္ကိုပင်တွေမှ သစ်ခက်သစ်ရွက် မျှားသည် လေအဝှေ့ဝယ် ရွေ့လျား လှုပ်ခတ်လျက် လရောင်ဟပ်စဉ် လက်ခနဲ ဖြာလိုက်၊ လရောင် ကွယ်ခိုက် အရိပ်ထင်မှောင်မိုက်သွားလိုက်နှင့်....။

မေမေနှင့် ညီညီသည် ဆေးခန်းမှ ပြန်မလာကြီ သေးပေ။ ညရှစ်နာရီခွဲသာ ရှိသေးတာမို့ ဆေးခန်းပင် ပိတ်ကြဦးမှာ မဟုတ်။

တစ်အိမ်လုံးတွင် ယွန်းနှင့် ဒေါ်လေးတင့်သာ ရှိနေကြသည်။ ဒေါ်လေးတင့်က ထမင်းစားခန်းထောင့် မီးပူတိုက်စားပွဲပေါ်တွင် အဝတ်တွေဖြန့်ခင်းကာ မီးပူတိုက်ဖို့ ပြင်ဆင်နေသည်။ မီးဖိုချောင်လည်း သိမ်းဆည်းပြီးပြီ။ မေမေတို့ပြန်ရောက်လာလျှင် အဘူစားသောက်ကြဖို့ ထမင်းပွဲ ကိုလည်း အသင့် ပြင်ဆင်ခူးခပ်ထားပြီးပေပြီ။

ဒေါ်လေးတင့်သည် ထမင်းစားပွဲပေါ် ဓာတ်ခဲသုံးရေဒီယို ပေါက်စကလေးတင်ကာ နားထောင်နေသည်။ ဒေါ်လေးသာ သီချင်းဖွင့်မထားလျှင် အိမ်သည် မည်မျှ တိတ်ဆိတ်ငြိမ်သက်နေလိမ့်မလဲ။ သည်းမခံနိုင်လောက်အောင် စိတ် ချောက်ချား အထီးကျန်လာနိုင်လိမ့်မှာပါ။

သို့တစေ ညင်းပျောင်း အေးငြိမ့်လေသော သီချင်းကြီးသည် အလွမ်းဘွဲ့ပတ်ပျိုးတစ်ပုဒ်ဖြစ်၍နေသည်။

လွမ်းဓလေ့၊ မျှော်၍ငယ်စဉ်ပင်၊ မိုးယံဝဝယ် လကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူ့နှောင် စောရွယ်လူး....။

ဒေါ်လေးတင့် ရောက်မလာခင်ကများဆို ယွန်းနှင့် ညီညီ နှစ်ယောက်တည်း။ တစ်ခါတစ်ရံ ညီညီ အလည်လွန်နေလျှင် ယွန်း တစ်ယောက်တည်းသာ တံခါးပိတ်ပြီး နေရဘတ်တာ။

ခုတော့ ညီညီသည် မေမေနှင့်အတူ ဆိုင်ထွက် လေသည်။ ကိုကို့အလုပ်တွေကိုသင်ယူကာ ကိုကို့နေရာ ယူပြီး မေမေဖြေသာအောင် ကြိုးစားနေလေ၏။

နေသားမကျနိုင်သေးသူက ယွန်း။

ကိုကို သေဆုံးသွားပြီဆိုခြင်းကို ယွန်း လုံးဝဥဿုံ လက်ခံယုံကြည်နိုင်စွမ်း မရှိသေးပေ။

ကိုကို ကားတိုက်သေဆုံးသွားရသည်ဟု ယွန်း သိရှိရသည်မှာ တစ်ဆင့်စကားသာဖြစ်လေသည်။ ယွန်း စာမေးပွဲဖြေနေခိုက် အုပ်ဆိုင်းထားကြပြီး စာမေးပွဲ ပြီးခါမှ မေမေတို့က အသိပေးခဲ့ကြသည်။ မိသားစု၏ စကားမို့သာ သည် အဖြစ်အပျက်ကို ယွန်း မငြင်းပယ်သာခဲ့သော်လည်း မယုံတစ်ဝက်၊ အိပ်မက်အလား ယောင်မှားသံသယ ဝင်နေရသည်သာ။

ယွန်းမှာ ကိုကို့ အလောင်းကို မမြင်လိုက်ရ။ ကိုကို့ အသုဘကိုလည်း လိုက်မပို့လိုက်ရ။ ကိုကိုခွဲခွာသွားခဲ့ပြီဆိုတာကို ယွန်း လက်ခံသိမှတ်စရာဆို၍ ရက်လည်ဆွမ်းသွတ်တာကိုမှလည်း ယွန်း မမီခဲ့ရပါလေ။ ယွန်း တစ်ယောက်အတွက်သာ ရည်ရွယ်ကာ ဆရာတော်တို့ သံဃာငါးပါး တရားလာပြ လှူဒါန်း ရေစက်ချစေခဲ့သည့်တိုင် ယွန်း၏ အတွင်း အဇ္ဈတ္တသဏ္ဍာန်ဝယ် အမှန်တရားဟု လက်မခံလိုဘဲ ငြင်းဆန် သွေဖည်ခဲ့လေသည်။

ညညတိုင် မိခင်ပြန်လာလျှင် ကိုကိုလည်း ပြန်ပါလာဦးမည် ထင်မှတ်မိတတ်လျက် အသိစိတ်က ထပ်ဆင့်သတိပေးလေမှ

ထိုကို ဘယ်သောအခါမှာမှ ပြန်မလာတော့ပြီဟု ယွန်း ရင်နင့်ကြေကွဲရပြန်လေသည်။

စာမေးပွဲ အောင်စာရင်း တွေက ဇွန်လကုန် ဇူလိုင်ဆန်းလောက်မှ ထွက်မည်ထင်သည်။ ကျောင်း မြန်မြန် ဖွင့်စေချင်လှပြီ။ ကျောင်းတက်နေရလျှင် ယွန်း သည်လို ငွေငွေငိုငိုထိုင်နေမိုင်တွေးနေအားတော့မှာ မဟုတ်ဘဲ မွေမွေ ပျောက်ပျောက် ဖြစ်သွားပေလိမ့်မည်။

'ယွန်းရေ....ထမင်း စားနှင့်ကြမဲလား၊ ဒေါ်လေးနဲ့ အတူ စားနှင့်ကြရအောင်လေကွယ်'

ဒေါ်လေးတင့်က ထမင်းစားခန်းမှ ခါးကိုင်း ကြည့်ပြီး မေးသည်။ ညနေတိုင်းပင် ဒေါ်လေးက သုံးလေးကြိမ်ထက် မနည်း ထမင်းစားဖို့ခေါ်သည်။ နှုတ်ကမှ သေးသေးကွေးကွေး ကလေးဟာ ယွန်းရယ်၊ ပိုပြီးပိန်ပိန်လာလိုက်တာ၊ ဖယောင်းတိုင် ကလေးနဲ့ တူတူလာပြီဟုလည်း ဒေါ်လေး မကြာဏေ ညည်းတွားသည်။ ပြောဖန်များတော့ ယွန်း စိတ်မရှည်ချင်ပေ။ ယွန်း အတွက် ပူပန်စိုးရိမ်နေရှာမှန်း သိသောကြောင့်သာ သူ့ညီခံ နေရကာ ယွန်းဘာသာ ပိန်ရုံမက အရိုးစုချည်းကျန်ချင်ကျန်၊ လိုက်ကြည့်ပြီး ပြောပြောမနေကြပါနဲ့ ဆိုပြီးတော့ တားဆီး ပိတ်ပင် ပစ်လိုက်ချင်လှသည်။

ခဲတော့လည်း ယွန်းက မပြုံးချင်ဘဲ ပြုံးကာ ခေါင်းခါ ယမ်းပြရသည်။ အဆိုးကလေး ယွန်းသည် ဆိုးသည်ထက် မိုက် မလာဖို့ လိုပေလိမ့်မည်။

'ဒေါ်လေးက မေမေနဲ့မှ အတူ စားချင်စာပါ၊ ယွန်းလဲ ဆာသေးပါဘူး၊ အားလုံး စုံ စားကြရင် ထမင်းပိုဝင်တယ်'

ယွန်း၏ ချွေးသိပ်စကားကို ဒေါ်လေးတင့် ကျေနပ်သွားသည်။

'ယွန်း ကြိုက်တတ်တဲ့ မယ်ဇလီရွက်ဟင်းချိုနဲ့ ကန်စွန်းရွက်သုပ်၊ သိလား သမီး၊ ငုံးကြော်လဲပါတယ်၊ အဲမယ် တစ်ကောင် နှစ်ကျပ်ခွဲကြီးများတောင် ပေးရတာ သမီးရဲ့'

ယွန်းသည် တစ်ခြမ်းတည်း သာနိုင်လေသော လကလေး ပေါ် တိမ်လွှာတွေကလည်း ဖြတ်သန်းသွားရက်သေးသည်ဟု နှမ်းလျလျ တွေးနေသည်။ မီးပူနှင့်စားပွဲ ထိတိုက် ဆံသည် နားထဲမှာ ကသီကအောက် ထောင့်၍နေ၏။ ဒေါ်လေးတင့် စကားမဆက်တော့တာကိုတော့ ယွန်း သက်သာရာ ရသည်ဟု ကျေးဇူးကင်နေ မိပြန်လေသည်။

ကိုကို ကွယ်လွန်ခဲ့သည်ဆိုသော နေ့က အကြောင်း တွေကို ပြန် သတိရပြန်သည်။

ထိုနေ့က ကိုပိုင်တို့ကားကို အဝေးမှ လှမ်းမြင်သော်လည်း ယွန်းက မကြည့်တမ်း လည်တိုင်ကြော့ကြော့ ခေါင်းမော့မော့နှင့် ခြေလှမ်းသွက်သွက် ဆက်လျှောက် ခဲ့သည်။ ကားသည် ယွန်း ရှေ့နားမှ ကြိုတင် ထိုးရပ်သွားခဲ့လေသည်။

ဆရာလေးနေပါဦး ယွန်း၊ တို့ အရေးတကြီး ပြောစရာ တစ်ခုရှိလို့ပါ ယွန်းရယ် ဆိုသော နူးနူးညံ့ညံ့နိုင်လှသည့် ကိုပိုင့် အသံကို လျစ်လျူရှုနိုင်ဦးတော့ ကားပေါ်မှ လူဆင်းမလာခင်

မြေပေါ် ချိုင်းထောက် အလျင်ထောက်လိုက်ရသော သူ့အဖြစ်
ကတော့ ယွန်းကို ရပ်တန့်တွေဝေစေလေ၏။

သူ့ခမျာ ယွန်းနှင့် ညီ တစ်လှည့်စီ နှိပ်စက်သမျှ ခံခဲ့ရရှာ
တာ၊ ညီ့ကြောင့် သူ့ ခြေထောက် ကျိုးခဲ့ရတာပဲဟု ယွန်း
မာန်စွယ်ပြေလျော့သည်။

ညီတို့အုပ်စု စီအမ်တွေဝယ်သွားကြတာ တွေ့လို့ တို့ လိုက်
ကြည့်ခဲ့တယ်၊ အင်းလျားစောင်းသွားကြတယ်၊ သူတို့က ရဲတွေ
ကို မမြင်တူးဆိုသော ကိုပိုင့် သတင်းပေးချက်အရ ကိုပိုင်နှင့်
အတူ ယွန်းသည် ညီကို ပြန့်ခေါ်ဖို့ အငှားယာဉ် တစ်စီးနှင့်
လိုက်ဖြစ်ခဲ့မိသည်။

ယွန်းက ကိုပိုင့်ကို အဖော်မခေါ်ချင်ခဲ့။ ကိုပိုင်ကသာ စိတ်
မချနိုင်ဟု ဇွတ် လိုက်လာခဲ့သည်။ ခုလို နောက်ကြောင်း ပြန်
တွေးချိန်တွင် ထိုစဉ်က ကိုပိုင်သာ ပါမလာလျှင် ကိုကို အထင်
လွဲမှားစရာ ကြုံဆုံလာရမှာ မဟုတ်ဟု ယွန်းက သူတစ်ပါး
အပေါ် အပြစ်ပုံလွဲချချင်သည်။ သို့ရာတွင် ညီ့ကို အရှာထွက်
စဉ်က ညီ့ကြောင့် ခြေကျိုး ခဲ့ရသော သူ့ ခြေထောက်မှာ
ပတ်တီး ဖြေပြီးစသာ ရှိသေးကြောင်း စာနာလျက် စောစောက
အတွေးဆိုးကလေးကို ချက်ချင်း ဖြေဖျောက် ဖျက်သိမ်းပစ်လိုက်
ရလေသည်။

ညီတို့ ရဲကားပေါ် ပါသွားသည်ကို တွေ့လိုက်ရသောအခါ
ယွန်း ကြံရာမရ အားကိုးရှာဖွေသည်။ မိခင်သည် နာလန်မထူ
သေးသော ဆေးရုံဆင်းစ အခြေအနေ။ ကိုကို သည်လည်း

ဆိုင်တစ်ဖက် ကြည့်နေရသလို ဝင်ဆံ့ ပြောဆိုပိုင်သူ လူကြီး
တစ်ယောက်လည်း မဟုတ်သေး။ ယွန်းသည် ကိုပိုင်မှတစ်ဆင့်
ဒေါက်တာ နေတွားထံ အကူအညီတောင်းခဲ့ရလေသည်။

မိခင်အပေါ် သံသယ ကင်းရှင်းသွားခဲ့ပြီ ဖြစ်သော်လည်း
အမှားဝန်ခံဖို့ ယွန်း ရှက်ရွံ့ တွန့်ဆုတ် နေသေးသဖြင့် နီတာတို့
အိမ်သို့သာ ယွန်း ပြန်သွားခဲ့သည်။

ထိုညက ဒေါ်လေးတင့် လိုက်လာကာ သွားလာနေထိုင်
ရေး ပို၍ အဆင်ပြေလွယ်ကူသော နီတာတို့အိမ်မှာပဲ ဆက်လက်
နေထိုင်ပြီး စာမေးပွဲဖြေဖို့ နီတာ့ဖခင်နှင့် တိုင်ပင်ဆုံးဖြတ်သည်။
ယွန်းကလည်း ကျေနပ်ခဲ့လေသည်။ စာမေးပွဲအပြီးတွင် ယွန်း
ပြုမှားသမျှ အတန်အသင့်လျော့ပြေကာ မိခင်၏ရင်ကို ခေါင်း
ငှေ့ ချဲ့နွဲ့လိုက်လျှင် အပြီးသတ်တိုင် ငြိမ်းချမ်းသွားကြမည်ဟု
ယွန်း တွက်ဆခဲ့လေ၏။

စာမေးပွဲပြီးသောနေ့က လာကြိုသော နီတာတို့ ကားတွင်
မေမေ ပါလာလေသည်။ မေမေ့အား ယွန်း အားလုံး ဖြေနိုင်
တယ် မေမေဟု ပြောလိုက်မည်အားခဲကာ ကားနံဘေးသို့ ယွန်း
ရှင်မြူးစွာ တိုးကပ်သွားခဲ့သည်။

ကား နောက်ခန်းထဲမှ မေမေသည် ယွန်းကို ပြုံး၍ ကြိုရှာ
သည်။ သို့တစေ မေမေ့မျက်ဝန်းတွင် မျက်ရည်စတွေ ဝိုင်းဝန်း
ရှန်းလဲ့သည်။ စောစောက သူမ ဘယ်လိုပဲ ကြေကြေ ကွဲကွဲ
အသည်းအက်အောင် ငိုကြွေးခဲ့ရပါစေ၊ ယွန်း စာမေးပွဲအပြီး
မှာမူ ပန်းလျ အားကုန်ခဲ့ပြီဖြစ်သော ယွန်း၏ ဦးနှောက်တွေကို

ကိုကို ဆုံးခဲ့ပြီ သိမှတ်နိုင်စွမ်းအောင် မေမေ ကြိုးစားနားသွင်းခဲ့ရသည်။ မေမေ့ခမျာ သူမ၏ ပူဆွေးသောကတွေကို ဘေးဖယ် လွှင့်ပစ်ထားရရှာလေ၏။

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုကို မသေပါဘူး၊ မေမေတို့ မှားနေပြီ၊ ယွန်း မယုံဘူး၊ ဘယ်တော့မှ မယုံဘူး၊ ကိုကိုရှိပါတယ်၊ ကိုကိုရှိတယ် သိလား'

မေမေတို့ မညာမှန်း သိတစ်ဝက်နှင့်ပင် ယွန်း ထင်ချင်သလို ဇွတ်မှိတ် ငြင်းမိတာတော့ မှတ်မိသည်။

'နင် ဘာတွေ အော်ပြောမှန်း မသိပါဘူး ယွန်းရာ၊ ငါတို့ စိတ်ပူလိုက်ရတာ တစ်အားပဲ၊ ဆရာနေဘူးက နင် အဲသည်လို ပေါက်ကွဲ နှိုင်တယ်လို့ ကြိုပြီး မြော်မြင်ထားလို့ ထင်ပါရဲ့၊ လိုအပ်ရင် သူ အသင့်ရှိနေအောင်ဆိုပြီး ကြီးကြီးမြေ တို့ အိမ်ရောက်နေတယ်၊ နင် အိမ်ထဲကနေ ထပြေးတော့ အားလုံး ကြောင်နေကြတာ၊ သူပဲ ဖမ်းချုပ်ပြီး ပြန်ခေါ်လာရတယ်၊ သူ ဆေးထိုးပေးလိုက်တော့ နင် အိပ်ပျော်သွားရော၊ အဲဒါတွေ နင် မသိတော့ဘူးလားဟင်'

နီတာမေးခဲ့သည်ကို ကြားယောင်လာသည်။

ယွန်းက ခေါင်းကို လေးလံစွာ ခါယမ်း၏။

'ဟုတ်လို့လား နီတာရယ်၊ ငါဖြင့် ဘာမှ မသိပါဘူး'

ဟု အသံအက်အက်ကလေးနှင့် မယုံတစ်ဝက် ရေရွတ်မိ၏။

'ဟဲ့....ယွန်း၊ အိပ်ငိုက်နေသလား၊ တစ် ယောက် တည်း ဘာတွေ ပြောနေတာလဲ'

ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်သည်။

ဒေါ်လေးတင့်သည် ထမင်းစားခန်းဆီမှ ခေါင်းပြူကြည့်ရာ မျက်လုံးအပြူးသားနှင့် လှမ်းမေးသည်။

'နီတာနဲ့ စကားပြောနေတာပါ'

'ယွန်းကလဲကွယ်....နီတာမှ မရှိဘဲနဲ့၊ နီတာက သူ့အိမ်မှာ သမီးရဲ့'

ဒေါ်လေးသည် စိုးရိမ်ထိတ်လန့်နေသလို မီးပူခလုတ် ပိတ်ကာ ယွန်းထံ လျှောက်လာဖို့ ဟန်ပြင်နေသည်။

ယွန်းသည် သူမ အဖြေပေးလိုက်သောစကားကို မျက်မှောင်ကြုတ်ကာ ပြန်စဉ်းစားသည်။ နီတာနဲ့ စကားပြောနေတာ။ ဩော်....ရှိမနေသူနှင့် စကားပြောသည်ဆိုတော့ အကြောင်းပုံစံ မူမမှန်ပေဘူးပေါ့။

'အလျင်တုန်းက ပြောတာတွေကို သတိရလို့ပါ'

ဒေါ်လေးတင့် စိတ်သက်သာရာ ရသွားသလို သက်ပြင်းသက်မ ချလိုက်ကာ မီးပူခလုတ်ပြန်ဖွင့်သည်။ တစ်ချက်တစ်ချက် မှာတော့ ယွန်းထံ မယုံသက်ဘချောင်းကြည့်လေသည်။

ယွန်းသည် စိတ်ကျဉ်းကျပ်လာသည်။ မျက်လွှာချကာ နှုတ်ခမ်း ကိုက်ရင်း လက်ချောင်းကလေးတွေကို လိမ်ယှက် နေမိသည်။ ယောင်ယမ်းပြီး အသံ မထွက်မိအောင် သတိကြီးစွာ ထားနေရလေ၏။

ပစ္စက္ခမှ ယွန်း လွှင့်မျှာသွားပြန်သည်။

ကိုကို ဆုံးပြီဆိုတာကို ယွန်း မယုံချင် သော်လည်း ယုံရမှာ ပါပဲ။

သို့တစေ ကိုကို၏ လွင့်စင်သွားသော ဝိညာဉ်သည် ယွန်းကို အရိပ်အရောင်ကလေးမှပင် လာမပြခဲ့တာကြောင့် ယွန်း စိတ်မှာ မတင်မကျ မချင့်မရဲ ဖြစ်မိသည်။ ယွန်းထံ အစဲ့အလမ်းကြီးမား စွာ အပြေးအလွှားလာခဲ့သည့် လမ်းခုလတ်မှာ ကိုကို အသက် ဘေးနှင့် ကြုံခဲ့ရတာမို့ အစဲ့ကြောင့်ပဲ ဖြစ်ဖြစ်၊ နာကြည်း ဒေါသကြောင့်ပဲဖြစ်ဖြစ် ကိုကို အရောက်လာစေချင်တာပါပဲ။ တစ်အောင့် တစ်ကေဖြစ်ဖြစ် ရောက်လာသင့် ကောင်းတာပါပဲ။

ယွန်း စာမေးပွဲဖြေနေစဉ် ကာလပတ်လုံးလည်း ခလုတ် ကလေးမှ မတိုက်မိ။ အိပ်မက်ကလေးမှလည်း မမြင်မက်ခဲ့ရပေ။ သမီး၌ အစ်ကိုကြီးဟာ သမီးတို့ မေမေတို့ စိတ်အေးချမ်းသာ ဖို့သာ တောင့်တလိုလားတဲ့သူ မဟုတ်လား ယွန်းရယ်၊ သမီးကို စိတ် အနှောင့်အယှက် ဘယ်ပေးပါ့မလဲ စသည်ဖြင့် မေမေက တရားပြ ဖျောင်းဖျခဲ့သည်။ ယွန်း သိနားလည်ပါ လျက်နှင့် စိတ်၏နက်ရှိုင်းလှသော ဗဟိုအချက်အချာမှာတော့ လျစ်လျူရှု ခြင်းပယ်သည်။ ကိုကို သေသွားပြီဆိုတာ ဟုတ်နိုင်ပါ့ မလား။

ဒေါ်လေးတင့်သည် မီးပူတိုက်ပြီးသော အဝတ်တွေကို ခွဲခြားကာ အချို့ကို ကိုကို့တို့ အခန်းဘက် သယ်သွားနေ သည်။ ခုတော့ ကိုကိုမရှိတော့တာမို့ ညီ့အခန်းပဲသတ်မှတ် ရတော့မည်။ ကိုကိုမရှိဘူးဘဲ ထားလိုက်ပါလေ။ ဒေါ်လေး က ညီ့အဝတ်တွေ သွားပို့တာပါ။

ဒေါ်လေးတင့်က ညီ့အခန်းမှ ပြန်ထွက်လာပြီးနောက် မေမေနှင့် သူမအဝတ်တွေကို သယ်ကာ မေမေ့အခန်းဘက် ကူးသွားပြန်သည်။

ယွန်းသည် ကိုကိုလည်းပိုင်ဆိုင်ခဲ့ဖူးသော အခန်းထဲသို့သွား ချင်လာသည်။ ကိုကို့အရိပ်အငွေ့ ခြေရာလက်ရာကလေးတွေ ရှိနေသေးတာမို့ ယွန်း အသွမ်းပြေကြည့်နိုင်သေးတာပဲ။

ဒေါ်လေးတင့် ပြန်ထွက်မလာမီ ထမင်းစားခန်းကိုကူးဖြတ် ကာ ကိုကို့တို့အိပ်ခန်းဘက်သို့ ခပ်သွက်သွက်လျှောက်ခဲ့သည်။ ဒေါ်လေးတင့်ထားခဲ့သည့်အတိုင်းအိပ်ခန်းတံခါးသည်အနည်း ငယ် ပွင့်ဟလျက် ရှိလေသည်။

ယွန်းသည် တံခါးကို အသာအယာဆွဲဖွင့်ကာ အခန်းထဲ ဝင်ခဲ့၏။ တံခါးကို အခြေမပျက် မပွင့်တပွင့်ထားခဲ့လေသည်။

ကိုကို၏ စာကြည့်စားပွဲနှင့် ခုတင်ကို ဖယ်ရှားကာ စာအုပ် ဗီရိုတစ်ခု အစားထိုးလိုက်သောနေရာသည် ရင်ဆို့နာကျင်ဖွယ် လစ်ဟာနေသည်။

စာအုပ်ဗီရို ဆိုသော်လည်း နောက်ဆုံး တစ်ဆင့်မှာသာ ကိုကို့ဖာ်ရွှသိမ်းဆည်းမြဲ စာအုပ်စာတမ်းတွေကို စီထည့်ထား သည့် အပေါ်အဆင့်မျှသာ ကိုကို့စွဲလမ်းမြဲသီချင်းခွေဆယ် ခွေလောက် ထည့်သိမ်းထားသည်။ ကိုကို နောက်ဆုံးလေ့လာ ကျက်မှတ်သွားခဲ့သော မှတ်စုစာအုပ်များလည်း အမှတ်တရ အဖြစ်ရှိ။

ဗီရှိပေါ်တွင် နှင်းဆီနီတစ်ခက်ထိုးစိုက်ထားသောကြွေပန်းအိုးကလေးနှင့် ဓာတ်ပုံတစ်ပုံ။ လေးငါးနှစ်သား ကိုကိုနှင့်ညီညီ ဓာ ဘောင်းဘီကို စပ်ရှပ်ဆင်တူနှင့် ရှေ့မှရပ်ကာ ယွန်းက နောက်မှခုံပေါ်မှာ ရပ်နေသည်။ ထိုပုံကလေး၏ စွဲငြိဖွယ်ရှုခင်းကား တစ်နှစ်သာသာအရွယ် ယွန်းသည် ကိုကို့ ဘဲမြီးဆံပင်ကလေးကို နောက်မှဆုပ်ဆွဲထားသောကြောင့် နာကျင်ရှုံ့မဲ့နေသော ကိုကိုသည် ဒေါမာန်ရိပ်မပြေရှာဘဲ ကင်မရာကိုသာ ကြိုးစားကြည့်ရှုနေခြင်းပင်ဖြစ်လေသည်။ အသျင်ကဝိုင်းစုရယ်မောကြရသောအဖြစ်ကလေးသည် ယခုမူ လွမ်းမောစရာအဖြစ်ကျန်ခဲ့ရလေပြီကော။

ယွန်းသည် မျက်ရည်ပြည့်လျှံ လာသောမျက်လုံးတွေကို မှေးမှိတ်ကာ ဗီရှိကိုအသာမှေးမှိပြီးကျိတ်၍ ရှိုက်မိ၏။ မျက်ရည်များသည် ပါးပြင်ပေါ် လိမ့်ဆင်းလာကြကာ ကြမ်းပေါ်ပေါက်ပေါက်ကျလေသည်။

အသံမကြားသော်လည်း အခန်းထဲ တစ်စုံတစ်ယောက် ဝင်လာသည်ကို ခံစားသိရှိလိုက်သည်။

ဗီရှိမှ ဆတ်ခနဲပြန်မတ်ဘည့်ကာ ဖျတ်ခနဲ လှည့်အကြည့်....

'ကိုကို....'

ကိုကိုသည် တံခါးဝတွင်ရပ်ကာ ယွန်းကိုစိုးရိမ်သောမျက်လုံးများနှင့် ကြည့်နေသည်။

ယွန်း၏မျက်နှာကလေး ကြည်လဲ့ကာ မျက်လုံးကလေးတွေလက်၊ နှုတ်ခမ်းကလေးတွေပြုံးသွား၏။

'ကိုကို....'

ယွန်း၏တုန်ခါလှိုက်လှဲသောအသံသည် အခန်းထဲမှာပျံ့နှံ့ကာ အပြင်ဘက်တိုင် ထွင်းဖောက်သွားသည်။

'ယွန်း....ညီမလေး၊ ညီလေ ညီပါ၊ တစ်ယောက်တည်းဘာလာလုပ်နေတာလဲ ညီမလေးရယ်'

ခြေလှမ်းကျဲများနှင့် လျှောက်လာကာ ယွန်း၏ပခုံးနှစ်ဖက်ကို ခပ်ဆတ်ဆတ် ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။

ညီ့ထံငြိတွယ်သော ကိုကို့ပုံရိပ်သည် ရုတ်ခြည်း ကွယ်ပျောက် သွားချေသည်။

ယွန်း၏ ပြုံးနေသော နှုတ်ခမ်းကလေး မဲ့လာသည်။

'ကိုကို မှတ်လို့' ဆိုသော အသံသည် တိုးတိတ်တုန်အက်လေသည်။

'ညီမလေး နေကောင်းရဲ့လား'

ညီသည် ကြေမြည့်စွာမေးရင်း ယွန်း၏နဖူးကိုစမ်းသည်။

ယွန်း နာမည်မှားခေါ်မိသည့်အတွက် ညီစိတ်ထိခိုက်သွားပြီ ထင်သည်။

မေမေနှင့် ဒေါ်လေးသည် အခန်းဝသို့ ရောက်ရှိလာလေသည်။ မေမေ့မျက်နှာသည် ဖြူဖပ်ဖြူရော်နှင့် ဒေါ်လေးတင်၏ လက်ကို အားပြု ဆုပ်ကိုင်ထားရှာလေ၏။

ယွန်းကြီးစားပြီး ပြုံးရလေသည်။

'ညီက သည်ရှပ်အပြာစင်းကိုဝတ်ထားလို့ယွန်းယောင်သွားတာပါ။ ကိုကို့မှာလဲ အဲသည်လိုအစင်းမျိုး ရှိတာကိုး၊ သည်အစင်းထက်တော့ ကြီးတာပေါ့လေ'

ယွန်းဘာသာယွန်း အစင်းချင်းမှားလောက်အောင် အင်္ကျီတွေ့မတူကြကြောင်း သိသည်သာ။

ညိုလည်း သိမှာပါ။

မေမေလည်း သိမှာပါ။

သို့သော် ညီသည် အရင်ကလို ယွန်းကိုမလှောင်ဘဲ၊ ပြက်ရယ် မပြုဘဲ ယွန်းမှားလောက်သည်ဟု ထောက်ခံဟန် ခေါင်းညိတ်သည်။

'လာ...ညီမလေး၊ ထမင်းစားကြရအောင်'

ညိုက ယွန်းလက်ကလေးကိုတွဲကာ ယုယုယယခေါ်သည်။

ယွန်းသည် ညီ ဦးဆောင်ခေါ်ငင်ရာ ထမင်းစားပွဲဆီသို့ လေးဖင့်စွာ လိုက်ပါသွားရချေ၏။

ခေါက်တာ ဝင်းသွင်သည် စမ်းသပ်ခန်းထဲမှ သတင်းစာကို ထပ်တောင်လို အသုံးချ ယပ်ခပ်ယင်း ထွက်လာသည်။

'ယပ်တောင်ယူခဲ့ပေးမလို့ဟာ မေမေ့လောလို့ဆရာရေ၊စိမ်းနုတို့ ဆေးခန်းမှာ ယပ်တောင် ခဏခဏပျောက်တယ်၊ မှားပြီး သူ့ကြီးကြီးတာ ဆရာရဲ့'

ဆရာဝန်သည် အရပ် ပျပ်ပျပ်၊ လူပုံ သေးသွယ်သွယ်မို့ အောက်ငယ်ငယ်မှာ ပို၍ပင် နုနယ်နေသေးသည်။ ဝတ်စားဆင်ယင်ပုံမှာ မသပ်မရပ်နှင့်။ သူ့ ပါတိတ် ရှပ်အင်္ကျီသည် ကြယ်သီး နှစ်လုံးလောက်မရှိဘဲ ရင်ဘတ်ဟနေ၏။ သူ့ဘောင်းဘီရှည်သည်လည်း ယခုခေတ်လူငယ်တွေ၏ဖက်ရှင်လို ဖားဖားလှုပ်ကြီး မဟုတ်ဘဲ အလျင်လက်ဟောင်းပုံစံလို ခပ်ကျယ်ကျယ်။

'အအေးသောက်လိုက်ပါဦး ဆရာ၊ ရေခဲတွေ ပျော်ကုန်တော့ အချိုပေါ့ကုန်ပြီ'

စိမ်းနုက စပါကလင်းဖန်ခွက်ကို ရှေ့တိုးပေးကာ ဂါရဝပြုသည်။

ဒေါက်တာ ဝင်းသွင်က သူ့ရှေ့ကိုင်းမျက်မှန်ကို ချွတ်ကာ ရှပ်အင်္ကျီအောက်နားစနှင့် ပွတ်သပ်သုတ်သင်ယင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

'အိုက်တယ်ဗျာနော် မမစိမ်း'

သူသည် မျက်မှန်ပါလျှင် ကြည့်ကောင်းသော်လည်း မျက်မှန် ချွတ်ထားလျှင် မျက်ကြောသေ မျက်တောင်စင်းလေသည်။

သူ့မျက်မှန်ကို ပြန်တပ်လိုက်တော့မှ ပေါ်လွင်သောနှာတံ၊ ပီရိသောနှုတ်ခမ်းပါးနှင့် သမားကိုက်ဆိုက် အာဘန်အသင့်ပိုင်ဆိုင်သွားလေ၏။

'မမဆီ အလုပ်မဝင်ခင် တစ်ရက်နှစ်ရက်က မျက်စိကျကွဲသွားသေးတယ်'

'ဘယ်လိုဆရာ၊ မျက်စိကွဲတယ် ဟုတ်လား'

ဆရာဝန်ကလေး ရယ်မောသည်။ သူ့မျက်မှန်ကို ပြန်ချွတ်ကာ မျောက်ပြသည်။

'ဒါ ကျွန်တော့်မျက်စိလေ မမစိမ်းရဲ့၊ ဘတ်စ်ကားပေါ်တိုးယင်း ဝှေ့ယမ်းပြုတ်ကျပြီး မှန်တစ်ဖက်ကွဲသွားတာ မြော

တာပါ၊ အားချင်းပြန်လုပ်ရတယ်ဗျာ၊ ဒါမပါယင် ဘာမှမမြင်ရဘူး'

စိမ်းနု ရောနှောရယ်မောယင်း ထူထဲလှသောမှန်တွေကို စိစိကြည့်မိ၏။

'ညာကတစ်ဆယ်၊ ဘယ်ဘက်ကိုးခင်ဗျာ၊ ကျွန်တော် ခုနစ်တန်းကတည်းက မျက်မှန်တပ်ရတယ်'

သူ့မျက်မှန်ကို သေချာပြန်တပ်ကာ အအေးခွက်ကို လှမ်းယူပြီး တစ်ရှိန်ထိုး မော့ချလိုက်လေသည်။

သူသည် ဆရာဝန်သာဖြစ်လာသော်လည်း ငယ်မူငယ်သွေးကုန်တတ်သေးပေ။ ရံဖန်ရံခါ ဟန်ဆောင်ဟိတ်ဟန်ထုတ်ကာ ရှိုးလုပ် ကြီးကျယ်တတ်သော်လည်း အများအားဖြင့် နှစ်လိုဖွယ်ကောင်းပေသည်။ ချောင်လည်သော အရာထမ်းမိသားစုမှ ပေါက်ဖွားလာသည့် သားထွေးဖြစ်သည်နှင့်အညီ ပူပင်သောကဆိတာတွေနှင့် အလှမ်းကွာဝေးခဲ့ပေမည်။

ဆိုင်ရှေ့သို့ စျေးဝယ်သူ လာရပ်သည်။

'ဘာလိုချင်သလဲ ညီမလေး'

စိမ်းနုသည်မေးလည်းမေး ဆေးဗီရိုနောက်သို့လည်းလျောက်သွားသည်။ ကျဉ်းကျပ်သောဆိုင်ခန်းကလေးမို့ ခြေနှစ်လှမ်းလောက်ပဲ လျောက်ဖို့လိုပေသည်။

'တစ်လခံ ဆေးပြား လိုချင်လို့ အစ်မ၊ တစ်ပြား ဘယ်လောက်လဲ'

'ဆယ့်နှစ်ကျပ်ပါ ညီမလေး'

'ဟိုဘက်ဆေးခန်းမှာ တစ်ဆယ်ပဲ အစ်မ၊ အခုကုန်နေလို့
တဲ့'

'အလျင်လက်ကျန်စေးဖြစ်မှာပါ၊ အခုစေးတက်နေတယ်
ညီမလေး၊ တစ်ပတ်လောက်ရှိပြီညီမလေးရဲ့၊ တခြားမှာလဲ မေ
ကြည့်နေဦး၊ စေးခွင်းတူယင် အစ်မကြီးဆီ ပြန်လာကွယ်နော်
ယနေ့ ရရှိသော ဆေးပေါက်စေး လက်ကမ်းစာရွက်အ
လည်း ပဋိသန္ဓေတားဆေးပြားသည် စိမ်းနုတို့ဝယ်စေး ဆယ
တစ်ကျပ်ခဲ့မှာ တန့်နေဆဲဖြစ်လေသည်။

ဆေးဝယ်သူ ပြန်လှည့်ထွက်သွားသည်။ တစ်လှမ်းနှစ်လှမ်
လျောက်ပြီးတော့ လိုက်မခေါ်ပါဘဲ ပြန်လှည့်လာလေသည်
စိမ်းနုစေးလျော့မည်မဟုတ်ကြောင်း နားလည်သွားဟန် ဖ
ဆယ့်နှစ်ကျပ် ကွက်တိ ထုတ်ပေးလေ၏။

ကျောင်းစိမ်းဘောင်းဘီတို၊ စွပ်ကျယ်ရင်ဘတ်ပြုနှင့်ကလေ
တစ်ယောက်သည် ကျပ်စေ့ကလေးကို ဆေးဗီရိုပေါ် တင်လို
သည်။

'အစာကြေဆေးပြားတစ်ကျပ်ဖိုး'

စိမ်းအေးနုက ဘားပလက်အဝါပြားကလေးတွေကို စ
နှင့် ထုတ်ပေးသည်။

'တစ်လုံး တစ်မတ် ဖြစ်သွားပြီလို့ အဘွားကိုပြောလို့
သားရေ၊ စေးတက်သွားပြီလို့ နော်၊ ငါးလုံးမရတော့ဘူ
'မမရောင်းလိုက်တဲ့ အစာကြေဆေးဆိုတာ ဘားပလက်
ပဲနော်၊ တရုတ်ကလာတာလား'

စိမ်းအေးနု ပြုံးရယ်မိလေသည်။

'တူသလားမမမေးနဲ့ဆရာရေ၊ ဘားပလက်ပဲဥစ္စာ၊ တချို့က
အစာကြေဆေးလို့ပဲ ခေါ်ကြတာဆရာရဲ့၊ အဲသည်ဖောက်သည်
က တစ်ပတ်ကို တစ်ကျပ်ဖိုး မှန်မှန်ဝယ်စားတယ်'

ဒေါက်တာဝင်းသွင် စိတ်ပျက်ညစ်ညူးဟန် ခေါင်းခါ
ယမ်းသည်။

'ထမင်းစားပြီးယင် တဲ့လုံး၊ တစ်နေ့နှစ်ကြိမ်တော့စား သင့်
တယ်လို့ ပညာပေးလိုက်ရောပေါ့'

'သူတို့မှဝယ်မစားနိုင်တဲ့ဆရာ၊ ပညာပေးနေလို့စိတ်ဆင်းရဲရုံ
ရှိချာကြမပေါ့'

'ဒုဖြင့်လဲ အကျိုးမရှိမယ့်အတူတူ ဝယ်မစားနဲ့ ပြောလိုက်
ထင်ကော၊ ပဲတို့၊ အသီးအရွက်တို့စားတာကတောင်ပိုမကောင်း
ဘူးလား၊ ဒုဒေမယ့် မမစိန်းဘို့စီးပွားကို ထိခိုက်စရာဖြစ်နေ
ပြန်ဦးမယ်'

စိမ်းနုသည် ဆရာဝန် ကဲလေးကို စိတ် မကွက် သာဖေ။
ကျောင်းဆင်းစ မိဘရင်ငွေ့မှ မလွတ်သေးသော သူ့ခမျာ
ထောက်၏ လူမှုရေး စီးပွားရေးပြဿနာတွေကိုအဘယ်မှာလျှင်
သိနားလည်ရှာပါဦးမလဲ။

'သည်ဖောက်သည်တစ်ယောက်ကို မရောင်းရလို့တော့စိုးပွား
မထိခိုက်နိုင်ပါဘူး ဆရာရဲ့၊ ဒုဒေမယ့် အဲသည် ဆေးကလေး
စားချယင် အစာကြေတယ်၊ ရင်ချောင်တယ်ဆိုပြီး သူ့တာသာ

ကျွန်ုပ်နေတဲ့ စိတ်ချမ်းသာမှု အရသာကဲ့လေးကို မဖျက်ဆီး
သင့်ဘူး မဟုတ်လား'

ဆရာဝန်ကလေး ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ဒါလဲ ဟုတ်တာပဲ'

မျက်နှာကြက်မှာ ထပ်ဆင်ထားသော ပန်ကာကလေးသည်
လှည့်ဝိုက်ကာ လေအေး ဖြန်းကျင်းပေးနေသည်။ နွေလိုပူအိုက်
သော သည်ရာသီမျိုးမှာ သည်လို ပန်ကာကလေးမှ မရှိလျှင်
သည် အခန်းကျဉ်းကလေးမှာ မည်သူမှ တာရှည် စေးရောင်း
နိုင်မှာ မဟုတ်။

'ဆယ်တန်း အောင်စာရင်းတွေ ဇွန်လဆန်း ထွက်မယ်တဲ့ဗျ
မမစိမ်း....'

'ပြောကြတာပဲ ဆရာ'

'မမသီးက အောင်မှာ သေချာတယ် ဆိုတော့ ဂုဏ်ထူ
ဘယ်လောက် ပါမလဲသာ မှန်းကြည့်နေရမှာနော်'

စိမ်းနု၏ အပြုံးသည် မဆိုစလောက် ဖျော့တော့သည်။

'ယွန်းက ခြောက်ဘာသာမှန်းတာ ဆရာ၊ မှန်းချက်မကို
ယင် စိတ်ဓာတ်ကျမှာစိုးရတယ်၊ကိုကိုဆိုးကတည်းက သူ့ခမျ
သိပ်ပြီး ရှင်ရှင်ပျပျမရှိဘူး ဆရာရယ်၊ သူ့ကျောင်းက ဆရာ
တွေက သူ စိတ်ပြေလက်ပျောက်ဖြစ်အောင် လုပ်အားပေးခေ
တော့လဲ မသွားဘူး'

စိမ်းနုသည် ဆိုင်ရှေ့စေ့းလမ်းတွင် ဥဒဟို ဖြတ်သန်းသွား
လာနေကြသော လူစုကြွားမှာများ ညီညီ ပါလာမလား လည်
ဆန့် မျော်သည်။

ဒေါက်တာ ဝင်းသွင်ကား စိမ်းနု၏ အရိပ်အကဲကို သတိ
ထားမိဟန် မတူပေ။

'တစ်နေရာရာကို အသည်အပတ် လွတ် လိုက် ပါ လား
မမစိမ်းရဲ့'

'မော်လမြိုင်က သူ့ကြီးဒေါ်က ခေါ်ပါတယ်၊ ယွန်းက
အဲသလိုလဲ အိမ်နဲ့ မခဲနိုင်ဘူး၊ မအေပါယင်တော့ သွားမှာပေါ့
လေ၊ ခက်တာက စိမ်းနုက သည် အလုပ်မစ်ပြီး မသွားနိုင်ဘူး'

'အဟား....မမစိမ်းတို့ သိမ်းထားစရာ နေရာမရှိဘဲ ဖြစ်နေ
ပါ့မယ်ဗျာ'

'အဲသလို မချမ်းသာလို့ပေါ့ ဆရာ၊ စိမ်းနုတို့ သင့်တင့်
အောင် စားနိုင်တယ်၊ လုံခြုံအောင် ဝတ်ဆင်နိုင်တယ်၊ ဒါပါပဲ
ဆရာ၊ သည်အတွက်ကို ခုလို မိုးလင်းက မိုးချုပ် အလုပ်လုပ်ရ
ပါတယ် ဆရာရယ်'

ဒေါက်တာဝင်းသွင်သည် မိသားတစ်စု သင့်တင့် လျော်က
ထက်အောင် နေထိုင်နိုင်ရေးအတွက် အိမ်စားရိတ် မည်မျှရှိသင့်
ကြောင်းကိုလည်း သိနိုင်သေးတာမဟုတ်။ စိမ်းနု စိတ်ရှည်မပြန်
လေသည်။

ယူနာတစ်ယောက် ရောက်လာသဖြင့် ဒေါက်တာဝင်းသွင်
သေးကုခန်းထဲ ဝင်သွားရသည်။ အဖော် တစ်ယောက်သာ

တံခါးဝမှာရပ်နေဖို့ နေရာရနိုင်ပြီး ကျန် အဖော်နှစ်ယောက်က အဖြင်ခန်းမှာ ထိုင်နေရစ်ရသည်။

လူနာကျဲပါးသောရာသီမှာ နေရာထိုင်ခင်းဖြဿနာ မရှိသော်လည်း လူနာကျသော ရာသီမျိုးမှာတော့ သည်လိုလူနာစောင့်တွေကို အားနာကြောင့်ကြစ္စာနှင့်ပင် တံစက်မြိတ်အောက်မှာပဲ နေရာပေးနိုင်လေတော့၏။

စိမ်းနုသည် သည်စားပွဲမှာ နေဘွားနှင့် နှစ်ယောက် အတူထိုင်ကာ စားသောက်ကြည်နူးရဖူးသည်များကို တမ်းတမ်းတတ လွမ်းမိသည်။

သူသာရှိနေလျှင် စိမ်းနုတစ်ဆောက် သည်ဆေးခန်းမှမခွာနိုင်ပလေဟု အားမလိုအားမရ ကိလိကာ စိမ်းနု မခံမရပ်နိုင်ဖြေရှင်းလျှင်တော့ တဟဲဟဲ ရယ်မောရဓ်း ကလေးချော့သလို ချော့လိမ့်မည်။

ကိုကို့ စျာပနကိစ္စ အစစ ပြီးစီးသည်အထိ သူ အမြဲလိုရှိနေခဲ့သည်။ ယွန်း စာမေးပွဲပြီးသည့် နေ့မှာလည်း သူ့ကို လိုအပ်နေချိန်မှာ တစ်ခေါက်ရောက်လာသေးသည်။

ခုတော့ သူ့ကို လုံးလုံးလျားလျား မတွေ့မြင်ရတော့တာ သုံးလနီးခဲ့လေပြီ။

မလာနိုးငယ် မမျှော်သာသော်လည်း ဖြေမပျော် နိုင်ပါ။ မဖူးသာတာမို့ လွမ်းတာက ပွားရပေသည်။ မလာနိုင်မှန်းသိနေတာမို့ လမ်းလည်းမမြင်သာ။ ရွှေပင်လယ် ကာဆီးနေတာကိုးလေ။

'ခင်ဗျား ဗိုက်နာတာ အသည်းရောင်နေတာခင်ဗျ၊ လက်သုံးလုံးလောက် စမ်းမိနေတယ်၊ အသားဝါ အသည်းရောင်ဖြစ်နေတာ၊ ဂလူးကို့ သွင်းလိုက်ယင်တော့ မြန်မြန် အဝါလျော့မှာပဲ၊ အစားအသောက် မပျက်လျှင် ကြံရည်၊ ဘာလီရည် များများ သောက်လိုက်လဲ အကျိုး အာနိသင် အတူတူပါပဲဗျာ၊ အချိုခာတ်၊ သကြားဓာတ်သာ လိုအပ်နေတာကိုး'

'အစားအသောက် မဝင်ဘူး ဆရာရယ်၊ ပျို့လိုက် အန်လိုက်နဲ့ အရည်တောင် လက်မခံဘူး'

'ဒါဆိုလဲ ဒရစ်သွင်းဗျာ၊ နက်ဖြန်နေ့ခင်း သုံးနာရီအရောက်လာဗျ၊ ဖြစ်မလား၊ ဆေးခန်းဖွင့်ချိန် မတိုင်မီ သွင်းပေးလိုက်မှ မဟုတ်လျှင် နေရာကလဲ ကျဉ်းကျဉ်း ကျပ်ကျပ်ရယ်၊ လူနာလာချိန်နဲ့ လွဲထားမှ ရတယ်ဗျ'

ဆေးခန်းထဲမှ အချီအချပြောသံကြား၍ စိမ်းနု အားရကျေနပ်ကာ နေသည်။ အသားဝါအသည်းရောင်လူနာလာပြီဆိုလျှင် အတော်အသင့် တတ်နိုင်လောက်သည် မှန်းဆနိုင်ရုံမှုနှင့် ဂလူးကို့ ပုလင်းကြီး လေးငါးလုံး ပါသွားဖြစ်သည်ချည်းပင်။ သည် ဆရာဝန်ကလေးသည် လူနာအပေါ် ဆေးအပေးအကမ်း ဖောသီတာကြောင့် နေဘွားထက်စိုပြီး ဆေးခန်း ဝင်ငွေ လမ်းဖြောင့်စေလေသည်။ သို့တစေ နွမ်းပါးသော လူနာကို ငဲ့ကွက်ညာတတ်သည့် အသည်းနှလုံးကတော့ သူတို့ ဆရာဝန်အများစုမှာ သန္ဓေတည်လာပြီး ဖြစ်ဟန်တူပေရဲ့။

'ဘယ်လောက်ကြာကြာ သွင်းရမလဲ ဆရာ'

'နှစ်နာရီလောက်ပါပဲ၊ ဝေဒနာနဲ့ လူနာအခြေအနေအလိုက် အနှေးအမြန် ချိန်ဆရတာပေါ့ခင်ဗျာ၊ ပုံသေကားချပ်ဘယ်ဟုတ်ပါ့မလဲ'

စိမ်းနုသည် ဆရာဝန်ကလေး စိတ်ရှည်သည့်အတွက် လူနာများနှင့်အတူ ရောနှောကျေးဇူးတင်မိသည်။

အသားဝါ၊ အသည်းရောင်ရောဂါသည်များအတွက်သီးသန့်ထားသော ဆေးထိုးကိရိယာများကို အသင့်ပြင်ဆင်ပေးလိုက်သည်။

'မမစိမ်းက သူနာပြုကျနေတာပဲ၊ ဆရာဝန်လိုလဲ စနစ်ကျတယ်'

ဟု ဆရာဝန်ကလေးက ချီးမွမ်းသည်။

'ဆရာနေတွားက သည်ရောဂါအတွက်ဆို အပ်တို့ ပိုက်တို့သာမက ပြုတ်တဲ့အိုးပါ သီးသန့်ထားပေးရတာ၊ အပ်ကနေရောဂါကူးတတ်သတဲ့'

'ဟုတ်တယ် မမစိမ်းရဲ့၊ သီးသန့်သုံးရတယ်'

စိမ်းနုသည် ဆိုင်ရှေ့ပြန်ထွက်လာသည်။ ဆေးကောင်တာနောက်တွင်ထိုင်ကာ ညီညီလာမည့်လမ်းသို့ လည်ဆန့်မျှော်ပြန်လေသည်။

လူနာပြန်ထွက်လာသောအခါ ပါလာသော ဆေးညွှန်း စာရွက်အရ သောက်ဆေးများထုတ်ပေးသည်။ ပြီးတော့ ထိုးဆေးဘိုးပါပေါင်းပြီး ကျသင့်ငွေရှင်းယူလိုက်လေသည်။

ဆရာဝန်ကလေးသည် စားပွဲပေါ်ရှိ စင်ကလေးပေါ်မှ ဆေးများကို တစ်ဆင့်ကောက်ယူ လေ့လာနေသည်။

'မမစိမ်းရဲ့ဆေးခန်းရောက်မှပဲ ကျွန်တော်ဖြင့် နိုင်ငံပေါင်းစုံဆေးအသွင်ကွဲတွေ မြင်ဖူးတော့တာ၊ အလုပ်သင်ဆရာဝန်ဘဝဘုန်းကဖြင့် ဒါတွေ မသုံးဖူးပေါင်ဗျာ၊ တစ်လတစ်လုံးစားတဲ့စားဆေးဆို သည်နေ့မှ တွေ့ဖူးတယ်၊ တစ်လ နှစ်ဆယ့်တစ်လုံးကဒ်တွေပဲ တွေ့နေကျ'

မောင်တို့များ ဆရာဝန်သက်တမ်း ဆယ်နှစ် ကျော်ကာမှ တောက တက်လာရပြီး သည်အသွင်ကွဲ အမည်ကွဲ ဆေးတွေကို တအံ့တသြဖြစ်ရကြောင်း စိမ်းနု သတိရဖြစ်အောင် ရလိုက်သေးသော်လည်း စကားလုပ်ကာ မပြောတော့ဘဲ ရင်မှာသိုဝှက်၍သာ ထားတော့သည်။ ယခုမှ အလုပ်သဘောအရ သီကျွမ်းဆက်ဆံရသူတစ်ယောက် အထင်အမြင် တစ်မျိုးတစ်မည် ဖြစ်မသွားအောင် စိမ်းနု သတိထားရပေ၏။

'ယွန်းက ဆယ်တန်းအောင်ယင် ဘာလိုင်း လျှောက်မယ် စိတ်ကူးသတဲ့လဲ မမစိမ်း'

'အမှတ်ဘယ်လောက်ရသလဲ သိပြီးမှ စိတ်ကူးနိုင်မယ်လေဆရာ'

'သူ ဘာဝါသနာပါသလဲမမ'

'အဲသလိုတော့ မည်မည်ရရ မရှိဘူးထင်ပါရဲ့ဆရာ၊ ခေတ်အလိုက် အမှတ်မီလောက်တဲ့ အမြင့်ဆုံးလိုင်းကို လျှောက်ရမှာပေါ့'

'ဥပမာ ဆေးကျောင်း....သည်လိုလား မမ'

စိမ်းနုသည် ယွန်းထံမှာသာ အာရုံရစ်ဝဲလည့်လည်နေသော ဆရာဝန်ကလေးကို စူးစမ်းသောအကြည့်နှင့်ကြည့်သည်။

'ရစေချင်တာပေါ့ဆရာ၊ စိမ်းနုတို့အမျိုးထဲမှာ ဆရာဝန်မှ မရှိဘဲ၊ ပြီးတော့လဲ စိမ်းနုမကျန်းမာလျှင်လဲ သူကြည့်လိမ့်မှာ ပေါ့ ဆရာရယ်'

လူနာရောက်လာသဖြင့် ဆရာဝန်ကလေး စကားဖြတ်ကာ ဆေးကုခန်းထဲ ဝင်သွားရပြန်သည်။

စိမ်းနုသည် မိခင်တစ်ဦးအနေနှင့် ယွန်းကို နို့အပ်စော်မှ မစင်သေးဘူးသာ ထင်မှတ်သည်။ ထိုမျှမက ဓနကြေးငွေ သင့်တင့်ကာ အလှ ရူပကာလျှံ မောက်သော သမီးကလေးမို့ ပညာဂုဏ် ရာထူးဂုဏ် ဖြည့်စွက်ရယူစေချင်လှသည်။ မိန်းမလှ တစ်ယောက်အတွက် အိမ်ထောင်ရေး စဉ်းစားဖို့ အချိန်တွေ အများကြီးကျန်ဆေးသည်ဟု စိမ်းနု စိတ်ချပိုင်းဖြတ်ပေသည်။

ညီသည် နဖူးတွင် ချေးသီးချေးပေါက်တွေနှင့် ပခုံးသိုင်းအိတ်တနင့်တပိုးကြီးကို ထမ်းလွယ်ကာ ဆေးခန်းရှေ့ ရောက်လာသည်။ သူ့လက်တွင်လည်း ကြွပ်ကြွပ်အိတ်တွေ အပြည့်အမောက်။

'ညီ့ကို မေမေ မျှော်နေတာ'

စိမ်းနု ကပျာကယာ ဆီးကြိုကာ လက်ထဲမှ အိတ်များကို လှမ်းယူသည်။ ညီက ဆေးဗိရိုနောက်တွင် ပခုံးသိုင်းအိတ်ကြီးကို

ချထားပြီးမှ ကုလားထိုင်တွင် ထိုင်ချကာ မျက်နှာသုတ်ပဝါ ပေါက်စကလေးထုတ်ပြီး ချေးသုတ်လေ၏။

'ဖိုက်ပါဆင့် ငါးလုံးနဲ့ အငန်ငါးလုံးပဲ ယူလာနိုင်တယ်မေမေ၊ ကြွပ်ကြွပ်အိတ်နှစ်ထပ်ဆင့်ပြီး ထည့်ခဲ့ရတယ်'

လူနာတွေ ထဖွဲ့ဖွဲ့ ဆက်ရောက်နေသဖြင့် ဆရာဝန်ကလေးသည် ဆေးကုခန်းမှ တော်တော်နှင့်ထွက်မလာနိုင်ပေ။ စိမ်းနုမှာလည်း ညီ့အတွက် အအေးတစ်ခွက်လှမ်းမှာရ၊ ကုသမှုခံယူပြီး ထွက်လာသူလူနာအား ဆေးပေးရ၊ ငွေယူရ၊ ညီဝယ်လာသော ဆေးတွေကို စစ်ဆေးနေရာချရနှင့် လက်မလည်နိုင်ပေ။

'စိန်ဂျန်းမှာ ဆရာနဲ့ တွေ့ခဲ့တယ်မေမေ'

ဆရာဆိုသည်မှာ နေဘွားဖြစ်ကြောင်း ရှင်းပြစရာမလိုဘဲ အချင်းချင်း သိနားလည်သည်။ စိမ်းနု၏ အလုပ်လုပ်နေသော လက်တွေ အခြေမပျက်သော်လည်း ရင်ထဲမှာတော့ လှိုက်ဒါလေသည်။

'သူ တလောကဖြေတဲ့ စာမေးပွဲလေမေမေ၊ အဲဒါအောင်သွားပြီတဲ့၊ သူဘွဲ့လွန်သင်တန်း တက်ခွင့်ရနေပြီတဲ့ဗျ'

စိမ်းနုသည် ညီ့စကားကို မျက်တောင်မခတ် ငေးစိုက်နားထောင်ရင်း ပြုံးယောင်သမ်းလာလေသည်။

'သူ့ဘာသာ ပြောပြတာလား၊ သားက မေးတာလား'

'ညီ့မေးကြည့်တာ၊ စိန်ဂျန်းထဲ ဘာလာလုပ်သလဲလို့လဲ မေးကြည့်တယ်၊ သူ့အမေ နေမကောင်းလို့ ဆေးလာဝယ်တာတဲ့ မေမေ'

'ဒေါ်လေး ဘာဖြစ်သတဲ့လဲ'

'အားနည်းတာပါတဲ့၊ သူ့ခမျာ စိတ်ပင်ပန်းခဲ့ရတဲ့ဒဏ်တွေကို အသက်ကြီးမှ ဖိစီးခံစားနေရတာ ဖြစ်မှာပဲနော်'

'ဟုတ်မှာပေါ့ သားရယ်'

ညီသည် မိခင်ဖြစ်သူ ဆေးဗီရိုထဲ ဆေးစီဆည့်နေသည်ကို ခပ်ထွေထွေ ငေးကြည့်နေသည်။

'မေမေ သွားကြည့်ဦးမလား'

'ဘာလဲညီ၊ ဩ်....ဆရာနေဘွားအမေကိုလား၊ အင်း.... သွားကြည့်လျင်ကောင်းမလား မသိပါဘူး'

'သွားလိုက်ပါ မေမေရာ၊ လူမှုရေးအရ သွားထိုက်ပါတယ်၊ သွားပါ'

စိမ်းနုသည် ယွန်းကို မြင်ယောင်တွန့်ဆုတ်နေကြောင်း ညီရိပ်မိဟန် တူလေသည်။

စိမ်းနုကား တင့်တင့်နှင့် တိုင်ပင်ဦးမည်ဟုသာ တေးမှတ် ထားလိုက်နိုင်လေ၏။

အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်စာရင်း ထွက်သော နေ့....။

ဒေါ်လေးတင့်သည် လက်ထဲတွင် ထမင်းမွေ့ဖို ယောက်မ ဘကိုင်ကိုင်လုပ်ယင်း အပေါ်ထပ်ခိုးသို့ တက်လာကာ ယွန်း၏ ဘံခါး၀သို့ ရောက်လာ၏။

'ငါ့ရင်တွေ ဘုန်လိုက်တာဟယ်၊ ကိုယ့်ဘာသာ ဆယ်တန်း ဖြေခဲ့တုန်းကတောင် ခုလို ရင်တုန်ပန်းတုန် မဖြစ်ခဲ့ပါဘူး'

နီတာသည် မှန်တင်ခုံရှေ့ရှိ ထိုင်ခုံ ကလေးတွင် မှန်ကို ကျောပေးထိုင်ကာ လွယ်အိတ်ကို ရင်မှာပိုက်လျက် မျက်နှာ မခွင်မပျ ဖြစ်နေ၏။

ယွန်းကတော့ သူမ၏ ခုတင်တွင် ခြေနှစ်ဖက်တင်ကာ ဒူး နှစ်ဖက်ပေါ် လက်ကလေးယှက်ပြီး ခါးမတ်မတ်ထိုင်နေသည်။ ယွန်းသည် စာမေးပွဲအတွက် ပူပင်စိုးရိမ်မှု စိုးစဉ်းမျှ မရှိ။

'နီတာ အောင်ချင်မှ အောင်မှာ'

နီတာက တစ်ကိုယ်တည်း ညည်းတွားဟန် တိုးတိုးပြော သည်။

'အောင်မှာပေါ့ နီတာ၊ မအောင်ကော ဘာဖြစ်သလဲ၊ နောက်တစ်နှစ်ပေါ့၊ ဒေါ်လေးတို့လဲ မအောင် နိုင်တော့ အေးသေ အဟဲ....'

ဒေါ်လေးတင့်၏ အားပေး စကားသည် က ပေါက် ချိ ကပေါက်ချာ အဆုံးသတ်သွားသောကြောင့် နီတာ ပြုံးလာ သည်။ ဆယ်တန်းဆက်တိုက် ကျလိုက်ပြီးနောက် ကျောင်းနှင့် အိုးစားကွဲကာ အိမ်ထောင်ကျသွားသည့်အကြောင်းကို ဒေါ် လေး မလုံမခြုံ ဖုံးဖိလိုက်ပုံကြောင့် နီတာသာမက မျက်နှာ သေနှင့် မထုံတက်သေး ဖြစ်နေသူ ယွန်းပင် ပြုံးမိ တော့၏။

'ပြီးတာတွေ ပြီးပါစေတော့၊ အချိန်တွေ အများကြီး ရှိသေးတာပဲ'

ယွန်းသည် ဒေါ်လေးတင့်အား မျက်လွှာပင့်ကြည့်မိသည်။ ပြီးတာတွေ ပြီးပစေ ဆိုသော်လည်း တချို့ ကိစ္စတွေကို အဲသလောက် လွယ်လင့်တကူ ထားပစ်ခဲ့၍ မရနိုင်စပ။

'အောင်စာရင်းတွေက မနက်ဖြန် ခြောက်နာရီကတည်းက ကပ်မယ်ဆိုပြီး ပိုင်စိုး ခုထိပေါ်မလာဘူး ဒေါ်လေးရဲ့၊ အဲဒါ နီတာ ကျနေလို့ အားနာပြီး လာမပြောတာလားလို့ပါ'

'အောင်စာရင်းတဲမပါဖို့ သေချာနေတဲ့ လူကိုများ သွား ကြည့်ခိုင်းရသလားဟယ်၊ ညည်းတို့ အတော် ရက်စက်တာပဲ'

ယွန်းနှင့်နီတာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးပြုံးရယ် မိကြသည်။

'သူတို့က ကြည့်ပေးချင်တာကိုး၊ သူက ယွန်းကို အပြတ် မျက်နှာလုပ်ချင်တာ'

နီတာ သွက်လက်ရှင်မြူးလာသည်ကို ယွန်းက ပြုံးစစနှင့် ကြည့်နေသည်။

'ပိုင်စိုးက သည်နှစ် ကျောင်းတက်မှန်ပါတယ်၊ ယွန်းနောက် မျက်ခြည်မပြတ် လိုက်ချင်တာလဲ ပါတယ်၊ ပြီးတော့ ကိုးတန်း သင်ရိုး ပြဋ္ဌာန်းစာအုပ်တွေ ပြောင်းလိုက်ပြီလေ။ လာမယ့်နှစ် စာမေးပွဲမှာ ဆယ်တန်း မအောင်လိုက်ယင် ပြဿနာ၊ အသစ် တက်လာမယ့် သူတွေကို စနစ်သစ်နဲ့ ဆက်သင်မှာ ဆိုတော့ အကျတွေ ယက်ပြီပေါ့'

'စိမ်းနုတောင် ညက ပြောနေသေးတယ်၊ ယွန်းတို့ စနစ် ဟောင်းထဲ ပါသွားတော့ အသစ်ထဲစပ်ကြားကာလ ယက်ကန် ယက်ကန် မဖြစ်ရတော့လို့ တော်သေးတာပေါ့တဲ့'

ယွန်းသည် ခုတင်စောင်းတွင် ခြေတွဲလောင်းချပြီး ပြင်ထိုင် သည်။

'ဒေါ်လေးက ယောက်မကြီးတကိုင်ကိုင်နဲ့ ထမင်းအိုးတည် တားသလား'

ယွန်းက မေးတော့မှ ဒေါ်လေးတင့် သူမ၏ လက်တွေကို ငို့ကြည့်သည်။

'ဩော်....အေး၊ ငါ ငါးပိ ဖုတ်မလို့၊ ထမင်းအိုးတော့ မဟုတ်ဘူး၊ တော်သေးရဲ့'

ဒေါ်လေး အောက်ထပ် ပြန်ဆင်းပြေးသည်။

'လာကြလေဟယ်၊ အိမ်ရှေ့ထွက်မျှော်ကြပါလား၊ ဆင်းခဲ့ကြလေ'ဟု အော်သွားသေးသည်။

'သည်ကနေပဲ စောင့်တော့မယ်၊ ဝရန်တာကနေ လှမ်းမြင်ရပါတယ် ဒေါ်လေးရဲ့၊ ဟော လာပြီ ယွန်းရေ၊ ပြောယင်းဆိုယင်း'

မတ်တတ်ရပ်ကာ အိမ်ရှေ့ မျှော်ကြည့်ယင်း နီတာ အားတက်သရော အော်သည်။ တစ်ဆက်တည်းပင် လမ်းမမှ မော်တော်ဆိုင်ကယ်သံ သဲ့သဲ့ကြားရလေသည်။

နီတာသည် လှုပ်လှုပ်ရှားရှား တုန့်တုန်ယင်ယင် ဖြစ်နေသည်။

'ယွန်းရေ ထွက်မေးချေလေ၊ ငါ ကြောက်တယ်၊ ငါ မမေးဝံ့ဘူး'

'ကိုပိုင် ဟုတ်ချင်မှ ဟုတ်မှာပါ နီတာရာ၊ တခြားဆိုင်ကယ် ဖြစ်ချင် ဖြစ်နေမှာ'

နီတာသည် မှန်အနောက်သို့ပြေးရပ်ပြီး လမ်းမဘက် ကျောခိုင်းကာ နံရံကို မျက်နှာအပ်လျက် တောင့်တင်း ငြိမ်သက်နေပြီ။

နီတာ ရင်မဆိုင်စ့်အောင် ကြောက်လန့် စိုးရိမ်နေသည်ကို ယွန်းက သနားသွားမိသည်။ ယွန်း၏ လေးလံထုံပေနေသော စိတ်တွေ ရုတ်ခြည်း ဖျတ်လတ်နီးကြားလာလေသည်။

ယွန်းသည် ဝရန်တာသို့ အပြေးကလေး ထွက်လာသည်။

ဆိုင်ကယ်ကို အရှိန်သတ်ယင်း ယွန်းတို့ ခြံတံခါးဝတွင် ထိုးဆိုက်လိုက်သော ပိုင်စိုးသည် ယွန်းကို အားပါးတရ ပြုံးရယ်ပြယင်း လက်လေးချောင်း ထောင်ပြလေ၏။

ယွန်း မျက်နှာပြက်သွားသည်။ လေးခုတည်းတဲ့။

'ကိုပိုင်ရေ ပြောပါဦး၊ ပြောပါဦး၊ သည်မှာ ဒေါ်လေးဖြင့် ခေါင်းက ကြီးလိုက်၊ ခြေထောက်က သေးလိုက်၊ ခြေထောက်က ကြီးလိုက်၊ ခေါင်းက သေးလိုက်နဲ့'

ဒေါ်လေးတင့်သည် အိမ်ရှေ့တံခါးမှ အပြေး ထွက်လာကာ ယွန်း ရပ်နေသော ဝရန်တာ၏ အောက်ဘက်သို့ ရောက်လာသည်။

ပိုင်စိုး၏အပြုံးသည် လျော့ရဲသွားလျက် ဒေါ်လေးတင့်ကို ဘက်မမူနိုင်ဘဲ ယွန်းကိုသာ ဘယ်လိုပြောကာ နှစ်သိမ့်ရမည် ဆိုနိုင်သည့်အတွက် အကြံအိုက်နေရှာလေ၏။

'ဟုတ်ရဲ့လား ကိုပိုင်'

ဘံသယလွှမ်းခြုံသော ယွန်းစကားသည် ပိုင်စိုး၏ ခေါင်းဆက်ဟန်ကို ပို၍ အားနည်းစေဟန် တူလေ၏။

ယွန်းသည် ဝရန်တာလက်ရမ်းကို အားပြုဆုပ်ကိုင်ထားလိုက်သည်။ သူမကိုသူမ ထိန်းသိမ်းကာ ခေတ္တငြိမ်သက်နေသည်။

နိတာ ပါးစပ်အဟောင်းသား လှည့်ကြည့်သည်။

'တစ်ကယ်လားဟင် ယွန်း'

'တစ်ကယ်ပေါ့ဟယ်'

'ငါက ဂုဏ်ထူးထွက်တယ်လား၊ဟား....ဟား... ရယ်ရတယ် နော်ယွန်း၊ အို- ဝမ်းသာလိုက်တာဟာ'

နိတာသည် ခုတင်ပေါ်ထိုင်တော့မည့် ယွန်းထံ ပြေးလာပြီး ခွင့်ဖက်လိုက်သည်။ ယွန်း နောက်ပြန်ယိုင်လဲကာ နှစ်ယောက်သား အိပ်ရာပေါ် လုံးထွေးကျသွားဘေသည်။ နိတာ့ရယ်သံသည် မြူးလွင့်နေလေ၏။

ယွန်း စိတ်တိုသည်။ သို့တစေ နိတာပျော်နေသည်ကို မဖျက်ဆီးလိုသဖြင့် စိတ်လိုက်မာန်ပါ တွန်းဖယ်မပစ်ပဲ လွတ်ရှောင်ခွင့်ရှိ ရှန်းထလေသည်။

နိတာသည် အိပ်ရာပေါ် ပက်လက်ကလေး လှန်ကာ ခြင်ထောင်အမိုးဆီ ငေးကြည့်ရယ်မောနေလေ၏။

'နင် ခြောက်ခုရတယ် မဟုတ်လား ယွန်း'

'လေးခုတည်း ရတယ်'

'လေးခုတည်းတဲ့၊ ဟား.... ဟား.... အေးလေ၊ ဟုတ်တော့ ဟုတ်ပါတယ်၊ နင်က တော်တဲ့လူဆိုတော့ လေးခုဆိုတာ နည်းတာပေါ့၊ ငါတို့ကတော့ အောင်ဖို့တောင် မသေချာတာ၊ ခုလို ဂုဏ်ထူးပါနိုင်ဖို့မျှား အိပ်မက်တောင် မမက်ဖူးဘူး၊ နင်သင်ပေးလို့ ဝိုင်းကျက်ပေးလို့ ရတာပါ'

'နင်ကြိုးစားတာ အဓိကပါ နိတာရာ'

ယွန်း၏ မျက်နှာသည် ကျောက်ရုပ်ပမာ ဖြူဆွတ်ဆွတ် ဖြစ်နေသည်။ သို့သော် ယွန်းသည် ကျောက်ရုပ် မဟုတ်သည့်အတွက် ယွန်း၏ မျက်လုံးများတွင် ကြေကွဲခိုပ်စေ့ ထင်ဟပ် မှိုင်းဝေနေလေ၏။

'နိတာ အောင်လား'

ယွန်း၏အသံ တိုးတိတ်လွန်းသော်လည်း ယွန်း၏ နှုတ်ခမ်းကို ကြည့်ကာ ပိုင်စိုး နားလည်သည်။

'ဝမ်းဒီရတယ် ယွန်း၊ နိတာ သမိုင်းဒီထွက်တယ်'

ဒေါ်လေးတင်ကား လက်ခုပ် လက်ဝါးတီးကာ ဝမ်းပန်းတသာ ဟစ်ကြွေးညံစီနေသည်။

'ခြံတံခါး တွန်းဖွင့်လိုက်ဇလ ကိုပိုင်၊ လာ.... လာ.... ဒေါ်လေး ဆီထမင်း ထိုးထားတယ်၊ ဝင်စားဦး၊ ပြီးမှ ယွန်းတို့ အစ်မဆီ ပြေးပြောပေးပါဦးကွယ်'

'အယင် သွားပြောလိုက်မယ်ဇလ ဒေါ်လေး၊ ပြန်လာမှ စားမယ်'

ယွန်းက ပိုင်စိုးကို ယဲ့ယဲ့ပြုံးကာ ကျေးဇူးတင်ကြောင်း ပြရသည်။

'အင်းလိပ်၊ သခ်ျာ၊ ရူပဓာတု၊ ပထဝီဘောဂ'ဟု ပိုင်စိုးက အသံအုပ်အုပ် မဝံ့မရဲ ဆုတ်ဆိုင်းစွာ ပြောပြသည်။

ယွန်း အခန်းထဲ ပြန်လှည့်ခဲ့လေသည်။

နိတာသည် မှန်ခုံနောက်မှာ ပုန်းကွယ်ရပ်နေဆဲ ဖြစ်သည်။

'နင် သမိုင်းဂုဏ်ထူးရတယ် နိတာ'

'ဟင့်အင်း နင်ပိုင်းကျက်မေးလို့ပါ'

နီတာသည် မျက်ရည်တလည်လည်နှင့် ငိုင်ငေးငေး ဖြစ်သွားသည်။

'ငါ့အမေရှိလျှင် သိပ်ဝမ်းသာမှာပဲ၊ သူလဲပဲ ငါ့ကို အောင်းတောင် အောင်မယ် မှန်းစံတာ မဟုတ်ပါဘူး'

ယွန်းလည်း ကိုကို့ကို သတိရသည်။ ယွန်းမဖြေဖြစ်လိုက်မှာ သူ ပူပန်ရှာသော စာမေးပွဲကို ယွန်းဖြေဆိုပြီးစီးခဲ့ပါပြီ။ ယွန်း ရည်မှန်းသလို ဂုဏ်ထူးခြောက်ခုတော့ မရပေဘူး။ ကိုကိုသာ ရှိလျှင် တစ်မှတ်နှစ်မှတ်နဲ့ ကပ်လွဲတာဖြစ်မှာပါ ညီမလေးရယ်၊ ဂုဏ်ထူးထက်ယင် အမှတ် များး ကြောင်း လူသိပြီး တစ်မှတ် နှစ်မှတ်လိုတော့ လူမသိလိုက်တာပဲ ကွာတာပါ စသည်ဖြင့် ဖျောင်းဖျ နှစ်သိမ့်လေဦးမည်။

'ယွန်းရေ....ယွန်း'

လှေကားထိပ်ဆီမှ တိုးတိုးငြင်သာ ခေါ်သံကြားရသည်။ ခြေလှမ်းဖွဖွ နင်းလာနေသော တစ်စုံတစ်ယောက်။

ယွန်းကိုယ်ကလေး ဆတ်ခနဲ မတ်သွားကာ တံခါးဝဆီ ပြူးကြောင်ကြောင်ကလေး ငေးကြည့်သည်။ ခန်းဆီးသည် လေတိုး သဖြင့် လှုပ်ရှား လူးလွန့်နေလေသည်။ ခန်းဆီးစကို ဖယ်ရှား ဝင်ထွေက်လာမည့် အချိန်ကို ယွန်း အသက်ရှူ ရပ်တန့်လျက် စောင့်စားနေမိ၏။

ကိုကို.... ကိုကိုပါပဲ....

အခန်းထဲသို့ သူ ဝင်မလာပေ။ ခန်းဆီးအပြင်ဘက်မှ ရပ်တန့်နေသည် ထင်၏။

'ကို....ကို....'

ယွန်းခေါ်ကြည့်သည်။ ယွန်းလည်ချောင်းသည် ခြောက်ကပ်လျက် ယွန်းအသံသည် အက်နေလေ၏။

'ယွန်း' ဟု ခေါ်ယင်း နီတာက ယွန်း၏လက်ကို လှမ်းကိုင်သည်။

'ကိုကို....လာနေတယ်'

နီတာ ဆတ်ခနဲ တုန်လှုပ်ကာ ယွန်းကို အလန့်တကြား ကြည့်သည်။

'ယွန်း....ဘာတွေ လျှောက်ပြောနေတာလဲ'

နီတာက ယွန်းကို သိုင်းဖက်လိုက်သည်။

'ဖယ်....ဖယ်၊ နင်ရှိနေလို့ ကိုကိုဝင်မလာတာ'

ယွန်းက နီတာ့ကို ဆတ်ခနဲ တွန်းဖယ်လိုက်သည်။ မျှော်လင့်မားသဖြင့် နီတာ ယိုင်လဲသွားကာ ခုတင်စောင်းနှင့် ခေါင်းဆောင့်မိပြီး ရုတ်တစ်ရက် ပြန်မထနိုင်ပေ။

ယွန်း ဂရုမစိုက်နိုင်ပေ။

'ကိုကို၊ ယွန်းဆီဝင်လာခဲ့လေ၊ သူတို့တွေ ရှိမနေယင် ကိုကို လာမှာပဲဆိုတာ ယွန်း....သိနေတယ်ကိုကို၊ ယွန်းမျှော်နေတာ၊ ဦးကို စိမ်းမဆိုးဘူး မဟုတ်လားဟင်'

ယွန်းသည် ပါးစပ်ကတတွတ်တွတ်ပြောယင်း စိတ်ညို့ခံရသူ ပမာ တံခါဆီ စိုက်ကြည့်ယင်း တန်းတန်းမတ်မတ် လျှောက်သွားသည်။

နီတာမှာ ခုတင်ပေါ် တစောင်းကလေး ခွေလဲယင်း ချီစောင်းကို လက်နှင့်အုပ်ကာ ငေးကြောင်ကြည့်နေ၏။

ခန်းဆီးကို သိမ်းဖယ်ကာ ကိုကိုရှိမည်အမှတ်နှင့် ယွန်းပြုံးပြနှုတ်ဆက်သည်။

ယွန်းအထင် လွဲမှားသွားခဲ့လေသည်။

ကိုကို မရှိပါကလား။

သည်လှေကားမှ ဆင်းသွားလေသလား။ကိုကိုဘို့ညီအစ်ကို ပိုင်ဆိုင်ခဲ့ဖူးသော အခန်းဆီ ဆင်းသွားခဲ့ပြီလား။

'ယွန်း လိမ့်ကျမယ် သတိထားလေ'

ယွန်း လှေကားတစ်ထစ်သာ ဆင်းရသေးလျက် နီတာက နောက်မှ သိုင်းဖက်လိုက်ပြန်လေသည်။

'ဒေါ်လေးရေ ဒေါ်လေး၊ မြန်မြန်လာပါဦး၊ သည်မှာ ယွန်းတစ်ယောက် ဘာဖြစ်မှန်းမသိဘူး၊ လုပ်ပါဦး'

ယွန်း စိတ်ဆိုးမာန်ဆိုး ရန်းကန်သည်။

'ဖယ်ပေး နီတာ....ဖယ်စမ်းပါ။ယွန်း ကိုကို့ကို ရှာမလို့'

'အံမယ်လေး ဒုက္ခပါပဲ၊ လိမ့်ကျတော့မှာပဲ၊ ဒေါ်လေးရေ မြန်မြန်'

နီတာ စူးစူးဝါးဝါး အော်လေသည်။

ဒေါ်လေးက လှေကားရင်းမှ ဒေါ်လေးတင့် အပြေးတက်လာသည်။ နီတာ့လက်မှလွတ်ထွက်သွားသောယွန်းသည် မဟန့်နိုင်တဲ့ လှေကားထစ်များတစ်လျှောက် ယိုင်ထိုးလိမ့်ကျလာ၏။ ဒေါ်လေးတင့်က ယွန်းကို ဆီးကြို့ပွေ့ဖက်ထားလိုက်ကာ နှစ်ယောက်သား လှေကားအောက်ဆုံးအထစ်များတွင် ခွေခနဲထိုင်ကျသွားတော့၏။

'သမီးကလေးယွန်း သတိထားမှပေါ့ကွယ်'

ယွန်းသည် ဒေါ်လေး၏ရင်ခွင်ထဲမှ မော့ကြည့်သည်။ ဒေါ်လေးတင့်၏ မျက်လုံးကြီးတွေသည် ကားဘီးကြီးတွေလို ပြူးကျယ်လှသည်ဟု ယွန်းရယ်ချင်လာသည်။

ယွန်း ဆက်လက်ရုန်းကန်မနေတော့ဘဲ ညင်းပျောင်းစွာ ရယ်မောလေသည်။

လှေကားထစ်တွေတွင် အိမ်ဘေးသရက်ပင်မှသစ်ရွက်ခြောက်တွေ ဖြန့်ကြဲနေသည်။လေပြည်တစ်ချက်ခွေ့လိုက်တိုင်း တရှဲရှဲ ခွေ့လျား သွားကြလေ၏။

ဆိုက်ကားသည် မြေနီလမ်းအတိုင်း ချိုးကွေ့ ဝင်ရောက်လာသည်။ လမ်းသည် ကားငယ်နှစ်စီးပင် မရှောင်သာအောင် ကျဉ်းမြောင်းသည်။ အိမ်ခြေခပ်ကျဲကျဲနှင့် သပ်သပ်ရပ်ရပ်ဝင်းခြံကလေးတွေ ကိုယ်စီရှိကြတာမို့ လူလတ်တန်းစား အနေ များသည့် နေရာဟု ဆိုရပေမည်။

'နင်ပြောတော့ လမ်းထဲသိပ်မဝင်ရဘူးဆို၊ ဆိုက်ကားနဲ့ သာမိလို့သာပဲ၊ မဟုတ်လျှင် လျှာထွက်ပြီ'ဟု တင်တင့်က ဆိုက်ကားရှေ့ခုံမှ လည်ပြန်လှည့်ပြီး ပြောသည်။

'ငါက တစ်ခေါက်ပဲရောက်ဖူးတာကိုး၊ သိပ်မမှတ်မိလို့ပါ'

မောင်နှင့် မြမြစိမ်းတို့ နဖူးစာမင်ရည်ကျဲကာ လွှဲခဲ့ကြပြီးမှ စိမ်းနု မောင်တို့နေအိမ်သို့ ရောက်ဖူးခဲ့ရသည်။

နှစ်ပေါင်း သုံးဆယ်ကျော် ကွာလွမ်း ခဲ့ကြသော်လည်း သား၏ ငယ်ချစ်သူကို အမေက ထွေးနွေးစွာ ကြိုဆိုခဲ့ပေသည်။

'မျက်နှာပူပါတယ် တင့်တင့်ရယ်' ဟု စိမ်းနုက အဆက်အစပ်မရှိ ညည်းတွားသည်။

'ဘာကို မျက်နှာပူနေရပြန်တာလဲ စိမ်းနုရဲ့'

စိမ်းနုသည် ဆိုက်ကားဆရာကို စောင်းငဲ့ကြည့်ကာ စကားမပြန်ပေ။

စိမ်းနုလို မုဆိုးမ ကလေးသုံးယောက်အမေကို မောင့်မိခင်က ကြည်ဖြူ လက်သင့်ခံပါလျက်လည်း စိမ်းနုဘက်က ထပ်မံ ပျက်ကွက်ကာ လက်ထပ်ရေးကိုဖျက်သိမ်းခဲ့ရသည်မှာ ဆန်ကြမ်းက စေးသလိုပါပဲ။

နေဘွားတို့ နေအိမ်သည် မောင်နှမတတွေ စုံစုရုံးရုံးနေထိုင်ကြတာမို့ ကျဉ်းကျပ်သော်လည်း သူ့အနေအထားနှင့် သူတော့ တောင့်တင်းသပ်ရပ်သော ပျဉ်ထောင်အိမ်ကလေး။ မြေကလည်း ပေလေးဆယ် ခြောက်ဆယ်လောက် ကျယ်ဝန်းနေတာမို့ နေပျော်သည်ပဲ ဆိုရမည်။

အိမ်ရှေ့ ရေတွင်းတွင် အမျိုးသမီးငယ်တစ်ယောက် ရေငင်နေသည်။ သူမ၏ဝမ်းသည် ယမ်းယမ်းစုန့်စုန့်ပုံ့ပုံ့ စူနေပေသည်။

'အဲဒါ ဘယ်သူလဲ စိမ်းနု'

'မပြောတတ်ဘူး၊ သူ့ခယ်မဖြစ်မယ်ထင်တာပဲ၊ သူ့ညီအကြီးဆုံးက သူ့လိုပဲ လူပျိုကြီး၊ သူ့ညီအလတ်ကတော့ အိမ်ထောင်နဲ့၊ အလျင်တစ်ခေါက်ငါလာတုန်းကတော့ရုံးတက်နေလို့ မတွေ့ခဲ့ရဘူး'

စိမ်းနုက ပလက်စတစ်ခြင်း အနီကလေးဆွဲကာ ဆိုက်ကားပေါ်မှ ဆင်းသည်။ ဆိုက်ကားခပေးကာ ခြံဝင်းထဲ ဝင်ခဲ့ကြလေသည်။

အမျိုးသမီးကလေးသည် ခြံတံခါးကို တွန်းဖွင့်ဝင်ရောက်လာသော စိမ်းနုတို့ကို စူးစူးစမ်းစမ်း ပြုံးယောင်သမ်းလျက် ကြည့်နေ၏။

'ဆရာနေဘွား ပြန်ရောက်ပြီလား ညီမလေး'

'မရောက်သေးဘူး အစ်မ၊ အစ်ကိုကြီးနဲ့ တွေ့ချင်လို့ မှတ်တယ်'

'အမေ သိပ်နေမကောင်းဘူးလဲ ကြားလို့ပါ'

'ကောင်းပါတယ်၊ ဩော်....ဟုတ်တယ်၊ သုံးလေးရက်တုန်းကတော့ ခဲချွဲ အအေးပတ်ပြီးဖျားလိုက်သေးတယ်၊ အိမ်ပေါ်တက် အစ်မ၊ အစ်ကိုကြီး ရောက်တော့မှပဲ'

မိန်းကလေးက ရွှေ့ဆောင်ကာ လှေကားရင်းအထိ ခေါ်သွားသည်။

'မမစိမ်းနုတို့ ထင်တယ်နော်'

သည်မိသားစုထဲမှ မျက်နှာသစ် မိန်းကလေးပင်လျှင် စိမ်းနုတို့ သိမှတ်နှင့်နေကြောင်း စိမ်းနုနားလည်ကြည်နူးရပေသည်။

'ညီမလေးကို စိမ်းနု မမြင်ဖူးဘူး'

'အင်္ကိုကြီးရဲ့ ညီအလာ်ာ် နေစိုးရွှဲမိန်းမခလေအစ်မ'

'ဩော်....ဩော်....ထင်တော့ ထင်သား၊ သေချာအောင် မေးတာနော် ညီမလေး'

မိန်းကလေးက 'ဧည့်သည်လာဘယ်အခေါ်၊ ကျွန်မ ထာဝီ လျှောက်စမ့်ဒို့ တာ်ခသာခဘ့ဘူး' ဟု လှမ်းပြောလေသည်။

နေတွင်းခါခဲခင်းသည့် အိမ်ရှေ့ခန်းတွင် သင်္ဘောတံခါးချပ်ပေါ်ထိုင်ကာ သုံးနှစ်သား ကလေးငယ်ဘစ်ယောက်ကို ရှပ်ပြတစ်ခု လက်ညှိုးထောက် ပြောပြနေ၏။

'စိမ်းနုကိုး လာ...လာ...သမီးထိုင်၊ မတွေ့ဘာ ကြာမှပဲ'

စိမ်းနုတို့သည် မောင့်မိခင်အနီးတွင် ဝင်ထိုင်လိုက်ကြလေသည်။ မောင့်မိခင် ဒေါ်ထားမေသည် လူပုံပုပုသေးသေး။ ဆံပင်တွေ ဖြူဖွေးလျက် ပါးရေနှားခရ တွန့်လှုပ်ပြီ။ အသက် ခြောက်ဆယ်အရွယ်ဆက်မကအိုမင်းရင့်ရော်နေသည်။ နေဘွား နှင့် ရုပ်ရည်ချင်း ဆင်တူရုံမက သေကခံ အသုအဆောင်းကို မိသားစုကိုယ်စား သားအမိ ဝေမျှခံစားကြုံချင်းလည်း တူပါပေသည်။

'စိမ်းနု နေကောင်းလား'

စိမ်းနုပြုံးရသည်။

'စိမ်းနုက အမေ့ကို မေးမလို့'

'လူကတော့ သိပ်နေမကောင်းလှဘူးပေါ့ကွယ်၊ အခုစိတ်ချမ်းသာရပါတယ်၊ စိမ်းနုကို အမြဲသတိရတယ်၊ သမီး စိတ်ချမ်းသာပါစေလို့ အမေ အမြဲဆုတောင်းတယ်'

စိမ်းနု ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲသည်။ စိမ်းနုအပေါ် မောင့်မိခင် မနာကြည်းသည့် အတွက် စိမ်းနု ဝမ်းသာသည်။ ဦးမိန်းနု၏ ပဋိဒေဝ သောက မီးတွေကို သတိတရ ဝမ်းနည်းသည်။

'သားပြန်လာတော့မှာပါ၊ သမီးတို့ကိုခွတ္တလျှင် ဝမ်းသာမှာ' ဟု ပြောယင်း မောင့်မိခင်က လမ်းဆီသို့ မျှော်ကြည့်သည်။

'သူ့တာဝန်တွေလဲ နည်းသွားပြီသမီးရဲ့၊ အမေနဲ့ ညီငယ်နှင်ယောက်ကိုပဲ သူကြည့်ရတော့တယ်၊ အငယ်ဆုံးက အေဂျိတီအိုင် တက်နေတာ၊ နောက်ဆုံးနှစ်၊ သူ့စရိတ်ကိုလဲ နေဘွားအောက် သမီးကြီးက တာဝန်ယူထားတယ်လေ၊ သားကြီး ဘွဲ့ငယ်ယူဦးမယ်၊ အဲသလို သူ့အဘက် သူ အခြိန်ပေးနိုင်လာတာကိုက ကံကောင်းထောက်မ လာတာပဲပေါ့ကွယ်'

မောင့်ညီမအငယ် ခင်နွယ်သည် မီးဖိုချောင်ဝမှ ချွေးသံတရဲရဲ ထွက်လာကာ စိမ်းနုကိုနှုတ်ဆက်လေသည်။ အကြီးမသာအိမ်ရှဲကာ သူမကတော့ မိခင်နှင့် တစ်စီးပွားတည်း လုပ်ကိုင်ပေးသောက်လေ၏။

'စိမ်းနုတို့ကို အအေးတိုက်ပါကွယ် မောလာကြတယ်'

မောင့်မိခင်က မြေးကလေးကို ပေါင်ပေါ်ပွေ့တင်ထားသည်။

'တင့်တင့်ကို အမေ မတွေ့ဖူးဘူးနော်၊ ဟုတ်ပျံရှဲမိန်းမလေ'

'ဩော်...တင့်တင့်ကိုး၊ အေးကွယ် ဟုတ်ပျံရှဲသတင်းကြား ပါတယ် သမီးရယ်'

မောင့်မိခင်က ဟုတ်ပျံကိုကောင်းကောင်းသိသည်။ ဟုတ်ပျံ အကြောင်း စကားစပ်မိကြတော့ ငိုချင်မိသူမှာ တင့်တင့်ဖြစ်ပေ တော့သည်။

'တင့်တင့်ကို မပြန်ပါနဲ့လို့ စိမ်းနု ဆွဲထားတယ်၊ အိုးပစ် အိမ်ပစ် စီးပွားရှာထွက်ရတော့ သူရှိလျှင် နောက်ပိုင်း အေး တယ် အမေ'

မောင့်မိခင်သည် စိမ်းနုတို့ကို တစ်မိသားချင်း အရင်းအချာ ပမာ စကားတွေဝိုင်းဖွဲ့ ပြောပြနေသည်။ ချေးမကလေး မိဘများသည် ဒန်အိုးဒန်ခွက် ပြုလုပ်ရောင်းချသော အသေ စား လုပ်ငန်းရှင်ဖြစ်ပြီး သားဖြစ်သူကို တာဝန်ခွဲဝေပေးအပ် ထားသဖြင့် သားနှင့် ချေးမ စားဝတ်နေရေး ပြေလည်ရုံမက မိခင်ထံပိုပိုလျှံလျှံ ပေးကမ်းနိုင်သေးကြောင်း ပီတိဖြစ်စွာ ပြောပြသည်။

'နေမင်းလဲ သုံးဆယ်ကျော်ပြီပဲကွယ်၊ အနည်ထိုင်အခြေက လောက်ပါပြီ' ဟု နေဘွားထက်အငယ် သား လူတေလူပျိုကြီ အကြောင်းကိုလဲ မျှော်လင့်စွာ ပြောလေ၏။

ရေတွင်း၌ အဝတ်လျှော်ဆဲဖြစ်သောမောင့်ခယ်မကလေးက 'အစ်ကိုကြီး ပြန်လာပြီ' ဟု လှမ်းပြောသည်။

စိမ်းနု၏ စိတ်တွေသည် မောင့်ကို အပြေးအလွှား ဆီးကြို သည်။ ဟန်မပျက် ဆက်ထိုင် နေရသော်လည်း စိမ်းနု စိတ် မတည်ငြိမ်နိုင်တော့။

'နှစ်ယောက်သား ထူးထူးခြားခြား ဘာကိစ္စပါလိမ့်ဗျာ'

နေဘွားအသံကိုကြားတော့မှ လည်ပြန်လှည့်ကြည့်ရသည်။ ထူသည် ရှပ်အင်္ကျီလက်ရှည်၊ မီးခိုးပြာ ပုဆိုးနှင့် လက်ဘွင် အတက်ချီသေတ္တာနက်ကလေး ကိုင်ထားလေ၏။

စက္ကန့်ပိုင်းမျှ အကြည့်ချင်းဆုံခိုက်ကလေးမှာပင် မျက်လုံး တွေသည် ရင်မှာ ခံစား တမ်းတရသမျှ ဖွင့်ဟတိုင်တည်ခွင့် ရလေသည်။

နေဘွား၏ နှမငယ်က သံပုရာရည် လာရောက်တည်ခင်း သည်။

နေဘွားသည် မိခင်၏အနောက် နံဘေးဘက်ခပ်ကျကျတွင် တင်ပျဉ်ခွေထိုင်ချလိုက်လေသည်။

'နင်တို့ အစ်ကိုကြီးကိုလဲ သင်ဖြူးခင်းပေးကြပါဦး' ဟူ သော မိခင်၏ စကားမဆုံးမီ သူ့နှမသည် ဖျာကလေးတစ်ချပ် ကို အိမ်ခန်းထဲမှ ဆွဲထုတ်လာလေသည်။

'အမေ နေမကောင်းဘူး ကြားလို့တဲ့သားရဲ့'

'ညီနဲ့ စိန်ဂျွန်းမှာတွေ့တုန်းကပြောမိတယ်ထင်တယ်၊ ယွန်း အကြောင်းတောင် ကိုယ်မေးသေးတယ်'

'ညီ့ကို မေးသေးတယ်လား၊ ငါတို့ကို ညီက ပြန်ပြောမ
ဘူး၊ ယွန်းဟာ စိတ်ပူစရာမို့သာ နင်အခြေအနေမေးတံပဲလို
တွေးကြမှာစိုးလို့ ဖြစ်မှာ'ဟု စိမ်းနုပြောသည်။

'ကဲ....ဖြစ်သမျှ ပြောပြပေတော့စိမ်းနု၊ နေဘွားမှပဲတ
နိုင်မှာပါဟယ်'ဟု တင့်တင့် တစ်ခွန်းသောက်သည်။

နေဘွား မျက်မှောင်တွန့်သွားလေသည်။

'ယွန်း ဘာဖြစ်သလဲ စိမ်းနု'

ငိုချင်ရက် လက်တို့သည့်နှယ် အားကိုးတွယ်တာရလေသေ
သူကိုတွေ့လျှင် ဝင်းထားသမျှ စိမ်းနုစိတ်တွေ ပြေလျော့ပုံ
သွားချင်သည်။ စိမ်းနု မျက်ရည်ဝဲယင်း စကားတွေလည်
အထစ်ထစ်အငေါ့ငေါ့ဖြစ်ရလေ၏။

'ယွန်းကလေ အောင်စာရင်းထွက်တဲ့နေ့က ကိုကိုသူ့ဆီလ
ပါတယ်ဆိုပြီး ကယောင်ချောက်ချားလှေကားကနေပြေးဆ
တယ်၊ ဒေါသတွေကြီး၊ ရုန်းလား ကန်လားနဲ့၊ တင့်တင့်ကို
ကြည့်ကြည့်ပြီး ရယ်လိုက်တာတဲ့'

ယွန်း၏ အောင်စာရင်းကို သွားကြည့်သော ညီညီသ
ဆေးခန်းသို့ တော်တော်နှင့် ပြန်ရောက်မလာသဖြင့် စိမ်
အလုပ်မဖြောင့်နိုင်ဘဲဆိုင်ရှေ့ထွက်ကာ လမ်းထိပ်ဆီသို့ တမျှေ
မျှော် ဖြစ်ခဲ့ရသည်။

ရောက်လာပြန်တော့ ညီညီမဟုတ်ဘဲ ပိုင်စိုးဖြစ်နေသည်
ပိုင်စိုးက ယွန်း ဂုဏ်ထူးလေးခုသာ ရသောကြောင့် စိ
မကောင်းဖြစ်နေသည်ဟုသာမန်ပြောသွားခဲ့သည်။အတော်ကြ

ကြာမှ ညီရောက်လာလေသည်။ အိမ်သို့ဝင်ခဲ့သေးသည်ဟု ဆို
သည်။ ဒေါ်လေးတင့်က မေမေပြန်ခဲ့ပါလို့ မှာတယ်ဟု
နောက်ဆုံးမှ ပြောသည်။

စိမ်းနု ချက်ချင်းဆိုင်ပိတ်ပြီး အိမ်ပြန်ခဲ့ လေသည်။ အိမ်
ရောက်တော့ ယွန်းသည် မျက်နှာမလန်းဆန်းသည်မှအပ စကား
အပြောအဆို အမှားအယွင်း မရှိတော့ပေ။

'သူ အဲသလိုဖြစ်တာ သူ့ဘာသာသူ မှတ်မိလား မမှတ်
လားလဲ မပြောတတ်ပါဘူး၊ စိမ်းနုတို့လဲ အစ ဖော်ပေးသလို
ပြန်ပြီး မပေးဝံ့ဘူး၊ တစ်ရက် နှစ်ရက်တော့ စိမ်းနုလဲ
ဆိုင်မထွက်ဘဲ အိမ်မှာနေပြီး သူ့ကို အရိပ်အကဲ ကြည့်ရတာ

'အခုကော ဘယ်သူနဲ့ ထားခဲ့သလဲ'

'ညီနဲ့ပေါ့၊ သည်နေ့ ဆေးခန်းပိတ်ခဲ့တယ်၊ အိမ်မှာ နီတာတို့
ပြန်ရောက်နေကြတယ်လေ၊ ဘေးအိမ်က ကြီးကြီးမြ
ကို အိမ်ဘက် ကြည့်ပါဦးတော့ မှာခဲ့ရတာပေါ့'

'ဘာမှဖြစ်မှာ မဟုတ်ပါဘူး စိမ်းနုရယ်၊ သူငယ်ချင်းတွေနဲ့
ရှင်ပျပါပဲ'

'နောက်ဆံတင်းတာပေါ့ တင့်တင့်ရဲ့'

'ဒီတိုက်ကိုလျှော့ထား စိမ်းနု၊ နေဘွားနဲ့တွေ့ပြီပဲ၊ သူ အားလုံး
ကြည့် ပိုင်ပေးမှာပေါ့ဟာ'

စိမ်းနုက နေဘွားကို ကြည့်ကာ ပြုံးသည်။ သူကလည်း
ပြန် ပြုံးလေသည်။

'ယွန်းဟာ စိတ်ကြီးတယ်၊ ထက်တယ်၊ သူလုပ်တာမှန်တယ်၊ သူလုပ်လျှင် ဖြစ်ရမယ်ဆိုတဲ့ အတ္တစွဲကလေးကလည်း များတယ် စိမ်းနုရဲ့၊ ကိုကိုဆုံးသွားတာမှာ သူ့အပြစ် သူ့အမှားလို သူ ထင်သွားတယ်၊ သူ့ကိုယ်သူ သည်အမှားမျိုး မှားရလေခြင်း ဆိုပြီး ယူကြုံးမရဖြစ်ရတယ်၊ အဲသည် စိတ်ဒဏ်ရာကို ကိုယ်တို့က အားပေးဖျောင်းဖျပြီး ကုစားပေးကြရမှာပဲ'

မောင့် တူကလေးသည် ဘွားအေရင်ခွင်မှထကာ ဦးကြီး ပေါင်ပေါ် ပြောင်းထိုင်သည်။ သူသည် သူ့ ရှပ်အင်္ကျီ အိတ် ကပ်ထဲမှ ချိုချဉ်တစ်လုံးနှိုက်ကာ တူကလေးကို ပေးလေသည်။

'စိမ်းနုရဲ့ သမီးကလေးဟာ ငယ်သေးလို့ တစ်ဇွတ်ထို့ တစ်ယူသန်နေတာပါကွယ်၊ ကြီးလာလျှင် သိတတ်လာမှာပါ ဆိုးတဲ့ မိုက်တဲ့ သားသမီးတွေမှ မဟုတ်ဘဲ၊ စိမ်းနု ဘာမှ စိတ် မပျက်နဲ့၊ အားလုံး အဆင်ပြေသွားမှာ'

မောင့် မိခင်သည် မောင်နှင့် စိမ်းနုတို့၏ ရှေ့ ခရီးသည် ယွန်း ဘားဆီးနှောင့်ယှက် သောကြောင့် ပျက်ခဲ့ ရကြောင်း သိနေပေလိမ့်မည်။ ယခု ယွန်းအတွက် စိမ်းနု မောင့်ထံ ရောက် ရပြန်သည်ကို တစိမ်းတွေသာဆိုလျှင် ငြိုငြင် စိတ်ခုမှာပါပဲ

'ယွန်း တစ်နေ့တော့ နားလည်လာမှာပါနော်' ဟု မောင့်ကို တိုးလျှိး အသနားခံသောအကြည့်ဖြင့် တိုးတိုးပြောသည်။

'တို့တွေဟာ သာတယ် နာတယ် တွက်နေရမယ့် သူတေ မဟုတ်တော့ပါဘူး တင့်တင့်ရာနော်' ဟု မောင်က တင့်တင့်အာ သက်သေထူရှာလေသည်။

'နင် အခု ဘာဘွဲ့ထပ်ယူမှာလဲဟင် နေဘွား' ဟု တင့်တင့်က စပ်စုသည်။

'ပိတ်ရောဂါ'

တင့်တင့်သည် လက်ခုပ်ကလေး တီးကာ ရယ် မော တော့ သည်။

'အတော်ပဲ၊ အတော်ပဲ၊ ယွန်းကို နင် ကြည့်ပေးဖို့ ရေကန် အသင့် ကြာအသင့် ဖြစ်လာတာပဲ'

'ငါက ခုမှ' ကကြီး ခခွေးပဲ သင်ရပါသေးတယ်ဟာ၊ ပြီး တော့လဲ ယွန်းက သာမန်ခံစားရမြဲ ပဋိဒေဝ သောကဘောင်ထဲ မှာပဲ ရှိနေပါတယ်၊ စိတ်ရောဂါ ဘောင်ထဲ မဝင်သေးပါ ဘူးဟာ'

သို့သော် နေဘွားက စိမ်းနုလက်ထဲသို့ ဆေးလုံး တစ်ချို့ ပေးနှံသည်။

'မနက်တိုင်ကျ တစ်ခြမ်း၊ ညဘက် တစ်လုံးတိုက် စိမ်းနု၊ စိမ်းနုဖြစ်ဖြစ် တင့်တင့်ဖြစ်ဖြစ်ပေါ့ဟာ၊ တစ်ယောက်ယောက်က ဘာဝန်ယူပြီး တိုက်'

'သောက်ပါ့မလား မသိဘူး၊ ယွန်းက ဆေးတိုက်ရ ခက် တယ်'

'ဒါလောက်တော့ ချော့ မော့ နား ချ ပြီး တိုက် ပေါ့ တင့်တင့်ရ'

ခင်နှယ် ထွက်လာပြီး ကလေးကို ခေါ်သည်။

'ညီမရေ အမေ့ဖို့စားစရာကလေးတွေ ပါလာတယ်ကွယ်၊ သိမ်းပါဦးနော်'

စိမ်းနုသည် ခြင်းထဲမှ အိုဗာတင်းဘူးနှင့် ဘီဝကစ် ပုံးကို ထုတ်ကာ အမေ့ရှေ့သို့ ချထားသည်။

'ဒုက္ခရှာသို့ သယ်မလာပါနဲ့သမီးရယ်'ဟု အမေက အားတို့ အားနာ ငြင်းဆန်ဆဲ အမေ့မြေးကလေးက 'မုန့် မုန့်' ဆိုကာ မုန့်ပုံးဆီ ထလာလေ၏။

နေဘွားက သူ့ တူ၏ တင်ပါးလုံးလုံးကလေးကို ဖတ်ခနဲ လှမ်းရိုက်ပြီး တဟားဟား ရယ်နေသည်။

'မုန့်စားချင်လျှင် ဒေါ်ကြီးကို မွေးမွေးပေး'ဟု တင့်တင့်က ကလေးကို ဖမ်းဆွဲသည်။ ကလေးက မင်း တိုင်း ကျေ ရွတ် ခနဲ နမ်းသော်လည်း မုန့်ပုံးဆီသို့သာ လက်လှမ်း နေလေ၏။

ပြန်ခါနီး အမေ့ကို ကန်တော့ကြသည်။ အမေက ဆုတော် တသီကြီး ပေးလေသည်။ ငါ့သမီးတွေ လိုရာဆန္ဒ ပြည့်ဝကြ ပါစေကွယ်၊ စိတ်ချမ်းသာကြပါစေဟု အဆုံးသတ်လိုက်သော အခါ ပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု နှစ်ယောက်သား လှိုက်လှဲစွာ ဆုံခံယူကြသည်။

'အဟဲ....သူငယ်ချင်းတွေပဲဟာ၊ ငါ့ကို ဒါလောက် ရိုသေ ညွှတ်ကျိုး ကန်တော့နေဖို့ မလိုပါဘူးဟာ'

အမေ့ နံဘေးမှ နေဘွားက ပြုံးစစနှင့် စိမ်းနုတို့ကို ကျီစယ် သည်။ မောင့်ကို သည်လို ရွတ်ရွတ်နောက်နောက် ငယ်စရိုက်

မပျော်တာကို မြင်ရတော့ စိမ့်နု ဝမ်းသာ ကြည်နူးမိလေသည်။

'နင်က ငါတို့ထက်အသက်ကြီးတဲ့ အဘိုးကြီးမို့လို့ ငါတို့ကို ကန်တော့ရတယ်ပဲ ထားလိုက်ပါ'

တင့်တင့်က အလျှော့မပေးဘဲ စကားနိုင်လုနေသည့်အတွက် စိမ်းနုတို့ ရယ်မောကြရပြန်လေ၏။

၅။

စောစော ထုတ်လာကြပါလျက် ယွန်းတို့ ရောက်သော အခါ အလျင် ဦးနှင့်သော ကျောင်းသူ ကျောင်းသား တို့သည် အမှတ်ထုတ်ပေးမည့်ရုံးခန်း အပြင်ဘက်တွင် စုရုံးကျပ်သိပ်နေ ပေပြီ။

"ငါမှတ်ပုံတင်ကော သွားထပ်လိုက်ဦးမယ်နော် ယွန်း၊ သည် နားမှာ စောင့်နေ"

ယွန်းက ခေါင်းညိတ်ပြကာ နီတာပြောသွားသည်ကို လိုက် ငေးကြည့်နေသည်။ အလျင် ဆိုသည်လို အလျင် ဦးအောင် ဇာန်းစီရတာမျိုးမှာ ယွန်း ဘယ်တော့မှ နောက်မကျ။ နီတာ့ ကိုပင် အားမလိုအားမရနှင့် တက်သုတ်နှင် လောတာချည်း ဖြစ် သည်။

'မတွေ့တာမျှားကြာပြီဟယ်၊ ယွန်းက အိမ်တွင်း ပုန်းနေတာကိုး'

အတန်းဖော် သက်မာစုသည် ယွန်းရှေ့တွင် ကြွားကြွားဝင့်ဝင့် လာရပ်လေသည်။

'တို့တွေက မှန်းသလောက် မရကြတော့ ဆရာ ဆရာမတွေကို အားနာစရာဖြစ်နေတာပေါ့နော် ယွန်း၊ ဟော....ဟိုမှာ ဆရာမလာနေပြီ၊ သမိုင်းဂုဏ်ထူးမရလို့ ပြောတော့မှာပဲ'

သက်မာစု၏အသံသည် လွှင်နေမြူးနေသည်။ သူမကသမိုင်း ဆရာမထံ ကိုယ်တစ်ပတ်လည်အောင်ပင် လိုက်ကြည့်သော်လည်း ဆရာမက စာသင်ခန်းတစ်ခုထဲ ချီးကွေ့ဝင်သွားတော့သည်။

'မလာဘူး၊ တော်ပါသေးရဲ့' ဆိုသော်လည်း သက်မာစု အသံသည် သိသိသာသာ အားလျော့သွားသည်။

ယွန်းက ခပ်စိန်းစိန်းကြည့်မိလေသည်။ သက်မာစုကတော့ သတိထားမိဟန်မတူဘဲ အမှတ်စာရင်းနှင့် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်နှင့် ပုံစံတွေထုတ်ယူလာသော ကျောင်းသူများအနက် အမှတ်ကောင်းလောက်သော လူတော်တွေထဲ ဘယ်လောက်ရှိသလဲ၊ ဘာလျှောက်မလဲ စပ်စုနေပြန်သည်။

'ယွန်းတော့ ခြောက်ခုထက်မှာပဲ အောက်မှေ့ထားတာ'

ကျောင်းသူတစ်ယောက်က သက်မာစု စောင်းကြည့်သော အမှတ်ကို ပြုယင်း ယွန်းဘက်လှည့်ပြောသည်။

'တို့တွေတော့ နာမည်ကြီး ထမင်းငတ်တာပါပဲ၊ ဆရာတွေသည်လောက်အားထားရက်နဲ့ ခြောက်ဒီမရကြဘူး၊ ခြေထောက်မရတာ ကံကောင်း'

ကျောင်းသူသည် သက်မာစုကို အံ့သြသလို ကြည့်သည်။ ထိုအကြည့်ကို သက်မာစု သတိမထားမိသော်လည်း ယွန်းကတော့ သိနားလည်သည်။ သက်မာစုသည် ဂုဏ်ထူးခြောက်ခု မဆိုထားနှင့် ငါးခုရလာခြင်းသည်ပင်လျှင် မတန်မရာ ကြက်ကန်း ဆန်အိုးတိုးသလို ပြောစရာ ဖြစ်နေသေးသည်။ သို့တစေ သက်မာစုက်တော့ မိုးမမြင်လေမမြင် ဘယ်သူ့အကြည့်ကိုမှ လည်း မမြင်တော့။

နီတာက ယွန်းကို အသာလက်တို့ကာ တံခါးအကွယ်ဆီသို့ ခေါ်သွားသည်။

'ဘာလဲ နီတာ'

'ဘာမှမလဲပါဘူး၊ အဲသည် သက်မာစု မ လေကြွားနားမှာ မနေချင်လို့'

ယွန်းတို့၏ သခ်ၤာဆရာမလေးသည် အမှတ်စာရင်းပေးဝေနေသော ရုံးခန်းထဲမှ ထွက်လာ၏။ မမြင်အောင် နီတာ့နောက်ကွယ်မှာ အသာကုပ်လျှိုးလိုက်သော်လည်း ဆရာမသည် ယွန်းနှင့် နီတာ့ထံ တန်းတန်းမတ်မတ် လျှောက်လာသည်။

ယွန်း စိတ်ညစ်ညူးစွာ ရပ်စောင့်နေရသော အချိန်တွေသည် အတိုင်းမသိ ကြာမြင့်လှသလိုပင်။

'ယွန်းကလေး နေကောင်းရဲ့လား'

ယွန်းတို့ ချစ်သော ဆရာမမို့သာ ခေါင်းညိတ် ပြရသော်လည်း ယွန်း ပြုံးပြဖို့ ဇမဲ့လျော့သည်။ ယွန်းကို အပြစ်တင်တော့မည်တု စိုးရွံ့စိတ်ပူကာ နေလေသည်။

သို့သော် ဆရာမက ယွန်းကို ချစ်ကြည်စွာ လက်ကလေး ဖျစ်ညှစ်သည်။

'ယွန်းက ဂုဏ်ထူးဆွတ်ဖို့ တစ်မှတ်လို နှစ်မှတ်လိုရယ်ပါ၊ သည်ကျောင်းမှာ ယွန်းအများဆုံးပဲ၊ ဆရာမ ခုပဲ ကြည့်လာတယ်'

ယွန်း အံ့သြဝမ်းသာ ဖြစ်ရသည်။

ကျေးဇူးတင်စွာ ကြည့်မိသော်လည်း ဆရာမက လှည့်ထွက်သွားနှင့်ပြီဖြစ်လေသည်။

'ယွန်း နင် တစ်မြို့နယ်လုံးမှာ အမှတ်အများဆုံးရနေမလား မသိဘူးနော်၊ ငါ ဆရာမကို လိုက်မေးလိုက်လျှင် ကောင်းမလားဟင် ယွန်း'

ယွန်းကို အရိပ်တကြည့်ကြည့် အကဲခတ်နေသော နီတာက မေးမေးပြောပြော ခြေလှမ်းပြင်လျှင် ယွန်းက 'ဟင့်အင်း .... ဟင့်အင်း' ဟု ပျာပျာသလဲ တားဆီးသည်။

နီတာသည် ယွန်း၏အပြုအမူကို ကောင်းစွာနားလည်ဟန် မရှိသော်လည်း ဖြေရှင်းချက်တောင်းမနေဘဲ အမှတ်စာရင်း ပေးဆာဘက်သို့သာ အာရုံပြောင်းလိုက်လေ၏။

ယွန်း သည်မြို့နယ်မှာ အမှတ်အများဆုံး မရနိုင်မှန်းသိတော့သိသည်။ သို့တစေ ရများရနိုင်လေရော့သလားဟုလည်း မျှော်

လင့်ချင်ပြန်လေသည်။ သည်တော့ အတိအကျ မသိရတာကပဲ ယွန်းအတွက် ပိုပြီး အဆင်ပြေနေပေသည်။ ယွန်းသည် သင့်တို့အလိုလို နည်းလျော့ကာ သူမကိုယ်ကို မှယုံမရဖြစ်၍ သာ နေလေသည်။

'ခေါ်နေပြီယွန်း၊ ငွေသွင်းပြီး လက်မှတ်ထိုးရမယ်၊ထုတ်ပြီး ပြန်ရုံပဲ'

နီတာက ယွန်းကို လက်ဆွဲခေါ်သွားသည်။ ယွန်းသည် ဆုတ်ဆိုင်းစွာပြင့် လိုက်ပါသွားရလေသည်။

'သည်ကောင်မလေး ဘယ်လို လျှောက်ဖြေပစ်လိုက်တာလဲ ဟင်၊ တုတ်မကောက်ခဲ့ဘူးလား'

အတန်းချုပ်ဆရာမကြီး၏ ကျီစယ်ဆူငေါက်သံသည် ယွန်း၏ နားဝယ် မိုးသို့ ချုန်းလေသည်။ ယွန်း၏ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။

'နီတာကတော့ ထင်တာထက် ပိုဖြေနိုင်တယ်ဟေ့၊ သည်လိုလဲ ရှိကြဦးမှပေါ့ သမီးတို့ရဲ့'

ဆရာမကြီးသည် ယွန်းတို့ကို ကြာကြာ ဂရုမစိုက်နိုင်ဘဲ နောက်ဆုပ် မှတ်ပုံတင်တစ်ခုကောက်ယူကာ နာမည်ခေါ်လေသည်။

'ယွန်းကကုယ်လက်ဖျားတွေအေးလို့ ဆရာမကြီးက နောက်ဘာပါ'ဟု နီတာက ချေ့သည်။

'ငါ သိပါတယ်'

ယွန်း တမင်တကာ မရည်ရွယ်သော်လည်း လေသံက တင်းပြတ်ပြတ် နိုင်သွားသဖြင့် နီတာသည် စိတ် မသက်မသာဖြစ်သွားသော မျက်နှာကလေးကို တစ်ဖက်လွှဲကာ ဖုံးကွယ်လိုက်လေ၏။

'ဆောရီး နီတာ၊ ငါ့ကိုက ဘယ်လိုဖြစ်နေမှန်း မသိပါဘူး'

သက်မာစုတို့တစ်သိုက် လျှောက်လာနေသည်ကို ယွန်း လှမ်းမြင်သည်။

'သည်ဘက်လမ်းကသွားမယ် နီတာ'

'သူ့ထက် နင် အမှတ်များကြောင်း ပြောပြလိုက်ရအောင်ဟာ'

'ဟင့်အင်း....ဟင့်အင်း'

နီတာသည် ယွန်း၏ ခြေလှမ်းကို မီအောင် အပြေးလိုက်ရရှာလေသည်။

'အိမ်ပြန်မယ် မဟုတ်လား ယွန်း'

'သည် လမ်းချိုးကျမှ ပြန်ကွေ့မယ်၊ ဝေးတော့ ဝေးတာပေါ့၊ ဒါပေမယ့် ငါ လူ အများကြီးနဲ့ မတွေ့ချင်ပါဘူး'

'ဘယ်သူမှ မရှိပါဘူး ယွန်းရာ၊ အတန်းသား တွေချည်းပါပဲ'

'သူတို့ကိုမှ ငါ မတွေ့ချင်တာ'

နီတာ ထပ်မပြောတော့။ ပို့ဝေးသောဘက်မှ ကွေ့ပတ်ကာ ကျောင်းဝင်းထဲမှထွက်ရသောကြောင့် နီတာ မောဟိုက်နေဟန် တူလေသည်။

'နီတာ....ယွန်း နေကြဦးလေ'

နောက်မှခေါ်သံနှင့်အတူ တဖုတ်ဖုတ်ပြေးလာသော ခြေသံကိုပါ ကြားရသည်။ ပို့ဝေးစိုး၏အသံဖြစ်ကြောင်း ယွန်းတို့ သိရှိတော်မိလေသည်။

ယွန်းက အချိန်အဆမပြက် ခရီး ဆက်သော်လည်း နီတာကတော့ ဣန္ဒြေ မဆောင်နိုင်အောင် ဝမ်းသာအယ်လဲ ဖြစ်နေသည်။

'လာ....လာ....ကိုပို့ဝေ၊ တို့ကွေကို အင်းလျား စောင်းမှာ အကြော်သွားကျွေးရမယ်'

'တကယ်လား နီတာ၊ သေချာအောင်လဲ မေးပါဦး'

ပို့ဝေးစိုးက ယွန်းဘက် မေးငေါ့ပြသည်။

'သူ ဘာကိစ္စရှိမှန်းမသိဘဲနဲ့၊ သွားစရာရှိတာ သွားပါစေးလား နီတာ'

'ဘို့ ဘယ်မှ သွားစရာမရှိဘူး၊ ယွန်းတို့ အမှတ် လာထုတ်ခေါ် ဆိုတာ သိလို့ ခြေရာခံလိုက်လာတာ၊ ဘယ့်နယ် ပြန်နေကျိလမ်းက မပြန်ဘဲ တစ်မျှော်ဘစ်ခေါ် လှည့်ပတ် နေကြတာလဲ'

နီတာ တခစ်ခစ်ရယ်သည်။ ယွန်းလည်း စိတ် ပေါ့ပါးလာစွာ ပြုံးမိလေသည်။

'ဘယ့်နယ်လဲ ယွန်း၊ သွားမလားဟင်၊ အန်တီဆူမှာ မဟုတ်ခါဘူးဟယ်၊ တို့တွေ တက္ကသိုလ်ကျောင်းသူဖြစ်ခါနီး ဘူးသီးကြော် သွားမြည်းတာပါလို့ ပြောလိုက်ရုံပေါ့'

ယွန်း ခေတ္တ စဉ်းစားသည်။

'သဘောပဲလေ'

ယွန်းသည် လည်ပတ်လျှောက်သွား လမ်းသလား လိုက်ရ
လျှင် နောက်ကျိရွပ်ထွေးနေသောစိတ်တွေ ရှင်းသန့် ကြည်လင်
သွားနိုင်ကောင်းရဲ့ဟု စိတ်ပါလက်ပါ ဖြစ်လာသည်။

'ဒါဖြင့် လုပ်လိုက်လေ ကြာသလားလို့ ဂေါ်ဇီလားနဲ့တစ်ပွဲ
ဆီရွှဲရွှဲနဲ့'

နီတာ အူမြူးစွာ တောင်စဉ်ဇရမရရွတ်ယင်း ယွန်း လက်ကို
ဆွဲလျက် အသော့နှင့်သည်။

ယနေ့မနက်အဖို့ ယွန်း ပထမအကြိမ် ကြည်သာရွှင်ပျ အား
ပါးတရ ရယ်လေ၏။

'နီတာတစ်ယောက်ဟာ ပေါက်ပေါက်ရှာရှာ ဘာတွေ တတ်
မှန်း မသိဘူး'

'သည်ဆက် တတ်တော့မလို့ဘဲ ယွန်းရဲ့၊ သည်ထက် တတ်
ရဲလို့ ခက်သွားတာ....'

ပိုင်စိုးသည် နီတာ့ဘေးမှာကဲင်လျက် လျှောက်လာသည်။
ယွန်းဘက်သို့ သူ ကူးမလာရဲသေးဘဲ အရှိန် ယူနေကြောင့်
ယွန်းတို့ ရှင်မိလေသည်။ သို့သော် ကိုပိုင့်ကိုတော့ ကြောက်လန့်
စရာ မယူမှတ်ကြတော့ဘဲ ငယ်ပေါင်း သွေးချင်းပမာ နှင်းနှိုး
ယုံစားနေကြမေသည်။

'နီတာ့စကားက တစ်မျိုး ဆန်းပြန်ပါပြီ၊ ရှင်းလင်းချက်
ကလေး ထုတ်စမ်းပါဦး'

တနင်္ဂနွေနေ့တုန်းကပေါ့၊ ဖေဖေနဲ့အတူ ဈေး သွားကြ
ငယ်၊ ဖေဖေက အပျင်းပြေ ကားစီးလိုက်တာပါ၊ အဲဒါ တို့
ဈေးဝယ်ပြီး ကားပေါ်တက်ခါနီး စာအုပ် ပါးကလေးတွေ
ဆောင်းတယ် သိလား၊ မပြောမရှိကြနဲ့လို့ တအားမြဲအော်
တော့ ငါတို့သားအဖ စိတ်ဝင်စားသွားတာပေါ့'

အမြန်ကားဂိတ်တွင် ကားစောင့်သူတွေ ဖွေးဖွေးလှုပ်လျက်
နေသည်ကို နီတာ လှမ်းမျှော်ကြည့်နေသည်။

'အထာမကိုင်နဲ့ နီတာ၊ ပြောမှာဖြင့် ပြော'

ယွန်းက နီတာ့တင်ပါးကို အသာဆိတ်လိုက်တော့ နီတာ
ငြီးခနဲ သာသာထိုးထိုး အော်သည်။

'ပြောမှာပေါ့ဟာ၊ မပြောမရှိပါဘူး၊ မပြောမရှိပါဘူး'

'နီတာစုတ်'ဟု ယွန်း ပြုံးရယ်ရပြန်သည်။

'အခုခေတ်သုံးတဲ့ ဗန်းစကား ကလေးတွေ ကြား ဖူး ကြ
သား၊ သိချင်ကြသလား၊ သိချင်ဝယ်ဖတ်၊ သိချင်ဝယ်ဖတ်တဲ့၊
သည်တုန်းကတော့ မသိချင်သေးပါဘူး၊ ဒါပမယ့် သူက
အောင် ဆွပေးတယ်ဟာ၊ နှမအခန်းကိုလဲအရမ်းမဝင်နဲ့တဲ့၊
ဝင်တော့ ဘာဖြစ်မလဲ၊ သိချင်သလား၊ သိချင်ဝယ်ဖတ်၊
ဝယ်ဖတ်တဲ့....'

'အသည်တော့ မဝယ်လိုက်ဘူးလား'

'ဘာအင်း....ဖေဖေပါနေတော့ ဘယ် ဝယ်ရဲပါ့မလဲ'

'အို....နင်က အဖျားရှူးသွားတာကိုးဟာ'ဟု ယွန်းကမချင့်
မရဲတင်သည်။

ပိုင်စိုးကလည်း

'အေးလေဟာ...ဆန့်တင်ငင်နဲ့၊ နေဦး နောက် ငါသွ
ယင်း လာယင်းတွေ့မှ ဝယ်လာခဲ့မယ်'

တစ်ကျပ်ကားတစ်စီး ဆိုက်လိုက်ယင်း လူတွေအလုအယ
တိုးဝှေ့တက်လိုက်ယင်း၊ အရင်လိုသူတွေ မဟုတ်ကြသေ
ကြောင့် ယွန်းတို့ကတော့ သစ်ပင်ရိပ်ခိုကာ စောင့်လေသည်

'အဘွယ်မရဘူး၊ ဖမ်းနေတယ်၊ အဘွယ်တင်ယင် ဒဏ်
ငါးဆယ်၊ နှစ်ဂိတ်တောင်ချထားတယ်ခင်ဗျ၊ သည်းခံကြ
ခင်ဗျာ၊ ကျေးဇူးပြုပြီးမတွယ်ပါနဲ့၊ ခုံပြည့်နေပါပြီ၊ ဒိုးဆ
ရေ ဒိုး၊ ဟာ....ဘာလုပ်နေတာလဲ'

ပိုလျံနေသော လူတွေသည် ထွက်ခွာတော့မည့်ကားကို
ခွာကာ နောက်တစ်စီးအလာကို ဆီးကြိုဝိုင်းအုံကြပြန်လေ

'ဟော....ဟိုမှာ'

ယွန်း ရင်ထိတ်ခနဲလှိုက်ခုန်သည်။

'ဘာလဲဟင်ယွန်း၊ ဘယ်သူလဲ'

နီတာ့အမေးကို မဖြေနိုင်။ ရုတ်ရုတ်သဲသဲကားပေါ်တိုးဝှေ
တက်နေသောလူအုပ်ဆီ ယွန်း ပြူးပြူးပျာပျာလည်ဆန့်ကြ
နေသည်။

ကိုကို့ကို ယွန်း ဖျတ်ခနဲလှမ်းမြင်လိုက်လေသည်။

'ယွန်းကို လိုက်ရှာမလို့ ထင်တယ်၊ ယွန်းကဖြင့် ဒီမှ
လိုက်ခေါ်လိုက်ဦးမှပါပဲ'

နီတာက ပိုင်စိုးကိုအားကိုးစွာလှမ်းကြည့်ယင်း ယွန်းလက်ကို
လည်း ဖမ်းဆွဲသည်။

'ဘယ်သူ့ကို သွားခေါ်ဦးမလို့လဲ ယွန်း'

လူပြည့်သွားသောကားသည် ဘီးလိမ့်ထွက်ခွာသွားလေပြီ။
ကျန်ရစ်သူ ခရီးသည်များသည် နောက်တစ်စီး မျှော်ကြည့်ယင်း
ကူစုကွဲသွားကြပြန်လေ၏။

ကိုကို မရှိတော့။ ကားပေါ်ပါမသွားသေးတာတော့ သေ
ချာသည်။ ကိုကို ဘယ်ရောက်သွားပြန်ပါလိမ့်။

'နောက်က ကား ချောင်တယ်ယွန်း၊ကိုပိုင်ရေ နေရာ အရင်
ဦးသားနှင့်၊ လာလေ ယွန်း၊ ဘယ်သူ့ကို တွေ့လို့လဲ'

'ဟင်....မတွေ့ပါဘူး၊ ဟို....အသိလားလို့'

ပိုင်စိုး သည် ယွန်းကို ပူပန်စွာကြည့်နေရာမှ နီတာ့အစီအစဉ်
အတိုင်း တစ်ကျပ်ကားပေါ် အလုအယက်တက်ဖို့ ကြိုးစားရ
ပြန်၏။

'တို့တွေ အင်းလျား စောင်း တော့ မသွားပါစို့နဲ့တော့
နီတာရယ်'

နီတာက ဆန့်ကျင်တောင်းဆိုမှု မရှိပေ။

'ကိုပိုင် လာ လာ တိုးမနေနဲ့တော့၊ မသွားတော့ဘူး'

ပိုင်စိုး သည် ကားခြေနင်းလှေကားထစ်ပေါ်သို့ပင် ခြေတစ်
ဆက် တင်နေပြီဖြစ်သော်လည်း နီတာ့အသံကြားသည်နှင့် ကိုယ်
ပြန်ထက်ကာ နောက်ကြောင်းပြန်လှည့်တိုးဝှေ့ထွက်လာလေ၏။

'အိမ်ပြန်တော့မလား'

ယွန်းလေးတို့စွာ ခေါင်းညိတ်သည်။

စောစောက ကြည်လင်နေသောကောင်းကင်သည် အုံ့မှိုင်

မှိန်ပျလာလေသည်။

'မိုးရွာတော့မယ်၊ ဒါကြောင့်ပါ'ဟု အားတုံ့ အားန

ဆင်ခြေလဲသည်။

သူတို့နှစ်ယောက် ယုံလေ၏ မယုံလေ၏ မသိနိုင်သော်လည်

မငြင်းခုံကြတဲ့ ကားဂီတ်မှအတူ ထွက်ခဲ့ကြလေသည်။

ယွန်းသည် ယွန်းတို့လမ်းထဲသို့ ပိုင်စိုးနှင့်အဘူဘဲ့ပြီး မပြန်

ချင်။ ပိုင်စိုး၏မိခင်ဒေါ်စိုးမေတို့မြင်ကာ ငြူစူတင်းမာမှာ

ယွန်းမခံချင်။ သို့သော် ယွန်းတို့အနား နေရလျှင် ကျေနပ်

ကာ ဘာတစ်ခုမှ အနှောင့်အယှက် မပေးလေသော ပိုင်စိုး

လည်း ပစ်ပစ်ခါခါ မောင်းနှင်မလွှတ်ချင်ပေ။

'ကြေးအိုးစားကြပါလားဟင်၊ တို့ဝယ်ခကျွေးမယ်'

'စားကြောဆို ဘယ်ငြင်းပါ့မလဲ၊ စဲယ်ရုံလား'

ငယ်ပေါင်းဆွေ နှစ်ဦးက မငြင်းမဆန် ထောက်ခံလိုက်ကြပြီ

သည်။

သုံးယောက်သား စံပယ်ရုံကြေးအိုးဆိုင်မှာ ထိုင်မိကြသည်

ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးစကားဝိုင်းကို နှံတာ

ဦးဆောင်ယင်း ယွန်း ပျော်လာပြန်လေသည်။

နှုတ်စအာ စသွက်လက်လာသော ယွန်းက-

'ကိုပိုင် စားပြီးယင် ဘယ်သွားဦးမလဲ'ဟု မေးသည်။

'တို့လား ဘာမှလဲ စိတ်မကူးထားပါဘူး'

'ယွန်းက ပြုံးစစနှင့် ကိုပိုင့်ကိုစိုက်ကြည့်ယင်း ချိန်ဆနေ

သည်။

'ဘာလို့မေးတာလဲ ယွန်း' ဟု ပိုင်စိုးက စကားလမ်းခင်း

ပေးသည်။

'ကိုပိုင့်သူငယ်ချင်းတွေဆီ ဝင်လည်နေရစ်ဦးလေ၊ အိမ်ပြန်

ယင် ယွန်းနဲ့နီတာ နှစ်ယောက်ပဲ ပြန်နှင့်မယ်'

ပိုင်စိုး မချိပြုံးနှင့် ခေါင်းဆတ်သည်။

'နှင်တာကိုး၊ တည့်တည့်ပြောမှဘေ့ရိပ်မိပါပြီ၊ ရပါတယ်

ဗျာ'

'စိတ်မဆိုးနဲ့ ကိုပိုင် နော်'

ယွန်းက လေချိုသွေးလေသည်။

ဒေါ်လေးစိမ်းနု

မေမေ မျှော်လင့်ချက်မရှိ။ အသက်မီလိုလျှင်
အမြန်လာ။

ပေါက်စမ

သည်ကြေးနန်းကိုရချိန်တွင် စိမ်းနု မော်လမြိုင်သွားဖို့ ဘူတာ
ဆင်းတော့မည်ဆဲဆဲ မှာထားသောကားကို စောင့်ဆိုင်းနေပေ
မည်။ ကြေးနန်းရိုက်လိုက်ပြီး သုံးရက်ကြာမှ လက်ဝယ်ရရှိတာမို့
ကြိုမှာလာသော သတင်းက စုံစုံစေ့စေ့ အရင်ရောက်နှင့်
ပြီ။

မဇ္ဈိမစာပေ

စိမ်းနု ဆည်မတံ့နိုင်ပြီ။ အစ်မ အရင်းခေါက်ခေါက် အသည်းအသန်ဖြစ်နေမှတော့ စိမ်းနုသွားလည်းသွားချင်သည်။ သွားလည်း သွားဘင့်သည်။ ငါးရံ့ပြာလူး ဖျပ်ဖျပ် ခုန်နေလေပြီ။

မမဖြူဖွေးသည် ပေါက်စမကို အိမ်ထောင်ချပေးပြီးနောက် စုဘူးရှိရာ ရှမ်းပြည်သို့ လိုက်သွားကာ မီးနေစောင့်ရသည်။ ထို့မှ တစ်ဖန် ဂျမ်းဘုံက ကလေးသုံးယောက်နှင့် ဆိုင်တစ်ဖက်နှင့် လက်မလည်ပါဘူး ငိုငိုရယ်ရယ်အပူကပ်ပြန်သောကြောင့် မော်လမြိုင် ပြန်ရပြန်လေသည်။ မမဖြူဖွေး ဆီးချိုနှင့် သွေးတိုးခံစားနေရတာကတော့ အသက်လေးဆယ်ကျော် ကတည်းကပင်။ ထူထူကောင်ထောင်သွားသွားလာလာ တစ်ခါမှအိပ်ရာထဲလဲနေလောက်အောင် မဖျားနာဖူးခဲ့ပေ။

ဂျမ်းဘုံ၏မိတ်ဆွေသည် မော်လမြိုင်မှ အမှာပါးလိုက်သည့် အတိုင်း လာရောက် အကြောင်းကြားခဲ့သည်။

'အခု စဖြစ်တာက ငှက်ဖျားတဲ့၊ ရှမ်းပြည်က ပြန်လာတော့ ငှက်ဖျားပါလာတယ်၊ ဆေးမြီးတိုသောက်လိုက် ပျောက်နေလိုက်၊ ပြန်ပေါ်လာလိုက်ပေါ့လေ၊ ဂျမ်းဘုံကလဲ အမှုမဲ့အမှတ်မဲ့ ပစ်ထားတာပဲ၊ ပေါက်စမက အစ်မကိုအပြစ်လဲတင်၊ အမှန်တော့ မအေကို သူနဲ့နေစေချင်တာကိုး၊ အဲဒါ စိမ်းနုရယ် ဆေးမတည့်ဘူးဆိုလား၊ ဆီးသွားယစ် သွေးချည်းသွားပြီး လူလဲဖောသွပ်သွပ် ဖြစ်လာတယ်၊ ဆေးရုံ ချက်ချင်း တင်ကြရတာပေါ့။ ဆေးရုံမတက်ပါဘူးငြင်းသေးတာတဲ့၊ လေသံကကော့ခပ်မာမာ

ပါပဲ၊ အပြုံးမပျက်ဘူး၊ ဒါပေမယ့် သူခံနေရတာ သိနေကြတာ ဆိုတော့ သမီးတွေ့ မချိဘူးပေါ့၊ စိမ်းနုခမျာ သူ့အပူနဲ့ သူအော့၊ အကြောင်းကြားမနေနဲ့၊ ငါကောင်းသွား မှာလို့ ပြောတာယ်၊ ဒါပေမယ့် ညည်းတူမတွေက ကြေးနန်းကို စိတ်မချလို့ ကျုပ်ရောက်ယင် ပြောပေးပါတစာစာမှာတာနဲ့ အခြေအနေကလဲ စိတ်မချရလို့ ခရီးရောက်မဆိုက် လာပြောတာပဲ'

တင့်တင့်က ယွန်းတို့ မောင်နှမအတွက် စိမ်းနု နောက်ဆံမှာင်းဘဲ စိတ်ချလက်ချသွားပါ အာမဘန္တေခံသည်။

တင့်တင့်ကား ယော်စဉ်ကဲ့နှင့် ခြားနားလှစွာ အားထားလောက်ဖွယ် ကြံ့ခိုင်ပေ၏။

'နင့်လက်ထဲ ပို့ခဲ့မှာပါပဲတင့်တင့်ရယ်၊ ငါ့မှာ သည်အစ်မပဲ ဦးဘာ၊ သူ့ နောက်ဆုံးအချိန်ကို ငါမီချင်တယ်၊ စကားလေး ဘစ်ခွန်းပဲဖြစ်ဖြစ် သူပြောတာလေး ငါ ကြားချင်သေးတယ်၊ ငါသွားရမှာပါပဲ'

တင့်တင့်သည် မော်လမြိုင်မှ မိဘများနှင့် အစ်မထံသို့ မှာကြောင်း သာကြောင်းထက် ပို၍ ထူးကဲ အမှာပါးစရာ မရှိခဲ့။ ခိမ်းနုကသာ အလိုက်တသိ၊ ကောင်းနိုးရာရာ လက်ဆောင်လေးများ သယ်ယူသွားရလေသည်။

ကြီးဒေါ် နေမကောင်းသဖြင့် မိခင်သွားရမည်ဟု အခြေအနေကိုဖော်၍ ပြောပြအသိပေးသည့်တိုင် ယွန်းသည် ကြီးဒေါ်ကို ငိုးခိမ်ရသည်ဟု ရိပ်မိလေသည်။

'ငါးဆယ်တောင် မပြည့်သေးဘူးနော်၊ နေမယ်ဆို နောက်ထပ် အနှစ် နှစ်ဆယ်သုံးဆယ် နေနိုင်သေးတာ၊ ယွန်းတို့အမျိုးဘက အသက်မရှည်ကြဘူး'ဟု တွေးတွေးဆဆပြောလေသည်။

'ယွန်းက ဆုယူစရာလဲရှိနေတယ်၊ ကြီးဒေါ်ပေမယ့် အနေဝေးတော့ ယွန်းသိပ်တွယ်တွယ်တာတာသဲမရှိပါဘူး၊ လဲ့လဲ့လျှေးတုန်းက လောက်တောင် စိတ်ထိခိုက်ပုံ မရဘူး၊ ခေါ်မနေနဲ့၊ နင်သာ စိတ် တုံးတုံးချပြီး သွားပေတော့'ဟု တင့်တင့်က မှာသည်။

ယွန်းသည် မြို့နယ်တွင် အဆင့်ကိုး ချိတ်သဖြင့် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ရပေဦးမည်။

ညီညီက ဆိုင် ခေတ္တပိတ်ခဲ့ကာ စိမ်းနုကို ဘူတာ ပို့လေသည်။ ညီ့ကို ရထားထွက်သည်အထိ စောင့်မနေခိုင်းဘဲ ဆိုင်သို့ ပြန်စေရသည်။ ညဘက်များတွင် လူနာမြတ်သည်နှင့် ဆေးခန်းပိတ်ရန် အထပ်ထပ်မှာခဲ့ရသည်။ မိုးတွင်းမို့ လူနာ အလုံးအရင်းနှင့် ကျကာ ညစဉ်လိုလို ရှစ်နာရီကျော်မှ လူနာ ကျဲတောက်သွားလေ့ရှိပြီး ဆက်ဖွင့်ထားလျှင် ဆယ်နာရီ ဝန်းကျင်အထိ တဖွဲဖွဲ လာရောက်တတ်သေးသည်။ သို့တစေ ယွန်းကို တတ်နိုင်သမျှ ဂရုစိုက်ကြည့်ရှုဖို့က ပိုအရေးကြီးပေသည်။

'စိတ်ချပါ မေမေရာ၊အရေးဆို ဆရာနေဘူးလဲ ရှိသားပဲ၊ ညီ အကြောင်းကြားမှာပါ၊ ညီ ကလေးမဟုတ်ပါဘူး' ပြောတော့မှ စိမ်းနု အမှာရပ်လေတော့၏။

မောင်လမြိုင်ရထားကို စိမ်းနု မစီးရတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလည်း တွက်ကြည့်သည်။ အစ်ကိုကြီးနှင့်အတူ မြောင်းမြပြောင်းဖို့ ထွက်ခဲ့ခဲ့ကြစဉ်က နောက်ဆုံး စီးရတာဆိုတော့ ဩ....ဆယ့်ရှစ်နှစ်ကျော် ဆယ့်ကိုးနှစ်နီးနီး အနှစ်နှစ်ဆယ်ပဲ ထားလိုက်ပါစို့လေ....။

ရထားသည် အသွားမှာတော့ လူပ်သာလှည့်သာရှိပေသည်။ အပြန်ကျမှ ဆီးချုပ်ဝမ်းချုပ် ဒုက္ခရောက်ရသတဲ့။

စိမ်းနုသည် ညဉ့်နက်ပိုင်းကတည်းက အရည် မသောက်ဘဲ ထိန်းချုပ်ထားသည်။ ကောက်ညင်းပေါင်းပဲ စားလာသည်။ လမ်းခရီးမှာ ဘာမှ ဝယ်မစား။ ပါလာသော ရေနွေးကြမ်း၊ ထမင်းနှင့် ကြက်သားပြုတ်ကြော်ကိုသာ အာသာပြေရုံ ဝမ်းဖြည့်ခဲ့သည်။

ရထားပေါ်တွင် အုန်းသီနှင့် မမျော်လင့်ဘဲ ဆုံခဲ့ရသေးသည်။ အုန်းသီ ရန်ကုန်ရောက်နေသည် ကြားမိသော်လည်း အမှုမဲ့ အမှတ်မဲ့။ယခု မျက်စောင်းထိုးခံမှာ နေရာရကြတော့မှပဲ ဝမ်းသာအယ်လဲ နှုတ်ဆက်ယင်း တစ်ယောက် သတင်း တစ်ယောက် မေးဖြစ်ကြသည်။ အုန်းသီက မိခင်နှင့် မတွေ့ရတာလည်း ကြာ၊ စီးပွားရေးကိစ္စလည်း ရှိသဖြင့် ခေတ္တ ပြန်လာခြင်း ဖြစ်လေသည်။

အုန်းသီသည် ရွှေဘုံသာလမ်းတွင် ရွှေဆိုင်ဖွင့်ထားသည်။ ရွှေကျောက် အရောင်းအဝယ်လုပ်၊ စိန်ရွှေ ပွဲစား လုပ်ယင်း ကြီးပွားနေလေပြီ။ ကိုယ်ပိုင်တိုက်ခန်းနှင့်၊ ကိုရီလာကားနှင့်။ တတ်လီဖုန်းနှင့် ထည်ဝါခမ်းနားပါပေ၏။

'အိမ်ကဟာကတော့ ပါးစပ်ထဲ လက်ညှိုးထိုးတောင် မကိုက်တတ်ဘူး၊ အလုပ်ကို သူနဲ့သာ ထားခဲ့ရတာ စိတ်မချပါဘူး၊ လုပ်ငန်းကို ငါပဲ စီစဉ်ကွပ်ကဲနေရတယ် စိမ်းနုရဲ့၊ ရွှေဆိုင်ရှိပေမယ့် အပြပါပဲ၊ ရွှေဈေးကစားတာက လေးတယ်၊ ငွေကစားတာကမှ ကြီးပွားတာ'

စိမ်းနုသည် ယော်ယော်က စာတယ်လောက် ကျက်ကျက် မရသော၊ မတတ်သော၊ မမှတ်မိသော အုန်းသီကို သည်လိုအမြဲ အမြင် အတွက်အချက်တွေနှင့် ယှဉ်တဲ့၍ တွေ့မြင်ရသည့်အတွက် အံ့ဩခြင်းကြီးစွာ ဖြစ်မိရသည်။

အုန်းသီက စိမ်းနုတို့ မိသားစုအကြောင်းကို စုံစုံစေ့စေ့ သိနေလေသည်။

'ဘာလို့ ဆေးခန်းကလေးဖွင့်နေသလဲစိမ်းနု၊ ဆေးအရောင်း အဝယ်ဒိုင် လုပ်ပါလားကွာ၊ ပိုစားသာတာပေါ့၊ ဆေးတွေ လျော့ထား၊ တက်စေးမှာ ထုတ်ရောင်း'

ဒိုင်ဖြစ်နိုင်ဖို့ဆိုတာ စိမ်းနုလို လက်ထဲမှာ ငွေတစ်သိန်း နှစ်သိန်းလောက် ရှိရုံနှင့် မဖြစ်နိုင်ပေ။

မမဖြူဖွေး ဆေးရုံတွင် အခြေအနေမကောင်းကြောင်းကို ပြောသင့်သည်ယူဆကာ ပြောပြလိုက်သည်။ အုန်းသီသည် တစ်

ချိန်က ယောက်မတော်ခဲ့ပူးသော မမဖြူဖွေးအပေါ် ကရုဏာ သက်ဟန်တော့ ပြဖော်ရပေသည်။

'အစ်ကိုမောင်ကြွယ်ကတော့ နောက်မယားလက်ထဲမှာ ပြားနေတာပါပဲ၊ ယိုက ယော်လဲယော်တော့ နိုင်တာပေါ့၊ မိန်းမက ရွှပ်လဲရွှပ်တယ်၊ ကိုမောင်ကြွယ် ပန်းတိမ်ဖိုက ကောင်လေးနဲ့ ပြောနေကြတာ၊ ဝင့်လည်တာပေါ့ စိမ်းနုရယ်၊ ငါတို့ အင်းကို ကလဲ မကောင်းခဲ့တာဘဟာကိုး'

'သူ မော်လမြိုင်မှာပဲလား'

'ဟုတ်တယ်၊ အမေ့အိမ်မှာပဲလေ၊ အမေကလဲ ခုနစ်ဆယ် ကျော်ပေမယ့် စိတ်ကတော့ အရင်အတိုင်း ထက်တုန်း၊ ခွေးမနဲ့ ဘကျက်ကျက်ပေါ့'

ဘာမဆို သားသာအမှန် ဆုံးဖြတ်ဆဲဖြစ်မှာပါပဲဟု စိမ်းနု တွေးမိလေသည်။

စိမ်းနု မုတ္တမကမ်းသို့ရောက်သွားသောအခါ ကြိုတင်အကြောင်း ကြားမထားနိုင်သဖြင့် စိမ်းနုကိုကြိုမည့်သူ မရှိပေ။

အုန်းသီကိုတော့ ကိုမောင်ကြွယ်လာကြိုသည်။ 'ပါလား' ထိုးတိုးမေးကာ အုန်းသီက ခေါင်းဆတ်ပြရုံနှင့် လတ်တလော ဆွေးခွေးစရာ ပြီးပြတ်ကြလေသည်။ စိမ်းနုသည် ကိုယ်တိုင် လုပ်တတ်သော်လည်း ပါးပါးနပ်နပ်နှားလည်နိုင်ကာ အုန်းသီ

တွင် အကောင်အထည် ပေါ်ပေါ်ထင်ထင် မမြင်သာသော ပစ္စည်း တစ်စုံတစ်ရာ ပါလာမှာပဲဟု မှန်းဆကြည့်မိ၏။

စိမ်းနုကိုမြင်တော့ ကိုမောင်ကြွယ် မျက်နှာပျက်လေသည်။ တစ်မြို့တည်းတွင် သူ့ မျိုးဆက်တွေလည်း ရှိနေကြတာမို့ မမဖြူဖွေးအကြောင်းကို သူ ကြားပေလိမ့်မည်။

'နင်တစ်ယောက်တည်းလား စိမ်းနု....'

အစ်ကိုမောင်ကြွယ့်အသံသည် တုန်တုန်ခိုက်ခိုက်ရှိလှသည်။ အုန်းသီကမသိမသာ နှုတ်ခမ်းမဲ့ကာ ခုမှတော့ အလွမ်းသယ်နေလို့ မထူးတော့ပါဘူးဆိုသော အမူအရာပြလေ၏။

'တစ်ယောက်တည်းပဲပေါ့ အစ်ကို၊ သားနဲ့သမီးကို ခေါ်မလာဘော့ဘူး၊ အိမ်ကို ပစ်ခဲ့ရတာကဘစ်ကြောင်း၊ စိမ်းနုတို့ဆေးခန်းကိုလဲ ရက်ချည်ပိတ်ဆားလို့ မဖြစ်ဘူးလေ'

'ဩော်....အေး၊ နင်တို့ဆေးခန်းမှာ နင် ဆေးခန်းဖွင့်ထားတာ....

အစ်ကိုမောင်ကြွယ် ဘာမေးချင်သလဲဆိုတာ စိမ်းနုတွေးဆကြည့်နိုင်သည်။ စိမ်းနု၏ဆေးခန်း၊ စိမ်းနု၊ ပြီးတော့နေဘွားတို့၏ ဆက်နွယ်မှုအတိုင်းအတာ။

'ဆရာနှင်ဘားထားတာဒေါ့အစ်ကို၊ နေဘွားတော့မဟုတ်ဘူး၊ သူမထိုင်တော့ဘူး၊ ဆရာဝန်အသစ်ကိုတော့ အစ်ကို မသိပါဘူး'

စိမ်းနုသည် ရင်ထဲမှ နာကျင်မှုမှ သက်သာရာရစေတော့ဟု ထွက်ဒေါက်ချာခဲ့သည်။ စိမ်းနုတို့က အောက်ပိုင်းကိစ္စချည်းပဲ၊

အစ်ကို့လို အရေးကြီးမနေပါဘူး။ လောကမှာ တခြားအရေးကြီးတာတွေကို ဦးစားပေးနေကြရသေးတယ်။ ဒါကို အစ်ကို နားမလည်ဘူးမဟုတ်လား။ အဲသည်လို ပြစ်ပြစ်နှစ်နှစ်ပြောပစ်ချင်သည်။ တကယ်တမ်းတော့ စိမ်းနု ပြောမထွက်နိုင်ပေ။

ကူးတို့သဘော်ပေါ်တွင် ထွေရာလေးပါး အလွှာပသလွှာပသာ ပြောလာဖြစ်ခဲ့တော့၏။

'စိမ်းနုသွားတော့မယ်အစ်ကို'

မော်လမြိုင်ဆိပ်ကမ်းတွင် သူတို့မောင်နှမနှင့် လမ်းခဲ့ခဲ့လေသည်။

စိမ်းနုသည် ဘုံပြတ်ပေါ်တွင်ခရီးကြုံသူတစ်စုနှင့်အတူစီးနင်းလိုက်ပါလာယင်းအစ်ကိုမောင်ကြွယ့်အကြောင်းကိုသာတစိမ့်စိမ့်ဘွားလာမိသည်။ သူသည်တစ်ချိန်တစ်ခါက နှစ်လိုချမ်းမြေ့စွာ ဘဝောင်ခဲ့ဖူးသော အိုးအိမ်တစ်ခု ပျက်စီးသွားရသည့်အတွက် နည်းနည်းလေးမှ စိတ်မကောင်း။ မဖြစ်ဒလရော့သလား သူ့အိမ်သူ ဖြစ်ခဲ့ဖူးသော မမဖြူဖွေးတစ်ယောက် သေငယ်ဇောနှင့် ခြောနေပြီဟု ကြားရသောအခါမှာ သူ့ရင်ထဲ ဘယ်လိုမှ ခံစားရဘဲ နေနိုင်ရက်သလား။ စိမ်းနုလို မမဖြူဖွေးနှင့် ပတ်သက်သူကို တွေ့မြင်ချိန်မှာမှ သတိရတတ်၊ မျက်နှာပူတတ်လေသား။

ချမ်းဘုံတို့၏ နေအိမ်သို့ မသွားတော့ဘဲ ဈေးအတွင်းရှိရွှေဆိုင်သို့သာ တိုက်ရိုက်သွားလိုက်ရသည်။ ရွှေဆိုင်တွင် ချမ်းဘုံ၏ သောက္ခမ အဘိုးကြီးသာ ရှိနေသည်။

'ဂျမ်းဘုံတို့ လင်မယား မနေ့ည ကတည်းက ဆေးရုံမှာပဲ
ဖြူဖွေးသတိမရဘူး၊ အသက်ငင်နေပြီ၊ သည်နေ့သွားမှာပါပဲ'

စိမ်းနုပါလာသော ပခုံးသိုင်းအိတ်ကလေးကို ရှေ့ဆိုင်မှာပဲ
တားခဲ့သည်။ ဂျမ်းဘုံ၏ ယောက္ခမကြီးပင် ဘုံပြတ်ဆရာကို
လမ်းညွှန်လိုက်လေသည်။

'အမျိုးသမီး ဖျားနာဆောင်မှာ ရှိချင်မှရှိမယ်၊ အသည်
အသန်ခန်းထဲ ပြန်ရွှေ့ထားမှာပဲ'

'စိမ်းနုမေးကြည့်ပါ့မယ်၊ တွေ့မှာပါ၊ ရန်ကုန်ဆေးရုံကြီး
လောက်တော့ ရှာရခက်မှာ မဟုတ်ပါဘူး'

စိမ်းနုလည်း ရောက်ပြီးမှ မမဖြူဖွေး အသက်ပျောက်လေ
သည်။ သတိလစ် မိန်းမောနေသော်လည်း စိမ်းနုရောက်လ
ကြောင်း မမဖြူဖွေးသိသည်ဟု စိမ်းနုယူမှတ်သည်။

မမဖြူဖွေးသည် ပင်ပန်းကြီးစွာ အသက်ရှူရှိုက်ယင်း ခွဲ
တဂူးဂူးမြည်နေခဲ့သည်။ ရောင်အန့်းနေသောမျက်နှာကို ကစ
စိမ့် ကြည့်ကာ ကြင်နာကရုဏာသက်လှစွာ မျက်ရည်ဖြိုင်ဖြိ
ကျမိသည်။ အစ်မ၏လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ချ
သော်လည်း အသက်ငင်နေသူတစ်ယောက်အဖို့ သာမန်လှုပ်ရှ
ထိခတ်မှုကလေးသည်ပင် ဝေဒနာ ပြင်းပြ နာကျင်လှသည်
ကြားဖူးနားဝနှင့်မို့ မထိရက်မကိုင်ရက်။

မမ နားနားကပ်ကာ မမ စိမ်းနုဘုရားစာရွတ်မယ်နော်၊ နာ
ထောင်နော်ဟု ညံ့သက်စွာ ပြောသည်ကို မမကြားဟန်တူ

သည်။ သံဗုဒ္ဓေရွတ်မပြီးမီမှာပင် မမသည် အသက်ရှူနှေးသွား
ကာ အဘန်ငယ်သက်တောင့်သက်သာရှိနေဆဲ လုံးဝအသက်ရှူ
ရပ်သွားတော့၏။ မမ တရားမှတ်ကာ ဘဝအကူး အယူဖြောင့်
သည်ဟုစိမ်းနုစွဲစွဲမြဲမြဲ မှတ်ယူလေ၏။

စိမ်းနု ဆွေးဆွေးမြည့်မြည့် မလွမ်းနိုင်ခဲ့။ မိခင် အသက်
ပျောက်မှန်း သိသိချင်းပေါက်စမသည် 'ကျွန်မဆီလာပါဆိုတာ
အမေမလာဘူး၊ ခုတော့ ကောင်းနိုင်သေးရဲ့လား၊ ရေတိမ်
နင်ရပြီမဟုတ်လားအမေရဲ့' ဟု အော်ငိုယင်း တက်သွားသဖြင့်
ကပျာကသီနှာနှပ်ရ၊ ခြေမချိုးရနှင့် အလုပ်ရှုပ်သွားသည်။

'တခြားလူနာတွေ လန့်ကုန်မယ်၊ သတိထားကြလေ' ဟု
ပြောလာသောဆေးရုံဝန်ထမ်းတွေကိုတောင်းပန်ကာပေါက်စမ
ကို အပြင် ခေါ်ထုတ်သွားရသည်။

'အမေသေရတာ ဂျမ်းဘုံ ဆေးမကုလို့တဲ့ ဒေါ်လေးရဲ့၊
ဒေါ်လေးတူမမို့ စွပ်စွဲရက်တယ်၊ ဂျမ်းဘုံသည်လောက်မိုက်ပါ့
ဘား ဒေါ်လေးရယ်၊ အမေက နေကောင်းတယ်၊ နေကောင်း
တယ်ချည်း ပြောတာပါ' ဟု ဂျမ်းဘုံက မကျေမချမ်း တတွတ်
တွတ် မြည်တမ်း ငိုရှိုက်ပြန်လေသည်။

'ပေါက်စမ ထင်မိထင်ရာ ပြောတာပါကွယ်၊ စိတ်ထိခိုက်
ပြီး သွေးရူးသွေးတန်း ပြောတာပါ' ဟု ဂျမ်းဘုံကို ချော့ရ
သည်။

အစ်မ ကွယ်လွန်သွားပြီးသည့်နောက် စိမ်းနုအတွက် မှ
မှတ် ရရ အဖြစ်တွေသည် ပေါက်စမနှင့်ဂျမ်းဘုံ ညီအစ်မ
ယောက် စိတ်ဝမ်းမကွဲအောင် ရန်စပြေငြိမ်းအောင် လူးလ
စုန်ဆန် လွန်းပျံတူးသန်းကာ စေ့စပ်ဖျောင်းဖျ နေရသည်
ပင် အချိန်ကုန်ဆုံးခဲ့ချေ၏။

ကိတ်တွင်းချောင်လို့ ယွန်းရယ်၊ ညက မအိပ်ဘဲ ဝတ္ထုစွဲနေ
ကား'
'အိပ်မပျော်လို့ပါ'
နီဘာသည် ယွန်း၏ဆံပင် တိုနန့်နန့်ကလေးကို အစိမ်းရောင်
ကလစ်ကလေး တစ်ဖက်တစ်ချက် ညှပ်သိမ်းပေးဖို ကြိုး
နေသည်။
'ဒေါ်လေးတင့်ကပြောတယ်၊ နင့် အခန့်းက တစ်ညလုံး
ကျတ်ချတ်နဲ့တဲ့'
'အေး....အိပ်မပျော်ပါဘူးဆို'
'တာလို့ အိပ်မပျော်ရတာလဲ'
'အိပ်မက်မက်ပြီး လန့်လန့်နိုးတယ်၊ ပြီးယင် အိပ်မပျော်
ကူး၊ တစ်ပတ်လောက်ရှိပြီ'

ယနေ့ ကိုပိုင်တို့ကျောင်းတွင် မြို့နယ်ပညာရည်ချွန်ဆုပေး
ကျင်းပပေမည်။

ယွန်း စိတ်ကူးယဉ်ခဲ့သမျှတော့ ဆုပေးပွဲတွင် ယွန်း ပထ
ရတာချည်း။ ယခု နဖူးတွေ့ဒူးတွေ့ကျကာမှ ယွန်းက အသ
ကိုးနှင့် ဆုယူရတော့မည်။

ကိုပိုင်တို့ကျောင်းက ပထမမှ ပဉ္စမအထိ ထိပ်ဆုံးဆု
ချည်း အရယူခဲ့ဘူးသည်။ အခြားအထက်တန်း ကျောင်းမျ
ကြားထဲလည်း ဖောက်ဝင်လိုက်သေး၏။

'ငါ့မသွားချင်ဘူး နီတာရယ်'

'ယွန်းကလဲကွယ်၊ ငါတို့မြို့နယ်မှာ ဖြေတဲ့လူ သုံးထော
တောင် ကမှာ မဟုတ်ပါဘူး၊ အဲသည်အထဲမှာ လူဘစ်ထော
တောင် မအောင်ပါဘူး၊ ငါတို့များ အောင်လာတာတော
ဝမ်းသာလွန်းလို့၊ အဆင့်ဆို တစ်ထောင်နားလောက် မှာမျ
ထောက်နေမလားဘဲ'

ယွန်းသည် မှန်ထဲမှတစ်ဆင့် နီတာ့ကိုကြည့်နေသည်။ နီ
သည် ဆံပင် နဂိုကောက်ဖြစ်လေသည်။ ဖြူဖြူ ဖွေးဖွေး
ကစ်ကစ်ကလေးနှင့် ရယ်လိုက်လျှင် သွားထပ်ကလေးတွေ
လာတာကိုက ရုပ်မဆိုးဘဲ ချစ်စရာ တစ်မျိုး တိုးစေသ
နီတာက မာန်ကင်းနို့မ်ချသော ကြောင့်လည်း ယွန်းနှင့် သ
ဇာတ ဖြစ်ကာ ဆင့်မြတ်တဲ့ဖက်မိကြတာပဲ ထင်ပါရဲ့။

ယွန်းက နီတာ့ပြုပြင်ပေးထားသော ဆံပင်တိုနှန့်နှန့်ကး
ကို စောင်းလှည့်ကြည့်ရှုသည်။

'နင် ကလစ်ထိုးပေးထားတာကြီးကလဲ စောင်းစောင်း၌ခွဲ
ကြီး' ဟု ခပ်စူစူကလေး ချေးများသည်။

'နင့်ဘာသာ ပြင်ထိုးလိုက်ပါလား ယွန်း၊ လှလှပပကလေး
ခြံမပါဘာ၊ ဆုယူမှယ်ခိုနားကလေးတွေအားလုံးထက် နင်က
လှသာယ်၊ မပြင်လဲ နင်အသုံး၊ ပြင်သိုက်ယင် ပို၍ပို၍ အလှ
း'

ဟု နီတာက ရယ်ဟဟ ချော့မော့သည်။

ယွန်း၏ မျက်နှာသည် အတန်ငယ် ကြည်လင် လာသည်။
ဘာပထားသော ကလစ်တွေကိုဖြုတ်ကာ ဆံပင်ပြန်ဆပြီးမှ
နောတကျ ပြန်ထိုးပေးလိုက်လေသည်။

'နောက်ကျနေပါပြီ နီတာရယ်၊ မသွားဘော့တာဘဲ ကောင်း
ပါ'

'ငါတို့အိမ်ကကား လာကြိုမှာပဲ ယွန်းရဲ့၊ နင် မသွားလို့
မဖြစ်ဘူး၊ ငါတို့ကျောင်းက နှစ်ဃောက်ပဲ ဆုရတဲ့သူ
ဘာ၊ ဆရာ ဆရာမတွေက ဂုဏ်ယူလွန်းလို့ လာဖြစ်အောင်
ပါလို့ မှာထားတယ်မဟုတ်လား ယွန်းရယ်၊ ကဲ....ထပါ၊
ုံလဲတော့'

'တယ်သူလာကြိုမှာလဲ'

'ဒရိုင်ဘာ ရဆားပြီးပြီ၊ ဦးမောင်ဆာ်တဲ့၊ သောက်တာ်
ရှိးလို့တဲ့၊ ရိုးသလားမမေးနဲ့၊ ဘယ်နားမှ မဒမောင်း
ူး၊ ပြောပြရတယ်'

ယွန်းသည် ငြင်းမရတော့သည့်အတူတူ မှန်ခုံရှေ့မှခွာကာ ပီရိုတံခါးရွက်ကိုဖွင့်ပြီး အသင့်ချုပ်လုပ်ထားသည့် အဖြူရောင် ဘလောက်စ်လက်ရှည်ကို ထုတ်ယူသည်။ ပြီးခဲ့သော အခြေခံ အထက်တန်းစာမေးပွဲ ဖြေခါနီးကမှ မေမေ ချုပ်ပေးသော ကြောင်ခြစ် ကျောင်းစိမ်းထဘီကလေး ကလည်း တစ်ရေသာ ချရသေးတာမို့ တောက်ပသစ်လွင်နေသေးသည်။

'ပေး ယွန်း၊ ငါ မီးပူတိုက်ပေးမယ်'

'နေပါစေ နီတာရဲ၊ ငါ့ဘာသာ တိုက်ပါ့မယ်'

နီတာက ယွန်းလက်ထဲမှ ဇိုးဇိုးဇတ်ဇတ်လုယူကာ အရင် ဆင်းသွားနှင့်သည်။

'ဒေါ်လေးကိုပေး နီတာ၊ နီတာ့မျက်နှာကို တို့ဖတ်ကလေး ရိုက်ချေဦး၊ မျက်နှာပြောင်နေလိမ့်မယ်'

လှေကားရင်းသို့ရောက်လာသော ဒေါ်လေးတင့်၏စကား သံက ယွန်းထံလွင့်တက်လာသည်။

ယွန်းသည် နံရံတွင်ချိတ်ထားသော လွယ်အိတ်ကလေးကို ဖြုတ်ယူသည်။

'လွယ်အိတ်ယူဦးမလို့လားယွန်း၊ ဘာမှလဲထည့်စရာမရှိ နဲ့၊ မယူပါနဲ့ဟယ်၊ ငါလဲ ပါမလာဘူး'

ယွန်းက လွယ်အိတ်ကလေးကို ပြန်ချိတ်လိုက်လေသည်။

နီတာကတို့ဖတ်ကလေးတွင် ပေါင်ဒါတဖျပ်ဖျပ်ရိုက်သည် ပြီးတော့ ယွန်းထံ လက်ဆင့်ကမ်းလိုက်လေသည်။

နီတာနှုတ်ခမ်းနီပါးပါးဆိုးခိုက် ယွန်းလည်းပေါင်ဒါလိမ်း မိတ်ကပ်ဖို့သည်။ ပြီးတော့ နီတာလှမ်းပေးသော နှုတ်ခမ်းနီကို မငြင်းမဆန် ယူပြီး ဆိုးလေသည်။

'ရော့ ယွန်း မျက်ခုံး နည်းနည်းဆွဲလိုက်ဦး၊ မျက်တောင် ကော့ဆေးလေးလဲ ခြယ်ပါဦးဟ'

ယွန်းက မျက်ခုံးဆွဲလိုက်သော်လည်း မျက်တောင်ကိုတော့ မခြယ်သဖြစ်တော့။

'တော်ပြီဟာ၊ သိပ်လဲစိတ်မပါပါဘူး'

နီတာအောက်ထပ်သို့တစ်ခေါက်ထပ်ဆင်းသွားသည်။ ဒေါ်လေးတင့် မီးပူတိုက်ပေးပြီးသွားသော ထဘီကို အရင်ပြန်ယူ ခဲ့ပေးသည်။

'အင်္ကျီကို မီးအအေးခံ တိုက်နေသေးတယ်၊ ထဘီလဲနှင့်'

ယွန်းက တစ်ခါတစ်ရံ မှသာ စီးသော လက်မဝက်အမြင့် ဒေါက်ဖိနပ်အဖြူကလေးကို စက္ကူဘူးထဲမှထုတ်ယူကာဖုန်သုတ် သည်။ဒါတကိုကိုဝယ်ပေးသောဖိနပ်ပေပဲ။ယွန်းကိုးတန်းဖြေပြီး သော နွေက ဝယ်ပေးခဲ့တာ။

'အင်္ကျီကလေးက သိပ်ပုံကျတယ်နော် ယွန်း၊ ဝတ်စမ်းပါ ဦးကွယ်၊ ငါ့တူမလေးကို ထိုင်ကြည့်လိုက်ဦးမယ်'

ဒေါ်လေးတင့်သည် ယွန်း၏ အိရှန်ဘလောက်စ်လက်ရှည် ကို အင်္ကျီချိတ်မှာ ချိတ်လာကာ တန်းမှာချိတ်ပေးလေသည်။

ယွန်း အဝတ်လဲနေသည်ကို ဒေါ်လေးတင့်နှင့်နီတာ နှစ် ယောက်သား ထိုင်ကြည့်နေကြသည်။

ယွန်း၏ အင်္ကျီကလေးကို မေမေကိုယ်တိုင်ပုံစံချပြီးအပ်ပေးခြင်းဖြစ်သည်။ ကော်လာသည် ဇာပြားအဝိုင်းတွန့်တွန့်လေးဖြစ်သည်။ အင်္ကျီလက်သည် ထိပ်ကိုရှုံ့စည်းထားပြီး ကော်လာနှင့်ဆင်တူ ဇာပြားဝိုင်းကို လက်ခုံပေါ်အထိ ဖြာရရာကလေးချထားသည်။

'လှလိုက်တာဟယ်၊ အစကလေးကအိတော့ ယွန်းရဲ့ကိုယ်လုံးကလေး ပိုလှသွားတယ်' ဟု ဒေါ်လေးတင့်က ကိုယ့်ငါးချဉ်ကိုယ်ချဉ်၍ မဆုံးနိုင်ပေ။

'မေမေက ကြီးကြီးရက်လည်ပြီးမှ ပြန်လာမှာပေါ့နော် ဒေါ်လေး'

မနေ့ကသတင်းစာထဲမှာ ကြီးကြီးဖြူဖွေး၏ ဓာပနသတင်းပါလာသည်။ မနေ့က သုံးရက်မြောက် အသုဘ ချသောနေ့။ သည်တော့ မေမေသည် နောက်လေးရက်ကြာမှ ပြန်လာနိုင်ပေလိမ့်မည်။

'စိမ်းနုက ခုတောင်ပြန်လာချင်နေမှာပါ၊ ရက်လည်အောင်တော့လဲ နေရမှာပေါ့၊ သူ့စိတ်ကတော့သမီးတို့ဆီပြန်ရောက်နေမှာပါပဲ'

ယွန်းသည် ယွန်းရလာသောဆုကို မေမေ့လက်ထဲထည့်ကာ မေမေ၏ ကျေနပ်နှစ်သိမ့်သော အပြုံးကို မြင်တွေ့ချင်မိလေသည်။

'ငါ ဘာဆုရမယ်ထင်သလဲဟင် နီတာ'

နီတာက ပြုံးပြုံးကလေးငေးနေသည်။

'ဗလာစာအုပ်တော့ မဟုတ်ပါဘူး ထင်တယ်နော်'

သည်တော့မှ နီတာ ခေါင်းကလေးသွက်သွက်ခါ၏။

'မဟုတ်ပါဘူး၊ ဗလာစာအုပ်ပေးတာ အတန်းငယ်တုန်းက၊ နင် အင်္ကျီစတွေဘာတွေ ရမယ်ထင်တယ်၊ ကျောင်းကတော့ ဂုဏ်ထူးတစ်ခုကို ငွေတစ်ရာဆုချမှာတဲ့၊ ငါလဲ တစ်ရာမောပေါ့၊ မြို့နယ်ပြိုးမှ ကျော်ငြားက ဆုပေးပွဲလုပ်မှာ သိလား'

ထုံထိုင်းမှုန်မှိုင်းသော ယွန်း၏ စိတ်တွေကို ယွန်းဘာသာသည်း အားမရနိုင်စဲ အပြစ်ဖို့ပစ်ချင်သည်။ မြို့နယ်မှာမရလိုက်သော်လည်း ကျော်ငြားမှာတော့လည်း ယွန်းသာ အမှတ်အများဆုံးရကာ ပထမစွဲနေနိုင်သားပဲမဟုတ်လားဟု ယွန်းကိုယ်ယွန်း အားပေးလိုက်ရလေသည်။ ယွန်းစိတ်တွေ ဘယ်လိုဖြစ်နေမှန်းကိုယ်ဘာသာလည်း မစဉ်းစားတတ်တော့။

'ကြီးကြီးဆုံးတဲ့အကြောင်းတော့ ဆရာနေဘွားလဲကြားမှာပေါ့နော်'

အဆက်အစပ်မရှိသော ယွန်း၏စကားကို ဒေါ်လေးတင့်ချက်ချင်း အဖြေမပေး။

'သတင်းစာထဲမှာတော့ နာရေးကြော်ငြာတွေမှာပါ'

'ဘာဖြစ်လို့လဲယွန်းရဲ့၊ တွေ့တော့တွေ့မှာပေါ့'

'ဩော်....သတင်းလာမမေးလို့ပါ'

ဒေါ်လေးတင့်သည် တင်ပါးနှားတုံတွန့်နေသော ယွန်း၏လောက်စ်ကို ဆန့်ဆန့်ပြန့်ပြန့် ဖြစ်အောင် ဆွဲချပေးသည်။

'လာမှာပါ၊ ဂျူတီကျနေလို့ဖြစ်ယင်ဖြစ်မှာပေါ့၊ ဆေးခန်းကိုပဲ သွားချင်သွားမှာပါ၊ ဆေးခန်းက ပိုပြီး သွားရလာရ အဆင်ပြေတယ်၊ သူ့ ဆေးရုံနဲ့ကော၊ သူ့ အိမ်နဲ့ပါ လမ်းသင့်တယ်လေ'

'ညီပြုန်လာမှ မေးကြည့်ဦးမှပဲ၊ ဆရာ သာသေးသလား လို့ဒေါ်လေး သတိရလဲ ဒေါ်လေးမေးကြည့်'

'အေး....အေး....ဒေါ်လေးညကျ မေးမှာပေါ့၊ ဟုတ်ပါရဲ့ ခုတလော သူငယ်ချင်းကို သတိရနေတာ၊ စိမ်းနုပြန်လာယင် သူ့ကို တစ်ရက်လောက် ထမင်းခေါ်ကျေးဦးမှထင်တယ် ဟင်'

ဒေါ်လေးတင့်ရေတင်တုန်း ရေတွင်းထဲကျသွားပြီဟု ယွန်းရိပ်မိသည်။ ဒေါ်လေးတင့်၏ တက်ကြွမျော်လင့်မှုတွေကို ဖျက်ဆီး မပစ်ချင်သောကြောင့် ယွန်းက ပြုံးယောင်ယောင်နှင့်သာ ဒေါက်ဖိနပ်ကလေးကိုင်ပြီး အောက်ထပ်သို့ ဆင်းခဲ့လေသည်။ ဒေါ်လေးတင့်နှင့်နီတာတို့ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ ပြုံးရယ်ကာ အချက်ပြကြသည်ကို မျက်စီလျင်သော ယွန်းက မမြင်လိုက်ဘမနေသော်လည်း မမြင်သလိုတော့ လျစ်လျူ ရှုလိုက်လေသည်။ ဆရာနေတွားကို ယွန်း ဘာကြောင့် သတိရနေမိကြောင်း ယွန်းဘာသာပင် မသိသလို သိသလိုပို့ သူတို့သိအောင် ယွန်းမှ ရှင်းမပြတတ်တာဘဲ။

ယွန်းတို့လည်းအသင့်ဖြစ်၊ နီတာတို့ကားလည်း ရောက်လာသည်နှင့် နှစ်ယောက်သား ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ကြသည်။

'ဘိလပ်ကျောင်းကိုမောင်းနော် ဦးလေးကြီး' ဆိုကာ နီတာလမ်းညွှန်သည်။

နီတာတို့ယာဉ်မောင်းမှာ ပိန်ပိန်သေးသေး၊ ဆံပင်ဖွေးဖွေးဖြူကာ မျက်နှာတွင်လည်း အရေးအကြောင်းထင်ဟပ်လျက် ကျန်းမာလှဟန် ဖြူဖပ်ဖပ်နိုင်ပေသည်။

ပိုင်စိုးတော့ ခုလောက်ရှိ ကျောင်းမှာလည်တဆန့်ဆန့်ဖြစ်နေလောက်ပြီဟု နီတာ့က ပိုင်စိုးတို့အိမ်ဘက် လှမ်းမျော်ကြည့်ယင်း သတိဘရပြောသည်။

နီတာတို့က်သည့်အတိုင်းလည်း မှန်လေသည်။

အင်္ဂလိပ်သာသနာ ကျောင်းဟောင်း ဖြစ်သော ပိုင်စိုးတို့ကျောင်းဝင်းထဲ ကား ချိုးဖက္ခ ဝင်လာကတည်းက ကျောင်းဆောင် အပေါ်ထပ်ဝရန်တာရှိ ကျောင်းသားတစ်အုပ်အလယ်တွင် ပိုင်စိုးကို အထင်းသား လှမ်းမြင်နေရလေသည်။

နီတာ့်ကားကို လှမ်းမြင်ကြသော ကျောင်းသားအုပ်သည် လှုပ်လှုပ်ရှားရှား ဝရန်းသုံးကားနှင့် ပိုင်စိုးကို ရွှေ့လားမေးလား ကျီစယ်နောက်ပြောင်ကာနေသည်။

နီတာကယွန်းကို အသာပေါင်ကုတ်ယင်း ပါးစပ်ကိုလက်နှင့် ညှပ်ကာ တခစ်ခစ်ရယ်နေသည်။

'နီတာကလဲဟယ်၊ ခပ်တည်တည်နေပါလားလို့'

ယွန်းသည် ရှက်အမ်းအမ်းနှင့် နိုင်ထူမဲကာ နီတာ့်ကို မာန်မဲနေသည်။ နီတာက နှုတ်ခမ်းကလေးကိုက်ကာ မျက်နှာပိုး သတ်ထိုက်လေ၏။

'မင်းတို့ကောင်တွေ နောက်ဆုတ်၊ ပိုင်စိုးရှိတယ်၊ ဒါဆို သဘောပေါက်'

အသံသြဇာညောင်းသော ကျောင်းသားကြီးတစ်ယောက်၏ ဟိန်းဟောက်လျှောင်ပြောင်ဆဲသည့် ကျောင်းထဲ ဝင်တော့မည် ယွန်းတို့ကို ခြေလှမ်းတုံ့စေသည်။

'ကျောင်းတက်နေပြီလေ၊ ကျောင်းသားတွေ အတန်းထဲ ဝင်ကြပါတော့လား၊ ည့ဲသည်တွေရှေ့မှာ စည်းကမ်းမပျက် ကြနဲ့ကွာ'

ဆရာမတစ်ယောက်က လှေကားထိပ်မှရပ်ပြီး ခပ်တင်းတင်း ဟန့်တားလိုက်သည်။

သည်တော့မှ ကျောင်းသားတွေ အလျှိအလျှို အုပ်စုံ ပျောက်ကွယ်သွားကြတော့သည်။

ကိုပိုင်တစ်ယောက်သာ လှေကားမှ ခပ်သွက်သွက်ဆင်းလာ လေသည်။

'အတန်းသွားတက်လေ ကိုပိုင်၊ ဆရာမ ဆူနေဦးမယ်' ဟု ယွန်းက သြဇာပေးသည်။

ဆရာမကား အမှုထမ်းဟန်မရှိဘဲ လှေကားမှလိုက်ဆင်းလာ ကာ ခန်းမဘက် ချိုးကွေ့ဝင်ရောက်သွားလေ၏။

'တို့က အတန်းကိုယ်စားလှယ်ကွ ယွန်း'

'တကယ်'ဟု ယွန်းက တအံ့တသြမေးသည်။

'အေး'

ပြုံးစစပြောနေရာမှ အသံနှိမ့်ချကာ....

'ရီမီစာတန်းရဲ့ ကိုယ်စားလှယ်လေ'ဟု စကား ဆက်လေသည်။

ယွန်းမှာ ရယ်ရမလား၊ အားနာရမလား ဝေခွဲမရဖြစ်နေ ဆဲဝယ် ဆရာမတစ်ယောက်က ခန်းမတံခါးဝမှ ယွန်းကို လှမ်းခေါ်သည်။

'လာကြဲ့ သမီးတို့၊ သမီးက ယွန်း ထင်တယ်'

'ဟုတ်ကဲ့ ဆရာမ'

'အင်း....ယွန်း ဖြစ်မှာပဲလို့ ဆရာမ ထင်ပါတယ်၊ သမီး မရောက်သေးလို့ သမီးတို့ ကျောင်းအုပ်ကြီး ခုနကတင် လာ မေးသေးတယ်'

ယွန်းသည် ကြေညာစရာမလိုဘဲ မှန်းဆနိုင်လောက်အောင် ပင် သိသာထင်ရှားသော အသွင်လက္ခဏာ ရှိနေသည်ဟု နိတ ပြောတတ်သည်မှာ ဟုတ်ချင်လည်း ဟုတ်နေမှာပဲ ထင်ပါရဲ့။

'လာ ယွန်း၊ ဆုယူမယ့်သူတွေရှေ့မှာ ထိုင်ရယေ၊ သည် သူငယ်ချင်းကလေးကိုတော့ မောင်ပိုင်စိုးက နေရာပြပေးလိုက် ပါကွယ်'

ခန်းမထဲတွင် ကျောင်းစိမ်းတွေ စိုပြည်စ္စာ ခန်းလုံးပြည့်နေ သည်။ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ကျောင်း ကိုယ်စားလှယ်များ စုံစုံလင်လင် ရောက်ရှိနေကြပြီ။ ဆုယူမည့် ကျောင်းသားများနှင့်အတူ လိုက်ပါလာသော မိဘ ဆွေမျိုး များသည်လည်း ဂုဏ်ယူဝင့်ကြွားသောမျက်နှာများနှင့် တိုက်ပုံ ဝတ်ကာ၊ ပုဝါလွှမ်းခြုံကာ နေရာကိုယ်စီ ယူထားကြလေပြီ။

ကိုပိုင်တို့ကျောင်းအုပ်ကြီးသည် ၀၀ဖိုင့်ဖိုင့် ဗိုက်ရှဲရှဲနှင့် အင်မတန် စည်းကမ်းကြီးသည်။ မျက်နှာထား တင်းသည်။ ယနေ့အဖို့မူ သူသည် လမင်းထက် နှစ်လေး သာအောင် ကြည်သာရှင်ပျ ပြုံးရယ်သွန်းလှ နေလေသည်။ ပထမမှ ပဉ္စမအထိ ကျောင်းသားအားလုံး သူ့ကျောင်းမှ ဆုရကြလေသည်။

ယွန်းသည် ယွန်းတို့ကြိုးစားမှုလိုအပ်ဆွားသောကြောင့်သာ ယွန်းတို့ကျောင်းအုပ်ကြီးမှာ ကိုပိုင်တို့ကျောင်းအုပ်ကြီးလောက် ဝမ်းမသာရရှာပါလားဟု ဝမ်းနည်းမိသည်။

ယွန်းနံဘေးတွင် ထိုင်နေသော အဆင့်တစ်ဆယ် ရရှိသည့် ကျောင်းသား ကတော့ ပျော်ပျော်ရှင်ရှင် တက်တက်ကြွကြွ ပါပဲ။

'ပထမနဲ့ငါနဲ့ ဆယ့်သုံးမှတ်ပဲကွာတာဟ၊ နင်နဲ့ဆိုဆယ့်တစ်မှတ်တည်းရယ်၊ ငါက သင်္ချာမှာ ရှစ်ဆယ်ပဲ ရလိုက်တာကိုး၊ နင်ကော...'

'အဲသည်လောက်ပါပဲ'

ယွန်းက မဖြေချင့်ဖြေချင် မပွင့်တပွင့်။ သည်အတန်းသားသည် မတန်မရာ ဂုဏ်ထူးငါးခုထွက်ခဲ့သော သက်မာစုထက်တော့ တော်တာအမှန်။ သို့သော် ယွန်းထက် နှစ်မှတ်သာနည်းပြီး ဆုရသူစာရင်းထဲဝင်လာမည်ဟု ယွန်းတစ်ခါမှ စိတ်မကူးခဲ့မိ စဖူးပေ။

'ယွန်း သက်ပြင်းချမိသည်။

လက်ခုပ်သံတွေ ဝက်ဝက်ကွဲ ဆူညံသွားလေသည်။

ယွန်း လန့်ဖျပ်ကာ စင်မြင့်ပေါ် လှမ်းကြည့်မိသည်။

မြို့နယ်မှာ ပထမရသော ကျောင်းသားသည် ပညာရေးမှူး လက်မှ ဆုကို လက်ခံရယူနေပါဆုလား။

ပထမ....။

ဒုတိယ....။

တတိယ....။

ယွန်း၏ လက်ဖျားလေးတွေ အေးစက်လာသဖြင့်လက်သီး ဆုပ်ချည်ဖြန့်ချည်လုပ်ကာ ပူနွေးအောင် ကြိုးစားနေရသည်။

ယွန်းကတော့ ဒုတိယ နောက်ဆုံး။

ယွန်းနံဘေးမှ အတန်းဖော် ကျောင်းသားကား လက်ခုပ်တဖြောင်းဖြောင်းတီးယင်း အားပေးဂုဏ်ပြုကာနေသည်။ ယွန်းသည် သူ့လို ဘာကြောင့် မဆုင့်ရဲ မနှစ်သိမ့်နိုင်ပါသလဲ။

ယွန်း၏ခေါင်းထဲမှာ ဆူဝေလာသည်။ ယွန်း၏ နားထဲမှာ အသံတွေကြားလာ သည်။ အသုံးမှမကျတာ၊ ဘာအခုမှ....။

'ယွန်း သွားလေ၊ ခေါ်နေပြီ'

အတန်းဖော်ကျောင်းသားက ယွန်းကို တအံ့တသြ ကြည့်ကာ သတိပေးသည်။ ယွန်းက သူ့ကိုကြောင်တက်တက်လှည့်ကြည့်၏။

'ဘယ်သူခေါ်လို့လဲဟင်'

'နင့်အလှည့်လေဟာ၊ ဘာစဉ်းစားနေတာလဲ၊ ထ....ထ....ထွား'

ယွန်းသည် အိပ်မက်ထဲမှ နိုးတစ်ဝက်ထလာသူပမာ ယေ
ကန်းကန်းနှင့် စင်မြင့်ဆီ လျှောက်သွားသည်။

လက်ခုပ်သံများသည် နားထဲသို့ ဆူညံစွာ တိုးဝှေ့ဝင်
လေသည်။ နင့်ကို လှောင်နေတာဟဲ့၊ အကောင်းမမှတ်နဲ့
နင်က ဒုတိယဘိတ်ချေးပဲ၊ ကဲ့ရဲ့ပြစ်တင်သံသည် ရောထွေး
လာ၏။

စင်ပေါ်တက်ရမည့် လှေကားကလေး သုံးထစ်ကို ယွန်
ဆက်မတွက်နိုင်တော့ဘဲ ရပ်တန့်တွေဝေသည်။

'သမီးလေး ဘာဖြစ်သလဲ၊ မူးလို့လား'

ယွန်းတို့ အတန်းချုပ်ဆရာမကြီးသည် ယွန်းအနီးသို့ လှ
မြန်စွာ ရောက်လာလေသည်။

'ယွန်းမျက် စိထဲ ချာချာလည်နေတယ်ဆရာမကြီး'

ယွန်းအနီး သို့ ဆရာမများဝိုင်းအုံလာလေသည်။ ကျော
စိမ်းတွေ များစွာ။

'ယွန်းကိုလဲ ပြောနေကြတယ်၊ ယွန်းဟာဘာတစ်ခုမှအာ
မကျဘူးတဲ့'

ယွန်းမျက်လုံးတွေပြာမိုက်ကာ မှောင်အတိကျသွားခဲ့သည်
ဆရာမကြီး၏ ရင်ခွင်ထဲသို့ ယွန်းစိုက်ကျသွားသလား မဆို
ပေ။

ယွန်းစိတ်ထဲ စက္ကန့်ပိုင်းသာ ကြာလိုက်သလိုပင်။

'ယွန်းရေ....ယွန်း'

ခေါ် သံသဲ့သဲ့ကြားသဖြင့် ယွန်းမျက်စိနှစ်လုံးဖွင့်ကြည့်လိုက်
လျှင် ကုလားထိုင်ပေါ်မှာမှိအုံးတစ်ခုကိုမှီလျက်ခွေခွေကလေး
လဲလျောင်းနေလျက်သားရှိနေသည်။ ယွန်းမှာ အိပ်မက်လား၊
တကယ်လားပင် ခွဲခြားရ ခက်သွားရလေသည်။

မျက်နှာတွေ အများကြီးပင် ယွန်းကိုဝိုင်းအုံကြည့်နေကြ
သည်။

ထိုအထဲမှ အနောက်ဆုံးမှ မိုးကဲကာ ကြည့်နေသော ပူပန်
စိုးရိမ်သည့် မျက်လုံးများ....။

'ကိုကို....'

ယွန်း သံကုန်ကျုံးအော်ကာ အမြန်ဆုံးခုန်ထသည်။ သည်
တခဏ ကိုကို ထွက်ခွာသွေးစေရ။ ယွန်း အမိအရ ပြေးဖက်
ထားမည်။

'ကိုကို....'

ယွန်း ထပ်ပြီးအော်ခေါ်ကာ ဝိုင်းအုံငေးကြောင်နေသော
ဆရာမများကြားမှ အတင်းအဓမ္မ တိုးထွက်လျက် ကိုကို့ကို
အားဖက်တွယ်လိုက်လေသည်။

ဆရာမတွေ စူးစူးရှားရှား အလန့်တကြား အော်ဟစ်လိုက်
ကြသည်။

ပြီးတော့မှ ယွန်းကို ဝိုင်းဆွဲကြလေသည်။

'ဖယ် ကြမဂါ၊ ယွန်းရဲ့အစ်ကို သည်တစ်ခါပျောက်သွားယင်
ပြန်ပြန်တွေ့မှာ မဟုတ်တော့ဘူး၊ ဖယ်....ဖယ်၊ ယွန်းကိုမဆွဲ
ကြပါနဲ့၊ မဆွဲကြပါနဲ့'

'ကိုကို မဟုတ်ဘူး ယွန်း၊ ဒါ ကိုပိုင်ပါယွန်းရဲ့၊ ဘာတွေ
လျှောက်ပြောနေတာလဲ'

ဆရာမတွေဝိုင်းဆွဲစဉ် နီတာ့အသံကိုလည်း ယဲ့ယဲ့သဲ့သဲ
ကြားမိသလို မသဲကွဲပေ။

ကိုကိုက ယွန်း၏လက်များကို တွန်းဖယ်ချုပ်ကိုင်ရန် ကြိ
စားသည်။ ယွန်းကလည်း အလျှော့မပေးတမ်း ဇွတ်တွယ်ဖက်
ထားလေ၏။

'သတိထားလေယွန်း၊ ကိုကိုမဟုတ်ဘူး၊ ပိုင်စိုး၊ ယွန်း
သူငယ်ချင်း ပိုင်စိုး'

ယွန်းသည် နားထဲကပ်ကာ ပြောလာသော ကိုပိုင့်အသံ
ကြားလိုက်ရသည်။ ယွန်း၏ လက်တွေကို ဖမ်းချုပ်ထားသော
ကိုပိုင်ကိုလည်း ဖျတ်ခနဲ မြင်တွေ့သည်။

'ကိုပိုင် ဝင်မရှုပ်နဲ့ ဖယ်ပါ၊ ယွန်းကိုဖမ်းမထားနဲ့၊ ပြောလ
မရဘူးလားဟင်၊ ကဲ...'

ယွန်းက စိတ်ဆိုးမာန်ဆိုးနှင့် ပိုင်စိုး၏လက်ကို ကုန်းပြီးကိုက်
ဆွဲလိုက်လေသည်။

ပိုင်စိုး နာကျင်စွာ အော်ဟစ်ယင်း မေ့မေ့လျော့လျော့
ယွန်းကို လွှတ်ပေးလိုက်၏။

ယွန်းသည် ဘေးဘီလှည့်ကြည့်ကာ လူအုပ်ကြားမှကိုကို့ကို
ရှာသည်။

'ကိုကို မရှိတော့ဘူး၊ ကိုကို ကိုကို'

ယွန်းသည် ဒေါသတကြီးနှင့် ရုံးစားပွဲပေါ်မှ စာရွက်ဖိုင်တွဲ
များကို ကောက်ကိုင်ပစ်ပေါက်လိုက်လေသည်။

'ကျောင်းကျန်းမာရေးဆရာဝန်ဆီ ခေါ်သွားမှထင်တယ်'

'မဟုတ်ဘူး စိတ်ရောဂါကု ဆေးရုံကိုပဲ ခေါ်သွားကြယင်
ကောင်းမယ်'

'ဘယ်သူ့ကိုခေါ်သွားမှာလဲ၊ ပိုင်စိုးလား၊ ခေါ်သွားယင်
ကောင်းမယ်၊ သူ ရှုးနေတယ်၊ သူ့ကြောင့် ယွန်း ကိုကို့ကို
ရှာမတွေ့တော့ဘူး၊ သူက ယွန်းကို ဖမ်းချုပ် ထားတာကိုး၊
ဘုလဲ ကိုကို့ကို မုန်းလို့နေမှာပါ၊ ကိုပိုင့်ကိုခေါ်သွား'

နီတာသည် ယွန်း၏ ပြေလျော့သော ထဘီစကို သိမ်းပေး
နေလေသည်။

သည်တော့မှ ယွန်းက ခါးဆီ ပြန်ငုံ့ကြည့်မိ၏။ ကျောင်း
ထဘီသည် မြေလျော့ကာ အတွင်းခံစကပ်အဖြူသည် တင်ပါး
တစ်ဝက်တိုင် ပေါ်နေ၏။

ယွန်း၏လက်တွေကို ဆရာမတွေက ထိန်းချုပ်ထားဆဲ ဖြစ်
လေသည်။

'ဆရာမ ယွန်း ထဘီဝတ်ချင်လို့ လွှတ်ပါဦး'

ဆရာမတွေ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်သလိုကြည့်
ကိုက်ကြပြီး ယွန်းလက်တွေကို လွှတ်ပေးကာ သတိချင်၍ စောင့်
ကြည့်နေသည်။

ဆရာမတစ်ယောက်၏ဆံထုံးသည် ပြုတ်ထွက်ကာ အတွင်း
ခြုပ်ထားသော ဆံပင်တု အရှုပ်အထွေးကြီး ပေါ်နေသည်။

ယွန်းတို့ အတန်းချုပ် ဆရာမကြီးကတော့ နှုတ်ခမ်းနီတွေပါးမှာ မေစွန်းလျက် အင်္ကျီရင်ဘတ်ကြယ်သီးတစ်လုံးလည်း ပြုတ်နေလေ၏။

'ဆရာမတို့ကလဲ ဘယ်လိုဖြစ်နေကြတာလဲ၊ ဒုက္ခပါပဲနော်၊ ကိုယ့်ကိုယ်ကိုယ်လဲ ပြူပြူပြင်ပြင်လုပ်လိုက်ကြပါဦး၊ ရယ်စရာဖြစ်ကုန်ပါပြီ'

ယွန်း အူလှိုက်သည်းလှိုက်ရယ်လေသည်။ ရယ်လေ၊ရယ်ချင်လေ ပို၍ပို၍ရယ်မိလေ။ အရှိန်မရပ် အတောမသတ် နှိုင်တော့။ မျက်ရည်များထွက်၊ တံတွေးမျှားမင်သည်းသည့် အထိ ယွန်းရယ်လေသည်။

နီတာက ဘာလို့ ငိုနေပြန်တာလဲ။ သိပ်ကို ကြံဖန်ငိုတတ်တဲ့ နီတာ။ ရယ်စရာနော်။

ကိုပိုင်ကကော ဘာလို့ စိတ်ထိခိုက်တဲ့မျက်နှာကြီးနဲ့ ယွန်းကို ကြည့်နေရတာလဲ။

'ကိုပိုင်က ဖမ်းထားတော့ ယွန်း စိတ်ဆိုးသွားလို့ပါ၊ အခုပိစ်နော်၊ စိတ်မဆိုးတော့ဘူး၊ ကြည်စေ အေးစေ၊ ဒါပေမယ့် ကိုကို့ကို ဝိုင်းရှာပေးပါဦး၊ ကိုပိုင့်မျက်နှာကြီးကလဲ ဘယ်လို လုပ်နေတာလဲ၊ ရယ်စရာကြီး၊ အဟား....ဟား....ဟား....'

နှင့်'မောင်'ဒေါက်တာနေတွားက အကြောင်းကြား ပြန်သဖြင့် စိမ်းနုသည် မနက်ရထားနှင့် ပြန်လိုက်ခဲ့ရသည်။ ဘဲ့ မိတ်ဆွေ ဆရာဝန်မှတစ်ဆင့် ဖုန်းဆက်ကာ ယွန်း နေကောင်းကြောင်းကို သိစေခဲ့လေသည်။

'ဒေါ်စိမ်းအေးနုကသာ မမှတ်မိတာပါ၊ ယွန်းတို့ ငယ်ငယ်ကနေတွားနဲ့အတူ ကျွန်တော် ခဏခဏ အိမ် လည် လိုက်ဖူးပါတယ်၊ ရှမ်းထမင်းချဉ်လဲ ဝင်စားဖူးတယ် ခင်ဗျ၊ ကောင်းသားဘဝက စားအိမ်အောက်အိမ်ဆိုတော့ သတိတရ နဲ့ဘာပါဗျာ'ဟု ဦးစိုးတင်ငြိမ်းက တရင်းတနှီး အတိတ်ကို ပြန်ဖော်ခဲ့သည်။

'ယွန်း နည်းနည်း နေမကောင်းတာပါတဲ့ ခင်ဗျ၊ အသက်အန္တရာယ်နဲ့ အဝေးကြီးဆိုတာ ဒေါ်စိမ်းအေးနု လုံးဝ

စိတ်ချယုံကြည်ပါတဲ့၊ အမေကိုလွမ်းနေလို့သာ ပြန်ခေါ်ရတယ်
ဆိုတာ ကျွန်တော် တာဝန်ယူ ရှင်းပြရမယ်လို့ နေဘွားက
အထပ်ထပ်မှာတယ်ခင်ဗျ၊ ယွန်းနဲ့ ညီညီရော တင့်တင့်ပါ စိတ်
လုံခြုံတဲ့ အနေအထားမှာ ရှိနေတယ် ဆိုတာ သူ့ကိုယ်စာ
အာမခံချက်ပေးပါသတဲ့၊ ကြက်မကြီးက ကြက်ကလေးတွေ
သားအုပ်သလို သူ စောင့်ရှောက်ထားတယ်နဲ့ တူပါတယ်'

ခပ်ရွန်းရွန်း သူ့အပြောကိုလည်း စိမ်းနု သဘောကျက
စိတ်သောက လျော့နည်းခဲ့လေသည်။

ယွန်းက စိမ်းနုကို လွမ်းရှာမည်ဟုလည်း စိမ်းနု အကြွင်း
ယုံကြည်သည်။ မွေးကတည်းက မိခင်နှင့် တစ်ခါမှ ခွဲခွာဖူး
တာမှ မဟုတ်ဘဲလေ။

တူမတွေကို ယွန်း နေမကောင်းကြောင်း သာသာထိုး
ပုံကြီးခဲ့ကာပြောပြီး စိမ်းနုပြန်ခွင့်ရအောင်ချော့မော့ခဲ့ရသည်
နေဘွား၏ သူငယ်ချင်းကလည်း သူတို့ကို သီးခြား ခေါ်
ရှင်းပြပေးသည်။ တူမတွေက အလွန်အမင်း စိတ်ပူပန်လျှ
တိုက်တိုက်တွန်းတွန်းပြန်ခိုင်းကြသည်။

စိမ်းနုက တစ်ဖန် သနားမိပြန်ပြီး သူမ၏ အကြောင်းပြချ
ကို တစ်ရစ်တစ်ထစ် လျော့ဖြေမိရပြန်လေသည်။

ဘယ်လိုပင်ဖြစ်စေ အစ်မရက်လည်သည်အထိမူ စိမ်းနု မ
နိုင်တော့။ မောင့် သူငယ်ချင်းက သူ့တပည့်ကို အဖော် ထ
ကာ မုတ္တမက မ်းတိုင်အောင် လိုက်ပို့စေခဲ့သည်။ ကတိုက်ကပ်
ပြန်ရတာမို့ စိမ်းနုသည် အလာတုန်းကပါလာသောခရီးဆော

အိတ်ကလေးအပြင် အပိုဆို၍ ယွန်းအတွက် ချာလီထီးတစ်လက်
သာ ဝယ်ခဲ့နိုင်လေသည်။

ဘူတာကြီးတွင် နေဘွားကြိုနေလိမ့်မည်ဟု ဦးစိုးတင်ငြိမ်း
က ပြောလိုက်သည်။ ကြိုလောက်အောင် ဝန့်စည်စလည် မပါ
ပါဘုးဟု တွေးမိသော်လည်း အပြန်ခရီး အဆုံးတွင် မောင့်
မျက်နှာကို မြင်တွေ့ရမည် စိတ်စောသည်။ အမောအပန်း ပြေ
ပျောက် အေးမြလိုလှပေ၏။

မမဖြူဖွေးအသုဘ မြေကျသည်အထိ အိပ်ရေးပျက် ပင်ပန်း
ခဲ့သည့် ဒဏ်တွေပိကာ ညက တရေးဝဝ အိပ်ခဲ့ရသည့်တိုင်
မလုံလောက်နိုင်သေးဘဲ စစ်တောင်းတံတားကူးဖြတ်ခဲ့တာကိုပင်
မသိလိုက်အောင် တရေးတမော နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်
သွားလိုက်သေးသည်။

ရန်ကုန်ဘူတာကြီးသို့ ရထားအဝင်တွင် စောင့်ကြိုနေသော
လူထုထဲမှ မောင့်ကို စိမ်းနု လည်ဆန့်ရှာဖွေသည်။ အပြန်မှာ
ဝတ်လာဖို့ ရည်ရွယ်သော ကျောက်စိမ်းရောင်အိရှန်လက်စကကို
မဝတ်ဖြစ်ဘဲ အလာတုန်းကဝတ်လာသည့် မနေ့ကလည်း ဝတ်
သေးသည့် လှိုင်းလတ် အပြာနု လက်ပြတ်ကလေးကိုပဲ ညက
ကပျာကယာလျော်လှန်းပြီး မီးပူတိုက်ကာ ကောက်စွပ်လာခဲ့
သေည်။ အစိမ်းရောင်တော့မဆင်လို။ အရွယ်ဘယ်လိုညောင်းခဲ့
သော်လည်း စိမ်းနု၏ အသည်းနှလုံးသည် မောင့်အတွက် လန်း
ဆန်း ပျိုမြစ်ဆဲ၊လှုပ်ရှားလွယ်ဆဲဖြစ်ပေသည်။ မောင့် မျက်ဝန်း

ကိုကို့အတွက် သူမဖြေဖျောက်နိုင်ဘူး မဟုတ်လား၊ လူ နေ
မကောင်းတာ မဟုတ်ဘူး၊ စိတ် နေမကောင်းတာပါ'

'ဩော်....ဩော်'

ယွန်းအတွက် ထီးတစ်လက်သာပါလာခဲ့သည်မို့ ထပ်ဝယ်
ပြည့်စုံက်ရန် စိတ်ကူးမိသည်။ ညီကလည်း အစားအသောက်
မျော်လင့်မှာပဲဟုတွေးကာ မီးရထားစားသောက်ဆိုင် ဘက်သို့
ခြေလှမ်းပြင်သည်။

'ကိတ်ဝယ်သွားမှပဲ မောင်၊ ကလေးကြောက အစားပါယင်
ကျေနပ်ရော၊စိမ်းနုကလည်းအချိန်မရတော့ ဘာ တစ်ခုမှကို ပါ
မလာတာ၊ သည်ထီးကလေးတောင် ပေါက်စမဆီကပြန်တောင်း
ဝယ်လာရတာ'

'စိမ်းနုဝယ်ပြီး လိုက်ခဲ့လေ၊ မောင် ကား သွားဌားလိုက်
ဦးမယ်'

မောင်က လေးဘီးကလေးတစ်စီး ငှားလေသည်။

လမ်းခရီးတစ်လျှောက် မမဖြူဖွေးတို့အကြောင်းကို စိမ်းနု
က ဖွဲဖွဲနွဲနွဲပြောပြလာသည်။ မောင်က တစ်ခွန်းတလေ ကြား
ပြတ် ဝင်ထောက်ပေးကာ အာရုံစူးစိုက်နားထောင်သည်။

'ဂျမ်းဘုံ ဂရုမစိုက်လို့ မမဖြူဖွေး ဆုံးရပါတယ် ဆိုပြီး
ပေါက်စမက သခွတ်ပင်က မီးတကျိကျိ လုပ်နေ သေးတယ်
မောင်ရဲ့၊ စေ့စပ်ယင်း ဖျန်ဖြေယင်း စိမ်းနု ဘာတွေးမိသလဲ
သိလား၊ စိမ်းနုရဲ့ ကံလေးတွေမှ ရန်ဖြစ်ကြ ချိတ်ကြတာ

တွင် မနှစ်လို မဖူစိမ့်စရာ မရှိစေချင်။ သူကမှ အစိမ်းရောင်
မဝတ်စေချင်တာဘဲ။

မတွေ့ကြသည်မှာ တစ်လလောက်သာ ရှိသေးစေကာမူ
အကြောကြီး ကွဲကွာနေခဲ့ရသည်သို့ စိမ်းနု ဝမ်းပန်းတသာ လက်
ကို ဖွေ့ယမ်းပြမိလေသည်။ မောင့်မျက်နှာသည် သက်သောင့်
သက်သာ ကြည်လင်ဖြိမ်းချမ်းတာမို့လည်း စိမ်းနု၏ သားသမီး
တွေသည် စိတ်ချရသောအနေအထားမှာ အေးအေးလူလူရှိကြ
သည်ဟု စိမ်းနု အကြွင်းမဲ့ ယုံကြည်မိလေ၏။

'မောင် ဝလာတယ်'

'စိမ်းနု ပိန်သွားတယ်'

သူက စိမ်းနုပြောသလို သံယောင်လိုက်သောကြောင့် စိမ်းနု
ပြုံးရယ်မိလေသည်။

'ယွန်း ဖျားလို့လား မောင်'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

မောင်က စိမ်းနုထံမှ ခရီးဆောင်အိတ်ကို လှမ်းယူသည်
တိုးဝှေ့ထွက်ခွာနေကြသော လူအုပ်ကြားတွင် လူချင်းမကပ်
သွားစေရန် စိမ်းနုက မောင့် ရှပ်အင်္ကျီနောက်ကျောစကို အသာ
ဖမ်းဆုပ်ထားလေ၏။

'ယွန်း ဘာမှမဖြစ်ပါဘူး၊ မောင် မှာလိုက်သားပဲစိမ်းနုရယ်
ယွန်းဟာ စိမ်းနုကိုလွမ်းတာ၊ ပြီးတော့ နဂိုကတည်း ကလေ

မဟုတ်ပါလားလို့ တွေးမိတယ်၊ ခုတော့လဲ ညီအစ်မတွေ သင့်မြတ်သွားကြပြန်ပြီလေ'

'သည်လိုပါပဲ စိမ်းနုရယ်၊ မောင့်ထက် အငယ်တွေလည်း စီခနဲ ညံခနဲ ရန်ဖြစ်လိုက်၊ တော်ကြာ တတ္တဲတွဲ လုံးနေလိုက်နဲ့'

ကားသည် ကမ္ဘာအေးဘုရားလမ်းအတိုင်း ခရီးနှင်နေသည်ကို သတိပြုမိသော်လည်း စိမ်းနု ထွေထွေရာရာမတွေးမိပေ။

စိတ်ရောဂါအထူးကုဆေးရုံကြီး။

အစိမ်းရောင်ဆိုင်းဘုတ်ပေါ်မှ အဖြူရောင် စာလုံးများကို အမှတ်မထင် ဖတ်လိုက်သော်လည်း စိမ်းနု ထူးခြားမှုမရှိလှ။

သံတံခါးအပြင်ဘက်တွင် ကားထိုးဆိုက်လိုက်သည်။

'မောင် ကိစ္စရှိယင်သွားလေ၊ စိမ်းနု သည်ကပဲ စောင့်နေပါ့မယ်'

'ဆင်းခဲ့ပါ စိမ်းနုရဲ့'

'ရပါတယ် မောင်ရာ၊ စိမ်းနု ကန့်လန့်ကန့်လန့်နဲ့ ရှုပ်နေမှာပေါ့၊ ကားပေါ်ကပဲ စောင့်မယ်၊ အေးအေးဆေးဆေးသွား'

သို့သော် နေဘွားက စိမ်းနု၏ပစ္စည်းတွေကို သယ်ယူပြီးနေပြီ။

'ကားပြန်လွှတ်လိုက်မယ်လေ၊ ပြန်ခါနီးမှ ထင်ငှားမယ်နော်၊ စိမ်းနုကို မောင့်ဆရာနဲ့လဲ ဆုံပေးရဦးမယ်'

'ဟုတ်ကဲ့'

စိမ်းနုသည် ငယ်ငယ်တုန်းကလို မောင့်အပေါ် ရင်းနှီးတွယ်တာမြဲဖြစ်သော်လည်း မောင့်အပေါ်လေးစားအားထားရတာ

တွေက မိုကဲလာသည်။ ထို့ကြောင့်ပင်သူ့စကားကိုနာခံကာ ရိုရိုကျိုးကျိုး ဟုတ်ကဲ့လိုက်မိသည်။

သူက ဖျတ်ခနဲကြည့်ကာ စိမ်းနုကိုမချိုမချဉ်ပြုံးလေသည်။

'သိပ် မရှိသေနဲ့စိမ်းနု၊ ကိုယ့်အသားတွေယားကုန်ဦးမယ်'

စိမ်းနု အသံထွက်ရယ်မောမိလေသည်။ ဟိုတုန်းကလိုသူ့ကို လိမ်ဆွဲထုရိုက်လိုက်ချင်သော်လည်း အရွယ်တွေ သိက္ခာတွေကို ထောက်ထားကြရမှာမို့ ရယ်မောမိရုံသာပါပဲလေ။

လူဝင်ပေါက် သံတံခါးကလေးမှဝင်ခဲ့ကြသည်။

ရှေ့ဦးဆုံးမြင်တွေ့ရသော တစ်ထပ်အဆောက်အအုံနံဘေးမှ ကွေ့ပတ်ကာ မြေနီလမ်းရှည်အတွင်း ဆက်လျှောက်ခဲ့ကြသည်။

'အဲဒါ လူနာတွေလားဟင်'

'မကြောက်နဲ့နော်စိမ်းနု၊ သူတို့က အန္တရာယ်ပေးလောက်အောင် စိတ်ဖောက်ပြန်မနေကြပါဘူး၊ အများအားဖြင့် ပုံမှန်အနေအသားနီးပါး ရောက်နေကြတဲ့ လူနာတွေပါ'

လူနာဝတ်စုံ အစိမ်းဖျော့ဖျော့ အင်္ကျီဘောင်းဘီနှင့်လမ်းနံဘေးမှာရပ်ငေးနေသူ၊စကားပြောနေကြသူတို့အနက် အချို့ဖြတ်သန်းသွားသော စိမ်းနုတို့ကို စိစိစပ်စပ် လိုက်ကြည့်ကာ အချို့ကတော့ အမှုမဲ့အမှတ်မဲ့။

သူက ဆရာဝန်မို့ သူ့လူနာတွေကိုမကြောက်မလန့်နေနိုင်သော်လည်း ပြင်ပသာမန်လူ စိမ်းနုကတော့ ကျောထဲမှစိမ့်ခနဲအေးမိသည်။

'သည်အရက်ဖြတ်ဆောင်ကို မောင့်အဖေတစ်ဝမ်းကွဲ လာ
တက်ဖူးသေးတယ်၊ မောင် ကျောင်း တက် နေ တုန်းကပေါ့၊
အသည်းထိသွားပြီးစက တစ်ခါလာသွားတယ်၊ ငါ မပြတ်ပါ
ဘူးဆိုပြီး နောက်လာမဖြတ်တော့ဘူး၊ အသည်းကျမ်းပြီးရော
တာပဲပါ၊ တချို့ကတော့ ဇဲကောင်းကောင်းနဲ့ ဖြတ်ကြ
တယ် စိမ်းနုရဲ့၊ ဆယ်ခါ၊ အခါနှစ်ဆယ်၊ အံမယ် ဆေးရုံအမှု
ထမ်းတွေနဲ့ တရင်းတနှီး မိတ်ဆွေကြီးတွေကိုဖြစ်လို့'

နေညိုချိန် ညနေစောင်းမှာပင် စိမ်းနု မောဟိုက်လာ
သည်။

'စိမ်းနုတို့ ဘယ်ကိုသွားနေကြတာလဲဟင်'

ဆရာနေဘွားသည် စိမ်းနုကို မျက်လုံးညို ကြီး မျှားနှင့်
ကြည့်သည်။

'ယွန်းကို မောင် ဒီ ခေါ်ထားတယ်စိမ်းနု၊ စိမ်းနု လန့်
မသွားနဲ့နော်'

စိမ်းနုအား တုန်လှုပ်ဖြူရော်သွားလေသည်။

'ဒါ အမျိုးသမီးဆောင်ပဲစိမ်းနု၊ ယွန်းကို ရေနံသာဆောင်
မှာ ထားတယ်၊ ခဏပါစိမ်းနုရယ်၊ လေးငါးရက်ဆို အိမ်ပြန်
လို့ ရပါပြီ'

စိမ်းနု မေးခွန်းလည်းမထုတ်နိုင်။ လည်ချောင်းမှအသံပင်
ထွက်မလာနိုင်ပေ။ မျက်ရည်ပင်ခြောက်ခန်းလျက် မျက်လုံးတွေ
သာ ပူလောင်နေလေသည်။

လူဝင်ကုန်ခါးမှ မောခံအရင်ဝင်ရောက်ကာ စိမ်းနုကိုစောင့်
ခေါ်သည်။

'ဦးမင်းစိုးတော့ ရှိတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် စိမ်းနု
ကို မောင် ခေါ်လာမယ်လို့ ခွင့်တောင်းထားတယ်၊ ဆူက
မောင်တို့ အတန်းကပဲ၊ ဒီပီအမ်ရထားတာကြာပြီ၊ မောင်ကခုမှ
စတက်ရတော့ သူ့ဆီက အမျှားဆုံးအကူအညီတောင်းရတယ်
စိမ်းနု၊ ယွန်းကိုလဲ သူပဲအမျှားဆုံး ကြည့်ပေးနေတယ်၊ လော
လောဆယ် သည်အဆောင်မှာလဲ သူ ရှိနေတော့ အားလုံး
အဆင်ပြေသွားတာပေါ့'

ဆရာဝန်စားပွဲတွင် ထာဘီပြာနှင့်သူနာပြုဆရာမတစ်ယောက်
ထိုင်ကာ သုံးစွဲဆေးစာရင်းတွေ မှတ်သားနေသည်။

'ဆရာပြန်လာလိမ့်မယ်လို့ ဦးမင်းစိုးကမှာသွားတယ်ဆရာ၊
ပေးရှင့်ကတော့ အေးအေးဆေးဆေးပဲပဲ၊ အိမ်ကထမင်းချိုင့်
လဲ လာပို့သွားပြီ၊ မဆာသေးဘူးတဲ့၊ မစားသေးဘူး'

ဆရာမက စိမ်းနုအား ဖော်ရွေစွာ ပြုံးပြသည်။

'နီတာတို့အိမ်က ထမင်းချိုင့်ပို့ပေးတယ်စိမ်းနု၊ ယွန်းကို
အိမ်သားတွေနဲ့ တွေ့ခွင့်မပေးသေးဘူး၊ စိမ်းနုနဲ့ ပထမဆုံးတွေ့
ရမှာ'

ဟု မောင်ကပြောပြနေစဉ် ဆရာမသည် စိမ်းနုကိုကြင်နာ
စွာ ကြည့်နေလေသည်။

ပေးရှင့်ဆိုတာ လူနာဖြစ်ပြီး ယွန်းကိုဆိုလိုကြောင်းကိုတော့
စိမ်းနုနားလည်လေသည်။ ယွန်းဟာ လူနာလား၊ စိတ်ဝေဒနာ

သည်ကလေးလား။မောင့်ကိုရော ဆရာမကိုပါ မမေးနိုင်လောက်အောင် စိမ်းနုရင်ဝယ် ဆို့နင့်နေသည်။ ဆရာမသည်စိမ်းနုကို ယွန်း၏မိခင်အဖြစ် သိမှတ်ပြီး ဖြစ်ပေမည်။ မောင် ပြောပြထားသည်ထင်၏။

'သွားခေါ်လိုက်ရမလား ဆရာ'

'ဟုတ်ကဲ့ဆရာမ၊ ခေါ်မလာခင် သူပေးထားတဲ့ ကတိကို ပြန်သတိပေးလိုက်ပါဦးနော်'

'ဟုတ်ကဲ့ ဆရာ'

ဆရာမ ထွက်သွားခိုက် ထဘီနီနှင့်သင်ဘန်းသူဆရာမကလေး တစ်ယောက်က စိမ်းနုအတွက် ရေနွေကြမ်းတစ်ခွက် လာချပေးလေသည်။

'ကျေးဇူးတင်ပါတယ် ညီမရယ်' ဟု ပြောဖို့တော့ စိမ်းနုမမေ့ပေ။

သို့သော် ရင်ထဲမှာခြောက်သွေ့လှဘာမို့ မဆင်မခြင် ခွက်ကို မော့အသောက် လျှာကျက်မတတ် ပူလောင်သွားလေသည်။ အငွေ့တထောင်းထောင်း ထနေသည်ကို မြင်လည်းမြင်လျက် သတိမမူမိသည့်အဖြစ်။

'စိတ်အေးအေးထားမှပေါ့ စိမ်းနုရယ်၊ စိတ်ကိုထိန်းနိုင်ရမယ်၊ တခြားကိစ္စတွေမှာ စိမ်းနုဟာ သတ္တိရှိပါတယ်၊ စိတ်ခိုင်ပါတယ်၊ ဒါပေမယ့် စိမ်းနုရဲ့ကလေးတွေနဲ့ ပတ်သက်လာယင် စိမ်းနု တုန်တုန်လှုပ်လှုပ်နိုင်လှတယ်၊ ကိုယ်တာဝန်ယူသားပြီပဲ စိမ်းနုရာ၊ ယွန်းဘာမှမဖြစ်စေရဘူး'

'မောင်က ပြောတာပဲ၊ သည်ဆေးရုံမှာမှ ယွန်းရောက်နေရတယ်ဆိုတော့ စိမ်းနုဘယ်လိုခံစားရမလဲ'

'သည်ဆေးရုံမှာ စိတ်ဝေဒနာအတွက်ရောက်ကြရတဲ့လူနာတွေဟာလဲ ကိုယ်ခန္ဓာဝေဒနာခံစားရတဲ့ လူနာတွေနဲ့ မခြားတဲ့ လူသားတွေပါပဲစိမ်းနုရယ်၊ ဝေဒနာပြင်းထန်တာမပြင်းထန်တာအပေါ် မူတည်ပြီး ခံစားရတာ ကွာခြားသွားရတာပါ၊ ယွန်းဟာ စိတ်ဝေဒနာ ခံစားနေရတယ်၊ ဒါပေမယ့် မောင်တို့ စိမ်းနုတို့လဲ ဘာတစ်လျှောက်မှာ အထိုက်အလျောက် ခံစားခဲ့ရတာပဲမဟုတ်လား၊ သာမန်လို့သတ်မှတ်ထားတဲ့ အလှမ်းအကျယ်ကနေ ဝေဒနာအဖြစ်ပြောင်းလဲသွားတဲ့ နယ်နိမိတ်ဟာ ကျဉ်းကျဉ်းကလေး စိမ်းနုရဲ့၊ သဘာဝလား၊ သဘာဝလွန် ဝေဒနာလား ခွဲခြားဖို့ဆိုတာ အင်မတန် ခက်ခဲသိမ်မွေ့ပါတယ်ကွာ'

'ယွန်းက ဘာဖြစ်လို့ စိတ်ရောဂါကုတဲ့အထိ ဖြစ်ရတာလဲ ဆင်'

ခြေသံတွေကြားနေရလေသည်။

'ယွန်းလေ ဦးဦးဖေဖေအတွက် အိပ်ရာဝင်အိပ်ရာထ ဘုရားရှိခိုးတိုင်း မေတ္တာပို့ ဆုတောင်းတယ်ဆရာမရဲ့၊ ဦးဦးဖေဖေ ခေါ်လာလို့ အခုလို ယွန်းနေကောင်းလာတာ၊ သည်က ဦးဦးဆရာဆီ ဦးဦးဖေဖေက အပ်သွားတာမို့ ဦးဦးဆရာအတွက်လဲ ယွန်း ဘုရားရှိခိုးတိုင်း မေတ္တာပို့ ဆုတောင်းတာပဲ၊ ဆရာမတို့အတွက်လဲ....'

စိမ်းနု လှည့်ကြည့်မိသည်။

ယွန်းသည် အိမ်နေဝတ် ဘလောက်စ် ပိုးပျော့ပန်းရော
ဖားဖားကလေးဝတ်ထားကာ ဆံပင်ကလေး ကပိုကရိုဖွာ
ကျနေလေသည်။ ယွန်းကြိုက်သည်ဆို၍မဝတ်တော့ဘဲ စိမ်းနု
ထားသော ပန်းဖြူပွင့် သေးသေးစိပ်စိပ်နှင့် တူတယ်ထိန်
ကလေးသည် ယွန်းခါးဝယ် ချစ်ချစ်ရပ်ရပ်သေသပ်နေသည်
ခါတိုင်းထက်ထူးခြားသည်က ယွန်းသည် စကားကိုအလွန်သ
လက်စွာ ပြောနေခြင်းပင်တည်း။

'အပြန်ကျမှ ကိုယ်ပြောပြမယ်နော်စိမ်းနု၊ ယွန်း လိုက်
တယ် ပြောယင် စိမ်းနုမခေါ်နဲ့၊ ချောမော့ပြီး ထားခဲ့ဦး'

စိမ်းနု ခေါင်းမညိတ် ခေါင်းမခါ တွေဝေလျက်ရှိဆဲ ယွ
သည် တံခါးမှ ဝင်လာလေသည်။

တံခါးနံဘေးရှိဗီရိုကြီးကပ်နေသဖြင့် စိမ်းနုထိုင်နေသည်
ယွန်း ချက်ချင်းမတွေ့မြင်ပေ။ မျက်နှာချင်းဆိုင်မှ နေဘွား
ယွန်းက လက်အုပ်ကလေးချီကာ ဦးညွတ်နှုတ်ဆက်သည်။

'ယွန်း လာထိုင်သမီး'

ယွန်းက လက်အုပ်ချီကာ သုံးကြိမ် ကန်တော့ပြီးနော
စိမ်းနုတက်လှည့်ကာ ကန်တော့ပြန်လေသည်။ ပြီးတော့ဆော
ဘက်သို့။ ယွန်းသည် လက်ဆယ်ဖြာဝေ့ကာဝိုက်ကာကန်တော့
မဆုံးနိုင်တော့။

ယွန်း၏ မျက်နှာသည် တည်တည်ကြည်ကြည်။ သို့သော
ယွန်း၏ အပြုအမူသည် သာမန်အနေအထားမှာမရှိမူ၍ အံ့

လသည်။ စိမ်းနု၏ ရင်ထဲတွင် တစစ်စစ် နာကျင်လာရ
ာ၏။

'မေမေ သည်နေ့ရထားနဲ့ ပြန်လာတယ်သမီး' ဟုနေဘွားက
သင်သာစွာ ပြောသည်။

စိမ်းနုကို တွေ့သည့်အတွက်၊ တစ်စုံတစ်ရာ အမူအရာပြောင်း
သွားသည့်အတွက် စိမ်းနုကိုမှ မှတ်မိလေရဲ့လား ဇဝေဇဝါ
သည်။

'ဦးဦးဖေဖေပြောလို့ သိပါတယ်၊ မေမေသည်နေ့ပြန်ရောက်
ာ့၊ မေမေယွန်းကို ပြန်မခေါ်ပါနဲ့ဦး၊ ယွန်းမလိုက်နိုင်သေး
ယွန်းသည်မှာနေရဦးမှာ'

ွန်းပြောနေသော ဦးဦးဖေဖေ ဆိုသည်မှာ နေဘွားပါ
ားဟု တအံ့တသြနှင့် စိမ်းနုက နေဘွားကို လှမ်းကြည့်မိ
၊ နေဘွားက အသာနေဆိုသော အမူအရာနှင့် ခေါင်း
ခြက်ဆတ်ပြလေသည်။

'စိမ်းနုက ဦးကိုမေးနေတယ်၊ ယွန်းကို ဘာလို့ သည်ခေါ်
ာလဲတဲ့'

ွန်းသည် စိမ်းနုကိုရော နေဘွားကိုပါ မကြည့်ဘဲဆေးခန်း
လှည့်ပတ်ကြည့်ရှုနေသည်။

ွန်း ဘယ်ကိုရောက်နေတယ်ဆိုတာတော့သိပြီမဟုတ်လား'
ည်တော့မှ နေဘွားကို မျက်လုံးဝင့်ကြည့်ဆည်။

'ဝိတ္တစဆေးရုံတဲ့'

'ဝိတ်ဆော်ဂါ အထူးကုဆေးရုံကြီးပါ ယွန်းရဲ့'

'အင်းလေ ဟုတ်ပါတယ်၊ ဦးဦးဖေဖေပြောသလိုပါပဲ'

'ယွန်းကို ဘာလို့ သည်ခေါ်လာသလဲဆိုတာ ဖြေ
ယွန်းရယ်'

'စိတ်ရောဂါကုတဲ့ဆေးရုံကို ခေါ်လာတော့ စိတ်ရော
ရှိတယ်ထင်လို့ ဖြစ်မှာပေါ့ ဦးဦးဖေဖေ'

စိမ်းနု ရင်နင့်လှစွာ အမူအရာပျက်လာသော်လည်း မေ
မပြုစဖူး မျက်လုံးစွေကာ အံခဲသည့်အတွက် မျက်လွှာချ
လိုက်ကာ စိတ်တင်းနိုင်အောင် ကြိုးစားရလေ၏။

'သမီး သည်လာတုန့်းက ဘာဖြစ်သလဲ၊ မေမေ့ကို ပြော
လိုက်ပါဦး'

'ဘာမှမဖြစ်ပါဘူး၊ ယွန်းဘာသာတော့ နေကောင်းနေ
ပါပဲ၊ ဦးတို့က ခေါ်လာလို့သာ ယွန်းလိုက်လာရတာပါ'

ယွန်းက ဘာမှမဖြစ်ဘူးဆိုသည်မှာ မမှန်လှသည့်တိုင်
ပလောက်အောင် စိတ်ဖောက်ပြန်မနေပါဘူးဟု စိမ်းနုတွ
သည်။ ယွန်းကို ဤဆေးရုံတွင်ထားခဲ့ရန် မလိုအပ်ဘူးဟူ
အတွေးသည် စိမ်းနုကို လွှမ်းမိုးစပြုသည်။

'ယွန်း ဆုယူခါနီး ဘာဖြစ်သွားသလဲ၊ မှတ်မိလား'

စိမ်းနုသည် သိချင်ဇောနှင့် ယွန်းစကားကို နားစွင့်သ

'ယွန်း ခေါင်းမူးသွားတယ်'

'ယွန်း ဆုမယူချင်ဘူး မဟုတ်လား'

'ယူချင်ပါတယ်၊ ယွန်းတို့ကျောင်းအုပ်ကြီးက ယူစေ
တယ်၊ ဆရာမတွေကလဲ ယွန်း လာရမယ်တဲ့၊ အဲသည်

သည်းက ယွန်းမူးနေဘာ၊ ဒါပေမယ့် ယွန်းဆုယူဖို့သွားပါ
ယ်'

'အမူးပြေတော့ကော ဆက်ပြောပါဦး သမီးရယ်'

ယွန်း၏မျက်နှာကလေး သုန်မှုန်သွားသည်။

'ယွန်း မသိဘူး၊ ယွန်း မမှတ်မိတော့ဘူး'

မောင်သည် ယွန်းကို ဆက်လက်မေးမြန်းဖို့ မကြိုးစားတော့

'ဦးတို့ပြန်ကြမှပဲ၊ ယွန်း မေမေ့ကို မှာချင်တာမှာလေ'

ယွန်းသည် စိမ်းနုကို မျက်လွှာပင့်ကြည့်ပြီးနောက် ခေါင်း
ေး ငုံ့သွားသည်။

'ဦးဦးဆရာက ယွန်းကို မပြန်ရသေးဘူးတဲ့၊ ယွန်း ဆေး
ောက်ပါတယ်၊သူက ယွန်း ဆေးသောက်မှ မြန်မြန်ပြန်ရမယ်
သုနဲ့တွေ့ယင် ယွန်းဘယ်တော့ပြန်ရမလဲလို့ မေမေမေးလိုက်
ဦးဦးဖေဖေလဲ မေးလိုက်ပါဦးနော်'

'ကောင်းပြီ သမီး၊ ဦး မေးပေးမှာပေါ့၊ သမီး ဆရာမနဲ့
ကိုသွားတော့နော်'

ယွန်းသည် ဆရာနေဘွားကို လက်အုပ်ကလေးချီကာ ကန်
ောသည်။ ပြီးတော့ စိမ်းနုကို ကန်တော့ပြန်လေသည်။ဦးသုံး
ကာ အကြိမ်ကြိမ် ကန်တော့မဆုံးနိုင်ဘဲ ဆရာမ တွဲခေါ်
ာမှ လက်အုပ်ဖြေလေသည်။

အခန်းထဲမှမထွက်မီ သတိရလာသလို တုံ့ခနဲ ရပ်တန့်သည်။

'မေမေ၊ ယွန်း ခေါင်းအုံး အောက်မှာ ခဘတ်ပုံကလေ
တယ်၊ သိမ်းထားပေးပါ၊ သူများတွေခိုးသွားမှာစိုးလို့၊ နီ
က ယွန်း အခန်းထဲလာတတ်တယ်၊ ကိုကို့ကိုတော့ နီတာ
မဝင်စားပါဘူး၊ ညီ့ကို သဘောကျနေတယ်'

'သိမ်းထားမယ် သမီးလေး'

ယွန်းသည် စိမ်းနုဘက် မျက်လုံးမရောက်အောင် အထူ
ပြုဟန် သတိအနေအထားနှင့် ထွက်ခွာသွားလေသည်။

'သမီးလေးရဲ့အခြေအနေဟာ သည်ဆေးရုံမှာထားရလေ
အောင် ဆိုးရွားသလား'ဟု စိမ်းနုက အသံအက်အက်နှင့်
သည်။

မောင်က နားလည်စွာ ပြုံးလေသည်။

'စိမ်းနုက အခုအခြေအနေမြင်တော့ ဘယ်လောက်မှ
တာ မဟုတ်ဘူးလို့ ထင်စရာပေါ့ စိမ်းနု၊ ကိုယ်က လိုအပ်
ခေါ်ခဲ့ခိုင်းရတာပါ၊ သူ့ ချာ့ထ်(CHART) ကို ဖတ်
ပါဦး၊ ယွန်းကို ဘာလို့ သည် ခေါ်လာရတယ်ဆိုတာပဲ
ကြည့်'

မောင်က စာရွက် တစ်ထပ်ကို ရှေ့ထိုးပေး လိုက်သ
ဆေးရုံနှင့် ရံဖန်ရံခါမှသာ အထိအတွေ့ရှိသော်လည်း စိမ်း
သိလွယ်မှတ်လွယ်သူမို့ သည်စာရွက်တွေသည် လူနာမှတ်
ဖြစ်သည်ဟု ခွဲခြားနားလည်သည်။

စိမ်းနုဖတ်စေချင်သောနေရာကိုတော့ မောင်ကပဲ လက်ညှိုး
ဆောက် ညွှန်ပြရလေသည်။

ဒေါသထွက် ဆဲဆို အဆက်အစပ်မရှိသော
စကားတွေ ပြောရယ် ဖမ်းချုပ်ပြီး ခေါ်လာရ။
(အတူနေ အဖော်နှင့် အတန်းချုပ်ဆရာမက
ပြောပြ)

HALLUCINATIONS ဆိုတာ မဟုတ်အဟုတ်ထင်တာပဲ
စိမ်းနုနားလည်သည်။ ယွန်းသည် မဟုတ် အဟုတ် မြင်ကာ
ယ်လွန်သွားသော အစ်ကိုကို တွေ့သည်၊ မြင်သည်ဟူသော
ဖော်ဖောက်လွဲမှား ထင်ယောင်နေသတဲ့။

'ယွန်းကို ကိုယ် ဆေးရုံခေါ်မလာရဘူး စိမ်းနု၊ တင့်တင့်နဲ့
ဆရာမကြီးရယ်၊ နီတာရယ်၊ ပိုင်စိုးရယ် ခေါ်လာကြတယ်၊
ပေမယ့် ဆေးရုံကို ကျောင်းကနေ တင့်တင့် ဖုန်းဆက်တော့
ယ်ရှိနေတယ်၊ ယွန်း အတော် သတိလက်လွတ် ရှန်းရင်းဆန်
လုပ်နေတယ်ဆိုတော့ ကိုယ် ခေါ်ခဲ့ခိုင်းရတာပေါ့၊ ကိုယ်
ကိုယ်ခန္ဓာဝေဒနာတွေသာ ကုတတ်တာ၊ စိတ်ဝေဒနာကုဖို့
တော့ သိပ်မှ မကျွမ်းကျင်တာဘဲ၊ သည်မှာ ကိုယ့် ဆရာသမား
ရှိတော့ ထိထိရောက်ရောက် ခွဲခွဲခြားခြား ကုသလိုက်နိုင်
ပေါ့ စိမ်းနု'

စိမ်းနုသည် ယွန်း၏ လူနာမှတ်တမ်း ကလေးကို ကိုင်ကာ ငိုင်နေသည်။ ပေါက်ကွဲအော်ဟစ် ငိုယိုလိုက်ချင် သော်လည်း နေဘွားက မမာန်မထန်စဖူး မာန်ဉီးထန်ဉီးဗတာ့မှာကို ကြိုတင် မျော်တွေးကာ ထိန်းသိမ်းချုပ်တည်းနေရလေသည်။

'သတိရှိစမ်းပါ စိမ်းနုရယ်၊ ယွန်း ပြန် နေကောင်းလာမှာပါ၊ အဲဆည်နေက ယွန်းဟာ ကိုယ့်ကို မမှတ်မိဘူး၊ တင့်တ ကိုတောင် ရန်ရှာချင်တယ်၊ ပိုင်စိုးကိုဆိုဘာတော့ သူ့ကြေး ကိုကို့ ကို ရှာမတွေ့တော့တာပါဆိုပြီး အရမ်းဒေါသတော့တာ သည်လိုမဖြစ်ခင်ကတည်းက ညညတိုင် ယွန်း မအိပ်ဘူး တင့်တင့်က ပြောတယ်၊ ဒါ သေချာလက္ခဏာတစ်ခုပဲ'

'ချဉ်ထဲမှာ ရေးထားတာ ယွန်းက ဆဲဆိုသတဲ့၊ ယွန်းမ ထင်ပါဘူး'

'စိမ်းနုရဲ့၊ လူတိုင်းမှာ ကိုယ်တိုင်မနှစ်သက်လို့ မသင့်တော် ဘူးလဲ ထင်မြင်ယူဆလို့ ဖွင့်မပြောတဲ့ အသိတွေ အတွေး ဟာ ကိုယ်စီကိုယ်ဇ ရှိကြတာပဲ၊ အထိန်းအချုပ် ချွတ်ယွင် သွားတဲ့ တစ်ခါနှမှာ ထုတ်ပြောတယ်၊ သူ့ စိတ်ကို သူ ပြန် နှင်းစ ပြလာယင်ပဲ အခု စိမ်းနုမြင်စဲ့အတိုင်း ဘယ်မှာဘာမှ ရှုန့်ရင်းတဲ့ အမူအရာ တွေ့နိုင်တော့လို့လဲ'

မောင်က စိမ်းနု၏ ခရီးဆောင် အိတ်ကို ဆွဲကာ နေ ထသည်။

'ဆရာမရေ ကျွန်တော်တို့ပြန်ဉီးမယ်ဗျာ၊ ယွန်းကို ဂရု တဲ့ အတွက် ကျေးဇူးပါပဲ'

'သူ့ အစောင့်ကလေးမကိုလဲ ကျွန်မပြန်ခါနီး ထပ်မှာခဲ့မယ် ဆရာ၊ စိတ်ချသာသွား'

ဆရာမသည် စိမ်းနုကိုလည်း အရေးတယူနွေးနွေးထွေးထွေး ပြုံးပြလေသည်။

'ကျွန်မတို့ ပြန်ပါဦးမယ်နော် ဆရာမ'

'စိတ်အေးလက်အေးပြန်ပါ ဒေါ်စိမ်းနု၊ ယွန်းကို ကျွန်မတို့ ချစ်ကြပါတယ်၊ သူ့ အစောင့်ကောင်မလေးကလဲ မြင်မြင်ချင်း ချစ်လွန်းလို့တဲ့၊ သိပ် ဂရုစိုက်ဘာပဲ'

စိမ်းနု၏ အသည်းနှလုံးကို ဆွဲချထားသော ဝန်ထုပ် သံခဲ ကြီး အတော်ကလေး ပေါ့ပါးသွားလေသည်။

ဆရာမကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။

ဆံပင်ကို လက်တစ်ဆစ်လောက်နှင့် မိန်းမရယ်တစ်ယောက် သည် စိမ်းနုအနီးသို့ ဖျတ်ခနဲ တိုးကပ်လာသည်။ သူမ၏ မျက် လုံးများသည် ကြောင်တောင်တောင် ဝေ့လည်လည်နှင့်။

'ဆေးလိပ်ဖိုးလေးပေးပါ အစ်မ၊ တစ်မတ်ပေးပါ'

စိမ်းနုသည် အနှီ မရေမရာ ကြောင်တောင်တောင်မျက်လုံး များကို ကြည့်ယင်း ပိုက်ဆံအိတ်ကိုဖွင့်သည်။

'အကြေမရှိယင် တစ်ကျပ်ပေးလဲ ရတယ် အစ်မ'

မောင့်ကို ခွင့်တောင်းသောအကြည့်နှင့် ကြည့်မိသည်။

'တစ်မတ်ပဲပေး၊ ဟိုမှာ လာကုန်ကြပြီ'

ဟုတ်ပါရဲ့။ အမယ်အို တစ်ယောက်နှင့် မိန်းမငယ် တစ် ယောက်သည်လည်း စိမ်းနုထံ ဓိုဝ်းအုံချဉ်းကပ်လာလေပြီ။

'တစ်မတ်စေ့ နှစ်စေ့ ပဲရှိတယ်မောင်၊ ငါးမူးစေ့ တစ်စေ့ ရှိတယ်'

'ညီညီမျှမျှပေးမှဖြစ်မှာ'

မောင်က သူ့ အိတ်ကပ်ထဲမှ မတ်စေ့တစ်စေ့ ထုတ်ကာ စိမ်းနုလက်သို့ ထည့်ပေးလေသည်။

ပိုက်ဆံရသည်နှင့် စိမ်းနုကို နှုတ်မဆက်တမ်း သုတ်ခနဲ ထွက်ခွာသွားကြသည်။

'ဝိုင်းအုံလာလိမ့်မယ်စိမ်းနု၊ လာ'

စိမ်းနုသည် သူတို့ကို သနားလှသော်လည်း ကြောက်လည်း ကြောက်လေသည်။ စိတ် မူမမှန်ဘူးဆိုတော့ ဖောက်ပြန်ပြီး တစ်ခုခုထလုပ်လိုက်လျှင် မခက်ပေဘူးလား။

'မကြောက်ပါနဲ့ စိမ်းနုရယ်၊ သူတို့ခမျာများ လာကြည့်မယ့်သူ မရှိ၊ ပေးကမ်းထောက်ပံ့မယ့်သူ မရှိနဲ့ သနားစရာပါ'

'ဘာလို့ မကြည့်ကြ မပေးကြတာလဲ'

'လူနာထဲမှာ လျစ်လျူရှုအခံရဆုံးလူနာတွေပါပဲစိမ်းနုရယ်၊ အများအားဖြင့် မိသားစု စီးပွားရေးကလဲ တစ်နေ့လုပ်မှ တစ်နေ့စားကြရ၊ သူတို့ဝေဒနာကလဲ နာတာရှည်တာကိုး၊ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရလွန်းတော့ ကြာတော့ ကိုယ်လွတ်ရုန်း ကန်ကြတယ်၊ ဆေးရုံမှာသာ ဥဿုံလွဲခဲ့တော့တာပဲ'

'ယွန်း ကတော့ သိပ်နာတာမရှည်ပါဘူး ထင်ပါတယ်နော်မောင်'

'စိမ်းနုကလဲကွယ်၊ ယွန်းဟာ သိပ် စိတ်ထိခိုက်ရတာတွေ Sereavement ရှိနေ ဖိစီးခဲ့တာမှာ သူ ရည်မှန်း သလောက် ရုံဏ်ထူးတွေ ရမလာတာတို့၊ ထိပ်ဆုံးအဆင့် မရောက်တာတို့ဟာ တွန်းအားပေးထိုးချလိုက်တဲ့အချက်တွေဖြစ်လာတယ်၊ ယွန်းဟာ ရည်မှန်းချက်ကြီးတဲ့ မိန်းကလေး မဟုတ်လား၊ သူ့အတ္ထစွဲ ကလေးကလဲ အပြစ်တို့ အရှုံးတို့ကိုမခံယူချင်ဘူး၊တစ်ယောက်နဲ့ တစ်ယောက် ပုံစံသေနဲ့သတ်မှတ်လို့ မရဘူးလေစိမ်းနုရဲ့၊ ကွာဟ တယ်၊ ကွာဟလို့လဲ ခံစားမှုတွေနည်းပါးကြတယ်၊ လွန်ကဲကြ တယ်၊ အခု ကိုယ်တို့က ဇာစ်မြစ်ကို သိထားပြီပဲ၊ သူ ကောင်း သလောက်လဲ ရှိနေပြီပဲ၊ ယွန်းရဲ့ဝေဒနာ လုံးဝပျောက်ကင်း မှာပါ၊ မောင့်ကိုယုံစမ်း'

'ယုံပါတယ်မောင်ရယ်၊ ယွန်းကလဲ အခုဆိုမောင့်ကို အရင်လို မမုန်းတော့ပါဘူး၊ အားကိုးရှာပါတယ်'

'အရင်ကလဲ မုန်းတာမဟုတ်ပါဘူး စိမ်းနုရယ်၊ သူ့အမေရဲ့ မေတ္တာကို မဝေမျှနိုင်တာပါ'

ယွန်းက မောင့်ကို ဦးဦးဖေဖေဟု ခေါ်သည့်အကြောင်း စိမ်းနုသတိရသော်လည်း စကားမဆက်တော့ဘဲ အတွေးနှင့်သာ ငြိမ်သက်နေလိုက်လေ၏။

'စိမ်းနုကို မောင်လိုက်ပို့မယ်နော်'

ဘင့်တင့်သည် စိမ်းနု၏နံဘေးတွင်ခွေလှဲယင်း ဖြစ်သမျှကိုမကွယ်မဝှက် ဇာတ်ကြောင်း ပြန်လေသည်။

'ပိုင်စိုးက သူ့အိမ်ကို ဖုန်းဆက်ပြီး ပြောခိုင်းလိုက်ယင် ပြီးဘာ၊ သူ့အမေ မသိစေချင်လို့ဘဲဖြစ်မယ်၊ နီတာတို့ကားနဲ့ ပါလာတယ်'

'ဒေါ်လေးရေ အဝတ်မြန်မြန်လဲ၊ ကျောင်းကိုလိုက်သွားရအောင်လို့ ပိုင်စိုးက ပြောတယ်၊ သူ့မျက်နှာကလဲဖြူဖပ်ဖြူရော်၊ ငါ လန့်သွားတာပေါ့'

'ယွန်းဘာဖြစ်လို့လဲလို့ ငါ ကောက်ကာငင်ကာမေးမိတယ်၊ သူ အစိုးမရ ထိတ်ထိတ်ပျာပျာဖြစ်လာဖို့ဆိုတာ ယွန်းနဲ့ပဲ ပတ်သက်ရမှာပေါ့၊ မဟုတ်ဘူးလား'

မူးသွားတယ်၊ ပြီးတော့ကိုကို့ ကိုတွေ့ပါဘယ်လို့ အကြောက်အကန်ကို ပြောနေတော့တာပဲ၊ ဆရာဝန်က ဆေးရုံခေါ်သွားရမယ်တဲ့၊ မြန်မြန်လာပါ ဒေါ်လေးလို့ ငါ့ကိုအလောသုံးဆယ်ခေါ်တော့တယ်။

အိမ်တံခါးတွေကို သူဝိုင်းကူပိတ်ပေးတယ်။

သွားမယ် ကိုပိုင်၊ မလဲတော့ဘူး၊ သည်အတိုင်းသွားမယ်လို့ ငါက အိမ်ရှေ့ခတ်တဲ့ တရုတ်သော့ကြီးကို ကိုင်ပြီးအပြေးထွက်မလို့။

ကိုပိုင်က ခွကျတဲ့အားနာတဲ့မျက်နှာနဲ့ ထဘီတော့ လဲပါဦး ဒေါ်လေးတဲ့။

ရှိုးကျဖို့ မလိုပါဘူးကွယ်၊ ယွန်းကို မြန်မြန်ဆေးရုံပို့နိုင်ဖို့က အရေးကြီးပါတယ်လို့ ငါကပဲစိတ်တိုမိသေးတယ်သိလား။

တင့်တင့် တစ်ချက် ရှက်ရယ်ရယ်သည်။

'ကိုပိုင်က မပွင့်တပွင့်နဲ့ ဒေါ်လေးလုံချည်စုတ်နေတယ်တဲ့'

'အဲသည်တော့မှ ငါ့ထဘီတင်ပါးကိုစမ်းပြီး အခန်းထဲ ဝင်ပြေးရတော့တာ၊ ထဘီက ရိနေတော့ အပြဲကိုပြန်ချုပ်ထားပေမယ့် ချုပ်ရိုးနံဘေးက တစ်ခါ ထပ်ရိပြီး ပြဲထွက်နေတာကိုး'

'စိမ်းနုယဲ့ ယဲ့ပြုံးရသည်။

'နင့်ကိုက ကပ်စေးနဲ့တာကိုး တင့်တင့်ရဲ့၊ သည်လောက်ရိနေတဲ့ ထဘီများ မရှန်ကို ပေးလိုက်ပါဆိုတာ မပေးဘူး၊ ခုတော့ မယ်ဗလာဖြစ်တာပေါ့၊ ကဲ....အဲဒါနဲ့' ဟု ခွန်းထောက်သည်။

'ကပျာကယာ ထဘီလဲ၊ အိမ်သော့ခတ်၊ တကတည်းပိုက်ဆံလဲ ယူဖို့ သတိမရပါဘူးဟယ်၊ ကားပေါ်ကျမှ ပြေနေတဲ့ဆံပင်တွေကိုလဲ သဘောလောက် ဖြီးသင်ပြီး ဘီးကျော်ပတ်ပြန်ပတ်ရတော့တယ်၊ ကိုပိုင့်ကိုလဲ ဖြစ်ကြောင်းကုန်စင် မေးရတော့တာပေါ့'

'စိမ်းနုရဲ့ သည်နေ့တော့ နင်ရောက်မှာပဲ၊ ငါသွားမနေနဲ့တော့လို့ နေဘွားကပြောလို့ ငါနဲ့နီတာ မရောက်တော့ဘူး၊ တစ်နေ့ကဆို တိုက ပြန်ပါပြန်ပါ ပြောလဲ မပြန်နိုင်ဘူးပေါ့၊ ဇွတ်ပေကပ်ပြီးကို နေတာပဲ၊ ငါတို့က ညနေစောင်းမှ မပြန်ဖြစ်လို့ ပြန်လာကြတာ၊ နေဘွားကတော့ ဆရာဝန်ဆိုတော့ ညအထိမပြန်ဘဲ အခြေအနေစောင့်ကြည့်နေနိုင်တာပေါ့၊ ငါတို့ ပြန်လာတဲ့အထိ ယွန်းက အိပ်ပျော်နေတုန်း၊ အိပ်ဆေးတွေ ထိုးထားတာကိုး'

'မနေ့ကရော သည်မနက်ပါ နီတာနဲ့ငါ ထမင်းသွားပို့ကြတယ်၊ ယွန်းက အိမ်ပြန်မယ်ဆူပူနေလို့တဲ့၊ တွေ့ခွင့်မရခဲ့ဘူး၊ သူ ဘာမှလဲမဖြစ်ဘဲနဲ့ ခေါ်လာကြတယ်ဆိုပြီး ငါတို့ကို စိတ်ဆိုးနေသတဲ့၊ နင်ပြန်လာယင် တိုင်မလို့တဲ့'

'နေ့ခင်းကျတော့ ပိုင်စိုးအမေကြီး ရုံးသွားမှန်း သိတာနဲ့ ပိုင်စိုးကျောင်းမသွားခင် လက်ယပ်ခေါ်ပြီး နေဘွားဆီသတင်းမေးခိုင်းရတယ်၊ ယွန်းငြိမ်သွားပြီဆိုတော့မှပဲ စိတ်အေးရတော့တယ်'

စိမ်းနုက ခေါင်းအုံးအနေအထားကို ပြုပြင်အုံးမှီနေသဖြင့် တင့်တင့်သည် သူမနံဘေးမှခေါင်းအုံးတစ်လုံးကို စိမ်းနုဘက်သို့ ရွှေ့တိုးပေးသည်။ စိမ်းနု ခေါင်းအုံးနှစ်လုံးဆင့်ပြီး အုံးလိုက် တော့မှ တင့်တင့်မျက်နှာကို သေချာ တွေ့မြင်ရလေသည်။

'ယွန်းရဲ့ လူနာမှတ်တမ်းထဲမှာ တစ်နေ့ကဖြစ်တာတော်တော် ဆိုးတယ်တဲ့၊ ယွန်းကို မနည်းဝိုင်းဖမ်းချုပ်ထားရတယ်တဲ့၊ ဟုတ်ရဲ့လား၊ ယွန်း က ဆဲလဲဆဲသတဲ့ကွယ်၊ ဟုတ်ပါ့မလား'

'ဟုတ်တယ် စိမ်းနု၊ ဒါကြောင့် ဆေးရုံ ခေါ်သွားဖို့ရော ဆေးရုံမှာ ထားခဲ့ဖို့ပါ ငါ မငြင်းနိုင်ခဲ့တာပေါ့၊ ငါလဲ မတွေ့ ခင်က သည်လောက် ဖြစ်လိမ့်မယ်ဘယ်ထင်မလဲ၊ ယွန်းကပြော သေးတယ်၊ ဘဲတွေဟာ အရှက်မရှိ လိုက်နောက်ပိုးနေကြတာပဲ၊ အဲသည်ဘဲက အကဲဆုံးတဲ့၊ ဟီး ဟီး....ပိုင်စိုးကိုပြောတာ၊ လက် ညှိုးထိုးပြီးပြောတာ၊ ပိုင်စိုးခမျာ ရယ်သာရယ်ရ မျက်နှာကြီး က နီလို့'

စိမ်းနု နှလုံးမကြည်သာသော်လည်း ပြုံးရယ်မိလေသည်။

'ဆရာဝန်တစ်ယောက်ကပြုံးပြီး သမီးကကော သည်ဘဲကို ဘယ်လိုသဘောရသလဲလို့ မေးတယ်၊ ယွန်းက အဲဒါကျတော့ ဖြေတတ်တယ် စိမ်းနုရယ်၊ ယွန်းက ငယ်သေးတာကိုး၊ နောက် တော့မှ စဉ်းစားမှာပေါ့တဲ့၊ ပိုင်စိုးအပေါ် သံယောဇဉ်တော့လဲ ရှိတာ အမှန်'

'ဒါတော့ကွယ်၊ ဟိုက သူ့ကို အနွံ အကာခံတာကိုး၊ စိတ် ကစားတဲ့ အရွယ်မှာ ဒါလောက်တော့ငြိတွယ်မှာပေါ့၊ တက္ကသိုလ်

ဆောက်လို့ ပိုပြီး တွေးခေါ် မြော်မြင်တတ်လာတဲ့ အခါတော့ သူ့ကို စိတ်ကို သူ့ကို ပိုပြီး နားလည် ဆုံးဖြတ်လာနိုင်ကြမှာပေါ့'

'ဟုတ်ပါတယ်လေ'

'နင် တစ်ခု သတိထားမိသလားဟင် တင့်တင့်'

'ဘာကိုလဲဟင်'

'နေဘွားကို ယွန်းက ဘယ်လိုခေါ်သလဲဆိုတာ'

တင့်တင့် ခေါင်းခါသည်။

'ဆေးရုံမှာထားခဲ့ပြီးကတည်းက ငါတို့ မတွေ့ရဘူး၊ ခေါ် သွားတဲ့နေ့ကတော့ နေဘွားကို မှတ်တောင် မမှတ်မိပါဘူး၊ အခု ဘယ်လို ခေါ်နေလို့လဲ'

'ဦးဦးဖေဖေတဲ့'

'ဦးဦးဖေဖေ....ယွန်းကလေ၊ ဦးဦးဖေဖေတဲ့လား'

တင့်တင့် ရင်သပ်ရှုမော အံ့သြမဆုံးအောင် ဖြစ်နေသည်။

'အေး....'

'ဦး ဆိုတာတော့ အစက သူခေါ်နေကျ၊ ဖေဖေဆိုတာက ကာသဘောလဲ'

'နင်လဲ စဉ်းစားလေ'

စိမ်းနုသည် နောက်တစ်ခါ နေဘွားနှင့် တွေ့လျှင်လည်း မေးကြည့်ဖို့ ရည်ရွယ်လေသည်။

'ဖေဖေဆိုတာက အဲဒါ ဆန်းတာပဲ၊ အဖေနေရာမှာ ဘယ် သူ့ကိုမှ မထားနိုင်ဘူးလို့ ယွန်း ပြောခဲ့တာပဲ'

'ရွှဲ့ ခေါ်တာလား'

'မဖြစ်နိုင်တာ၊ ရွှဲခေါ်ယင် သည်လိုတော့ မခေါ်တန်
ဘူး'

'ဒါဖြင့် ဘာလို့ခေါ်တာလဲ'

'ယွန်းဟာ အဖေ့ကိုလွမ်းတယ်၊ အောက်မေ့တယ် ထင်ပ
ရှဲဟယ်၊ အဖေနေရာမှာ တခြားလူ အစား မထိုးနိုင်ပေမ
အဖေကို တမ်းတတယ်နဲ့တူပါတယ်၊ သူ့ဘဝမှာ အနီးကပ်
အဖေနဲ့တူတာဟာလဲ နေဘွားပဲတွေ့ဖူးလို့ဖြစ်မှာ၊ စိတ်သ
မမှန်သေးတော့ အဖေလို့ခေါ်ချင်တာကိုလဲ မထိန်းချုပ်နိုင်
အဖေမဟုတ်မှန်းလဲသိနေပြီး ဦးဦးဖေဖေလို့ ဝိုနည်းလွတ်ခေ
နေတာ ဖြစ်မှာပေါ့'

'အရင်က မခေါ်ဘဲ ဘာလို့ ခုမှခေါ်သလဲ တင့်တင့်
'ခုမှ စိတ်အထိန်းအသိမ်း အကွပ်အကဲ လွတ်ထွက်တာကို
ကိုကို့ကိစ္စမှာ နေဘွားကို အကူအညီတောင်းဖို့ ယွန်း စိတ်က
ရခဲ့ကတည်းကိုက ယွန်းဟာ မသိစိတ်က နေဘွားကို အား
တယ်၊ တရင်းတနှီးရှိတယ်ဆိုတာ သိသာလှနေပါပြီဟယ်'

စိမ်းနုသည် တစ်ကိုယ်လုံးဖြေလျော့ကာ နဖူးပေါ်လက်
ကလေးတင်ပြီး သက်ပြင်းတစ်ချက် သက်သက်သာသာချလိုက်
လေ။

'နင့်စိတ်ကူးက လိုရာဆွဲတွေးကြီး ထင်ပါရဲ့ တင့်တင့်ရယ်
'အဲသည်လိုတွေးရကာ စိတ်ချမ်းသာတာတော့ အမှန်
စိမ်းနုရဲ့'

'ဒါတော့ ဟုတ်ပါတယ်'

လိုရာဆွဲတွေးရလို့ကတော့ စိမ်းနုရယ်၊ နင့်အတွက်နေဘွား
ကယ်ပဲ လိုအပ်ပါတယ်၊ ခုပဲကြည့်လေ၊ ယွန်း သည်လို
ပြီလဲဆိုရော ငါ့မှာ နေဘွားကို ပြေးသတိရတော့တာပဲ၊
ဝန်တိုင်းဟာ လူနာတိုင်းကို ဂရုစိုက်ပါတယ်၊ ဒါပေမယ့်
သည်လူနာဟာ သူစိမ်းမဟုတ်ခဲ့ဘဲ လိုအင်တာ ပိုပြီး စိတ်
ားမှာပဲ၊ နင့်အတွက်လိုအပ်တယ်ဆိုတာ နင့်မိသားစုအတွက်
အပ်တယ်လို့ ဆိုလိုတာပါ'

'ဟုတ်ပါတယ်လေ'

စိမ်းနုကတော့ ရင်ထဲမှာ မောင့်မေတ္တာ ငွေ့လမင်း အစဉ်
စေချင်ရသူဖါ။

ဆေးရုံကအပြန်ကျမှ ညီ့ဆီဝင်ပြီး အကျိုး အကြောင်း
ခတယ်၊ ညီကလဲ ဆရာနေဘွားရှိပေလို့ သားပဲလို့ တဖွဖွ
ချတယ်၊ ညီကတော့ ကိုကို့ကိုယ်ပွားလေး ဖြစ်နေပါပြီ'
အကျိုးနဲ့ အကြောင်းနဲ့ မြေခြမြင့်လက်ခံတတ်နေပါပြီ'
ငှစိုးကိုလဲ ရန်မလုပ်တော့ဘူးနော်'
အခု သာပြီး ပြေပြေလည်လည် ဆက်ဆံသေးတယ်၊ ခေါ်
ဘိုပဲ အနီးကပ် ဖေးမစောင့်ရှောက်ကြပေါ့လို့ ပြောဖော်
ဖြင့် အတော်ကြာခဲ့ပြီပဲ၊ အမယ် နင့်သားက လူကဲခတ်လဲ
လာပြီဟဲ့'

ဘာတွေ့ အကဲခတ်နေပြန်တာလဲ'

ဆရာဝန်အသစ်ကလေးက ယွန်းအကြောင်း ကြား
မျောက်မိုးခဲ့ကိုင်မိသလို ဂနာမငြိမ်ဖြစ်နေတော့တာကိုး၊

ညီက အသာ မျက်စပစ်ပြပြီး တိုးတိုးပြောတယ်၊ ယွန်းက ထော
တော် စုံတာပဲတဲ့'

စိမ်းနု အသံထွက်အောင်ပင် ရယ်မောမိသည်။

'သည်နေ့တော့ ညီ ဆိုင်စောစောပိတ်ပြီး ပြန်လာမယ်
သွားတယ်၊ ဆရာဝန်ကလေးက မနေ့က ဆေးရုံသွားဦးမှာ
သူက ဆရာဝန်ဆိုတော့ တွေ့ခွင့်ရတာပေါ့၊ ယွန်းက မှတ်မိ
မယ့် စိမ်းစိမ်းပဲတဲ့၊ သိပ်လဲခင်တာမှ မဟုတ်ဘဲကွယ်၊ သိရုံ
သိကြတာပဲဥစ္စာ၊ ပြီးတော့ သူနဲ့စာယင် ယွန်းဟာ ခုနစ်
ချစ်နှစ်လောက် ငယ်နေမှာ၊ အရွယ် မကွာလွန်းဘူးလား
'ယွန်း အခုဖြစ်တဲ့ ရောဂါမျိုးက နောက် ပြန်ပေါ်
ပေါ် နေဦးမှာ'

စိမ်းနုစကားသည် တင့်တင့်အမေးကို တည့်တည့်မဖြေ
လည်း သွယ်ဝိုက်ဦးတည်နေလေသည်။ တင့်တင့်သည်စိမ်းနု
စောင်းလှည့်လာကာ တံတောင်ဆစ် အားဖြင့် အိပ်ရာ
ထောက်မိခေါင်းထောင်လာသည်။

'ရောဂါစိတ်ချရအောင် ဆရာဝန်ကို စိတ်ကူးတော့မလာ
'ငါ့စိတ်တွေလဲ ကယောက်ကယက်ပါပဲဟယ်၊ ယွန်းကို
ကလေးလေးလိုပဲ မြင်ချင်ပါသေးတယ်၊ခုလိုကိစ္စတွေ တွေးမိ
စောပါသေးတယ်'

'တွေးစရာတွေလာတော့လဲ တွေးရတာပေါ့ စိမ်းနု၊
အတွက် ဘေးတာမှ မဟုတ်ကြတာဘဲ၊ နောင်ရေးအတွက်လေ
နောင်ရေးအဟက်တော့ ကြိုတင် မျှော်တွေးရမှာပေါ့'

'ဒါပေမယ့် ဆရာဝန်ကလေးဟာ နေဘူးတို့လို ဦးဆောင်
မယ့်လူမျိုး မဟုတ်ဘူးထင်တာပဲ'

'ပိုင်စိုးကကော၊ ပိုင်စိုးဟာလဲ ကလေးပါပဲ'

အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြပြန်သည်။

'စိမ်းနုရေ ငါတို့ ဘုန်းကြီးကျောင်း သွားကြဦးမှ ထင်
ယ်'

'အေး....ငါလဲ နင့်ကိုပြောမလို့ပါပဲ'

'လမ်းထိပ်မှာတော့ ရွှေရင်ကျော်ဂိုဏ်းက ဆရာကြီးရှိတယ်
ဟိုဘက်အိမ်က ဒေါ်မြက ပြောတယ်'

'ဘုန်းဘုန်းနဲ့တွေ့ပြီး တိုင်ပင်ဦးမယ်ဟယ်၊ အထက်လမ်း
က် ဘုရား တရား သံဃာကိုပဲ အားထားပါတယ်'

မော်လမြိုင်မှ မမဖြူဖေး၏ သမီးများအကြောင်း၊ အခြား
မျိုးမိတ်သင်္ဂဟအကြောင်းတွေ ရောက်တတ်ရာရာ စကား
က်ဆုံကျနေလိုက်ကြသည်မှာ ညီ ဆေးခန်းမှ ပြန်ရောက်လာ
ည် အထိပင်တည်း။

[illegible]း၏ ပါးစောင်တွေ သွားတွေကျိန်းနေ နာနေသည်။ ယွန်း၏ [illegible]င်းသည် မူးနောက်နောက်။ အချိန်ပင် ရုတ်တရက် ခွဲခြား [illegible]နိုင်ဘဲ မနက်လား ညနေလား စဉ်းစားနေရသည်။

'ဘယ့်နှယ်နေသေးလဲ အစ်မယွန်း၊ မူးသေးသလား'

'မူးတယ်'

'လှဲနေလေ အစ်မယွန်း၊ ခုနက ဆရာဦးနေဘွားလာကြည့် [illegible]သေးတယ်၊ အတန်းတက်ရဦးမှာမို့ နောက်ပြီးမှလာတော့ [illegible]တဲ့'

[illegible]ယွန်း ခေါင်းကလေးညိတ်ကာ မျက်လုံးတွေကို မှိတ်ထား [illegible]။ လည်ပင်းမှ မေမေဆွဲထားပေးသော လက်ဖွဲ့ကလေးကို [illegible]ကြည့်ယင်း ယွန်း ဓာတ်နှိပ်ခံရတာကို ပြန်လည်တွေးနေမိ [illegible]

ဆရာမတွေက အီးစီတီရိုက်သည်ဟု ခေါ်ပြောကြပေသည်
ရှော့ခ်ရိုက်သည်ဟုလည်း ခေါ်ကြပေသေး၏။

မနက် ခြောက်နာရီကတည်းက ယွန်းအဖတ်မစားဖို့ ဆရာ
က မှာထားသည်။ ယွန်း ကလည်း စားချင်သောက်ချင်စိတ်
လှတာမို့ ခါတိုင်းလည်း ညတိုင်ကျ ဘာမှစားဖြစ်တာမဟု

သည်မနက် ရှစ်နာရီမှာ ယွန်းတို့ကို ဆရာမက လာခေ
သည်။ ယွန်းတို့ဆိုတာက ယွန်းရယ်၊ မြင့်မြင့်အေးရယ်၊ ပြီးတေ
မတင်ထွေးရယ်။

မြင့်မြင့်အေးကို တွေ့စကပင် စိတ္တဇဝေဒနာရှင်မှန်း ယွန်
ခဲ့သည်။ တက္ကသိုလ်ကျောင်းသူမို့လည်း ယွန်းပိုပြီးစိတ်ဝင်
လာမိလေသည်။ သည်ဆေးရုံသို့ မြင့်မြင့်အေးရောက်ရောက်
သည်မှာ သုံးလေးခါထက် မနည်းတော့ဘူးဟု ခင်သီတာ
ပြောပြလေသည်။

မြင့်မြင့်အေး ရောက်လာပြီဆိုမှဖြင့် ဆဲထဲတန်းပို့ရတာ
ရောက်လာယင် အကြမ်းပတမ်းချည်းပဲအစ်မရဲ့၊ နှစ်ခါ သုံ
ဓာတ်နှိပ်လိုက်ပြီးယင်တော့ ခုလိုဇ္ဇနွှေရသွားတာပဲ၊ အစ်
ကြည့်ကြည့်နေတယ်၊ အစ်မကို ခင်ချင်ပုံရတယ်ဟု ခင်သီ
ပြောတော့ ယွန်းက မပြုံးချင်ပြုံးချင်နှင့် သူက စိတ်မှ
တာ၊ တို့ကြောက်တယ်ဟု ပြန်ဖြေသည်။ ခင်သီတာကတ
ရယ်လေသည်။ ယွန်းပြောတာ ဘာများရယ်စရာပါသွား
သလဲ။

မနေ့ကတော့ ဆရာနေဘွားက မေမေ့ကို ယွန်းထံထပ်ခေါ်
လာသည်။

'သမီးကို ဘာပြောနေကြသလဲ၊ သမီးနားထဲမှာ ဘာတွေ
ကြားရသလဲ၊ မေမေ့ကို ပြောပြလိုက်နော်' ဟု ဦးဦးဖေဖေက
စကားတောင်းလေသည်။

ဦးဦးဖေဖေတို့က ယွန်းကိုသည်ဆေးရုံသို့ခေါ်လာကာ ဆေး
တိုက် ဆေးထိုး ကုသကြသည်။ ယွန်းတွင် စိတ်ရောဂါ ရှိသည်
ဟု သူတို့ထင်ကြဟန် တူလေသည်။ ဘာပဲဖြစ်ဖြစ် စေတနာ
အရင်းခံသည်ဟု ယွန်းယုံမှတ်ကာ သူတို့၏စေတနာကို အသိ
အမှတ်ပြုရ ရှိသေညွှတ်ကျိုးရပေတာပဲ။

ယွန်းငိုမိသည်ထင်သည်။ ရေရေရာရာ သဲသဲကွဲကွဲ မမှတ်မိ
တော့။

'ယွန်းကို ပြောကြတယ်၊ ယွန်းကြောင့် ကိုကိုသေရတာတဲ့၊
ယွန်းဟာ အစ်ကိုကိုသတ်တဲ့မိန်းမတဲ့၊ ယွန်းဟာအမေကိုလဲ ပြစ်
ပြားတဲ့ မိန်းမတဲ့၊ ယွန်း အဝီစိငရဲမှာလဲ ချိုးကပ်မယ်၊လောက
ငရဲမှာလဲ စုံးစုံးမြုပ်မှာပဲတဲ့'

'သမီးကို ဘယ်သူတွေက ပြောတာလဲ' ဟု မေမေက အသံ
တိမ်တိမ်နှင့် မေးသည်။

ယွန်း၏ အခက်အခဲမှာ ပြောနေသူတွေကို ဘယ်သူဘယ်ဝါ
ကြား မသိခြင်းပင်တည်း။

'ယွန်း သေသွားမှအေးမှာပါလို့လဲ ပြောနေကြတာပဲမေမေ'

ထိုစဉ်က ဆရာနေဘွား စကားဖြတ်လိုက်သဖြင့် မေမေ့မှာ ယွန်းကို ဝိုင်းပြော နေကြသူတွေ အကြောင်း ဆက်မမေးနိုင်တော့။

ဓာတ်နှိပ်ခံပြီး ပြန်အလာမှာတော့ ယွန်းနားထဲကပ်ပြော နေသံတွေ သိပ်မကြားရတော့ပေ။

အီးစီတီရိုက်သည်ဆိုသော ဓာတ်နှိပ်အတွေ့အကြုံကို ယွန်း အတော်ပင်ကြောက်ရွံ့သည်။ သို့တစေ ယွန်း၏နားထဲမှာ ဘယ် သူမှန်းမသိ၊ ဘယ်ကမှန်းမသိစဲအသံတွေကြားနေရတာကပိုပြီး ချောက်ချားဖို့ ကောင်းသည်။ အသံတွေ လျော့ပါးသွားပြီဆို တော့ အီးစီတီအရိုက်ခံရတာလောက်ကို သာမည အသေးအဖွဲ သာ သဘောထားတော့သည်။ ရှန်းကန် တွန်းလှန်ချက်တစ်ခု အကျိုးဖြစ်ထွန်းရပြီဟု အားတက်မိလေသည်။

ယွန်းကို အဝတ်အစားတွေ ချွတ်စေပြီး ချောင်ချိသော နောက်ကွဲဝတ်စုံရှည်ကြီး ဝတ်ဆင်စေတုန်းက ယွန်းဆန့်ကျင် ရှန်းကန်ခဲ့မိသေးသည်။ ဒါတော့ ထိုမီးခိုးရောင် သင်တိုင်းရှည် ကြီးကို ယွန်းမှ မဝတ်ဆင်ချင်ဘဲဟာကိုး။

ယွန်းအမည်ကို ဆရာကြီး ဦးထွန်းအောင်ကခေါ်လိုက်သည် နှင့် လူနာစောင့် အဒေါ်ကြီး တစ်ယောက်နှင့် ခင်သီတာက ယွန်းကို ဓာတ်နှိပ်သော စက်ခုံအနီးရှိ ခုတင်ဆီသို့ဟွဲခေါ်သွား ကြသည်။ ယွန်းနေသားတကျဖြစ်လျှင်ပဲ ယွန်းကိုပါးစပ်ဟခိုင်း ကာ ပါးစောင်ထဲသို့ သားရေပြားတွေ တစ်ဖက်တစ်ချက် ထိုး ထည့်ပေးကြသည်။

ယွန်းကို မျက်စိမှိတ်ခိုင်း အသက်မှန်မှန်ရှူခိုင်းပြီး ယွန်း၏ နားထင်နှစ်ဖက်သို့ လျှပ်စစ်အားစီး ကိရိယာကလေး တပ်ဆင် ပေးလိုက်လေသည်။

'ရယ်ဒီနော်' ဟု ဆရာကြီးက သေချာမှု ရယူမေးမြန်းပြီး စက္ကန့်ပိုင်းအတွင်း ယွန်းကို လူနာစောင့်များနှင့် ဆရာမများက အသင့်ဝိုင်းပြီး ထိန်းချုပ်ထားစဉ် ယွန်းခေါင်းထဲတွင် ထိန်းခနဲ ဆောင့်ကာ တစ်ကိုယ်လုံး ကျဉ်သွားခဲ့သည်ကို ယွန်းမှတ်မိနေ သည်။

'ယွန်းကိုအီးစီတီရိုက်တယ်ဆိုတာ ခုတင်ခေါင်းရင်းကစက်ကို ခလုတ်နှိပ်လိုက်တာ ဖြစ်မှာနော်'

'ဟုတ်တယ်၊ အဲဟို မြင့်မြင့်အေးဆို တစ်ခေါက်ဆေးရုံလဲ ကက်ရယင် ဆယ်ခါလောက်တော့ မှန်မှန်ရှောခ်ရိုက်ခံရတာ၊ သူကတော့ အပြီးမပျောက်တော့ပါဘူး' ဟုခင်သီတာကလူတတ် တပ်ကာ ဆိုသည်။

'မဘင်ထွေးကကော' ဟု ယွန်းက အသံအုပ်အုပ်နှင့် မျှော် ထင့်စွာ မေးယင်း ယွန်း၏ ဘယ်ဘက် ခုတင်မှ မတင်ထွေးကို မျက်လုံးစွေကာ ကြည့်မိသည်။

'သူက နှစ်ခါပဲ ရောက်ရသေးတာ၊ အရင်တစ်ခေါက်တုန်း က သိပ်ကြမ်းတယ်၊ အခုတော့ ငြိမ်တယ်၊ ငြိမ်လျက်သားနဲ့ တာလို့ ဆေးရုံတက်ရလဲ မသိပါဘူး၊ အစ်မမေးကြည့်ပါလား၊ ဖြေချင်ဖြေမှာ'

'ကြောက်တယ်၊ မမေးရဲပါဘူး'

မတင်ထွေးသည် ခုတင်ပေါ်တွင်ငေးငေးငိုင်ငိုင်နှင့် နားထင်ကို လက်နှစ်ဖက်နှင့်ဖိပြီးထိုင်နေသည်။ သူမကိုကြည့်ရသည်မှာ ဓာတ်နှိပ်ခံရပြီးစ မူးမိုက်ခေါင်းကိုက်သော ဝေဒနာရတာထက် ပိုကဲပြီး မှိုင်တွေလှသည်။

'အရင်ရောက်တုန်းက အစ်မယွန်းထက်ကြမ်းတယ်၊ အပြတ်ကို ကြမ်းတာ၊ ခုတော့ သေချင်တယ်၊ သေမှ အေးမှာပါနဲ့ ဒါပဲ ညည်းနေ မှိုင်နေတာပဲ၊ အစ်မ မနေ့က ညည်းနေတာထက် ဆိုးပြန်ရော'

ယွန်းသည် မတင်ထွေးကတစ်ကြိမ်နှင့်တစ်ကြိမ်ဝေဒနာချင်း မတူတာ ဘာခေါ်သလဲသိချင်သည်။ ယွန်းကတော့ မနေ့က ဘာကြောင့် သေချင်တယ် ညည်းနေမှိုင်နေပါသလဲ၊ ရောက်ခါစက ဘာကြောင့် ကြမ်းရမ်းရှန်းရင်းနေခဲ့ပါသလဲ။ ထိုအတွေးတွေက ယွန်းကို ပို၍ ရိပ်တိပ်တိပ် ဝေတေတေ ဖြစ်လာစေလေသည်။ ယွန်း ဆက်တွေးမနေနဲ့လေ၊ သိပ်မူးလာမယ်။ ယွန်းက ခေါင်းကလေး ဆတ်ခနဲခါယမ်းလိုက်မိလေ၏။

အီးစီတီ အရိုက်ခံရသူတွေမှာ ယွန်းတို့သုံးယောက်သာမကဘဲ စုစုပေါင်း ဆယ်ယောက်လောက် ရှိသည်။

'မတင်ထွေးကော အရင် ကြမ်းတုန်းက တိုက်ပိတ်ရသေးသလား ခင်သီတာ'

'မပိတ်ရပါဘူး ထင်ပါရဲ့၊ ကျွန်မ သိပ်မမှတ်မိတော့ဘူး သူလဲ အစ်မလိုပဲ ဆေးထိုးလိုက်တော့ နည်းနည်းငြိမ်သွားမှာပေါ့'

'ယွန်းက ဆေးမထိုးခင်က မငြိမ်ဘူးလား'

'အစ်မရှန်းကန်အော်ဟစ်နေတာ၊ အစ်မကလှတော့ကြောက်ဆရာ မကောင်းဘူး၊ ကြည့်လို့ကောင်းတယ်'

ယွန်းသည် ခင်သီတာကို ငေးကြည့်နေသည်။

'ယွန်း ဘာတွေအော်ဟစ်နေသလဲ၊ ယွန်း မမှတ်မိပါဘူး'

'ကိုကိုနဲ့ မတွေ့ရဘူးတဲ့၊ တမင်တကာ ခွဲထားကြတာတဲ့၊ ကိုကိုမလာနိုင်အောင် လုပ်ထားကြတယ်တဲ့၊ ကျွန်မတို့က ကိုကိုဆိုတာ အစ်မရဲ့ရည်းစားမှတ်တာပေါ့၊ နောက်မှ သီရတာက အဲဒါ အစ်မ အစ်ကိုဆို'

ယွန်း ခေါင်းညိတ်သည်။

'အစ်မ အမှတ်တွေရလျက်သားနဲ့လဲ မုဆိုးမသမီးမို့ မျက်နှာယ်လို့ မပေးကြတာတဲ့၊ အစ်မရဲ့ဆရာမက မဟုတ်ပါဘူးသမီးခယ်လို့ ရှင်းပြနေသေးတယ်၊ အစ်မရဲ့ဦးလေးဆရာဦးနေဘွားက စိတ်မမှန်လို့ ပြောတာပါ ဆရာမကြီးရယ်လို့ ဖျောင်းဖျရတယ်'

'ဘယ်ဆရာမကြီးလဲ'

'ကျောင်းစိမ်းနဲ့ ၀၀ကြီး၊ မျက်မှန်နဲ့၊ ခရေပန်းကုံးကလေး ပန်ထားတယ်၊ ဖြူဖြူဖိုင့်ဖိုင့်နဲ့ ချစ်စရာကြီးလေ'

'အဲဒါ ယွန်းတို့အတန်းချုပ်ကြီး၊ ဟင်....ယွန်းကို မုဆိုးမသမီးမို့ အမှတ်မပေးကြဘူးလို့ ယွန်းကပြောသလား၊ မပြောပါဘူးထင်တယ်'

ယွန်းမျက်နှာတွေ တရှိန်းရှိန်း ပူနွေးလာလေသည်။

'ခင်သီတာ ရယ်နေသည်။

'ပြောတယ်အစ်မရဲ့၊ အစ်မမေ့သွားပြီထင်တယ်၊ တခြားလူ
တွေလဲ အဲသည်လိုပဲ မေ့ကြတာပဲ၊ သူများပြန်ပြောတာကြား
တာပဲ ရှိတော့တာ'

ယွန်းသည် ခင်သီတာ့စကားကို မယုံတစ်ဝက် ဖြစ်နေသော်
လည်း ငြင်းဆန်မနေတော့ပေ။ ယွန်း ဤမျှအထိ စိတ်လွတ်ကိုယ်
လွတ် ဖြစ်သည်ဟု ခင်သီတာ ပြောသည်ကို စိတ်ထဲမှာတော့
မခံချိ။

ခင်သီတာသည် ရိုလှမှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်။ ယွန်းထက်
မတိမ်းမယိမ်းသာ ကြီးပေမည်။ အသား နက်ကြုတ်ကြုတ်
နှာခေါင်းပြားကလေး ထိပ်ခေါ့လန်ကာသွားဝါကြန့်ကြန့်
ကျိုးကဲ့ကျဲနှင့်။ ဝါးလုံးတိုင်ကလေးလို သေးသွယ်သော်လည်း
ခင်သီတာ့ လက်မျှားကတော့ သန်စွမ်းမြဲမြံလှပေသည်။ ဘ
ကြောင့်ရယ်သေချာမသိစေကာမူ ခင်သီတာ့လက်မျှားမြဲမြံလှ
ခင်သီတာ အားသန်လှသည်ကို ယွန်းသိနေလေ၏။

'ခင်သီတာတို့အိမ်က သည်နားမှာပဲလား'

ခင်သီတာသည် သွားကဲ့ကလေးဖြီးကာ ပြုံးရယ်လေသည်

'အိမ်လား'

'အင်းလေ၊ သည်တံတားလေးမှာပဲလား'

'သည်ဆေးရုံဟာ ကျွန်မရဲ့အိမ်ပဲ'

'ခင်သီတာကလဲ'

'ဟုတ်တယ်အစ်မရဲ့၊ သည်ဆေးရုံဟာကျွန်မရဲ့အိမ်ပဲ၊ကျွန်မရဲ့
အမေဟာ သည်ဆေးရုံမှာပဲ သေသွားတယ်၊ ကျွန်မမှာအဖေလဲ
မရှိ၊ ဆွေမျိုးဘာသိဆိုလို့ လဲဘဲယောက်ကိုမှမသိပါဘူး၊ဆေးရုံ
က ဧကျွန်း၊ ဆရာဝန်တွေ ဝန်ထမ်းတွေကကျွေးနဲ့ စားသောက်နေ
ရေး ပြေလည်ခဲ့ရတာ'

ယွန်း တအံ့တသြ ငေးမောကာ နေလေသည်။

'အမေက သည်ဆေးရုံမှာ အလုပ်လုပ်သလား'

ခင်သီတာက ယွန်း၏ ဇက်ပိုးနှင့် ပခုံးများကိုအသာအယာ
နှိပ်နယ်ပေးနေသည်။

'လူနာလေ အစ်မယွန်းရဲ့၊ ကျွန်မအမေဟာ စိတ်ရောဂါ
သည်၊ အရပ်သုံးစကားဆိုယင်ဇတ္တာ အရူးမကြီးပေါ့ အစ်မရယ်'

ယွန်း၏ရင်တွင် စူးစူးနစ်နစ် နာကျင်သည်။ မိခင်ဆိုသည်
မှာ ဘဝတစ်ခု အစပြုကတည်းက လက်ဦးဆရာ ကိုးကွယ်ရာ
ဆောတ်ပါလား။ အနှီမိခင်သည် စိတ်ထား ပုံမမှန်လေတော့
ရင်သွေးဖြစ်သူ၏ ဘဝရှေ့ရေးကို ဘယ်လိုမျှား ပုံသွင်း လမ်း
ပြန် ပေးနိုင်မှာပါလိမ့်မလဲ။

'ခင်သီတာ ဘယ်အရွယ်မှာ သည်ရောက်လာတာလဲ'

'မွေးကတည်းကပေါ့၊ ကျွန်မကိုမမွေးခင် အမေတစ်ခေါက်
ရောက်လာသေးတယ်တဲ့၊ အဲသည်တုန်းက ဘူတာမှာ တလည်
လည် ဖြစ်နေလို့ သက်ဆိုင်ရာက ခေါ်လာတာ၊ သည်မှာ ကုသ
ပေးလို့ တော်တော်ကလေးသက်သာသွားတယ်ပေါ့အစ်မရယ်၊
အမေမယ့် သူ ဘယ်ကလာမှန်း၊ ဘယ်သူမှန်းလဲ မသိတော့ဘူး

တဲ့၊ တစ်ခါ သူ့ကို ဆေးရုံဆင်းခွင့်ပြုနိုင်တဲ့ အနေအထား မရောက်သေးခင်မှာပဲ သူပျောက်သွားရောတဲ့'

'ဘယ်ထွက်သွားတာလဲဟယ်'

'ခြေဦးတည့်ရာသွားမှာပေါ့ အစ်မရဲ့၊ သည်ကဆရာ ဆရာမတွေ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့မှ အမေတစ်ခေါက် ပြန်ရောက်လာတာ'

'အရင်လိုပဲ လာပို့ကြတာပေါ့နော်'

'လာပို့တာတော့ ဟုတ်တယ်၊ အမေကပို့ခိုင်းတာ၊ သူ့အိမ်တဲ့၊ သူ့ဖွဲ့နွဲ့ပြတဲ့နေရာဟာ သည်နေရာပဲ၊ သည်လဲရောက်ရောဒါ သူ့အိမ်လို့ ပြောသတဲ့၊ သူ သည်မှာပဲ ရောဂါနဲ့ သေတာပါပဲ၊ အဆုတ်အအေးပတ်တာလို့ ပြောကြတာပဲ'

ယွန်းကခင်သီတာ့လက်တွေကိုအသာဖယ်ရှားကာ 'ရပြီခင်သီတာ တော်ပြီ' ဟု တားမြစ်လိုက်သည်။

'ဘာလီရည် သောက်မလား အစ်မ၊ ကျွန်မဖျော်ပေးမယ်၊ မုန့်လဲစားလေ'

'တစ်ခွက်လောက်သောက်ယင် ကောင်းမယ်ထင်ပါရဲ့၊ မုန့်တော့ မစားတော့ပါဘူး၊ ခင်သီတာယူစားလေ'

ခင်သီတာသည် သွက်လက်စွာပင် ခုတင်ဘေးဗီရိုပုထဲမှ ဘာလီရည်ပုလင်း ထုတ်ယူကာ ဖန်ခွက်တွင် ဖျော်လေသည်။

'အဲသည်တော့ ခင်သီတာက အမေနဲ့အတူပါလာသလား၊ သည်ကျမှမွေးတာလား'

'ပါလာတာပေါ့၊ ကျွန်မကနို့စို့ကလေး၊ လမ်းမှာကြုံရာ ရာနဲ့ ညားခဲ့မှာပေါ့အစ်မရယ်'

ယွန်း ခေါင်းနားပန်းကြီး တုန်လှုပ်သည်။ ကြုံရာလူနဲ့ညားခဲ့ ပေါ့ဟု ပြောနေသူသည် အနှီကြုံရာလူ၏ မျိုးဆက် မဟုတ် လိုပါပဲ။

'ခင်သီတာကလဲ' ဟု ယွန်းက သဲ့သဲ့ညည်းမိပြန်သည်။

ခင်သီတာသည် ယွန်းလက်ထဲသို့ ဘာလီရည်ဖန်ခွက် ထည့် သည်။

'အစ်မယွန်း၊ ကျွန်မ သည်မုန့်ကလေးစားမယ်နော်'

မနွေက မေမေယူလာသော ဆွစ်ကိတ်မုန့်လိပ်အနက် တစ် ကို ထောင်ပြခွင့်တောင်းသည်။ ယွန်းလည်းခေါင်းညိတ်၊ သီတာ့ပါးစပ်ထဲသဲ မုန့်ရောက်။

'အမေက ကျွန်မကိုတော့ သူ့ကလေးမှန်းသိတယ်၊ သိပ် ဖောက်နေတဲ့အချိန်ကလဲယင် နို့မှန်မှန်တိုက်တာပဲတဲ့၊ ပစ် ပြီး လျောက်သွားနေလို့ ဆရာ ဆရာမတွေကဆူယင် ရယ် ပြန်လာကြည့်သတဲ့၊ ကျွန်မ သက်ဆိုးရှည်မယ်မထင်ကြဘူး၊ ပေမယ့် ကျွန်မ မသေဘူး'

ယွန်းခုတင်ဘေးမှ စိပ်ပုတီးနှင့်တရားမှတ်နေသော အဒေါ် သည် မျက်စောင်းခဲကာ ငြိုငြင်သည်။

'အပြင်မှာ သွားပြောရအောင်' ဟု ယွန်းက ခင်သီတာကို တိုးခေါ်ထုတ်ရလေသည်။

'အဲသည်အဒေါ်ကြီးကသူငွေးကတော် အစ်မယွန်းရဲ့၊ ဆော
တက်ချည် ဆင်းချည်နဲ့ ကြာလှရှိပြီ'

အဆောင်အပြင်ဘက်တွင် မြက်ခင်းကလေးက စိမ်းစိုနေ
စက္ကူပန်းတွေ၊ ရွက်လှပန်းတွေနှင့် စုံမြိုင် အေးချမ်းနေသ

တိုင်ကိုမှီကာ ခင်သီတာ့ကိုငေးကြည့်ယင်း ယွန်းမှာ အ
မကုန်နိုင်ပေ။ သည်လိုဘဝမျိုး ဇာတ်လမ်းမျိုးကို ပြောဆို
သော်လည်း ခင်သီတာ စိတ်ဓာတ်ကျဆင်း စိတ်ညစ်ညူးပုံ

'ဆရာကြီးတွေ ဆရာမကြီးတွေကကျွန်မကိုစာသင်ပေးတ
ကျွန်မကိုက စာမတတ်ချင်တာ၊ အမေ့ကိုတော့ ကျွန်မကြ
တယ်၊ ပြုစုတယ်၊ အဟဲ....ကျွန်မလင်ရဖူးသေးတယ် သိလ

'ဟောတော့်...ခင်သီတာကလေ၊ ဟုတ်ပဲဟုတ်ရဲ့လား
သီတာ၊ ယွန်းကို လျှောက်ဖြီးနေတာလား'

ခင်သီတာ တဟိဟိ ရယ်နေသည်။

'သူ့မယားဆေးရုံလာဘက်တော့ သူက လာလာတွေ့တ
မယားက သနားတော့သနားစရာပါ၊ နွားမတစ်ကောင် ရှိ
ဇီးနဲ့ဆိုတော့ အမလေးမွေးယင် စီးပွားတက်လာမှာပဲမျှော်
တာပေါ့၊ မမွေးနိုင်ဘဲ သေပါရော အစ်မရယ်၊ မိန်းမကြီ
သွက်သွက်လည် ရှုးတော့တာပဲ'

'အဒါနဲ့....'

'အဒါနဲ့ ဆေးရုံရောက်တာပေါ့၊ ဆေးရုံလာယင်းလာ
ကျွန်မနဲ့ဖြစ်ရော၊ ကျွန်မလိုက်ပြေးသွားတယ်၊ အမေ မသေ
ဘူး၊ ကျွန်မကိုမတွေ့တော့ ရှာသတဲ့၊ ကျွန်မလဲ ကြာကြာ

နိုင်ပါဘူး၊ ဆေးရုံမှာက ဟိုကကျွေး၊ သည်ကပေးနဲ့ နပ်မှန်
သေးတယ်၊ အဲသည်လူက ဘာအလုပ်မှမလုပ်ဘဲ မူးချည်းနေတာ
အစ်မရဲ့၊ သူ့ကလေးတွေကို ရိုက်၊ အံမယ် ကျွန်မကိုပါ ရိုက်
တာ၊ ကျွန်မ ပြန်ပြေးလာရော'

'သည်ကလူကြီးတွေက ဘာပြောလဲ'

'ဆူတာပေါ့၊ ဆူပေမယ့် ကျွန်မကိုလဲ မောင်းထုတ်လို့မှမရ
တာ၊ သံယောဇဉ်ဖြစ်နေကြပြီလေ၊ ကျွန်မကလဲ လိမ္မာသွားပါ
ပြီ အစ်မရယ်၊ အမေသေပြီးမှ ပိုလဲနားလည်လာတယ်၊ ကျွန်မ
သည်မှာပဲ နေတော့မယ်၊ အခု ကျွန်မကို အလုပ်ပေးထားတယ်
လေ၊ လခရတယ်၊ ဆရာတွေ လူနာတွေ သဒ္ဓါလို့ ပေးတာ
ကျေးတာလဲ စားရသောက်ရ ဝတ်ရတယ်၊ ဒါက ကျွန်မရဲ့
အိမ်ပဲ'

အင်္ကျီဖြူ၊ လုံချည်နီညို ကလေးနှင့် ရောင့်ရဲပျော်ရွှင်စွာပြော
နေသော ခင်သီတာ့စကားတွေကိုနားထောင်ယင်း ယွန်းရင်ထဲမှ
အမျိုးအမည်မသိ၊ အကြောင်းရင်း ဖော်မပြနိုင်စွမ်းသော ကြေ
ကွဲမှတွေ လျော့ပါး သက်သာလာသလိုပင်။

'ဆရာလာနေတယ်အစ်မ၊ အစ်မရဲ့ ဦးလေး ဆရာဝန်လေ၊
အစ်မရဲ့ ဦးဦးဖေဖေ'

ဆရာနေဘွားသည် အဝေးမှပင် ယွန်းကိုပြုံးပြနှုတ်ဆက်ကာ
ထာလေသည်။

ဦးဦးဖေဖေဟု ယွန်း အဘယ်ကြောင့် သူ့ကို ခေါ်
သလဲ။ ယွန်း ထိုသို့ခေါ်ကြောင်း ယွန်းဘာသာ သတိရသ
ယခုတော့ ယွန်း နည်းနည်းရှက်သလိုလိုပင်။

'သမီး ဘယ့်နှယ်နေသလဲကွ'

'မူးနောက်နောက်နဲ့ဦးရယ်၊ ယွန်း ပါးစပ်တွေလဲ နာတ
ပါးစပ်ထဲကို ဘာကြီးလဲမသိပါဘူး ထိုးထည့်ကြတာကိုး ဦ

'လျှာမကိုက် မိအောင် ဖုံးခံပေး တာပါ၊ နောက်
ကောင်းသွားမှာပါ'

ဆရာနေဘွားက ယွန်း၏ နဖူးကလေးကို စမ်းသည်။
သည် မရှန်းမဖယ် ကျေနပ်စွာ ဖြိမ်သက်နေလေသည်။

'ယွန်း ဘယ်တော့ အိမ်ပြန်ရမှာလဲ ဦး၊ ယွန်းတို့ တက္ကဆ
ဝင်ခွင့် လျှောက်လွှာတွေ တင်ရတော့မယ်၊ ဆယ့်ငါးရက်
နောက်ဆုံးတဲ့ ဦးရဲ့'

'သည်နေ့ ဘယ်နှစ်ရက်နေ့ပါလိမ့်'

'ငါးရက်နေ့လေ ဦး၊ အမယ် ယွန်း သိပါတယ်၊
အချိန်တို့ နေရာတို့ ဘယ်သူဘယ်ဝါတို့ သိမှသိရဲ့လား၊ မ
ရဲ့လားဆိုပြီး စမ်းကြည့်နေတာမဟုတ်လား'

ယွန်းက တရင်းတနှီး မျက်စောင်းချိတ်ကာ နွဲ့လိုက်
ဆရာနေဘွားက ချစ်စနိုးရယ်မောသည်။

'မဟုတ်ရပါဘူးဗျာ၊ ဦးက ရက် တွက်ကြည့် ချင်လို့
သည်လိုလုပ်မယ်လေ ယွန်း၊ အခု သမီးကို တခြားအဆော
ဆရာတွေ လာကြည့်ကြမယ်၊ သည်မှာတော့ Round

ခေါ်တာပေါ့ကွာ၊ သမီးအခြေအနေကိုကြည့်ရှု တိုင်ပင်
ပြီး ဝိုင်းဝန်းကုသပေးကြမှာပေါ့'

'ယွန်း နေကောင်းပါတယ်ဦးရယ်'

'ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ကောင်းသည်ထက်ကောင်း
စေချင်လို့ပေါ့ ယွန်းရဲ့'

ယွန်းက နှုတ်ခမ်းကလေးစူကာ ဆိုးနွဲ့မိသည်။ ဆရာနေဘွား
သဲ့ ရယ်မောလေသည်။

'ယွန်းရဲ့ လျှောက်လွှာပုံစံတွေကို ဖြည့်နှင့်ချင်တယ် ဦး၊ အိမ်
နီတာနဲ့တိုင်ပင်ပြီး ဖြည့်ရမှာနော်၊ ခုတော့ ယွန်းဘာသာ
ဦး'

'အမှတ်ရတာချင်းလဲ မတူဘူး မဟုတ်လား ယွန်းရဲ့၊ ယွန်း
ချင်တဲ့လိုင်းကို အမှတ်မီမမီချိန်ဆပြီး ရွေးပေါ့'

'သည်နေ့ မေမေတို့လာယင်တော့ ယွန်းမှာလိုက်မယ်၊မလာ
ဦးပဲ မှာပေးနော်'

'စိမ်းနု လာမှာပါ၊ စိမ်းနုက ယွန်းကို အရိပ်တကြည့်ကြည့်
ချင်တာ'

'ယွန်းကို ဆေးရုံပို့ထားပြီးတော့များ'

ကားနိုင်လုကာ ငြင်းမိသော်လည်း ယွန်း ပြုံးနေသည်။
ပြန်ချင်တယ်လို့ စိမ်းနုကို မပူဆာနဲ့နော် ယွန်း၊ပြန်ရတော့
ကွာ'

'မပူဆာပါဘူး၊ ဦးက ဆက်နေဦးဆိုယင် ယွန်းနေရမှာပေါ့

ဆရာနေဘွား နှစ်သိမ့်စွာ ပြုံးသည်။

'ယွန်းအမှတ်က ဆေးတက္ကသိုလ်လဲ ဝင်လောက်ပါတ
ဒါပေမယ့် ခုံနံပါတ်က အောက်နားကပ်နေမှာ၊ ယွန်း ဝါ
လဲ မပါပါဘူး၊ သွေးသံရဲရဲ အော်ဟစ် ညည်းညူနေတာ
တွေလဲ ယွန်း မကြားချင် မကြည့်ချင်ဘူး၊ ယွန်း အရာ
လုပ်ချင်တယ်၊ ပိုင်စိုးတို့အမေလိုလေ၊ ခုဆို လက်ထောက်
ကြား ရေးမှူးတောင် ဖြစ်နေမြီတဲ့'

'ယွန်းဘာသာ စဉ်းစားလေ၊ စိမ်းနုနဲ့လဲ တိုင်ပင်
အရင်ကကော စိမ်းနုက ယွန်း ဘာလျှောက်စေချင်တယ်မပြော
ဘူးလား'

'မေမေက ဆရာဝန်တော့ ဖြစ်စေချင်တယ်ထင်ပါရဲ့၊ အ
ထဲမှာ ဆရာဝန်မရှိလို့တဲ့၊ ကျန်းမာရေးအတွက် အား
အောင်လို့တဲ့၊ ဒါတော့ ဦးတို့ရှိသားပဲ ဦးရာ နော်'

မေမေ့ကို ဦးနှင့် သဘောတူနိုင် မတူနိုင်အထိ ယွန်း မ
စားချင်သေးပေ။ ဦးကို အရင်ကလည်း မမုန်းခဲ့ပဲ။ ယ
ပိုပြီး ခင်ခင်တွယ်တွယ် ရှိလာတာကိုတော့ ယွန်း စိတ်
ကွဲပြားသည်။ အဲသည်လောက်မှာပဲ ထားလိုက်လျှင် ပို
စိတ် အေးချမ်းသက်သာ ရှိနေနိုင်မည်ထင်၏။

'အဲသည် ခင်သီဘာကို ဦးသိတယ် မဟုတ်လားဟင်'

ယွန်းက လူနာခန်းတစ်ခုမှ လက်သုတ်တဘက်များကို
ယူ ထွက်ခွာသွားနေသော ခင်သီတာဘက်ကို မေးငေါ့ပြသ

မက ခင်သီတာပြန်အလာတွင် လူနာမှဖြုတ်ထားပြီးသော
ကို့စ်ပုလင်းခွံ နှင့်ပိုက်ကိုသယ်လာရန် ထွက်မှာနေလေ၏။

'သိတယ်လေ၊ ယွန်းကိုကြည့်ဖို့ ဦးပဲ အပ်ခဲ့တာပဲ၊ ဆရာမတွေ
သူ့ဆို ထောက်ခံချက်အပြည့်ပေးကြတာလေ'

'သူ့ အကြောင်းတော့ ဦး မသိဘူးမဟုတ်လား'

'ဟင့်အင်း'

'ယွန်း သိတယ်'

'ဆိုပါ ဦး'

ယွန်းသည် ခင်သီတာ့အကြောင်းကိုဆက်မပြောချင်တော့ဘဲ
ဘရက် နီတာ့ထံစိတ်ပျံ့လွင့်သည်။

'ဘကယ်တော့ နီတာဟာ သနားစရာပါပဲ ဦးရာ၊ အန်တီ
ဆဲ့ရှေဟာ မေမေနဲ့မှ ရှယ်တူရယ်၊ နေမယ်ဆို နေနိုင်သေး
ကိုနဲ့ အသေစောလိုက်တာ၊ နီတာဟာ ယွန်းတို့ရှေ့မှာ တင်ုင်
နေတာဦးရဲ့၊ သူတစ်ယောက်တည်းဆို အားငယ်ပြီး မျက်
နဲ့ မျက်ခွက်၊ သနားပါတယ်နော်'

ဆရာနေဘွား၏ ကြည်သာသော အပြုံး ပျောက်ကွယ်သွား
ယွန်းကို စေ့စေ့ကြည့်ကာ သက်ပြင်းချလေသည်။

'နီတာက ပြောပြသလား၊ သူ့ တစ်ယောက်တည်းဆိုယင်
ကိုသည်နဲ့ မျက်ခွက်ပဲတဲ့လား'

'ပြောတယ်'

ခေတ္တတုံ့ဆိုင်းသွားပြီးမှ....

'စကားနဲ့တော့ မပြောဘူးပေါ့၊ ဒါပေမယ့် ယွန်း ကြ
တာပေါ့'

'ယွန်း နားထဲမှာ အသံတွေကြားရလို့လား'

'မဟုတ်ပါဘူး၊ နီတာ့အသံကိုတော့ ယွန်းနားထဲမှာမကြ
ပါဘူး'

'ဦးတော့ရှုပ်ကုန်ပြီကွာ၊ အသံကိုနားထဲမကြားယင်ဘယ်
ကြားမလဲ ပြော'

'စိတ်နဲ့ကြားတာပေါ့ဦးရဲ့'

ယွန်းသည် နားဝေးရန်ကောဟူသော အမူအရာကလေး
စူအောင့်အောင့်ကလေး ဖြေလိုက်မိလေသည်။

ဦးက လက်ပတ်နာရီကို တစ်ချက်ကြည့်ကာ....

'လာ....သမီး၊ ဆယ်နာရီထိုးပြီ၊ Round သွားရအော
ဟု ခေါ်၏။

ဦး အတူပါလာသောကြောင့် ယွန်းမတွန့်မဆုတ် လိုက်
သွားသည်။

အခန်းရှည်ကြီးထဲရှိ အခင်းဖြူနှင့်စားပွဲရှည်ကြီး ပတ်လ
တွင် ဆရာဝန် ဆရာမများ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။ စာ
ထိပ်ဘွင် နဖူးပြောင်ပြောင်၊ မျက်ခုံးထူထူနှင့်ဆရာဝန်ကြီးက
နေလေသည်။ စောစောကယွန်းကို ရှောခ်ရိုက်ပေးသော ဆ
ဝန်ကြီးဖြစ်လျက်၊ သူ့အမည်ကိုတော့ ဦးထွန်းအောင်ဟုသိမှ
ရလေသည်။

'သမီး....ထိုင်ကွယ့်'

စားပွဲရှည်၏ ခါးလယ်ဖြတ်ရှိခေါက်ကုလားထိုင်ကလေးတွင်
းဝင်ထိုင်ယင်း ဦးကို အခန့်ပြင်ပြုန်တုတ်သွားမလား ပူပန်
ကြောင့်ကြစွာ လှည့်ကြည့်မိသည်။ ဦးက ယွန်းနံဘေးရှိ ထိုင်ခုံ
ထိုင်လိုက်တော့မှ ယွန်း သက်ပြင်းချနိုင်လေ၏။

'သည်နေ့ ကျွန်တော်တို့ရဲ့ Social Worker တစ်ယောက်
တဲ့ ဒေါ်နွဲ့နွဲ့လဲ ရောက်နေတဲ့အတွက် သည်နှစ် ဘွဲ့လွန်သင်
းသားများနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒေါ်နွဲ့နွဲ့ကတော့ စိတ်
ဒနာရှင်တွေရဲ့ လူမှုရေးပြဿနာ အခက်အခဲအမျိုးမျိုးကို
းဝန်းဖြေရှင်းယင်း စေတနာဝန်ကို ထမ်းလာခဲ့တာကြာပါ
ကျွန်တော်တို့နဲ့လဲ ရင်းနှီးကျွမ်းဝင်နေပါပြီ၊ သင်တန်းသား
က သည်နှစ် နှစ်ယောက်ရှိတယ်၊ ပေးရင့် နံဘေးက ဦးနေ
း၊ သည်ဘက်ထောင့်စွန်းကတော့ ဒေါ်သက်သက်နိုင်'

ဦးတို့အချင်းချင်း ပြုံးရယ်နှုတ်ခွန်းဆက်ကြစဉ် ယွန်းသည်
သက်သက်နိုင်၏ စားပွဲပေါ်တင်ထားသော လက်ခုံတွင်
ာလ်ပင်မင်ခြစ်ရာ တစ်စင်းထင်နေသည်ကို စူးစူးစိုက်စိုက်
ည့်နေမိသည်။ သူတို့အချင်းချင်း ဆက်ပြောနေကြသော
စကားဘေးသည်ယွန်းနားထဲသို့ဝင်တစ်လှည့် လွှဲထစ်လှည့်။
ဦးနေဘုံရဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ဆည်ပေးရှင့်ကလေး
စ်ကို ဆွေးနွေးညှိနှိုင်းကြဖို့ပါ ဆိုလားပဲ၊ ဩော်....အဲဒါ
ကို ပြောနေတာပဲ၊ ယွန်းအကြောင်းတော့တော့ သူတို့ကို
ကြီးက ပြောပြပြီးသားဖြစ်မှာပါ၊ ဒါကြောင့် ယွန်းထိန်း
သိမ်းမရ သောင်းကျန်းဆူဆဲတာတို့ ဘာတို့ထပ်မပြော

တော့တာ၊ ဟုတ်မှန်းမဟုတ်မှန်းမသိဘဲ ပြောပြောနေကြတော့
ယွန်းစိတ်ညစ်မှာပေါ့။

'ယွန်းဟာ Pure Affective Disorder ပါပဲ၊ လာ
တုန်းက ဟိုင်ပိုမေးနီးယားနဲ့ ရောလာပေမယ့် အခု ဒီပရက်ရှင်
ဘက် လုံးလုံးလျားလျား ရောက်သွားတယ်လို့ ကျွန်တော်တို့
အင်ပရက်စ် လုပ်ပါတယ်၊ သည်ကနေ့ အီးစီတီရိုက်တယ်၊ ဆရာ
တို့ရဲ့ သဘောထားကလေးတွေ....'

ဦးနှင့်အဘူ ဘွဲ့လွန် တက်နေသည်ဆိုသော ဆရာဝန်မသည်
ယွန်းကို အင်မတန်မေးမြန်း လိုလှနေပြီဖြစ်သော အသွင်ရှိသည်
သို့တစေ သူ့ဆရာ ဆရာမကြီးများ၏အရိပ်အကဲကို စောင့်စာ
နေရဟန် တူလေသည်။

'သမီးက ဆယ်တန်းအောင်သွားပြီနော်'ဟု ဥတ္တရဆောင်
ဆရာဝန်က မေးသည်။

'ဟုတ်ကဲ့'ဟု ယွန်းတိုးတိုးဖြေသည်။

သည်အကြောင်းကို ယွန်းမဖြေချင်လှ။ ဆက်လာမည့် ဆေ
ခွန်းတွေကို ယွန်းကြောက်လန့်ကာနေသည်။ စောစောကတည်
က တရိပ်ရိပ်ဖြစ်နေသော ယွန်း၏ ဦးခေါင်းမှာ ပို၍ ရီဝေ
နောက်လာသလိုပင်။

'သမီး ဂုဏ်ထူးတွေအများကြီးရတယ်လို့ သမီးရဲ့ဆရာကြီး
ဦးထွန်းအောင်က ဆရာမတို့ကို ပြောထားတယ်'

လာပါပြီဂုဏ်ထူး၊ လာပါပြီအမှတ်....။

ယွန်းမျက်လွှာချကာ ငြိမ်သက်နေသည်။

'ဘာတွေဂုဏ်ထူးရသလဲဆိုတာ ပြောပြပါဦးသမီးရယ်'
ယွန်းမဖြေ။

'ပြောပြလိုက်လေယွန်း၊ သမီးတော်တဲ့အကြောင်း ဦးက
ကြွားထားတာ'

'ယွန်းမတော်ပါဘူး၊ ယွန်းမြန်မာစာလဲမရဘူး၊ သမိုင်းလဲ
မရဘူး၊ ယွန်းက အသုံးမကျပါဘူး'

ဆရာတွေသည် အချင်းချင်း အင်္ဂလိပ်လိုဆွေးနွေးကြသည်။
ယွန်းတို့ခေတ်မှာက အင်္ဂလိပ်စာကိုစာမေးပွဲဖြေနိုင်ရုံသာအလွတ်
ကျက်ကြတာမို့ ကျောင်းစာအုပ်ထဲမပါခဲ့သောစကားလုံးများ
ကို နားမလည်ရသည့်အထဲ စကားပြောဆိုနေသော လေယူ
လေသိမ်း အတက်အကျတွေကို လိုက်ဖမ်းမရတာကြောင့် ဘာ
တွေမှန်း သေချာမသိ။ ဒီပရက်စ်ဒ်ဆိုတာတစ်လုံးတော့သိသည်။
စိတ်ဓာတ်ကျဆင်းနေသည်ဆိုသောအဓိပ္ပာယ်။ ယွန်းကိုပြောတာ
ဟုတ်မဟုတ်တော့ ယွန်းသေချာ မသိပေ။

'သမီးရဲ့ သူငယ်ချင်းကလေးဆို ဂုဏ်ထူးတစ်ခုပဲရတာတောင်
သိပ်ဝမ်းသာနေတာပဲလို့ သမီးရဲ့ဦးက ပြောပြတယ်လေ၊ ဟုတ်
တာပေါ့ သမီးရယ်၊ နှစ်ချင်းပေါက်အောင်ဖို့တောင် မနည်း
ကြိုးစားကြရတာ မဟုတ်လား၊ ဂုဏ်ထူးပါတာ ဝမ်းသာစရာ
ပေါ့၊ သမီးလို ဂုဏ်ထူးလေးခုရတဲ့သူအတွက်တော့ သမီးအမေ
ဟာ ဝမ်းသာလို့ဆုံးမှာ မဟုတ်ပါဘူး'

'မေမေက ယွန်းကို သိပ်တော်စေချင်တာ'

'အခုလဲ သမီး သိပ်တော်နေတာပဲ မဟုတ်လား သမီးရဲ့'

ထုပ်မိတယ်၊ သည်အပြစ်ကြောင့် သမီး ငရဲကြီးတယ်၊ သမီး
ဝဋ်ခံရတယ်၊ သမီး သည်လိုထင်နေတယ် မဟုတ်လား'

ယွန်း ဝမ်းနည်း ရှိုက်ငိုလာသည်။

ပူးဝါးသင်းဟု ဆရာမကြီးက ညည်းတွားသည်။ သနား
ဆောပဲဆိုသော အဓိပ္ပာယ်။ ယွန်း ဒါလောက်တော့ နားလည်
လေသည်။ ယွန်းကို ပြောနေတာလား၊ ယွန်းဟာ သနားစရာ
ကေား၊ ဟုတ်မယ် မထင်ပါဘူးလေ။ ယွန်းကို ဘယ်သူမှ မသနား
ကြပါဘူး။

'ဆရာတို့ ဒေးစရာရှိယင် မေးလေ၊ မေးကြပါ၊ မေးစရာ
ဘူးကတော့ ကျန်သေးတယ်'

ယွန်းသည် ဦး၏ အတန်းဖော် ဆရာဝန်မကြီးထံ မျက်လုံး
ဆုကြည့်သည်။ သူ အဝိမတန့် မေးချင်နေကြောင်း ယွန်း
သိမ်မြေလေသည်။

'သမီးတို့မှာ မောင်နှမ ဘယ်နှစ်ယောက် ရှိသလဲ'

ဟော....ကိုကို သေရတာ ယွန်းကြောင့်ပဲဆိုပြီး သူ စွပ်စွဲ
ဘူးမှာပဲ။

ယွန်းမျက်နှာ ဖြူရော်သွားကာ မျက်လုံး လဲ့ဖယ်သည်။

'ဆရာမတို့က သမီးကို ကူညီမလို့ပါ၊ သမီးရဲ့ အခက်အခဲ
တွေကို ဖြေရှင်းပေးမလို့ပါ၊ ဆရာဝန်တွေကို သမီး ယုံကြည်
ကောထားမှလဲ သမီး ခံစားချက် အမှန်တွေကို ဆရာတို့ သိရပြီး
ဖြေရှင်းပေးနိုင်မယ် သမီး၊ သည်ဆရာမ မေးတာကိုလဲ ဖြေလိုက်
ပါဦးဦး'

'မတော်ပါဘူး၊ ယွန်းရဲ့ကျောင်းက သမီးကို သည်ထက်
မက ရစေချင်တာ၊မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘူးလို့ ပြောစရာ
ဖြစ်ကုန်တယ် ဆရာကြီးရယ်'

'ဘယ်သူက ပြောလို့လဲ'

'ဒါတွေ့ မြန်ပြောမနေတော့ပါဘူး၊ ဟုတ် လို့ ပြော စာ
ပြောပါစေတော့'

'ဆရာတို့က သိချင်လို့ပါကွယ်၊ သမီးရဲ့ ဆရာတွေက ပြော
သလား'

'မဟုတ်ပါဘူး'

'သမီးနားထဲမှာ အသံတွေ ကြားနေလို့လား'

'တစ်ခါတလေ ကြားတာပါ၊ ဘယ်သူမှန်း သေချာမသိတာ
ခက်နေတာပါပဲ၊ ယွန်း သေချာသိယင် ရှင်းပြပါတယ်၊ ယွန်း
မကြိုးစားလို့ မဟုတ်ပါဘူးလို့ ရှင်းပြချင်တယ်၊ ယွန်း ငရဲ
ကြီးနေတာ၊ ဝဋ်ခံနေရတာ၊ ယွန်းဟာ အမေအပေါ် ပြစ်မှား
တယ်၊ အဲဒါလဲ ဦးပြောပြပြီးပြီ မဟုတ်လား'

ယွန်းက ဆရာနေတွားကို လှည့်မေးသည်။ ဦးက မျက်နှာ
အထား ခက်သလို မျက်ခုံးတစ်ချက်ပင့်ကာ ခေါင်းခါသလို၊
ညိတ်သလို မရေမရာ လုပ်နေသည်။ ဩော်....ဦး ကိုယ် တိုင်
သည်ဇာတ်လမ်းထဲမှ အရေးတကြီး ပါဝင်ရသည်ဟု ဦး သဲသဲ
ကွဲကွဲ ပြောမပြဘူး ထင်ပါရဲ့။

သမီးဟာ အမေ့အပေါ်မှာ အင်မတန် ချစ်ခင် ရိုသေတယ်၊
အကြောင်းတစ်ခုကြောင့် သြဇာမနာခံတဲ့ တော်လော်ကန့်လန့်

ယွန်း သက်ပြင်းချသည်။

'ယွန်း တို့ဆုံးယောက်'

'သမီးက အငယ်ဆုံးနော်'

'ဟုတ်ကဲ့'

'အကြီးတွေက'

'ကိုကို၊ ညီညီ'

ကိုကိုဆိုသော စကားလုံးတွေသည် ယွန်းနှုတ်မှာ လှုပ်ခတ်
တုန်ယင်သည်။

'သူတို့က ဘယ်မှာလဲ'

'အတူတူပါပဲ၊ ယွန်းတို့အမေနဲ့ အတူနေကြတာပေါ့၊ ယွန်းတို့
အမေက အလုပ် လုပ်ရတယ်၊ အလုပ်တွေ များရတဲ့ အ
ကြီးဒေါ်ဆုံးလို့ မော်လမြိုင် သွားလိုက်ရသေးတယ်၊ ယွန်း
ကတော့ ဒေါ်လေးတင့်တင့် ရှိနေတော့ အေးအေးဆေးဆေး
ပဲလေ၊ ဒေါ်လေးတင့်က မေမေ့ သူငယ်ချင်း'

ဆရာတွေ ပြုံးနေကြသည်။ ဘာကို ပြုံးသည်မသိ။ ယွန်း
ကတော့ ဒေါ်လေးတင့် ဟင်းချက်ကောင်းတာကို ဆက်ပြော
အပြေးအလွှား စဉ်းစား စကားလုံးစီနေလေသည်။

'ကိုကို အခု ဘယ်မှာလဲ'

ယွန်း စိတ်ပျက်သွားသည်။ သို့သော်လည်း ဆရာသမ
တွေကို ယွန်း လေးစားရပေမည်။

'အရင်ကတော့ ကိုကိုက ဆေးဆိုင်ရောင်းတယ်၊ တက္ကသိုလ်
မှာလဲ ရူပဗေဒအဓိကလေ၊ နောက်ဆုံးနှစ်ရောက်တယ်၊ ကိုကိုက
ယွန်းလိုတော့ ဂုဏ်ထူးတွေမရပါဘူး၊ ဒါပေမယ့် တစ်နှစ်မှ
ကျေဘူး၊ ယွန်းတို့ မိသားစုကို ကိုကို လုပ်ကျွေး နေတာပါ၊
မေမေနဲ့ ကိုကိုကပဲ စီးပွားရေးကို ဦးဆောင်နေခဲ့တာ'

'အခုကော'

ယွန်း မျက်လွှာချကာ နှုတ်ခမ်းတင်းတင်း ကိုက်လိုက်ရလေ
သည်။

'အခုလား၊ အခု ကိုကိုမရှိတော့ဘူး'

သည်စကားမှ ယွန်း ရှောင်လွှဲခွင့် မပေးကြပါကလား။

'မရှိတော့ဘူး ဆိုတာက'

ယွန်း သက်ပြင်းချမိပြန်လေသည်။

'ကိုကို ဆုံးသွားပြီလို့ ပြောကြတာပါပဲ'

ဆရာကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ
ခေါင်းတညိတ်ညိတ်နှင့် နားလည်မှုဖလှယ်ကြသည်။ ယွန်းသည်
အထက်နှုတ်ခမ်း အတွင်းသားကလေးကို သွားနှင့် အသာဖိကိုက်
ထားရလေသည်။ မျက်တောင်တဖျပ်ဖျပ်ခတ်ယင်းကပင် မျက်
ရည်သည် တားမနိုင်ဆီးမရ ပြည့်အိုင်လာလေသည်။

'ပြောကြတာပါပဲဆိုတော့ ဘယ်သူတွေက ယွန်းကို ပြော
တာလဲ'

'အားလုံးကပေါ့၊ မေမေတို့အားလုံးပါပဲ'

'ယွန်းကိုယ်တိုင် မသိမမြင်လိုက်ရဘူးလား'

'ယွန်း စာမေးပွဲဖြေနေတာ'

'စာမေးပွဲပြီးမှ သိရတယ်ပေါ့'

'ဟုတ်ကဲ့၊ ကိုကိုက ယွန်းကို သိပ်ချစ်တာ၊တကယ်ဆို ယွ
ကို အရိပ်အယောင် ပြမှာပေါ့၊ ယွန်းကို လာနှုတ်ဆက်မှာပေ
အဲသည်လို ထင်လောက်စရာ ဘာမှမဖြစ်ခဲ့ဘူး၊ ယွန်း ဘ
တစ်ခုမှ စိတ် စနိုးစနောင့် မဖြစ်ခဲ့ရပါဘူး'

'ယွန်း မယုံဘူးပေါ့'

ယွန်းသည် ဆရာဝန်များ၏ အကြည့်ကို ရင်မဆိုင်ဝံ့။ မျ
လှာ ချထားစဉ် မျက်ရည်များသည် ပေါင်ပေါ်တင်ထားသော
ယွန်း၏သက်ပေါ် ပိုးပိုးပေါက်ပေါက် ကျဆင်းလာလေသည်

'မယုံသောက်စရာ တခြားအကြောင်း ရှိသေးသလား သမီ
ညမှာ ကိုကိုရှိနေတယ်လို့ သမီး ထင်နေတာမျိုး'

ယွန်း မဖြေပေ။

'ယွန်းရဲ့ အစ်ကိုငယ်ဟာ အစ်ကိုကြီးနဲ့လဲ ရုပ်ချင်းမဆင်
ဘူးလို့ ယွန်းရဲ့အဒေါ်က ပြောတယ်၊ ဟုတ်သလား'

'ဟုတ်ကဲ့၊ ညီက မြင့်တယ်၊ထွားတယ်၊ ကိုကိုက သေးသေ
သွယ်သွယ်၊ ကိုကိုက စိတ်ရှည်ဘယ်၊ ညီကလဲ အခုတော့ စိ
ရှည်သပါပြီလေ'

'ယွန်းက ညီညီ့ကို ဘာလို့ ကိုကိုလို့ ထင်တာလဲ၊ တူ
မတူဘဲ'

'မထင်ပါဘူး၊ ညီက ညီပဲ'

'ယွန်းက ညီညီ့ကိုမှားပြီး ခေါ်တယ်ဆို'

'ကိုကိုရှိနေတုန်း ညီဝင်လာတာ၊ ကိုကိုက ယွန်းဆီလာတာ၊
ဝင်လာတော့ ကိုကိုက ဘယ်နေတော့မှာလဲ'

'ဘာဖြစ်လို့လဲ'

'ကိုကိုက ယွန်းကို ပို့ချစ်တာ၊ ယွန်းဆီလာတာ'

'ကိုကိုက ဘယ်သွားလိုက်သလဲ သမီးရဲ့'

ယွန်းလည်း ဒါကို သိချင်နေတာပါ။ သူတို့ နှားလည်မှာ
တော်တော့ ယွန်း ဆက်ပြောရ ခက်နေတာပေါ့။ မပြောတာ
ပို့ကောင်းမှာပါ။

နောက်ထပ်ဘာမေးမေး ယွန်း မဖြေဘဲ နေလိုက်မည် စိတ်
သည်။

'ကိုကိုဟာ သေဆုံးသွားပြီ၊ မရှိတော့ဘူး၊ အခု ယွန်းသိပြီ
လား၊ သမီးဆီကို သမီးရဲ့အစ်ကို မလာပါဘူး'

ယွန်းဘာသာ တစ်ယောက်တည်းနေရလျှင် ဘယ်လောက်
ကောင်းလိမ့်မလဲ။

'ယွန်း အိမ်လဲ မပြန်ချင်တော့ပါဘူး'

ယွန်းက မည်သူ့ကိုမှမရည်ရွယ်ဘဲ စိတ်ထဲရှိသော ဆန္ဒကို
ဖွင့်ပြော ညည်းတွားမိသည်။ ပါးပြင်ကိုသုတ်လိုက်သော
တို့ မျက်ရည်စတွေ ထပ်ဆင့် စိုလူးသွားခေါ်။

သြးထန်ခိုက်၏ အစဉ်အလာအတိုင်း စိမ်းနုတို့ဆေးခန်းသို့ နာထပ်ရောက်မလာပေ။ ကုသမှုခံယူပြီးနောက် မိုးအစဲစောင့်သော မောင်နှံနှစ်ယောက်မှအပ လူရှင်းလင်းနေ၏။

'လျောက်လှာပိတ်ရက်ဟာ ဆယ့်ငါးရက်နဲ့ မဟုတ်လား စိမ်း၊ ယွန်းအတွက် ဘယ်လိုလုပ်မလဲ'

ဒေါ်စိမ်းအေးနုသည် ဆရာဝန်ကလေးအား မျက် လှာ ပင့်ငေးယင်း သက်ပြင်းညင်သာချသည်။ သူမ ကိုယ်တိုင်လည်း မလိုလုပ်ရမည် မသိသေး။

'ဆရာနေဘုးကပြောတော့ ဆရာဝန်ကြီးတွေ အကြံပေးတဲ့၊ တစ်ခါ ရွှေ့ခ်ရိုက်ပြီးတာတောက် အတော်ကောင်းဘော့ သုံးခါလောက်ရိုက်ပြီးယင်တော့ ပုံမှန်အနေအထားကောင်းမယ်လို့ မျှော်လင့်တာပဲတဲ့၊ ဆေးနှားခွင့်လျောက်ဖို့ မလိုဘဲတာပဲတဲ့ ဆရာ'

ဆရာဝန်ကလေးသည် စားပွဲစွန်းကို လက်ခလယ်နှင့်ခေါ
ယင်း တောက်ယင်း စဉ်းစားကာနေသည်။

စီးပွားရေးလုပ်ငန်းချင်း ဆက်စပ်နေကြသော မိတ်ဆွေ
အနေနှင့် တစ်ယောက်၏ ပျော်ရွှင်မှုတွေ စိတ်သောကတွေ
တစ်ယောက်က မျှဝေခံစားမြဲ ဖြစ်ပေသည်။

သို့ရာတွင် ဒေါက်တာဝင်းသွင်ကတော့ ယွန်းနှင့်ပတ်
လာလျှင် သာမန်ဝတ္တရားရှိသည်ထက် ပိုကဲသာလွန်ကာ
ဆိုင် ပူပင်တတ်လွန်းသည်ဟု စိမ်းနု ထင်မိလေသည်။

'ယွန်း အမှတ်ကတော့ ဆေးလိုင်းဝင်မှာပါ၊ မမစိ
ယွန်းကို ဆရာဝန်ဖြစ်စေချင်တယ် မဟုတ်လား'

'သူ့သဘောပါပဲဆရာရယ်၊ စိမ်းနု ဘာမှမပြောလိုပါ
'သည်အရွယ်မှာ သူ ဘာဖြစ်ချင်တယ် ဘာလုပ်ချင်
ဆိုတာ သူ့ဘာသာ ဆုံးဖြတ်တတ်ဦးမယ်မထင်ဘူး မမစိ
အထူးသဖြင့် ယွန်းလို အမေ့ရင်ငွေ့မှာ မပူမပင်မတောင်
ကြီးပြင်းလာရတဲ့ သူတစ်ယောက်အနေနဲ့ ရင့်ကျက်လာဖို့
အတွေ့အကြုံ နည်းသေးတယ်'ဟု သူကပဲ လူကြီးလို ပြော
ညွှန်ပြနေသေးသည်။

'တချို့ နေရာတွေမှာ ဆရာပြောသလိုပဲ ဟုတ်ပါတ
တချို့နေရာတွေမှာကျတော့ ယွန်းဟာ ခံစားတတ်လွန်းနေ
တယ်၊ ယွန်းရဲ့နှလုံးသားဟာ အထိအခတ် အလှုပ်အရှာ
ပြန်ဘူးဆရာ၊ စိမ်းနု ရှင်းမပြတတ်ဘူး'

ကြုံမျှမိုးအားကောင်းနေခိုက်တွင် သူရောက်လာလိမ့်မည်ဟု
မမျှော်လင့်ပေ။

ခေါက်ထီးအနက်ကိုမလုံမခြုံဆောင်းကာ စိုက်စိုက်စိုက်စိုက်
ခပ်သုတ်သုတ်လျှောက်လာသော သူ့ကို လူလုံးကွဲလောက်
နေရာရောက်သည်နှင့် တစ်ပြိုင်နက် စိမ်းနုသိရှိမှတ်မိကာ
ဆိုတ်ပြုမိ၏။

'ဘာလဲ မမစိမ်း'

'ဘိုမှာလေ ဆရာနေတွားရယ်....မိုးထဲမှာ'

'ဟုတ်ပါရဲ့ မိုးထဲလေထဲမှာ'

နေတွားသည် ထီးကိုပိတ်ကာ ဆိုင်ရှေ့ထောင့်စွန်းတွင် ရေ
ားယင်း စိမ်းနုကိုယုံကြည်ကိုးစားလောက်သောသူ့အပြုံး
နတ်ခွန်းဆက်သည်။

ယ်နဲ့တင့်တင့် ဆေးရုံက အကူပြန်လာကြတာ၊ ဒါပေမယ့်
ကို မောင် အိမ်ပြန်လွှတ်လိုက်တယ်စိမ်းနု၊ ယွန်းရဲ့အခြေ
တယ်လောက် တိုးတက် ကောင်းမွန်လာတယ် ဆိုတာ
သေချာပြောပြတတ်မှာ မဟုတ်လို့'

ကား အဆုံးမသတ်စေကာမူ သူ၏ တစ်ချက် လှမ်း
သည် စိမ်းနုနှင့်လည်း တွေ့ချင်သည်ဟု မပြောဘဲအသိ
၏။

နေ့ထွေးလုံခြုံစွာပြုံးသည်။ ပြီးတော့ ဓာတ်ဘူးထဲမှ
ကြမ်းကို ပန်းကန်လုံးထဲ ငွဲပေးလိုက်လေသည်။

ဒေါက်တာဝင်းသွင်က ညီ့ကင်ဇိုရှပ်နှင့် ပြန်ထွက်လာသော ဆရာနေဘွားကိုကြည့်ပြီး တဟားဟားရယ်သည်။

စိမ်းနုလည်း ပြုံးရယ်မိလေသည်။

'ဆံပင်တွေ ရေခြောက်အောင် သုတ်လိုက်ဦးလေမောင်'

ညီ၏ မျက်နှာသုတ်တဘက်ပေါက်စကလေးနှင့်ပင်သူ့ဆံပင်များကို သုတ်သင်ယင်း စိမ်းနုတို့ရွေ့ကောင်တာမှာရောင်းဝယ်သော ခြေတံရှည်ခုံတွင် ဝင်ထိုင်လိုက်၏။

'ဆရာနဲ့တွေ့မှပဲ မေးရတော့မှာပဲ၊ ယွန်းက ဘာဖြစ်တာလဲဆရာ၊ သူ့ကို အခု ဘယ်လိုရောဂါ နာမည်တပ်မေးကြသလဲ၊ ဦးနှောက်တော်ရောက်တုန်းကတော့ ဟိုင်ပိုမေးနီးယားတဲ့'

စိမ်းနုလည်း နားစွင့်မိသည်။ စိမ်းနုတို့ကို ပြောပြသောကားနှင့် အခြေအနေသည် ဆရာဝန်ချင်းပြောသောစကားလုံးများနှင့် မတူညီဘဲ မူကွဲနိုင်ပေသည်။

'ယွန်းလား၊ ဟုတ်တယ်၊ ယွန်းကဆေးရုံရောက်သွားတုန်းတော့ ဟိုင်ပိုမေးနီးယားပေါ့ဆရာ၊ ခုတော့ဒီပရက်ရှင်လုံးလုံးလျားလျား ဖြစ်သွားပြီ၊ စိတ်ကြွရာ အစွန်းကနေ စိတ်ကျတဲ့အစွန်းကိုရောက်သွားပြီ၊ အဖက်တစ်အော်ဒါ ဝေဒနာသည်အများစုရဲ့ လက္ခဏာကတော့သည်ပုံစံချည်းပါပဲ၊ စိတ်ကြွတယ်၊ ငြင်းကျတယ်၊ ဒါပဲ...'

'ကျန်တော်တို့က စိတ်ရောဂါနဲ့ပတ်သက်လို့ သိပ်မသိဘူးဆရာ၊ နောက်ဆုံးနှစ် အပိုင်း(က)မှာ နှစ်ပတ်၊ အပိုင်း(ခ) နှစ်ပတ်၊ ဒါလောက်ပဲ အတွေ့အကြုံရခဲ့တာ၊ အဲဒါကလဲ

'ရေနွေးကြမ်းပဲရှိတယ်မောင်၊ တောက်လျှောက်မိုးစက်နေတာနဲ့ လက်ဖက်ရည်လေး ကော်ဖီလေးတောင် မမှာရ

'ရှိတာပဲသောက်မယ်စိမ်းနု၊ ချမ်းတယ်'

'မိုးတွေလဲ စိုရွှဲလို့၊ နေဦး ညီ့ အဝတ်အစားတွေ

ခါတိုင်းရှိတာပဲ၊ စိမ်းနုကြည့်လိုက်ဦးမယ်'

'နေပါစေ စိမ်းနု'

စိမ်းနုက နုံရံကပ် ဗီရိုမှန်ချပ်ဆွဲမှာ ကြည့်ရှုရှာဖွေ

'တွေ့ပြီ၊ သူ ပလတ်စတစ်အိတ်နဲ့ထုတ်ထားတာ ပါ၊ ပါတယ်'

'သူ့ဆောက်လာယင် လဲစရာမရှိဖြစ်နေပါ့မယ်'

စိမ်းနုက သူ့အား ပုဆိုးနှင့် ရှပ်အင်္ကျီ လှမ်းပေးလေ

'စိမ်းနုကို သူ့အိမ်နားကကားဂိတ်မှာပဲကြိုတော့မှာ၊ ည မလာဘော့ဘူး၊ ကျုပ်ကိုးနာရီအထိရှိတယ်လေ၊ အစမ်းနီးလာတော့ သူ ကျုပ်မှန်မှန်တက်တယ်'

'ညီက လိမ္မာနေပါပြီကွာ၊ ညီ့အဘွက် စိမ်းနုစိတ်ပါပြီ၊ ယွန်းကလေးသာ အလိမ္မာလွန်သွားပြီး ခုလို စိတ်ထစရာ ကြုံသွားရရှာတာ'

ဆရာနေဘွားသည် လူနာစမ်းသပ်ခန်းထဲသို့ဝင်ကာ အလဲလှယ်သည်။

'ဆရာတော့ ကျော်သူလဲ့ မှတ်ရတယ်ဗျာ၊ နုပျို့တာပဲ'

စာတွေကမျှားမျှား၊ ကိုယ်တွေ့လက်တွေ့က နည်းနည်းပဲမဟုတ်
လား ဆရာရဲ့၊ ဆေးတစ် ဘက်က ကျောင်းသားတွေကမှ
ယွန်းဆောက်နေတဲ့ တံတားလေးကို ရောက်ရသေးတယ်၊ ဟို
တော်တို့ ဆေးနှစ်ကတော့ စစ်ဆေးရုံက စိတ်ရောဂါကုဆေး
မှာပဲ အခြိန်ကုန်တာပါပဲ၊ သည်ဘက်လောက်ဝေဒနာမစုံတော
အတွေ့အကြုံနည်းတာပေါ့၊ အခုကျွန်တော် စာအုပ်ပြန်ရှာ
ဖတ်ပါတယ်၊ မရှင်းဘူးဆရာရဲ့'

'ကျောင်းသားတုန်းကတော့လဲ အဖြစ်မျှားလို့ အ
မျှားတဲ့ ရောဂါကိုပဲ ဦးစားပေး ကျက်ရတာပါပဲဗျာ၊ ကျ
တော်တို့လဲ စိတ်ရောဂါနဲ့ အလှမ်းဝေးဘာပဲဗျ၊ အပရိကာ
သိတာပါ၊ အရေးကြီးလာယင် တံတားလေးကိုသာ ညွှန်းလို
ရတာ၊ အခုကို ယ်တိုင် နွိုက်နွိုက်ချွတ်ချွတ် သင်ယူ လေ့လာ
ရတော့မှပဲ ကျွန်တော်တို့သိတာ သိပ်နည်းသေးလို့ သတော
ပေါက်ရတော့ တယ်ခင်ဗျ'

'အခုခေတ်မှာ စိတ်ရောဂါပညာဟာ ပိုပြီး အရေးကြ
လိုအပ်လာပြီနော် ဆရာ၊ လူတွေဟာ စားဝတ်နေရေး စီးပွာ
ရေး၊ ကြီးပွားတိုးတက်ရေးအတွက် စိတ်မော လူမော ယှဉ်ပြိုင်
ကြိုးစားရင်း တစ်ချိန်မဟုတ် တစ်ချိန်မှာတော့ အားပြ
သွားလေ ရှိတယ်၊ ကျွန်တော်တို့ အရှေ့တိုင်းဘက်မှာတော
စိတ်ဒေဝနာတွေ ပြန်ပွားလာပြီပဲ' ဟု ဒေါက်တာ ဝင်းသွင်
ကလေးတစ်ယောက် ကျမ်းစာတစ်အုပ်ကို အလွတ်ကျက်
ရွတ်ပြလိုက် သလို ပြောသည်။

'ဒါပေါ့ဗျာ၊ ယွန်းလို ကလေးသာသာ အရွယ်မှာတော့ ဒဏ်
လဲ စိတ်အားမာန်တွေက ပြင်း ထန် တင်းကျပ် လွန်း တော့
ပြတ်ထွက်ရတဲ့အဖြစ် ရောက်ရတာကလေး'

စိမ်းနုသည် ယွန်းအကြောင်း စံကား ပြန်ဝေ့လာခိုက်
အလွတ်မပေးဘဲ ဖြတ်မေးရတော့သည်။

'ယွန်းဟာ ကိုကိုဆုံးလို့ ခုလို ဖြစ်တာလား၊ သူ ရည်မှန်း
သလောက် အဆင့်မရောက်လို့ ဖြစ်ရတာလား၊ စိမ်းနုဖြင့်
ကြားလုံးနားမထင်း နည်းနည်းမှ မရှင်းပါဘူး'

မောင် ခေတ္တ စကားရပ်ဆိုင်းကာ ပခုံးတွန့်ယင်း စဉ်းစား
နေဆဲသည်။

ဒေါက်တာ ဝင်းသွင်နှင့် စိမ်းနုမှာ သူ ဘာ ပြောမလဲ
စောင့်စား နားစွင့်ကာ နေကြလေ၏။

'အားလုံး ပေါင်းစုသွားတာ ဖြစ်မှာပါပါ၊ သောကကို
သေချာသိခွင့် မရှိခဲ့တဲ့ ယွန်းဟာ ပထမဆုံး စိမ်းနုနဲ့ ပတ်သက်
စိတ်ရှုပ်ထွေးခဲ့ရတယ်၊ သူ မျော်မှန်းသလောက် အမှတ်
သာဟာ အဲ....သည်သောကကြောင့် ဖြစ်ဖို့မျှားတာပေါ့၊
နှအပေါ် ရန်လုပ်မိတဲ့အခြိန်၊ တစ်ခါ အဲသည်လို ရန်လုပ်
မားမိပြီလို့ နောင်တရ ဝမ်းနည်းမိတဲ့အခြိန်'

'ယွန်းဘာသာ လက်မခံတဲ့သာ မသိဟန် ပြုနေရမယ်၊ ယွန်း
ကိုမှတ်သလောက် ဦးနှောက်ထဲ မဝင်ရှုံမက တတ်ပြီးသား
သည် မဲ့မဲ့လျော့လျော့ ဖြစ်နေမှာပါ၊ အဲသည်တုန်းမှာ ကိုကို
ပြောင်းခဲ့ရတယ်၊ မပြေးသော် ကန်ထုရှိ၊ ယွန်းက စိမ်းနု

အတွက် ရည်ရွယ်ထားတဲ့မြားဟာ ပစ်မှတ်လွဲခဲ့တယ်၊ စိမ်းနု
ခြောက်လှန့်ရုံ ပစ်လွှတ်ပေမယ့် ကိုကို့ကို ထိခဲ့တယ်၊ မြားချ
ဒဏ်ရာဟာလဲ ပြုပြင်မရ အဖတ်ဆည်မရအောင် ကိုကို့ဝိညာ
ကို ချွေခဲ့တယ်လေ၊ ဒါတွေဟာ Initiating Factor
(အခြေပြု အစပျိုးလာတဲ့ အကြောင်းအချက်တွေ)ပဲ၊ ယွန်
မှန်းသလောက် အမှတ်မရတာ အဆင့် မမီတာတွေကတော
Precipitating Factors (တွန်းအားပေး ထိုးချလိုက်
အကြောင်းအချက်တွေ)ပေါ့ စိမ်းနု'

ခံစားချက်တွေ ဤမျှ ပြင်းထန် ပေါက် ကွဲရ လော
အောင် ယွန်းကို အဖေကပဲ အမွေပေးခဲ့သလား။ အမေက
မျိုးစေ့ ချခဲ့သလား။ စိမ်းအေးနု ဝေခွဲမရနိုင်ပေ။ ဖြစ်လာသ
ဒဏ်ကို စိမ်းနု ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်မြဲ ဖြစ်သော်လည်
ရင်ထဲမှာ အနာတရ ဒဏ်ကျန်တတ်ပေသည်။ အစ် ကို
ကတော့ သူ့အားနည်းချက်၊ သူ့ဝေဒနာအတွက် ဖျောင်
ဖေးမနိုင်ပါမှ ဖြေသာ နေသာ ရှိတတ်သူ။ စိမ်းနု၏ ပြင်း
မှုနှင့် အစ်ကိုကြီး၏ အားနည်းမှုတို့သည် ယွန်းတွင် ပေါင်း
လောင်ကျွမ်းရ ရှာလေသလား။

ဒေါက်တာ ဝင်းသွင်ကား ဒေါက်တာနေဘွားထံမှ ဆေ
ပညာ ဗဟုသုတကို ဆက်လက် ရှာမှီး ဆည်းပူးနေဆဲ ဖြစ်
သည်။

စောစောကပြောနေသော အင်နရှယေးတင်း ဖက်တာစ်
ပရက်စပတေ့တင်း ဖက်တာစ်တို့ကို နားလည်သယောင် ကြ

ဖူးနား၀ ရှိသယောင်နှင့် နောက်ထပ် ဆက်လာသော ဆေး
စကားတွေကျတော့ စိမ်းနုလက်လှမ်း မမီလှတော့ပေ။

'ဆိုက်ကိုးဆစ်နဲ့နျူရိုးဆစ်ဟာ လက္ခဏာ ကွာသလား ဆရာ'

'ကွာတယ်၊ စာအုပ်ကြီးအတိုင်းဆိုယင် သိ သိ သာ သာ
ကွာတယ်၊ ဒါပေမယ့် လူနာတွေမှာ တွေ့ကြုံ ရင် ဆိုင်ရတာတွေ
ကျတော့ ထင်ယောင်ထင်မှား စဉ်းစားစရာတွေ အများကြီး
ခင်ဗျ၊ အကိုင်အတွယ် ပါးနပ် ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံ
ရင့်ကျက်မှုတွေက ခွဲခွဲခြားခြား ဖြေရှင်းပေးသွားနိုင်တာကိုး
ဗျာ၊ ဆိုက်ကိုးတစ် ဝေဒနာရှင် တွေဟာ စိတ်ကိုက သာမန်
မဟုတ်ပေမယ့် သူတို့ကိုယ်သူတို့ ရောဂါရှိတယ်လို့ မထင်ဘူး၊
နျူရိုးတစ် ဝေဒနာရှင်တွေကတော့ သူတို့ရဲ့ ရောဂါကို သူတို့
များများ ခဲ့ချထွင် ပြောတယ်ဗျ၊ လိုအင်ဆန္ဒ တစ်ခုခု မပြည့်ဝတဲ့
အခါ ထွက်ပေါက်ရှာတဲ့ အနေနဲ့ တခြား တစ်နေရာမှာ ပုံစံ
တစ်မျိုးနဲ့ ရောဂါ ပြလာတတ်တာလဲ ရှိတယ်၊ ဥပမာ စကား
ထစ်သွားမယ်၊ လက်တစ်ဖက် မလှုပ်နိုင်တော့ဘူး၊ ဝေဒနာ
အရင်းခံကိုလဲ ရှာမတွေ့ဘူး၊ ဒါမျိုးပေါ့'

'တမင်တကာ မူလကျီလုပ်တာမျိုးသက်သက် မဟုတ်ဘူး
ပေါ့နော်၊ ယောကျ်ားနဲ့ စိတ်ကောက်ပြီးတက်တဲ့ လူနာမျိုး
တွေကို ဆိုလိုတာ၊ ကြည့်လိုက်ယင် မှိတ်ထားတဲ့ မျက်ခွံပေါ်
ကနေ အထဲက မျက်သားမျက်ဆန် လှုပ်နေတာလဲမြင်ရတယ်၊
နာယောင်ကို ဖိလိုက်ယင်လဲ နာမှန်းသိပြီး တွန့်ရှုံ့သွားတာပဲ၊
ကျွန်တော်တို့ အလုပ်သင် ဆရာဝန်တွေ စိတ်တိုမိတတ်တဲ့

လူနာမျိုးပေါ့၊ ဟစ်စ်လာပြီဆို မောရတဲ့အထဲ ဒေါလဲမှန်တယ်ဗျ'

စိမ်းနုသည် ဒေါက်တာဝင်းသွင်၏ ဟန်ဆောင် ပရိယာယ်ကွင်းမဲ့သော လူငယ်တွေ၊ လူငယ်မြောက်ကို ခွင့်လွှတ်စွာ ပြုံးမိသည်။ ယောကျ်ားနှင့် စိတ်ကောက်သော မိန်းမတိုင်းသည် ချစ်ခန့်လိုခြင်းမျှ မဟုတ်ဘဲ မိသားစု တာဝန်ကို မနှိုင်မနင်း ထမ်းဆောင်နေရချိန်တွင် ခင်ပွန်းသည်က ဥပေက္ခာပြုနိုင်ရက် လွန်းသည့်အတွက် တစ်ထမ်းတစ်ရွက်စီမျှ နားလည် ဝေယျ ဝေလိုသော ဆန္ဒတွေ ဖြစ်နိုင်ပေသည်။ ဒါတွေကို ဒေါက်တာဝင်းသွင်လို လူပျိုလူရွယ်ကလေးက ဘယ်နားလည်နိုင်ပါဦး မလဲလေ။

'အိပ်ချ်-ဝိုင်-အက်စ် ဆိုတိုင်း လင်တရူးတော့ မဟုတ်ဘူး ဆရာ၊ ဆရာပြောသလို အိမ်ထောင်ရှင်မတွေက မဟားတရား အဖြစ်သည်းပြကြတာက များတော့ ဟစ်စ်ဆိုယင် လင်တရူးပဲလို့ အယူမှားစရာ ဖြစ်ကုန်တယ်'

'အဟဲ....ကျန်တော့်လို ဆရာဝန်ပေါက်စတောင် အဲသည်လို ရောကော သောကော ထင်လိုက်မိသေးတာ ဆရာရဲ့'

စိမ်းနုသည် ဆရာဝန်အချင်းချင်း ဆွေးနွေးတာပဲဖြစ်ဖြစ် သိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့။

'အဲသည် စိတ်ရောဂါနာမည်က ဟစ်စ်တဲ့လား'

နောဘွား ရယ်မောသည်။

'အဲတို့ကောက်ခေါ်တာပါ၊ ဟစ်(စ်)တီးရီးယား စိမ်းနုရဲ့၊ Hysteria။ အင်္ဂလိပ်ယက်တစ်နူရိုးဆစ်လဲ ရှိသေးတယ်၊ ပူဝင်သောကများပြီး ဖြစ်တာပေါ့၊ အိမ်ရှင်မလက္ခဏာလို့ ခေါ်တာပေါ့၊ အမျိုးသမီးတွေ အဖြစ်များတယ်လေ၊ ပညာတတ် လူလတ်တန်းစား အမျိုးသမီးတွေ ပိုဖြစ်တာပေါ့၊ ရောဂါ ပိုချာတတ်တာကိုး'

သူ့ မျက်လုံးတွေသည် စိမ်းနုကို ကလူကျိစယ်လိုဟန် လက်လက် ပြုံးလာသည်။

'အမျိုးအားဖြင့် နှလုံးတုန်တယ်၊ ရင်ခုန်တယ်၊ မောတယ်၊ နေးတယ်၊ အသက်ရှူမဝဘူး၊ ရင်တတ်ထဲကအောင့်တယ်၊ အဲဒါ သူတို့ပြောနေကျ လက်သုံးစကားတွေ၊ ကွန်ပလိန်ဒ်တွေပဲ စိမ်းနုရဲ့၊ စိမ်းသပ်ကြည့်လိုက်တော့လဲ သာမန်ပဲ၊ တစ်ခါတလေ အစာအိမ် အောင့်တာတွေ ဘာတွေလဲ ရှိမှာပေါ့လေ'

စိမ်းနု မခံမရပ်နိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူက ငယ်သို့ မြင်ရမှပင် ဘဝင်ကျကာ နှစ်နှစ်ခြိုက်ခြိုက်ရယ်လေ၏။

'စိမ်းနုကတော့ ရုပ်ခန္ဓာမှာကို ဖြစ်တာပါ၊ သည်လောက် သေးတဲ့အနှိ၊ သွေးဝမ်းတွေသွဲပြီး သွေးပေါင်တွေကျသွားတာဟာ စိတ်မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်က စောစောကပြောသလို အစပျိုးလာတဲ့ အကြောင်းအချက်ပဲ၊ စိမ်းနုက စိတ်သောကများတယ် မဟုတ်လား၊ အနယ်ဂျက်ဆင် ကတော့ ဒေဒနာထဲ တွန်းချ ဆဲချလိုက်တဲ့အကြောင်းအချက်ပေါ့၊ ဟဲဟဲ ဘာဆရာဂါလက္ခဏာမှ မတွေ့ရဘူးဆိုတာက အင်္ဂလိပ်ယက်တီ

ဝေဒနာအကြောင်းကို ပြောနေတာပါကွာ၊ စိမ်းနု မပါပါ
ဘူး'

ဒေါက်တာဝင်းသွင်သည် စိမ်းနုတို့နှစ်ယောက်ကိုကြည့်ယင်း
ပြုံးစစလုပ်နေသည်။ စိမ်းနုက မောင့်ကို မျက်လုံး တစ်ချက်
စွေကြည့်ကာ နှုတ်ခမ်းယောင်ယောင် မဲ့ပြရုံနှင် ကျေနပ်ဣန္ဒြေ
ဆည်နေလိုက်ရတော့၏။

'ယွန်းကိုတော့ ဆိုက်ကိုးဆစ်လို့ သတ်မှတ်မှာ ပေါ့နော်
ဆရာ'ဟု ဒေါက်တာဝင်းသွင်က ဆက်မေးသည်။

'ဟုတ်တယ်၊ အဖက်တစ်ဒစ်စ်အော်ဒါ၊ ပျူးဝါးပဲ၊ စကစ်
တွေ ဘာတွေ မရောနှောဘူးလို့ ယူဆရတာပဲ၊ မနှောပါဘူး
လေ၊ သေချာပါတယ်'

သူက စိမ်းနုဘက်လှည့်ကာ

'စကီဇိုဖရီးနီးယားဆိုတဲ့ စိတ်ကစဉ့်အလျား ဝေဒနာမျိုး
မဟုတ်ဘူး၊ မပါဘူးလို့ ပြောတာ'ဟု ရှင်းပြသည်။

'ယွန်းက ပျောက်နိုင်တာပေါ့နော်'ဟု စိမ်းနု ခိုင်မာအောင်
မေးမိသည်။

'ပျောက်မယ်လို့ ကိုယ် ပြောထားပြီးပြီပဲ စိမ်းနုရဲ့'

'ဟုတ်ပါတယ်၊ စိမ်းနု စိတ်ပူလို့ ခဏခဏ မေးနေမိတာ
ပါ၊ စိတ်မဆိုးနဲ့နော်'

စိမ်းနု ပျာပျာသလဲ တောင်းပန်သည်။

'သည်အတိုင်းတော့ ဘယ်ရမလဲ၊ မိုးစဲနေပြီ၊ ကော်ဖီ မှာ
တော့၊ ဒါမှ စိတ်မဆိုးဘဲ နေနိုင်မယ်'

စိမ်းနု ကပျာကသီ ဆိုင်ရှေ့ထွက်ကာ လက်ဖက်ရည်ဆိုင်မှ
အလုပ်သမားကလေးကို လှမ်းခေါ်ရလေသည်။ ကော်ဖီသာ
စွဲစွဲလမ်းလမ်း သောက်နေကျမို့ ချာတိတ်ကလေးကို လက်သုံး
ချောင်း ထောင်ပြရုံနှင့် ကော်ဖီမှာမှန်း နားလည်မှုရပြီး ဖြစ်
ကာ လက်ဖက်ရည် မှာလျှင်သာ သီးခြားခွဲပြောစရာ လိုလေ
၏။ နက်စ်ကို စိမ်းနုတို့ သောက်ခဲသည်။ နက်စ်သောက်လျှင်
ရင်တုန်တာချင်း တူနေကြတာကကော့ စောစောတုန်းက သူတို့
ပြောသော အိမ်ရှင်မလက္ခဏာစု မဟုတ်ဘူးထင်ရဲ့။ ကဖိန်း
ဆိုသော စိတ်ကြွစေသည့် ဒြပ်တစ်မျိုး ပါသောကြောင့် ဖြစ်
ကြောင်း ကြားဖူးသားပဲလေ။ နေဘွားပြောပြတာပဲ ဖြစ်မှာ။

စိမ်းနုပြန်လာမှ သူတို့စကားဝိုင်း ဆက်လေသည်။

'သာမန်စိတ်ဓာတ်ကျတာနဲ့ အဲသည်လို ရောဂါပုံစံ ဝင်လာ
တဲ့ အခြေအနေကို ကျွန်တော်တို့ ဘယ်လို စည်းတားပြီး ပိုင်း
ကြည့် ခွဲခြားယူရမလဲ ဆရာ၊ အပျော့စား စိတ်ကြွတဲ့ ဟိုင်ပို
မေးနီးယားလိုမျိုးကို မူမမှန်ဘူးလို့ လွယ်လွယ် သိနိုင်မေမယ့်
စိတ်ကျနေတာမျိုးကိုတော့ ခွဲခြားရ ခက်မယ်ထင်တာပဲ'

'ခင်ဗျား မေးသင့်ပါတယ်၊ ကျွန်တော်လဲ ဖြေချင်တယ်၊
ဒါပေမယ့် အဲသည်မေးခွန်းဟာ အတော်ကို သိမ် မွေ့ နက်
ရှိုင်းလွန်းလို့ ကျွန်တော်လို စိတ်ပညာ သင်ယူဆဲ လူတစ်
ယောက်က ကျွမ်းကျွမ်းကျင်ကျင် မဖြေနိုင်သေးဘူး ခင်ဗျ၊
ဘဘောလောက်ကတော့ဗျာ၊ ယုံမှားသံသယတွေဟာ ဖျောက်
ဖျက် မရလောက်အောင် လွန်ကဲလာတာပဲ၊ Delusion ပေါ့

ကြားတာမျိုးဟာ စကစ်တို့၊ အရက်ဖောက်တို့မှာ အများဆုံး တွေ့ရပေမယ့် စိတ်ကျဝေဒနာမှာလဲ ရှိတာပဲခင်ဗျ၊ မြင်ယောင်မြင်မှား ဖြစ်တာမျိုးကတော့ ဦးနှောက် ထိခိုက် ချွတ်ယွင်းလို့ စိတ်ဖောက်ပြန်တာမျိုးမှာ တွေ့ရလေ့ရှိတယ်၊ ပြီးတော့အနုရတယ်၊ ပါးစပ်ထဲ အရသာတစ်မျိုးမျိုး ခံစားရတယ်၊ အထိအတွေ့၊ ဒါတွေလဲ မဟုတ်အဟုတ် ယောင်မှားတာတွေပေါ့'

'Visual မြင်ယောင်မှားတယ် ဆိုချမှာ Illusion ထင်မှား မြင်မှားတာနဲ့ ဘယ်လိုကွာသလဲဆရာ၊ဒါမှမဟုတ် အတူတူပဲလား၊ ကျွန်တော်မရှင်းလို့ပါ'

'Illusion ဆိုရာမှာတကယ်အမှန်ရှိတာကို တလွဲယူမှတ်တာ၊ ကြိုးရှိတယ်၊ တကယ်ရှိတယ်၊ ကြိုးစွဲပေါ့၊ ဒါကိုမြေထဓာတ်၊ မြေမှုန်မြေဟောက်၊ ပါးပျဉ်းထောင်နေပြီ၊ လျှာတစ်လစ်တစ်လစ်နဲ့၊ အဲသည်လိုမျိုး သာမန်လူလဲ ဖြစ်တတ်ပါတယ်၊ ခိုင်းထားတဲ့သူယောင်ချင်းကို ရုပ်ရှင်ရုံအောက်စောင့်နေတုန်းမှာ လူအုပ်ကြားထဲ ဖျတ်ခနဲတွေ့လိုက်တယ်၊ ဟာ....ဟိုကောင်.... ခိုင်းထားတဲ့အချိန်ဖြင့် နာရီဝက်တောင် လွန်နေပြီ၊ ခုမှလာတယ်၊ အပြေးလိုက်သွားတယ်၊ ဟိုက်....မဟုတ်ပါလား၊ တခြားစီပါပဲ၊ ငါလူမှားနေတာ၊ ဒါမျိုးပေါ့၊ သာမန်လူကတော့ မဟုတ်တာကို မဟုတ်ဘူးလို့ ဆက်ပြီးလက်ခံသွားတယ်၊ စိတ်ပုံမှန်တဲ့လူကျတော့ ရှင်းပြလို့ သက်သေပြလို့ မရဘူး၊ စွဲမြဲနေတယ်'

'ယွန်းက ကိုကို့ကို တွေ့တယ်ဆိုတာ အဲဒါမျိုးလား'

ဗျာ၊ အပြစ်ရှိတယ်၊ သေသွားမှအေးမယ်၊ သေချင်တယ်၊ သည်နေရာ သည်ပတ်ဝန်းကျင်အတွက် ဝန်ထုပ် ဝန်ပိုးကြီး ဖြစ်နေပြီ၊ တစ်ခြားတစ်နေရာကို ထွက်ပြေး သွားချင်တယ်ဟော စိမ်းနုကလဲကွာ'

စိမ်းအေးနု မျက်တောင်တဖျပ်ဖျပ်ခတ်ကာ ရစ်ဝဲစိမ့်အို လာသော မျက်ရည်စများကို သိမ်းဆည်းရသည်။ ဆရာနေဘွား စိမ်းနုကို အားမလိုအားမရ မချင့်မရဲ စိုက်ကြည့်လေ၏။

'ပြောလေ၊ ဆက်ပြောလေ၊ စိမ်းနုလဲသိချင် ကြားချင်ပါတယ်'

နေဘွားပင့်သက်ရှိုက်သည်။

'ယွန်းက ပြန်ကောင်းလာမှာပဲ မဟုတ်လား၊ စိမ်းနုကိုတော့ ဒုတလောစိတ်နုနေတာပါ၊ ပြောပါ၊ စိမ်းနုလဲ ကြားဖူးနားဝ မဟုသုတ ရတာပေါ့'

နေဘွား၏မျက်လုံးများသည် နှစ်သိမ့် အားပေးမှုများဖြင့် နွေးထွေးရွှန်းလဲ့ကာ နေသည်။ ဒေါက်တာဝင်းသွင်သာရှိမရှိ လျှင် စိမ်းနု၏သက်ကို သူဖျစ်ညှစ်ဆုပ်ထွေးထားမှာပါ၊ ရင်ခွင်သိပ်လှိုက်လာရသော စိမ်းနု မျက်လွှာချထားလိုက်လေသည်။ မျက်ရည်သည် သွေ့ခြောက် သွားပြန်လေ၏။

Hallucination of Voices အသံတွေလဲ ကြားသယောင် မဟုတ်အဟုတ်ထင်လာတယ်၊ နှင့်ကြောင့်ဖြစ်ရတာ၊ နှင့်အပြစ်ပဲ နင်သေသွားယင် အားလုံးအဆင်ပြေသွားမယ်၊ ယွန်းလဲဒါမျိုး တွေကြားတယ်၊ အဲသည်လို မရှိအရှိ၊ မဟုတ်အဟုတ်၊ အား

'ဒါပေါ့၊ ယွန်းမှာ အီလျူးရှင်းရှိတယ်၊ ညီ့ကိုလူမှား
ကိုကိုထင်တယ်၊ ဒါကို လူမှားတယ်လို့ လက်မခံဘူး'

'ဆေးရုံပို့ရတဲ့နေ့က ကျောင်းမှာဖြစ်တာလဲ အဲသည်လို
ပေါ့နော်'

'ဒါပေါ့၊ ပိုင်စိုးကို လူမှားတယ်၊ ပိုင်စိုးမှန်းသိသွားတော
လဲ လူမှားတယ်လို့ လုံးဝလက်မခံဘူး၊ မငြင်းသာလို့နေရ
မယ့် လူမှားတယ်လို့မှ ယွန်းလက်မခံတာဘဲ၊ ကိုကိုဟာသူရှိ
နေရာကိုလာတယ်၊ ဝင်ထွက်နေတယ်လို့သာ ယွန်းယုံကြည်
တာပဲ'

ယွန်းကို ဘာလို့ အီးစီတီရိုက်တာလဲဆရာ၊ လိုအပ်လို့ရှိ
တယ်ဆိုတာတော့ သံသယမရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်
ထင်တာက အခြေအနေသိပ်ဆိုးတဲ့ လူနာတွေကိုသာရှောခ်ရှိ
တယ် ထင်တာ'

ဒေါက်တာဝင်းသွင်သည် ယွန်း၏ ဝေဒနာကို ခရေစေ
တွင်းကျ သိချင်သည်။ ဆရာဝန် တစ်ယောက်က လူနာ တ
ယောက်အပေါ် စိတ်ဝင်စားတာထက် ပိုကဲသာလွန်နေကြောင်
ဖုံးမနိုင်ဖိမရ ပေါ်ထင်လှပေသည်။

'မဟုတ်ဘူးဗျ၊ စိတ်ကျဝေဒနာမှာ အဓိက အီးစီတီရိုက်
တာပဲ၊ အပျော့စားစိတ်ကြွရောဂါနဲ့စိတ်ကစဉ်ကလျားဝေဒန
မှာလဲရိုက်တယ်၊ ဟစ်စ် တစ်ချို့တလေကိုလဲရိုက်ရတာပဲ၊ စိ
ကျ ဝေဒနာဆိုပေမယ့် ရုပ်ခန္ဓာရောဂါအခံကြောင့် ဖြစ်နေတ
မျိုးတော့ မပါဘူးပေါ့ဗျာ၊ ယွန်းလို စိတ်ထင်ယောင်မှား

ရှင်းတွေကတော့ နှစ်ခါလောက်ရိုက်လိုက်ရယင်သက်သာ
ပါပဲ၊ လူနာအခြေအနေကြည့်ပြီး ၅ ခါ၊ ၆ ခါနဲ့ တော်
တော်၊ အများဆုံး ၁၄ ခါပဲ၊ သည်ထက်ပိုမရိုက်ဘူး'

စိမ်းနုသည် သိချင်တာတွေ မေးဖို့ချိန်ဆယင်း ပါးစပ်တပြင်
ဖြစ်နေသည်။

'စိမ်းနု ဘာပြောမလို့လဲဟင်၊ ပြောလေ၊ မေးမလို့လား'

စိမ်းနု ခေါင်းညိတ်သည်။

'ယွန်း ဘယ်နှစ်ခါ အီးစီတီရိုက်ရမလဲ၊ ဒါလား'

စိမ်းနု ပြုံး၍ ခေါင်းထပ်ညိတ်လေသည်။

'ကိုယ့်စိတ်ထင် လေးငါးခါအလွန်ပဲ အောက်မေ့တာပါပဲ
စားဆေးတွဲယင်း သက်သာတဲ့အလျောက်ပေါ့၊ ပိုမရိုက်
ဘူး'

'ခဏခဏရိုက်ယင် သတိတွေ မေ့ကုန်တယ်လို့ ပြောကြ
ယ်'

'ခဏပါ၊ ရိုက်ပြီး ခဏပါ၊ နောက်တော့ သတိရတာပါပဲ၊
မပူပါနဲ့ စိမ်းနုရယ်၊ ခေါင်းကိုက်တာ၊ အန်ချင်တာ သည်
ကိုက်ပါပဲ၊ ယွန်း ကောင်းလာဖို့ လုပ်ရတာပဲ မဟုတ်လား'

'ဒါတော့ ဟုတ်ပါတယ်လေ'

စိမ်းနု သက်ပြင်းချသည်။

'အီးစီတီဆိုတာ အရှည်ဘာလဲဟင်'

'အီလက်ထရိုး ကွန်ဗားဆစ်သရပီတဲ့၊ လျှပ်စစ် အား နဲ့
အောင်လုပ်တဲ့ ကုထုံးကုနည်းပေါ့၊ လူနာကို လျှပ်စစ်

အားနဲ့ တွေထိစေလိုက်ယင် တက်သွားတာပေါ့၊ ဦးနေ
အာရုံကြောတွေကိုလှုံ့ ဆော် ဓာတ်ပြောင်းပေးလိုက် တဲ့အ
ပေါ့ စိမ်းနုရယ်၊ အဲသည်လိုပဲ လွယ်လွယ်မှတ်ထား'

သူက စိမ်းနုအား ကလေးစာသင်သလို အလွယ်
ပြောပြီး ရှင်းပြသည်။

'အရွယ်မရွေး ကုသချက်ပေးနိုင်တာပဲလား ဆရာ'

'ငယ်လွန်း ကြီးလွန်းယင်တော့ နည်းနည်း သတိထား
ပေါ့ ဆရာရယ်၊ သိပ်လိုအပ်ယင်တော့ ရိုက်ရမှာပေါ့၊ လ
ရှောင်တာက နှလုံးသွေးကြောပိတ် ဝေဒနာ ခံစား
လူတွေကိုသာပါ၊ အဆုတ်ရောဂါ ရှိနေယင်လဲ စဉ်းစား
ပေါ့'

'အဲသည်လို ရှော့ခ်ရိုက်လိုက်ယင် သတိလစ်နေမှာပေါ့နေ

'ခဏပါ စိမ်းနုရဲ့၊ နာရီဝက်လောက်ဆို သတိ ပြန်ရပါ
တအောင့်နေဆို လျှောက်သွားနိုင်တာပဲ၊ တစ်ခေါက်ပဲ ရိုက်
သေးတယ်၊ယွန်းဟာ ဆရာတွေကို လက်အုပ်တချီချီ ကန်
မနေတော့ဘူး၊ တော်တော်ကြီး ကောင်းလာလို့ ဆရာ
သိပ် အားရနေကြတယ်'

စိမ်းနု၏စိတ်တွေ ကြည်လင်လာပြန်သည်။

'သူ့တက္ကသိုလ် ဝင်ခွင့်ပုံစံကို သူ့ဘာသာပဲ ဖြည့်နိုင်
ကောင်းမယ်နော်၊ သူ စဉ်းစားပြီး လျှောက်လွှာတင်နိုင်
စေလို့ စိမ်းနု ဆုတောင်းတာပါပဲ'

'သူ စဉ်စားနိုင်မှာပါ၊ လျှောက်လွှာပိတ်မည့်ရက် ဆယ်
ကျန်သေးတာပဲ၊ နောက်နှစ်ခေါက် အီးစီတီ ရိုက်လိုက်
ယ်၊ ဆေးတွေလဲ မပြတ်စားနေမှာဆိုတော့ ကိုယ့်စိတ်
ပုံမှန်တိုးတက်သွားလို့ကတော့ နောက်လေးငါးရက်ဆို
ရုံဆင်းရမှာပါပဲ'

စိမ်းနုသည် စီးကရက် မီးညှိရှိုက်ပွာယင်း တွေတွေငေးငေး
ားနေသော ဒေါက်တာဝင်းသွင်ထံ မျက်လုံးရောက်သွား
ည်။

သမီးငယ်ကို ဝါသနာမပါဘဲ စိတ်မပါဘဲ ဆေးကျောင်း
က်စေချင်။ နှစ်ရှည်လများ လူရောဦးနှောက်ပါ ပင်ပန်းရ
ဒက်ကို သမီးငယ် ခံနိုင်ရည်ရှိမှာမဟုတ်။ သမီးငယ်သည်
တ်မူမမှန်လှုပ်ရှားသည့် ဝေဒနာမှ အဆုံးတိုင်လွတ်မြောက်
သာရာရပါ့မလား။ သမီးကို ရာသက်ပန် ကြည့်ရှုစောင့်
ကိုနိုင်မည့် သူတစ်ယောက်ယောက်ကို စဉ်းစားလျှင်ကော။
စိမ်းနု ချက်ချင်းပင် ထိုအတွေးကို ကန့်ကွက်ဖျောက်ဖျက်
။ စိမ်းနု၏ ရင်သွေးထဲမှာ တစ်ယောက်ကိုတော့ ပညာ
ပေါက် အောင်မြင်စေချင်လှသည်။

'ဆရာတို့ ပို့စတင်တွေ ခေါ်နေပြီနော်၊ သတင်းစာထဲမှာ
ကိုက်တယ်၊ တစ်ရာ့ငါးဆယ်ခေါ်မှာဆိုတော့ မဆိုးပါဘူး'

'ဝောင့်နေတဲ့ အလုပ်လက်မဲ့ ဆရာဝန်တွေကထောင့်ငါးရာ
ကို ရှိမှာကိုး ဆရာရယ်'

'လျှောက်တော့ လျှောက်မယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ရယင်လဲ လုပ်လိုက်မယ်ပေါ့ ဆရာရယ်၊
မြင်ပမှာ လုပ်ကိုင်စားသောက်နေရုံပေါ့၊ ရတော့ ရချင်
အမြီးမရှည်ယင်၊ ဆေးရုံလက်ကိုင်မပြနိုင်ယင် ဆရာဝန်
တန်းမတူဘဲကိုး။ ပြီးတော့ နဂိုကျောထောက်နောက်ခံ
ဆရာဝန်နှစ်ယောက်သည် အခွတ်အကြုံ ဗဟုသုတ
ဖလှယ်ယင်း စကားတွေ မီဒိုးမဆုံး မိုးမဆုံးအောင် ဆက်
နေကြပြန်လေသည်။

ည်းနှင့် ခုတင်ချင်းကပ်လျက် ဇေါနုမြိုင်သည် စိပ်ပုတီး
ခြောက်ခြောက် စိပ်လျက် ရှိလေသည်။

ခင်သီတာသည် အလုပ်ကလေးပါးသည်နှင့် ယွန်းထံ ရောက်
ကာ ခင်ကျင်းပြီးသားအိပ်ရာကိုပဲ ဆွဲဆန့်ကာ ပြုပြင်ကာနှင့်
လုပ်မရှိအလုပ်ရှာယင်း စကားဖောင်ဖွဲနေသည်။

'သည်နေ့ အစ်မယွန်းအိမ်က လာမှာလား'

'လာမှာပေါ့၊ မေမေလာမယ်ထင်တယ်၊ မေမေနဲ့နီတာ လာ
ကောပေါ့'

'အစ်မယွန်းရဲ့အမေက အစ်မယွန်းကို သိပ်ချစ်တာပဲနော်၊
ယ်လဲငယ်တယ်၊ ညီအစ်မလိုပဲ၊ တစ်နေကဆို စေ့းကအပြန်
ကတွေ့တာနဲ့ မောနေနွမ်းနေရော'

'ဟုတ်တယ် ခင်သီတာ၊ မေမေ့ခမျာ ပင်ပန်းတယ်'

ယွန်းသည် မေခမ့်အကွက် အဖော်သဟဲအဖြစ်လက်တွဲမ
သူ လိုအပ်သည်ဟု တွေးခေါ်နိုင်လာပြီ။ မိခင်ကို ဘယ်သူက
အပိုင်ယူမသွားနိုင်ဘူးဟု ယွန်းလက်ခံတတ်သာပြီ။

'ပင်ပန်းပြေအောင် ချမ်းသာအောင် ဂုဏ်တော်ကိုးပ
အပတ်တစ်ထောင်စီပင်ခိုင်းသမီး၊ တစ်နေ့အပတ်တစ်ထောင်၊
ချမ်းသာမယ်၊ စိတ်ချမ်းသာမယ်၊ တရားပေါက်ယင် တ
ယောက်ပါးမယ်၊ အကြားအမြင် ရလာမယ်'

ယွန်းက ဒေါ်နုနုမြိုင်ကိုတအံ့တသြလှည့်ကြည့်မိသည်။ သူ
ဆေးရုံသို့ ယွန်းရောက်နေသည်မှာ ဆယ်ရက်ခန့်ရှိခဲ့ပြီ။ ဒေါ်
နုနုမြိုင်က ဃနုလိုတစ်ခါမှအေးအေးချမ်းချမ်း စကားပြော
ဖူးခြင်း မရှိသေး။

ခင်သီတာက ယွန်းကို အသာကျောက်တတ်သည်။ ဒေါ်
မြိုင် စကားမမှန်တာကိုက ဝေဒနာ ဖောက်ပြန်နေပြန်တာ
ပြကြောင်း ယွန်းလည်း ရိပ်မိပေသည်။

'ဒေါ်ဒေါ်က ဘုရားတရား တွကယ်မြဲတာပဲနော်၊ ယွန်း
သည်အရွယ်အထိ ဥပုသ်တစ်ခါမှမစောင့်ဖူးဘူး'

'ခေတ်ကာလကလေးတွေကို သွန်သင်ဆုံးမမှု နည်းပါ
တော့ ဘာသာတရားကိုလဲ တလေးတစား မရှိ၊ လူတွေ
ကိုလဲ မထီမဲ့မြင်လုပ်၊ နေရာတကာ ထော်လော်ကန်
စကြံမှာ ကွမ်းတံတွေးထွေး၊ ဟိုမှာတွေ့လား'

ဒေါ်နုနုမြိုင် လက်ညှိုး ညွှန်ပြရာသို့ ယွန်း ကြည့်မိသည်။
အခန်းရှေ့စကြံတွင် ကွမ်းတံတွေးတစ်ကွက် ခြောက်ကပ်နေ
သည်ကို လှမ်းမြင်ရသည်။

'ရထားပေါ်မှာ ကူရှင်တွေဖျက်ပစ်၊ လမ်းဘေးမီးတိုင်တွေ
မီးလုံးခဲ့၊ လမ်းဘေးသေးပန်း၊ ရေဆွဲအိမ်သာမှာ ချွေးတုတ်
နောင်းတွေသုံး၊ ငါးပိတွေစား၊ ငံပြာရည်ကလဲနံ့၊ ခေါင်း
တွေမူးကုန်တာပဲ၊ သင်္ကန်းတွေကလဲစေးကြီးတယ်၊ ကိုယ်တော်
တွေကို အကြံပေးရတယ်၊ သင်းပိုင်နဲ့ သပ်သပ်မရှိဘဲ တစ်ဆက်
တည်းပဲ ခရစ်ယာန်ဘုန်းကြီးတွေလို သင်တိုင်းချုပ်၊ သင်္ကန်း
ကြီး မီးလောင်လိုက်တာ နည်းသလား၊ လှည်းတန်းကနေကူး
တာ၊ မှောက်တဲ့ကားကဓာတ်ဆီတွေ လမ်းပေါ်ပြန့်ပြီးမိုးပေါ်
လုံးကြီး လွင့်သွားတာကိုး'

ခင်သီတာ ခစ်ခနဲ ငယ်မောသည်။ ဒေါ်နုနုမြိုင်ဒေါ်ကြီး
ကြီး အံ့ခဲကာဆဲရေးလိုက်သည်။

'စိတ်မဆိုးပါနဲ့ ဒေါ်ဒေါ်ရဲ့၊ ဒေါ်ဒေါ်ပြောမှ မီးဘာလို့
သင်တယ်ဆိုတာ သိရလို့ပါ၊ ဒေါ်ဒေါ်သမီးတွေ မလာ
သေး ကြာပြီနော်'

'ဘဝချင်း ခြားသွားပြီပဲအေ၊ အဇာတသတ်မတွေ၊ ငါ့
သားကို သူတို့ မကပ်နိုင်ဘူး၊ ပူတယ် ယားတယ်၊ ငါကလဲ
လောယင် အနံ့မခံနိုင်ဘူး၊ ညီတယ်၊ ညည်းတို့ ရှိနေတာ
ပင် ငါမူးတယ်အေ'

ဒေါ်နုနုမြိုင် နှာခေါင်းရှုံ့ကာ လက်နှင့်ကာသည်။

ခင်သီတာက ယွန်းကို လက်ဆဲ့ကာ အပြင် ခေါ်ထုတ်လာလေသည်။ ယွန်း ကြောင်တက်တက်ကလေး လိုက်ထွက်လာလေ၏။

ထမင်းချိုင့်ကိုင်ကာဝင်လာသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်တွေ့သည်။

'ညည့်ချိန်တောင် ရောက်နေပြီနော်'

'အစ်မ ယွန်းတို့အိမ်ကလဲ လာတော့မှာပါ၊ သူတို့ စောစော လာတတ်တာပဲ၊ ဟိုတစ်ခါ ဆရာဝန်တစ်ယောက် အစ်မကို လာကြည့်သေးတယ်၊ အဲဒါ ဘယ်သူလဲဟင်'

'ဘယ်တုန်းကလဲ၊ ယွန်း မမှတ်မိတော့ဘူး'

'အသားဖြူဖြူ၊ မျက်မှန်နဲ့လေ၊ ခပ်ငယ်ငယ်'

'ယွန်းတို့သိတဲ့ ဆရာဝန်ဆိုလို့ ဦးနေဘုးပဲရှိတာပါ၊ ဪ ဒေါက်တာဝင်းသွင်ကိုပြောတာလား၊ သူ မလာပါဘူး ထင်တယ်၊ ယွန်း မမှတ်မိတော့ဘူး'

ယွန်းသည် တိုင်တစ်လုံးကို မှီကာ ရပ်ယင်း ညည့်သည်တွေ ဝင်လာမည့် လမ်းဘက် မျက်နှာမူထားလေသည်။

'ဒေါ်နုနုမြိုင်အဖြစ်ကလဲ သနားစရာပါပဲ အစ်မ ယွန်းရယ်၊ သူ့ခမျာ ဘုရားတရားကြည်ညိုလွန်းလို့ ဘုရားတည်ကျောင်း ဆောက် လုပ်ယင်းကနေ ဘိုးတော် အတုနဲ့ ဖြစ်ပါလေရော'

ညည့်သည်မျော်နေသော ယွန်းမှာ ခင်သီတာ၏ ထူးဆန်းသော စကားကြောင့် အံ့အားသင့်စွာနှင့် သူမဘက် လှည့်ကြည့်မိသည်။

'ဘာဖြစ်တယ် ခင်သီတာ'

ခင်သီတာ တဟီဟီ ရယ်လေ၏။

'ညားတာကိုပြောတာအစ်မယွန်းရဲ့၊ အစ်မကသိပ်ရိုးစာပဲ၊ ကလေးကျနေတာပဲ၊ ဒေါ်နုနုမြိုင်က အဲသည်လို တရားထိုင်ယင်း၊ အလှူခံထွက်ယင်း၊ ဘုရားဖူး သွားယင်း ကြာတော့ လိပ်ညပါ တူးမိကုန်ရော'

ယွန်း ငေးငိုင်သွားသည်။ ယွန်း မသိဘူး မကြားဘူးခဲ့တာတွေကို ယခုမှ အဆန်းတကြယ် ကြားနေ သိနေ ရပါကလား။

'ဟိုစကားလိုလေ အစ်မယွန်း၊ သခ္ဓါလွန်တော့ တဏှာ.... ဘဏှာ....အဲ....နှာပ္ပ....ဟုတ်ပေါင်'

ယွန်းက ခင်သီတာ့ကို စိတ်မသက်မသာ နှာခေါင်းရှုံ့ပြမိသည်။ ခင်သီတာ မျက်နှာပိုးသတ်သွားလေသည်။

'အဲသည် ဒေါ်ဒေါ်က သူဌေးကတော်ဆို'

'ဟုတ်တယ်လေ၊ တစ်ခါတစ်ခါ သူ့ သမီးတွေ လာကြည့်ယင် သံဘော်သားကား ထဆင်ထူး နံပါတ် စီးလာလိုက်၊ ဆလွန်းကား ဒဋ္ဌေးနံပါတ် စီးလာလိုက်နဲ့'

ယွန်းသည် ခင်သီတာ့ကို နားလည်ရခက်နေသည်။ သူမ၏ အိမ်ဆိုသော ဤ စိတ်ရောဂါကူးဆေးရုံမှာနေယင်း ဘဝအတွေ့အကြုံလည်း အတန်အသင့် ပြည့်စုံခဲ့ပြီ။ ယွန်း မသိနားမလည်သော ကားနံပါတ်တွေကိုလည်း ထမင်းစားရေသောက် ရွတ်ဆိုတတ်သည်။ မိဘမဲ့ဖြစ်ရသည်ကိုလည်း ကျေနပ်လက်ခံသည်။

စာမတတ်သည့်အဖြစ်ကိုလည်း အလိုက်သင့်ရင်ဆိုင်ကာ ပြုံးရယ်နိုင်သည်။ ယွန်း အားကျမိလေသည်။

'သူ့ဆယာကျ်ားကကော သေပြီလား'

သည်တစ်ခါလည်း ခင်သီတာက ယွန်းကို ဒုံးဝေးရန်ကောဟူသော အကြည့်ဖြင့် ဟိစနဲ ရယ်ပြန်လေ၏။

'မသေပါဘူး အစ်မရဲ၊ ရှိတာပေါ့'

'သူ့သမီးတွေ လာတွေ့တယ် ဆိုလို့ပါ၊ သူ ဘာလို့မလာတာလဲ'

'သူ့ကိုမြင်ယင် ဒေါ်နုနုမြှိုင် ရောဂါဖောက်ပြီး သောင်းကျန်းတာပဲ၊ သူ့အကြောင်းကြားယင်တောင် နည်းနည်းတော့ကယောက်ကယက် ဖြစ်လာတာ၊ အခု စကားတွေ မမှန်ဘူးမဟုတ်လား၊ သမီးတွေလာတုန်းက သူ့အဘိုးကြီးရဲ့ကုန်ကားလဲမှောက်၊ ကုန်လှောင်တဲ့ဂိုဒေါင်လဲ မီးလောင်လို့ အလုပ်များနေတယ် ပြောသွားတယ်၊ အဲသည်ကတည်းက ကားမှောက်တာတွေ၊ မီးလောင်တာတွေ ထပ်ခါတလဲလဲ ဇာတ်လမ်းဖွဲ့နေတော့တာပဲ'

ယွန်းသည် အသက်ငါးဆယ်အရွယ် ဖြူဖြူသန့်သန့် ပါးပါးလျားလျားနှင့် ကတော်ဂိုက်ရှိနေဆဲ ဒေါ်နုနုမြှိုင်ကို ကရုဏာသက်နေမိသည်။ နှစ်ပတ်လျှိုထုံးကာ ရှန်သားပိတ်ပါးစ အင်္ကျီလက်စကနှင့် သပ်ရပ်ခန့်ညားသော သူမကို အနီးကပ်သာ မနေရလျှင် စိတ်ဝေဒနာရှင်မှန်း ထင်မှတ်စရာပင်မရှိ။ ယခုလည်း ပုတီးတချောက်ချောက်စိပ်နေဆဲဝယ် ကြောင်တက်တက် မျက်

လုံးတွေက အခန်းနံရံကို စိုက်ကြည့်ကာ ပါးစပ်မှလည်း သူမတစ်ကိုယ်သာ ကြားရရုံ တတွတ်တွတ် ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ဘုရားစာ တရားစာ ရွတ်နေသယောင်ယောင် ယိုးမှားဖွယ် ဖြစ်လျက် ယွန်းတို့သာလျှင် တောင်စဉ်ရေမရ အဆက်အစပ် ကင်းမဲ့လှကြောင်း ကောင်းကောင်း သိနေရပေသည်။

'ကျွန်မ အလုပ်ရှိသေးတယ် အစ်မ၊ ညမှ တစ်ခေါက်လျှောက်လာခဲ့ဦးမယ်၊ ဆေးစရာ ကြောစရာ ရှိယင် ချန်ထားနော်'

'ဟုတ်ပြီ၊ ခင်သီတာ လုပ်စရာရှိတာ သွားလုပ်ချေပါ၊ ယွန်းဘာသာ စောင့်နေရစ်မယ်'

ယွန်းသည် မိုးကောင်းကင်ကြီး အုံ့မှိုင်းညှိမှောင်လာသည်ကို မော့ငေးကြည့်ယင်း ဒေါ်လေးတင့်တို့လာလျှင် မိုးမိတော့မှာပဲဟု စိုးရိမ်မကင်းဖြစ်မိသည်။

ခြေသံကြားသဖြင့် နောက်သို့ လှည့်ကြည့်သည်။

မြင့်မြင့်အေးသည် ယွန်းထံ လာနေလေသည်။ သူမ၏ ဖြူရော် နွမ်းရိသော ဖလန်နယ်အနွေးထည်ကလေးသည် အတန်ငယ် ဝဖြိုးသော သူမ၏ ခန္ဓာကိုယ်ကို ကျပ်ကျပ်တည်းတည်းထွေးရစ်ထားလေသည်။

'ဧည့်သည်လာမှာလားဟင်'

'ဟုတ်ကဲ့၊ ကျွန်မရဲ့ဦးလေး လာမယ်'

'ဆရာဝန် ဦးလေးထင်တယ်'

'ဟုတ်ကဲ့'

'ဆင်းရတော့မလား'

'သိပ်မကြာတော့ဘူးလို့ ပြောတာပဲ၊ မမြင့်မြင့်အေးကော ဆင်းရတော့မလားဟင်'

ယွန်းက မေးခွန်းတစ်ခု စမ်းသပ်ကြည့်သည်။

'အိမ်ကလာမှ မေးကြည့်ရမှာ၊ ကျွန်မ သည်မှာ ကြာနေပြီ၊ ပြန်ချင်လှပြီ၊ အစ်ကိုကြီးကလဲ သည်အချိန်ဆို ကောက်ရိတ်တော့မှာ၊ မလာနိုင်ဘူးပေါ့'

မြင့်မြင့်အေး၏ ခရွသင်းစွဲသော နှုတ်ခမ်းကလေးတွေ လက်ချောင်းကလေးတွေကို ယွန်း ကြည့်မိ၏။ ဆင်းရဲပြီး အဆင်းလည်း မလှရှာသော မြင့်မြင့်အေးကို ယွန်း သနားလာသည်။ စိတ်ဝေဒနာရှိသည်ဆိုတာ ဟုတ်လေရဲ့လား၊ သံသယ ဝင်မိလောက်အောင် ခုလိုတော့ သူမ ဟန်မပန်အပြောအဆိုတွေသည် သာမန်လူကောင်းတစ်ယောက်လိုပါပဲ။

'မမြင့်မြင့်အေးက တကယ်သိုလ်ကျောင်းသူဆို'

'ဟုတ်တယ်၊ ကျွန်မ နောက်ဆုံးနှစ်'

ယွန်း အထင်တကြီး ဖြစ်မိ၏။

'ဘာ မေဂျာလဲဟင်'

'ပါဠိ'

မြင့်မြင့်အေးသည် သူမ၏ ဖြူဆွတ်သောအင်္ကျီတွေ ထနေသည့် လက်ချောင်းများကို ကြည့်နေသည်။

'အိမ်က ဘယ်မှာလဲဟင်'

'အဝေးကြီးမှာ၊ ဟိုး....အုတ်ဖိုကနေ ယွန်းနဲ့ဆက်သွားရသေးဘယ်၊ အစ်ကိုကြီးမှာ နွားနဲ့လှည်းရှိတယ်၊ အစ်ကိုငယ်ကတော့ သူရင်းငှားပါပဲ၊ သူတို့က မအားကြဘူး၊ မလာနိုင်ကြဘူးပေါ့'

'ဆေးရုံဆင်းယင် ကျောင်းပြန်ဘက်မှာပေါ့နော်'

မြင့်မြင့်အေး ပြုံးသည်။

'မတက်ပါဘူး၊ ရွာပြန်မယ်၊ အစ်ကို့ကလေးတွေကို ထိန်းမယ်၊ ရွာမှာ ကျောင်းဆရာမပဲ လုပ်နေတော့မယ်'

ဤမျှအတန်းကြီးခါမှ ကျောင်းမတက်တော့ဘူးဆိုသည်ကို ယွန်းလက်မခံချင်ပေ။

'ဘယ်နှစ်က ကျောင်းထွက်တာလဲဟင်'

မြင့်မြင့်အေး နားလည်ပုံမရ။

'ကျောင်းထွက်တာ ဘယ်နှစ်နှစ်ရှိပြီလဲ'

'လေးနှစ်....

လေးနှစ်တောင်ရှိပြီပဲ၊ ယွန်းသည် မြင့်မြင့်အေးထံမှထူးခြားသော သာမန်မဟုတ်သောလက္ခဏာကို ရှာကြည့်မိလေ၏။

'အဲသည်နှစ်ကလေ ညီမကိုခင်လို့ ပြောပြတာနော်၊ အဲသည်နှစ်ကလေ ကျွန်မနေတဲ့ ကျောင်းဆောင်ကြီးရဲ့ရှေ့ကို ရဟတ်ယာဉ်ကြီးနှစ်စင်းထိုးဆိုက်လာတယ်သိလား၊ အစိမ်းပုပ်ရောင်တွေ'

မြင့်မြင့်အေးက လျှို့ဝှက်ချက်တစ်ခုကိုပြောရသလို လေသံနှိမ့်ချလိုက်သည်။ ယခုမှ သူမ၏မျက်လုံးတွေသည်သိသိသာသာကြောင်လာ၏။

'စစ်တပ်က ဟယ်လီကော့ပတာတွေလား'

'အဲသည်ပုံစံပဲ၊ ဒါပေမယ့် စစ်ရောင် မဟုတ်ဘူး၊ အစိမ်းပုပ်တွေ'

'ဘာလာလုပ်တာလဲ'ဟု ယွန်းကအံ့သြစွာမေးသည်။

'မသိဘူး'

'တခြားလူတွေကော ထွက်မကြည့်ကြဘူးလားဟင်'

'အဲဒါလဲ မသိဘူး'

ယွန်းသည် မြင့်မြင့်အေး၏ စိတ်မမှန်သောအဖြစ်ကိုလက်မခံချင်သေးပေ၊ သို့တစေ အဆောင်ရှေ့မှာ ရဟတ်ယာဉ်နှစ်စင်းလာရပ်သည်ဆိုခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်။

'ရဟတ်ယာဉ်ပေါ်က ဘယ်သူတွေ ဆင်းလာသလဲ'

'မပြောတတ်ဘူး၊ ကျွန်မ သိလိုက်တာကတော့ ဖြစ်ပျက်ဖြစ်ပျက်၊ ဒါပဲ၊ ဒါပေမယ့် အဲသည်ကတည်းက နားထဲမှာအသံတွေကြားလာပြီး နောက် ကျွန်မကျောင်းမနေရတော့ဘူး'

ယွန်းနားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းငေးနေသည်။

'အဲဒါအဖျက်တွေ၊ ကျွန်မတရားမှတ်တယ်၊ ကျွန်မသိချင်တယ်လေ၊ ဘာကိုကံ၊ ဘာကိုဒွာရခေါ်ပြီး ဂိုဏ်းဂဏခွဲထားတာလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ဒါကြောင့် ကျွန်မပါဋ္ဌိသင်တယ်၊ ဒါကို အဖျက်ဝင်လာတာပါပဲ'

'ဟော....ညီမရှဲဦးလေးလာပြီ၊ ကျွန်မပြောပြတာတွေ သူတို့သိစေနဲ့နော်၊ ရူးတယ်ထင်ပြီး ဆေးရုံကပေးမဆင်းမှအခက်'

ယွန်းသည် ထွက်ခွာသွားသော မြင့်မြင့်အေးထံမှ စိတ်အာရုံဆွောနိုင်ဘဲလျက် မျက်စိလွဲပြောင်းလိုက်ရချေသည်။

ဆရာနေဘွားသည် လက်တွင် သေတ္တာနက်ကလေး ကိုင်ဆွဲတာ လျှောက်လာသည်။ ညာလက်ကို ဟန်ချက်ညီညီ ဟန့်နှင့်ဘန်နှင့် လွှဲကာ လျှောက်လာဟန်မှာကြည့်၍ကောင်းလှသည်။

'ဦး....ပြန်တော့မလား'

'အေးကွ ယွန်းဘာမှာဦးမလဲ ဝင်မေးတာ'

'မေမေတို့ဆီ ရောက်ဦးမလားဟင် ဦး'

'သည်နေ့တော့ အိမ်ပဲပြန်မလားလို့၊ မေမေ့ဆီ မှာစရာရှိလို့ထား၊ တင့်တင့်လာမယ်ဆိုတာနဲ့ ဦး ပြန်တော့မလားလို့ပါ'

ယွန်းသည် ဦးကို သာကြောင့်များ ဦးဦးဖေဖေဟု ခေါ်မိခဲ့ပါလိမ့် ဝေခွဲမရနိုင်ပေ။ ယွန်းစိတ်မမှန်စဉ်က အဖြစ်အပျက်တွေကို ပြန်ပြောင်းပြောလျှင် အရင်က မယုံချင်သော်လည်းတော့ ဟုတ်မှန်သောကြောင့်သာ ပြောကြပေတာပဲဟု လက်ခံနိုင်လာပြီ။

'မှာစရာမရှိပါဘူး၊ သည်တစ်နေ့လုံး ဦးကိုမတွေ့လို့ မေးကြည့်တာပါ'

'ဦးက အပြင်လူနာ ၄ာနမှာ တာဝန်ကျနေလို့ ယွန်းရှဲ၊ ပြီးတော့ ညနေပိုင်းအတန်းတက်ရတယ်၊ ယွန်း အပြင်ထွက်ပြီး သွေ့မျှော်နေတာလား'

'မျော်တာလဲ မျော်ပါတယ်၊ ဟိုအဒေါ်ကလဲ နည်းနည်း[illegible]ယ်လို့ ယူဆရတာပဲ၊ သူက လောကုတ္တရာဘက် ကူးချင်
စကားများနေတာနဲ့'
[illegible]ယ်လေ၊ လောကီနဲ့ ထဲ နှစ်ခုရတာဟာ သူ့ဝေဒနာ အုံကြွ
ဦးက ယွန်း မေးငေါ့ရာဘက်သို့ လှည့်ကြည့်ကာ သိရှိ[illegible]က်ကွဲဖို့အတွက် အဆုံးစွန်ဆွဲချတဲ့ အချက်ပဲ ဖြစ်မှာပေါ့'
ခေါင်းဆတ်သည်။
[illegible]ယွန်း သက်ပြင်းချမိသည်။ ဦး၏ မျက်လုံးတွေသည် ယွန်း
[illegible]ကိုလို ခံစားတွေးတောမိကြောင်း ချက်ချင်း ရိပ်မိဟန်ရှိလေ
[illegible]သည်။
'သူကကော ဘာလို့ စိတ်ဖောက်သွားတာလဲ ဟင် ဦး
ကြာပြီဆို... ပြန်မကောင်းတော့ဘူးလား'
'သူကတော့ မကောင်းတော့ပါဘူး၊ ဆေးမှန်မှန် စား[illegible]သူ့မှာ နဂိုကတည်းက ဖြစ်ကိုဖြစ်ရမယ့် အခြေခံ ရှိနေခဲ့တဲ့
ယောင် သက်သာနေပြီး ဆေးပြတ်ယွင် ပြန်ထလာတယ်၊ သူ့မှာ[illegible]တယ် ယွန်းရယ်၊ ယွန်းနဲ့ ရောဂါချင်း မတူပါဘူး၊ ယွန်း
နောက်ပိုင်းက စရိတ်စက် တာဝန်ယူနိုင်တော့ မဆိုးလှပါဘူး[illegible]ကောင်းနေပြီပဲ၊ ဆေးလဲ မှန်မှန်သောက်နေသားပဲ၊ အီးစီ
'ဘာလို့ ပြန်ပြန်ရောက်လာတာလဲဟင် ဦး'[illegible]ခဲ့က်တာလဲ သုံးခါရှိပြီ၊ ဆရာကြီးက ပေးဆင်းတော့မှာပါ'
'ဆေးသောက်မှန်လို့ပေါ့ ယွန်းရဲ့'
'သူက ဆေးဝယ်နိုင်တယ်မဟုတ်လား ဦး၊ ဘာလို့[illegible]ယွန်းက ဆေးသောက်ချင် ပါတယ်၊ ယွန်း ပျောက်ချင်
သောက် မမှန်တာလဲ'
'သူ့ကိုယ်သူ ဘာမှမဖြစ်ဘူးထင်နေတော့ ဆေးမသော[illegible]အဲဒါကိုက ကောင်းနေပြီဆိုတဲ့ လက္ခဏာ ယွန်းရဲ့၊ စိတ်
ချင်ဘူး၊ သူ့မိသားစုကလဲ ငွေသာပေးနိုင်ပြီး မေတ္တာ[illegible]နာ ရှိတဲ့လူဟာ ဆေးကို မသောက်ချင်တာ၊ သူ့ကိုယ်သူ
နည်းလျော့သွားပြီလေ၊ သူ့အတွက် အန္တရာယ်အတာ မခံကြ[illegible]ကောင်းလို့ပဲ ယူဆတာကိုး'
ဘူး၊ သမီးတွေကလဲ အိမ်ထောင်ကွဲ ဖြစ်သွားကြပြီကိုး'[illegible]ယွန်း ပြုံးလာသည်။
'သူ့ရောဂါက ဘာလဲဟင်'[illegible]ဟေ့....ယွန်း ညည့်သည်တွေ လာပါပြီဟျာ'
'စကီဇို ယွန်းရဲ့၊ သူ့မှာ စိတ်ကြီးဝင်စွဲ လက္ခဏာ[illegible]ဦးကို လျော့ရဲရဲမှိန့်နေရာမှ ယွန်း ကိုယ်ကို မတ်လိုက်သည်။
ရှိတယ်၊ ယွန်း သိတယ်မဟုတ်လား၊ သူ့ကိုယ်သူ အကြီးအ[illegible]ယွန်း လှမ်းကြည့်လိုက်သောအခါ ပလတ်စတစ် ခြင်းနှိုက်
ရတယ်၊ ကမ္ဘာ့ဥာန်းပေါက်တယ်နဲ့၊ သူ့ ယောကျ်ား အ[illegible]မှာဆွဲကိုင်ပြီး ဝင်လာသော ပို့ဝိစိုးကို အယင် မြင်လေ

သည်။ ပြီးတော့မှ ပိုက်ဆံအိတ်ထဲသို့ ကျပ်တန်တွေ ထို
ထည့်ယင်း ပိုင်စိုးနောက်မှပါလာသော ဒေါ်လေးတင့်
တွေ့ရလေ၏။

ယွန်း အပြေး ကြိုချင်စိတ်ဖြင့် ခြေလှမ်း ပြင်မိတော့
ဖြစ်သွားပြီးမှ ကိုပိုင့်ကိုကြည့်ငေးယင်း မလှုပ်ရှားဖြစ်ဘဲ
ရပ်သွားတော့သည်။

ကိုပိုင်သည် ဆံပင် ပျော့ပျော့နုနု ရှည်လျားလျ
အသားဖြူဖြူ၊ မျက်လုံးအိမ်ကျဉ်းကျဉ်း၊ မျက်ရစ်လည်
တာမို့ လူပုံက တရုတ်နွယ်သလိုပင်။ သူ့အရပ်က မမြ
လှသော်လည်း ပိန်သွယ်သွယ်မို့ အရပ်ရှည်သလို ထင်ရ
သူ့ လည်ဝိုင်း စပို့ရှပ်အပြာ၏ ရင်ဘတ်တွင်(ချစ်သာ
သွားယင်လေ) IF You Go Away Most Bel
ဆိုသော စာလုံးနီကလေးတွေ ခပ်သော့သော့ကလေး ရေ
ထားလေသည်။ မွဲဖျော့ဖျော့ မီးခိုးပြာ ဘောင်းဘီ
ရာဘာရှေ့ထိုး ပိုက်ဖိနပ်နှင့်။ သူသည် ဘယ်သော
အလွန်အမင်း ဝတ်စားဆင်ယင်ခြင်းမရှိသလို ဘယ်အ
လည်း မသေမသပ် မရှိတတ်ပေ။ ဂီတသမား တစ်
အနုပညာသည်တစ်ယောက်ဖြစ်ရန် ဖိုသီဖတ်သီ ဖြစ်နေ
မလိုဘူး ထင်သည်။ ကိုပိုင့်လို မျက်လုံးကျဉ်းကျဉ်းက
ထဲက သိမ်မွေ့ရှန်းလဲ့သော မေဘွာရိပ်ကလေးတွေ စွန်
နေတတ်ဖို့ ပိုပြီး စီပြစ်သော လိုအပ်ချက်တွေ ဖြစ်မသာ

သုကို ယွန်း တအားဖက်တွယ်ထားခဲ့မိသည်ဟု ပြောဆိုကြ
ကို သတိရမိသည့်အတွက် ယွန်းကိုယ်ယွန်း စိတ်တိုသည်။
ကြံဖန်ဖန် ဒါကိုများ ပြန်တွေ့တွေ့ချင်း သတိရရသတဲ့။
ယွန်း၏ ပါးကလေးတွေပူနွေးသည်။ ယွန်း ရှက်မိရချေ၏။
နင်တော့ ပြန်လောက်ပြီလို့ ငါ လမ်းမှာ ပြောလာတာ၊
ကားကလဲ ရုံးဆင်းချိန်ဆို ကျပ်သလားမမေးနဲ့ နေဘွား

'မမေးပါဘူး၊ မမေးပါဘူး'
ဒေါ်လေးတင့်က ဦးကို မျက်စောင်းခဲလေသည်။ ဆေးနီ
ထားသော နှုတ်ခမ်းပါးများကတော့ သွား ထပ်ထပ်
တွေ ပေါ်အောင် ပြုံးရယ်နေလေ၏။
ခေတ်စကား ပြောကြည့်တာဟဲ့၊ တကတည်း ငါ့များ
ချည်း ပြင်နေတာပဲ'
နှုတ်ခမ်းက နှုတ်ခမ်းနီတွေလား'
ဘော်ဟာ စိမ်းနုမှာလိုက်တာကို ငါ မမေ့သွားခင် ပြော
ဦး၊ မနက်ဖြန်လောက် ဂျူတီမကျယင် လှည့်လာပါဦး
ဘောစောကတော့ ဂျူတီမှန်း သိပါတယ်တဲ့၊ နင်တို့က
လှယ်တွေ ရှိတတ်လို့တဲ့'
ပါဘူး၊ လာမယ်လို့ ပြောလိုက်'
ကိုလာမလား၊ဆေးဆိုင်ကိုလားတော့သူတို့ဘာမှမပြော
သူတို့ဘာသာ သိနားလည်ကြပြီး ဖြစ်မှာပါ။

ယွန်းသည်လည်း ဒေါ်လေးနှင့်ဦးကို စိတ်မဝင်စား
ပိုင်စိုးထံမှမျက်လုံးလွဲဖယ် မျက်လွှာချယင်းလက်ချောင်းက
များကို ယှက်လိမ်လိုက်၊ အဆစ်ချိုးလိုက်နှင့် အနေရခ
သည်။

'ကိုပိုင်လိုက်ချင်တယ်ပြောလို့အတော်ပဲယွန်းရေ၊ ဒေါ်
လဲ အဖော်မရှိကာနဲ့၊ နီတာက သူ့အစ်မနဲ့ပဲခူးလိုက်သွား
သူတို့အမျိုး တစ်ယောက် ဆွမ်းကပ်လို့တဲ့၊ ခြင်းပေး
ဒေါ်လေးသွားထားလိုက်ဦးမယ်၊ ဟိုဟာ ယွန်း ရှဲခုတင်

ကိုပိုင်သည် ယွန်းရှေ့တွင်ရပ်ကာ ယွန်း၏ မျက်နှာ
အကဲကို ကြောင့်ကြစွာ အကဲခတ်နေသည်။

ယွန်း ရှက်ပြုံးပြုံးပြကာ ဖျတ်ခနဲ တစ်ချက်မျက်လုံး
ကြည့်မိလေသည်။

'ပထမအစမ်း ဖြေရတော့မယ်မဟုတ်လားကိုပိုင်'

သူလည်းပြုံးနိုင်လာသည်။ သူလာသည်ကို ယွန်းကနှ
ဆက် ပဋိသန္ဆာရစကား ဆိုလေပြီကော။

'ဦးပြန်မယ်နော် သမီး၊ သမီးလဲ ဧည့်သည်တွေရောက်
ပဲ၊ စကားပြောရစ်ဦး'

လူနာဆောင်ထောင့်သို့ ဦး ကွေ့ချိုး ပျောက်ကွယ်
သည်အထိ ယွန်းလိုက်ကြည့်နေမိသည်။ သူ့ကိုယွန်းကပ
ရန်လုပ်ရှောင်ဖယ်ခဲ့ဖူးသည်ကို သူ သတိမှရပါလေစ။

ယွန်းသည် လူတကာကို ရန်ရှာငြိုးထားမိခဲ့သည်ထင်ရှဲ။ သို့
ယွန်းပြုဖြင်မည်။ ယွန်းကြောင့် ပျက်စီး ယွင်းယိုခဲ့သမျှ
တွက် အလျော်အစားလည်း ပေးနိုင်ရပေမည်။

'သမင်းစားကြရအောင်လေ ယွန်း၊ အခန်းထဲမှာ ထိုင်ကြ
ထား'

'မစားသေးဘူးဒေါ်လေး၊ ချိုင့်ထားခဲ့ပေး၊ ဒေါ်လေးတို့
စားမယ်'

ဒေါ်လေးသည် ပြုံးရွှင်နေရာမှမျက်မှောင်အတန်ငယ်ကြုတ်
ကြောင့်ကြဟန် ပြလေသည်။

'ဟင်းကောင်းတယ်သမီးရှဲ၊ သမီးကြိုက်တတ်သလိုရှောက်သီး
ဘူးသီးဟင်းခါးချက်လာတာ၊ ကြက်အသည်းလဲကြော်ခဲ့
အမြစ်တွေ သမီးမစားလို့ စိမ်းနုနဲ့ညီ့ဖို့ဖြုတ်ထားခဲ့တာ'

'ယွန်းစားမှာပါ၊ အခု ခုတင်နား ပြန်မသွားချင်သေးလို့၊
လေး မကြားခဲ့ဘူးလား၊ ယွန်းခုတင်ဘေးက အဒေါ်
ဖောက်ပြီး လျှောက်ပြောနေတာ၊ လှည့်မကြည့်နဲ့လေ ဒေါ်
ရှဲ နောက်မှ မသိမသာကြည့်'

ယွန်းကို ဒေါ်လေးတင့် အရေးသယ် ဂရုစိုက်နေရသည့်
ကျက် ယွန်းအားနာလှစွာ ပျာဖျာသလဲ ဖြေရှင်းသည်။

'သြော်....အေး၊ တတွတ်တွတ်နဲ့ တရားစာရွတ်တယ်မှတ်လို့၊
ပျောလဲ နားမထောင်ခဲ့ပါဘူး'

ယွန်းက တိုင်ကို ကျောနှင့် ထိကပ်ကာ လက်နှစ်ဖက်နှင့်
ကပ်ပြန် ဖက်ကိုင်ထားလိုက်သည်။

'ယွန်းမှာထားတဲ့ အနွေးထည်ဟောင်းနဲ့ ခေါက်ထီး တ
လက်ယူလာတယ်'

'ခင်သီတာဖို့ပါ၊ သူ့ထီးပျောက်သွားလို့တဲ့၊ ယွန်းမှာပေ
ဝယ်ပေးခဲ့တယ်ဆိုတဲ့ ချာလီထီး ရှိနေသားပဲ၊ အဟောင်း
ခင်သီတာဖို့ပဲ ပေးလိုက်တော့မလို့'

'ဒေါ်လေးရဲ့ ထီးက ပိုဟောင်းတယ်၊ သမီးရဲ့ထီးဒေါ်လေ
ကို ပေးပါလား၊ ဒေါ်လေးရဲ့ထီးကို ခင်သီတာ ယူပစေလေ

'ယူလေ၊ မိုးလဲကုန်တော့မှာပါ၊ ခင်သီတာက ဘာရရဝ
သာမှာ၊ သူ့ဘယ်မှသွားရတာလဲ မဟုတ်ပါဘူး၊ ဒါပေမ
ယွန်း ဆေးရုံ ဆင်းရယင်တော့ သူလာလည်မယ်တဲ့'

ပိုင်စိုးကားငြိမ်ချက်သား ကောင်းလျက်ရှိလေသည်။

'ကိုပိုင်ကလဲ နားငြီးလိုက်တာ၊ သူ့အသံချည်းပဲ'ဟု ဒေါ်
လေးက ကျီစယ်တော့မှ ရှက်တက်တက်ပြုံးလေသည်။

'စကားပြောမှားသွားယင် ယွန်းစိတ်အခန့်မသင့်မှာစိုးတ
နဲ့ပဲ'ဟု သူ့ တစ်ပိုင်းတစ်စပြောယင်း ရပ်တန့်သွားသည်။

'ယွန်း နေကောင်းနေပါပြီ'

ယွန်းကိုယ်ယွန်း အာမခံချက်ပေးမိသည်။ ပိုင်စိုးက
ကျေကျေနပ်နပ်ကြီး မျက်နှာကြည်လင်လာသည်။ ယွန်းက
စိတ်ဝေဒနာရှင်များသည် မိမိကိုယ်မိမိ ဝေဒနာရှိသည်မယူ
ဘူးဆိုသော ဦးနေဘွား၏အပြောကိုဖျတ်ခနဲသတိရပြီး ထော
စိမ့်သွားမိလေ၏။

'ယွန်းမှာတဲ့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာလဲ ပါတယ်
ကြည့်ပြီး ပြန်ပေးလိုက်လို့ စိမ်းနုက မှာတယ်၊ ဆေးရုံဆင်းလာမှ
တူတူဖြည့်ကြတာပေါ့တဲ့'

ယွန်းအခန်းထဲ ဝင်လာကာ ခြင်းထဲမှာ ကြွပ်ကြွပ်အိတ်နှင့်
ထုတ်ပတ်ထားသော စက္ကူအိတ်ညိုကြီးကို ထုတ် ယူ့သည်။
ဒေါ်နုနုမြိုင်မှာ ပုံစံမပျက် ပုတီးထိုင်စိပ်ဆဲ။ တစ်ဖက်စွန်းမှ
မတင်ထွေးကတော့ ကာတွန်းဖတ်နေလေသည်။

'တချွတ်ချွတ် မလုပ်နဲ့သမီး၊ ဘိုးတော်တွေ တရားထိုင်တဲ့ဆီ
အာရုံရောက်နေတာ သမီးကြောင့် ပျက်သွားပြီကွယ်'

ယွန်း ပါးစပ်ကလေးဟကာ ဇက်ပုသွားသည်။ အသံပြန်ပြု
တောင်းပန်ဖို့ပင် မဝံ့မရဲတော့ဘဲ အပြင်ပြန်ထွက်လာလေသည်။

'ယွန်းကို ဘာပြောတာလဲ'ဟု ဒေါ်လေးက စပ်စုသည်။

ယွန်းပြန်ပြောတော့ ဒေါ်လေးသည် အလွန်အမင်း စိတ်
ဝင်စားလျက် 'စိတ်ရောဂါ ဟုတ်ချင်မှ ဟုတ်မှာ၊ တကယ်
တရားပေါက်သွားတာ ဖြစ်နိုင်တယ်'ဟု အယူသည်းချင်သည်။

'ပထမဆုံးအကြိမ်သည် ဆေးရုံရောက်လာတုန်းက ဗိုလ်
ချုပ်ဈေးသစ်ထဲ သန်းခေါင်ကျော်ကြီး တစ်ယောက်တည်း
ရောက်နေလို့ပါဆို၊ ဘိုးတော်တွေက ဗိုလ်ချုပ်ဈေးသစ်မှာ
တရားထိုင်သတဲ့၊ ဒါဆို ဒေါ်လေး သဘောပေါက်'

ယွန်းက ရယ်ဟဟကလေး အဆုံးသတ်လိုက်လျှင် ပိုင်စိုးက
နှစ်ခြိုက်စွာ ရယ်ကာ ဒေါ်လေးက လျှာကလေး တစ်လစ်
ထုတ်ပြီး မျက်လုံး ပြူးပြလေ၏။

ယွန်းက စက္ကူအိတ်ထဲမှ လျှောက်လွှာတွေကို ဆွဲထုတ်ပြီး လျှောက်ဖြန့်ကြည့်ဖို့ လက်မအားဘဲ ဖြစ်နေသည်။

'ကို့ကိုပေးထားလေ ယွန်း'

ယွန်းသည် တက္ကသိုလ် လမ်းညွှန်ကို စေ့စေ့စပ်စပ် စိတ်ဝင်တစား လှန်လှောကြည့်မိသည်။ ပိုင်စိုးနှင့် ဒေါ်လေး တစ်ခွန်းတလေ စကားဖလှယ်သံသဲ့သဲ့ ကြားသော်လည်း ယွန်း အာရုံသည် မပျံ့မပြေး၊ လမ်းညွှန်စာအုပ်ထဲမှာသာ နစ်မြှုပ်သွားလေ၏။ ပြည့်စုံရမည့် ဝင်ခွင့်အရည်အချင်းအရ ယွန်းသည် (က) သည်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို 'က' အဆင့်နှင့် အောင်ခဲ့ပြီ။ (ခ) အကျင့်စာရိတ္တ ကောင်းသခုလည်း မှတ်ကျောက်တင် ငရဲမီး အစမ်းခံနိုင်လိုက်သမှ၊ အဲ... (ဂ) ကျန်းမာရေး ကောင်းမွန်ရမည်ဆိုသော အချက်မှာသာ ယွန်း ငြိနေလေမလား။

'သက်ဆိုင်ရာ မြို့နယ် ကျန်းမာရေး ဆရာဝန်ထံမှ ကျန်းမာကြောင်း လက်မှတ် တင်ပြရမည်တဲ့ ဒေါ်လေးတင့်'

'အဲဒါကို ပြောထားပါတယ် ယွန်းရဲ့၊ နေဘွား လုပ်ပေးမှာပါ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲတောက်ခံစာတွေဆို စိမ်းနုနဲ့ ညီလုပ်ထားပြီးပါပြီ၊ သမီးက တယ်စိယ်ပူတာပဲကွယ်'

ယွန်းက ရယ်ကျဲကျဲနှင့် ကိုမိုင့်ထံ မျက်လုံးဝင့်ကာ ကြည့်လေသည်။ ယွန်းကို လေ့လာ အကဲခတ်နေဟန်ရှိသော ကိုမိုင်သည် ယွန်းကို တုံ့ပြန် ပြုံးရယ်ပြယင်း မျက်နှာ ကြည်လန်လာလေ၏။

'ယွန်း ဘာလျှောက်မလဲဟင်'

လွှတ်ခနဲ မေးခွန်းထုတ်လိုက်ပြီးကာမှ ပိုင်စိုးသည် သူ့မေးခွန်းအတွက် ယွန်း စိတ်အနှောင့်အယှက် ဖြစ်သွားမှာ စိုးရိမ်ဟန် မျက်နှာ ရိပ်ခနဲ ညိုသွားပြန်ကာ ခေါင်းကို ဆတ်ခနဲ ခါယင်း လက်ကာလိုက်လေ၏။

'အဲဒါတော့ အိမ်ရောက်မှပဲ စဉ်းစားရမှာနော်၊ ဆောရီး ယွန်း၊ တို့မေ့သွားလို့'

သူတို့သည် ယွန်းစိတ်ကိုထိပါးလှုပ်ခတ်စေနိုင်သည် ထင်သမျှ သတိကြီးစွာထားပြီး စကား ရွှေးချယ်နေရသည်ဟု ယွန်း ခိုပ်မိလာသည်။ သူတို့ ဤမျှ စိုးရိမ်နေရလောက်အောင် ယွန်း၏ ဝေဒနာက ကြီးမားနေလေသလား။ ဟုတ် ပေ မှာ ပေါ့။ စောစောကတော့လည်း ယွန်းအဖြစ်က ဆိုးရွားခဲ့သည်ပဲလေ။

'ခုလဲ စဉ်းစားပါတယ်၊ တို့က သွေးမမြင်ချင်ဘူး၊ သွေးမြင်ဆောက တော်သေးတယ်၊ ဝေဒနာခံစားပြီး နာနေ ကျင်နေအော်ဟစ်နေတာတွေကို မမြင်ဝံ့ဘူး၊ ပြီးတော့ တို့ ရွံတတ်တယ်၊ တို့အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တစ် ခု ခု လျှောက်ယင်လဲ ဆေးကျောင်းတော့ မလျှောက်ချင်တော့ ပါဘူး၊ ဒါမေမယ့် မေမေ့သဘောကို မေးရဦးမယ်'

'ဟုတ်ပါတယ် ယွန်းရယ်၊ အိမ်ကျမှပဲ စိမ်းနုနဲ့ တိုင်ပင်ပြီး ဆုံးဖြတ်ပေါ့၊ စိမ်းနုကတော့ ယွန်းသဘောအတိုင်းသာ ရွှေးချယ်ခွင့် ပေးမှာပါပဲ'

ဒေါ်လေးတင့်ကလည်း ယွန်း၏ တက္ကသိုလ် ဝင်ခွင့်နှင့် ပတ်သက်ပြီး၊ စကား လက်စရှည်စေလိုဟန် မရှိပေ။

ခေါ်လေးတင့်နှင့် ပိုင်စိုးတို့ စိတ်သက်သာ ပေါ့ပါးစေ တော့ဟု ယွန်းကပဲ စကားလွှဲလိုက်ရတော့သည်။

'တန်ဆောင်တိုင်ကျယင် ယွန်းတို့လမ်းထဲမှာ စ တေ့ရှိူး ရှိဦးမှာပေါ့နော် ကိုပိုင်'

ပိုင်စိုးသည် အပြစ်ရှိသူပမာ ဟယ်ခနဲ ရယ်လေ၏။

'တို့ သည်နှစ် အပြတ်ငြိမ်ပြီး စာပဲ ကျုံးနေတာ ယွန်းမှဲ ဒါနဲ့ မာမီကလဲ လမ်းထဲ စတေ့ရှိူးလောက်တော့ တက်ယဲ ချင် ဟဲ ပေါ့လို့ ခွင့်ပြုတယ်၊ ရန်ပုံငွေတော့ ကောက်တော့ ကောက်မှာပေါ့၊ မာမီကပဲ ခပ်များများ အိတ်စိုက်ပေးရမှာ ဓီးဝိုင်းတစ်ခုငှားဖို့စရိတ်က မနည်းဘူး'

'ဝါသနာကို မတားနဲ့တော့လား' ဟု ပြောကာ ဒေါ်လေး တင့် ရယ်မောနေသည်။

'တို့က မာမီ့ကို တော်တော်ကလေး တာဝန်လေးအောင် လုပ်တာပါ ယွန်းရာ၊ ယွန်းလို တစ်နှစ်တည်း အောင်သွားနိုင် လျက်နဲ့ တစ်နှစ်ဆွဲမိတယ်၊ လာမယ့်စာမေးပွဲတော့ အောင်ကို အောင်မှ ဖြစ်တော့မှာ'

ယွန်းသည် ယွန်းအားရှိအောင် ယွန်း၏ ဂုဏ်ပုဒ်ကလေးကို ဖော်ထုတ်ဖို့ကြိုးစားနေသော ပိုင်စိုးကို ပြုံးပြုံးလေးကြည့်ရှုမိသည်။

'ကိုပိုင်နဲ့ညီ့ကို ယွန်းစာသင်မယ် သိလား' ဟုနောက်ပြောင်ယင်း ခစ်ခနဲရယ်မိလေသည်။

ဒေါ်လေးလည်း ရယ်သည်။

'သင်တေ့ ယွန်း၊ ဒေါ်လေး ထားဝယ်ကြိမ် ရှာဝယ်ပြီး ထ,ထားမယ်'

ယွန်း မျက်နှာမူရာဘက်မှ တိုက်ပုံနှင့် အတက်ချီကေ့စ်နှင့် မျက်မှန်ထူထပ်ထားသော အသားဖြူဖြူလူရွယ်တစ်ဦးလျှောက်ထာသည်။ အရပ်ပျပ်ပျပ်၊ လူလုံး ခပ်သွယ်သွယ်။

စကားပြောယင်း လှမ်းကြည့်နေမိရာနီးလာတော့မှ မျက်နှာ ထွဲပုံဖမ်းမိလေသည်။

'ဒေါ်လေးတင့်၊ ဟိုမှာမေမေ့ဆေးခန်းက ဆရာဝန်မဟုတ်ထားဟင်'

ဒေါ်လေးတင့်ရော ပိုင်စိုးပါ လည်ပြန်လှည့်ကြည့်လိုက်ကြသည်။

'ဟယ်....ဟုတ်ပါရဲ့၊ ယွန်းဆီလာတာပဲ ထင်တယ်'

ယွန်းက အပြုံးကလေးနှင့် အသိအမှတ်ပြု ကြို့ဆိုလိုက်လေသည်။

'ယွန်းဆင်းရတော့မယ်လို့ မမစိမ်းက ပြောတယ်'

'ဟုတ်ကဲ့ ဦးကလဲ ပြောပါတယ်၊ နက်ဖြန် ဆင်းရမလား ဘူးတဲ့၊ သည်နေ့အီးစီတီတစ်ခါရိုက်တယ်၊ ယွန်းနားထဲမှာ ထသံမှ မကြားရတော့ပါဘူး၊ ဒါပေမယ့် ပိုကောင်းအောင်

ခွင့်ဟသွားသည်။ ယွန်းတထိတ်ထိတ်ရင်တုန်ခုန်လှိုက်မိလေသည်။ လူကြီးသူမသဖွယ် ယွန်းလေးစားအားထားသူ တစ်ယောက်က ယွန်းအပေါ်မှာ ထွေထွေပြားပြား စိတ်ဝင်စားနေပြီကော။

'သည်နေ့ ကျွန်တော်တို့ စာမေးပွဲ သွားဖြေရတယ် ဒေါ်လေးရဲ့၊ ဆုထူးဝန်စာမေးပွဲလေ၊ ရေးဖြေအောင်ယင် လူတွေ့စစ်ဆေးသေးတယ်၊ စစ်တပ်ထဲကို လူငါးဆယ် ခေါ်မယ်တဲ့၊ ပါလဲပါ၊ မပါလဲပြီးရော ဒေါ်လေးရာ'

'ဆရာတို့မလဲ သည်လောက် နှစ်ရှည် သင်ထားပြီးတော့လဲ အလုပ်ရဖို့ မလွယ်ဘူးနော်'

ယွန်း၏မျက်လုံးအကြည့်သည် ပိုင်စိုးထံဝေ့ခနဲရောက်သွားသည်။ ပိုင်စိုးမှာ မျက်နှာသေနှင့် အဆောင်ကြားမြက်ခင်းပြင်မှ စက္ကူပန်းပင်ခွာသို့ ငေးကြည့်နေလေသည်။

ယွန်းရယ်ချင်လာသည်။ ယွန်း၏အလှမှာ ခယဝင်တွားသူ နှစ်ယောက်တိတိ ယွန်း၏ရှေ့မှောက်ငယ် တင်ပြိုင်နှက်ရောက်ရှိနေပါကလား။

ယွန်းမရယ်ပါ။ မျက်နှာမှာ အပြောင်းအလဲမရှိစေရအောင် ကြိုးစားရမည်ဟု ယွန်းအလိုလိုသိနေသည်။ ယွန်း ဘာကို ရယ်ချင်မှန်း သူတို့နားမလည်ဘဲ ယွန်းစိတ်ဖောက်ပြန်သည်ဟု ထင်မြင် ယူဆနေကြမှာကို ယွန်း စိုးရိမ်ရပေသေးသည်။

'ဒေါ်လေးတင့်တို့ ပြန်ကြမှထင်တယ် ကိုပိုင်၊ လေဟာပြင်ဝေ့ဝင်ပြီး နည်းနည်းပါးပါးဝယ်ခြမ်းသွားရဦးမယ်၊ မနက်ကျ

ထပ်ရိုက်တာတဲ့၊ ဆေးရုံဆင်းပြီးလဲအပြင်လူနာအနေနဲ့တစ်ပတ်နှစ်ခါလာရိုက်ရဦးမှာတဲ့ဆရာ'

ယွန်းသည် မေမေ့ဆေးခန်းမှာထိုင်သော ဒေါက်တာ ဝင်းသင်္ဘင်ကို ဆရာသမား အရင်းအချာတစ်ယောက်သဖွယ် အားကိုးရင်းနှီးစွာ ပြောပြမိသည်။ ဆေးပညာတတ်ကျွမ်းသူတစ်ယောက်ယောက်က ယွန်းကို ဝေဒနာပျောက်ကင်းပြီဖြစ်ကြောင်း ထပ်လောင်း ထောက်ခံချက် ပေးစေချင်လှမလေသည်။

'ယွန်းအသားအရေပြည့်လာတယ်၊ ကိုယ်အရင်တစ်ခေါက်လာတုန်းက ယွန်း မျက်တွင်းတွေကျပြီး မျက်နှာလဲ သိပ်နွမ်းတယ်'

'ဆရာလာသေးတယ်လား၊ ဟုတ်သားပဲ၊ ယွန်း သိပ်မမှတ်မိဘူး၊ သူများတွေက ပြောကြလို့၊ ရှော့ခ်ရိုက်တာ သတိတွေ့မကောင်း ဖြစ်တတ်တယ်ဆို၊ ဟုတ်သလားဆရာ'

'ခဏပါ ယွန်းရဲ့၊ နောက်တော့လဲ ပြန်မှတ်မိလာတာပါပဲ'

ပိုင်စိုးသည် ပြဇာတ်တစ်ခု၏ ဤအခန်းတွင် မပါဝင်သော ဇာတ်ဆောင်တစ်ယောက်က ကန့်လန့်ကာအကွယ်မှ ရပ်ကြည့်နေသည့်နှယ် ခပ်ငေးငေး။

'ဆရာ ဘယ်ကလှည့်လာတာလဲ'ဟု ဒေါ်လေးတင့်ကမေးသည်။

'ကျွန်တော် သည်ကိုသက်သက်လာတာပါပဲ'

သူ့စကားအဆုံးတွင် ယွန်းကို စူးစိုက်ကြည့်လိုက်သည်မှာ စက္ကန့်ပိုင်းသာ ကြာမြင့်သော်လည်း အနှက်အဓိပ္ပာယ် များစွာ

ဆိုင်ကိုထည့်ပေးဖို့ ဟင်းမရှိဘူး၊ ယွန်းဆီလဲ ပို့ချင်ပို့နေရဦးမှာ'

'ဟင့်အင်း....ဟင့်အင်း၊ ယွန်းဆေးရုံဆင်းရမှာပါ၊ ယွန်းဆီမပို့ရတော့ပါဘူး'

ယွန်းက ပျာပျာသလဲ ကန့်ကွက်လျှင် ဒေါ်လေးတင့်နှင့် ဒေါက်တာဝင်းသွင် သဘောကျစွာ ရယ်မောကြသည်။

ပိုင်စိုးကား ဟန်ပြုံးသာ ပြုံးနိုင်လေသည်။

'ကျွန်တော်လဲ ပြန်မှာပါဒေါ်လေး၊ ဆေးခန်းနောက်ကျယင် မမစိမ်းတို့ စောင့်နေရမှာ'

ဒေါက်တာဝင်းသွင်၏ စကားအဆုံးတွင်မှ ပိုင်စိုးမျက်ခုံးတစ်ဖက်ပင့်ကာ မသိမသာ ပခုံးတွန့်ယင်း သက်ပြင်းမျှင်း၍ချလေသည်။

ပိုင်စိုး၏ အမူအရာကို သူ့နံဘေးမှ ဒေါ်လေးတင့်လည်း မမြင်ရ။ ဒေါက်တာဝင်းသွင်ကလည်း ယွန်းကို မခွဲနိုင်မခွာရက်ဟန် ရီဝေဝေသွမ်းဆွေးဆွေး ငေးကြည့်နှုတ်ဆက်ဆဲ။

ယွန်းမပြုံးမိအောင် သတိထားနေရလေ၏။

[illegible]ဲ်းအေးနုနှင့် တင့်တင့်တို့သည် နှစ်ကိုယ်တည်း တီးတိုးဖော်[illegible]ဝင်သဖြင့် နေနိုင်ကြစေကာမူ နေဘွားပါဝင်သော သူဝယ်[illegible]း သုံးယောက်မှာတော့ စုစုဝေးဝေး ဆုံဖြစ်ခဲ့ပေသည်။

သည်နေ့ခင်းတော့ ညီကို အိမ်စောင့်ထားခဲ့ကာ တင့်တင့်[illegible]းဆိုင် လိုက်လာသည်။ ဈေးဝယ်ကျပါးသွားချိန်မို့ အေး[illegible]း လူလူ စကားစမြည် ပြောအားကြသည်ဟု နေဘွားကို[illegible]ည်း ဆေးရုံပိတ်ရက်မှာ ထမင်းအတူစားဖို့ ချိန်းဆိုထားကြ[illegible]ည်။

ညီက အပြန် တင့်တင့်လည်း ရောက်မလာ သေးမီ သည်[illegible]းခန်းတွင် စိမ်းနုနှင့် နေဘွား နှစ်ယောက်ချင်း ဆုံရချေ[illegible]ည်။

'တင့်တင့်ကြီး ဘတ်စ်ကား တိုးမရပါစေနဲ့ဗျာ'

မောင်က ပြုံးစစဆုတောင်းတော့ စိမ်းနု ရယ်မောမိလေ
သည်။

'ထမင်းချိုင့်က သူနဲ့မှပါလာမှာ၊ မောင် ထမင်းငတ်သွား
မှာ သိရဲ့လား'

'ငတ်ပါလေစေကွာ'

'ဩော်....သည်ဆိုင်ထဲမှာ နှစ်ယောက်တည်း ထိုင် ရ တော့
ကော့ စိမ်းနုလက်ကို ခဏတစ်ဖြုတ် လှမ်းကိုင်ရရုံ၊ လူလစ်လျှ
ပါးကို ဖျတ်ခနဲ ခိုးနမ်းနိုင်ရုံအပြင် သူ ဘာမျှား ကဲနိုင်တာ
လိုက်လို့၊ ဟင်း'

'အဲဒါ နည်းသလား အချစ်ရယ်'

စိမ်းနုက နေဘွား၏ လက်ဖျံကို နာ ကျင် အောင် ဆိတ်
သည်။ နေဘွားက ပြုံးထော့ ထော့ဖြင့် စိမ်းနု၏မျက်နှာကို စိုက်
ကြည့်ယင်း တင်းခံနေသည်။

'နာသလားဟင်'

'နာတယ်ထင်လား'

'အင်း'

'နာတယ်ထင်ယင် မဆိတ်နဲ့'

'ဆိတ်မယ်'

စိမ်းနုက အားနှင့်ဖိကာ ဆိတ်မြဲ ဆိတ်သည်။ သူ အသည်
မပျက်။

'နာတယ်လို့ပြော'

'ဟင့်အင်း နာတယ်ထင်ယင် မဆိတ်နဲ့'

စိမ်းနု အလျှော့ပေးလိုက်ရလေသည်။ သူ့အသားဖြူဖွေး
ဖွေးတွင် စိမ်းနု၏ လက်သည်းရာ ချိုင့်ဝင်နီရဲလျက် ကျန်ရစ်
သည်။ စိမ်းနုက အသာအယာ ပြန်ပွတ်ပေးတာ တစ်ယောက်
မျက်နှာ တစ်ယောက် ချမ်းမြေ့စွာ ငေးကြည့် ပြုံးရယ်နေမိကြ
လေသည်။

'ဈေးဝယ်ရောက်ပြန်ပြီစိမ်းနု၊ ခလုတ်နှိပ်လိုက်ဦးမှ တောက်'

'ဘာခလုတ်လဲ'

'ငယ်ကျမ်းဆွေဇာတ်လမ်းခွေ နားထောင် နေရာက ကက်
ဆက် ခလုပ် ပိတ်လိုက်ရတယ်လေ'

စိမ်းနု ပြုံးရွှင်ရွှင်နှင့် မျက်စောင်းချိတ်ကာ စားပွဲမှခွာရ
သည်။

'သန့်ချဆေးတစ်လုံး ဘယ်လိုရောင်းသလဲ'

ဆေးဝယ်သူသည် အသက်ငါးဆယ်ကျော် ဆံပင်ဖြူ ဖရိုဖရဲ
ဆံးနှောင်သော အိန္ဒိယ အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။

'ဘာ သန့်ချဆေးလိုချင်သလဲ အစ်မ'

'ကီးထွက်'

'ကီးထွက်က အော်ရီဂျင်နယ်ဆို တစ်လုံး ရှစ်ကျပ် အစ်မ၊
အင်ဒီးယားကလာတာဆိုယင် နှစ်ကျပ်'

'အင်ဒီးယား ကောင်းရဲ့လား'

'မဆိုးပါဘူး အစ်မရဲ့၊ ကျွန်မတို့ ဆေးခန်းမှာလဲ သုံးပါ
တယ်၊ သန်ကျသားပဲ၊ ဘယ်နှစ်လုံးယူမလဲ'

'မြေးကလေး သန့်ချမလို့၊ ဘယ်လောက်ဝယ်ရမလဲ'

'ဘယ်အရွယ်လဲ အစ်မ'

'ငါးနှစ်'

'ငါးနှစ်အောက်ဆို တစ်လုံး အစ်မ၊ ငါးနှစ်ကနေ ဆယ့်ငါးနှစ် အထိ နှစ်လုံး၊ ဒါပေမယ့် ကလေးက ထွားသလား ညှက်သလား'

'သူ့ထက် အငယ်ကောင်က သူ့ကိုမိနေပြီ၊ သူက ပိုက်ပဲပူတာပဲ'

'ဒါဆိုလဲ တစ်လုံးပဲတိုက်ပါ အစ်မရယ်'

ပြောနေယင်း နောက်တွင် ဆရာဝန်ထိုင်နေကြောင်း သတိရသွားကာ ရှက်ပြုံးနှင့်လှည့်ကြည့်ပြီး မေးဆတ်ကာ ဝေဖန်ချက် တောင်းလိုက်ရလေသည်။

နေဘွားက မျက်နှာပိုးမသေလှဘဲ (သိပ် ကောင်းတဲ့ ညွှန်ကြား ကုသချက်ပါပဲ) Perfect Management Indeed-ဟု နောက်ရွတ်ရွတ်ဖြေသည်။

စိမ်းနုမှာ မင်သေသေနှင့်ပင် ဆေးကိုထုတ်ယူကာ ဗီရိုပေါ်တင်ရသည်။

'ကဲလေးက ဝမ်းမှန်ရဲလား၊ တစ်နေ့ တခါ အီအီးပါရဲ့လား'

'ပါတယ် အမာ၊ တစ်ခါတလေ နှစ်ခါ'

'ဒါဆို ဝမ်းန္ဒတ်ဖို့ မလိုပါဘူး'

ဆေးထယ်သူ ပြန်ထွက်သွားသော်လည်း စိမ်းနု ဆေးဗီရိုနောက် ခုံမြင့်မှာပဲ ဆက်ထိုင်နေတော့သည်။ ချစ်သူ အနီးမှာ

ကြားလေ မသွေးအောင် ပူးကပ်နေချင် သော်လည်း စိမ်းနု အသက်အရွယ်နှင့် သိက္ခာကို ထောက်ထား ဆင်ခြင်ရပေသည်။

'ဆရာဝန်တွေက လူနာကိုမှာတာတွေ စိမ်းနု မှတ်မှတ်ထား ဘယ်၊ ဒါပေမယ့် တစ်ခါတလေ ရင်ကျပ် ချဲကျပ်လို့ တိုက်တဲ့ဆေးတွေဟာ ထောင်းနေတာပဲ မောင်ရယ်၊ စိမ်းနု မထောင်းတတ်ဘူး၊ ရမ်းသမ်းဖြန်းသမ်း ကွယ်ထည့်လိုက်တော့ တာပဲ'

'ချဲကျပ်တာနဲ့ ရင်ကျပ်တာ လက္ခဏာကိုကလဲ မတူဘူး စိမ်းနုရဲ့၊ လွယ်လွယ်နဲ့သင်လို့မရဘူး၊ မောင်တို့ နှစ်ရှည်လများ သင်ထားရတဲ့ ပညာကိုး'

စိမ်းနုသည် မောင်က အတည်ပေါက် ပြောနေသောကြောင့် မျက်လုံးဝိုင်းကာ အားတို့အားနာ ဖြစ်သွားသည်။

'ဆောရီး မောင်၊ မောင်ပြောတာ ဟုတ်ပါတယ်၊ စိမ်းနု ဘိုက ဆေးကို နားမလည် ပါးမလည် အပေါ်ယံ ကြောနဲ့ ကစားနေသလိုပါပဲ'

'နားလည်ချင်ယင် သင်ပေးမှာပေါ့ စိမ်းနုရယ်'

'တကယ်လား'

သူ့မျက်နှာ ပြောင်ပြောင်ချောချောဖြစ်လာသည်။

'လက်ထပ်သင်မယ်'

စိမ်းနု ချစ်မျက်စောင်းရွယ်သည်။

'မောင်နော်'

'မသင်ရဘူးလား'

စိမ်းနုသည် ပြုံးယောင်ပြူကာငေးနေသည်။ မောင့်အပေါ်
အကြောင်းကြောင်းကြောင့် အဆက်အသွယ် မဖြတ်နိုင်တာ
ချည်းလည်း မဟုတ်ဘဲ စိမ်းနုကိုကလည်း စိတ်မပြတ်နိုင်ပေ။
'ယွန်းက စီးပွားရေး တက္ကသိုလ် လျှောက်မယ်ဆို စိမ်းနု
မဆက်မစပ်ပြောလိုက်သော သူ့စကားကြောင့် စိမ်းနု အူတူ
ကလေး ကြည့်မိသည်။ သူက မခံချင်သလိုလို ချိတ်တိတ်တိ
ရိတိတိ စိုက်ကြည့်ယင်း ပြုံးနေသည်။
'ယွန်း အကြောင်း စိမ်းနု စဉ်းစားနေတယ် မဟုတ်လာ
ဒါကြောင့် ကိုယ့်အမေးခံလိုက်တာပါ'
စိမ်းနု ပြုံးယဲ့ယဲ့နှင့်သာ။
'မောင်ကကွာ'ဟု ညည်းတွား၏။
'စတာနော် စိမ်းနု'
'မောင်ပြောတာ ဟုတ်နေလို့ပါ၊ လက်ထပ်တဲ့အကြောင်
ပါလာတာနဲ့ စိမ်းနု ယွန်းကို သတိရတယ်၊ ယွန်းဟာ စိမ်း
ကြောင့် ခုလို ဝေဒနာ ဖြစ်ရသလား၊ နောက်ကော ပြန်ဖြစ်
နိုင်ဦးမလားဟင်'
နေဘွား၏ မျက်လုံးများတွင် စိမ်းနုကို သဇရော်လိုဟန်
ကရုဏာသက်ဟန်၊ စာနာဟန်အရိပ်တွေ ရှုပ်ထွေးစွာ ယှက်ကြ
သွား၏။
'စိမ်းနုမှာ အဲ့သည်ဝေဒနာမျိုး ဖြစ်လာမှာ ပဲကိုယ် စိုး
တယ် စိမ်းနု၊ ကိုယ် စိမ်း နု ကို ချစ် တာ လိုချင်တာ စိမ်
အတွက် သည်လောက်တောင်ပဲ ဝန်လေး ပင်ပန်းစ ရာ ဖြစ်

သလား စိမ်းနုရယ်၊ ကိုယ့်ကိုတောင်မှပဲ စိမ်းနု ခံစားနေရတဲ့
ဆင်းရဲသောကတွေ ကူးစက်ချင်လာပလား မသိဘူး၊ စိမ်းနု
ပြီးယင် ကိုယ်ပဲ၊ ယွန်းမှာတော့ ပြန်ဖြစ်နိုင်တော့မယ် မဟုတ်
ပါဘူး'
စိမ်းအေးနုသည် သူ့ကို အားနာရကောင်းမှန်း သိလာ
ပြန်သည်။
'ဒါတွေ မပြောတော့ဘူး မောင်ရယ်၊ ပျော်ပျော်နေကြ
မယ်နော်၊ စိမ်းနုနဲ့မောင် ငယ်ငယ်တုန်းက ပျော်ခဲ့ကြရတာ
လေးတွေ စိမ်းနု ခဏ ခဏ သတိရတယ်'
သူ ပြုံးလာသည်။
'ဘာတွေ သတိရသလဲ၊ ဆို'
'ကြောင်ကြီးကို ဂုန်နီအိတ်ထဲထည့်ပြီး ကန်ထဲ သွားနှစ်
တာလေ'
နှစ်ယောက်သား ရယ်မောမိကြသည်။ သူ ရယ်မောနေဆဲ
မာပင် ပထွေး၏ကြောင်ကို ရေနှစ်မိ၍ အရိုက်ခံရလာသော
နောက်ဆက်တွဲသော သူ့ဝေဒနာကိုပါ သတိရမိသည်။သူ့ကို
ကြင်နာစွာ ငေးကြည့်ကာ သူ့တောင်းဆိုချက်တွေကို သူမ
အတယ်ကြောင့် ဖြည့်စွက်ပေးခြင်းငှာ မစွမ်းဆောင်နိုင်ရပါ
ဆဲဟု မချင့်မရဲ ဖြစ်မိရလေ၏။
'သင်္ချိုင်းထဲမှာ စာသွားကျက်တာကိုကော စိမ်းနု မမှတ်မိ
ဘူးလား'

စိမ်းနု၏ ပါးတွေ နွေးသွားသည်။ သူ့လက်ဖျံကို ထု
ဆိတ်သာအခါ သူမ ရှုန်းမဖယ် ရယ်၍ နေလေ၏။

တင့်တင့်နှင့်စိမ်းနု စာကျက်ရာသို့ ဆူလိုက်လာတာကို
မော့ ပြန်လှတ်ဆဲမှာ ဖျတ်ခနဲ နမ်းသွားသော ပထမအနှ

'တင့်တင့်ကတော့ အမြဲကို ကန့်လန့် ကန့်လန့်ပါပဲ၊ သူ
ကြည့် ရောက်လာပြန်ပြီ'

သူပြောမှ လှည့်ကြည့်ရသည်။ တင့်တင့်သည် လေးထော
ပလတ်စတစ် ခြင်းနှိက်လေးဆွဲကာ ဝင်လာလေ၏။

'ကား တွေကလဲ နွေခင်းတောင် မချောင်ပါဘူးဟာ၊ စိ
ကကော ဘာတို့ နေဘူးကို လက်ဆွဲနေရတာလဲဟင်၊
သူ ယေ ချင်း ကို သည်လို လက်ထိကိုယ်ရောက် မကျူး
သင့်ဘူး'

စိမ်းနုက တင့်တင့်၏ တင်ပါးကို ရိုက်ပုတ်ယင်း အချက်
ရယ်မောကာ နေသည်။

'ဝက်သားနဲ့ ချက်ခဲ့တယ်၊ စိမ်းနုက နင်ကြိုက်တဲ့တိ
မှာခဲ့လို့ ချက်ခဲ့ရတာ၊ ပုန်းရည်ကြီးသုပ်လည်း ပါလာတ
လက် ပံ ခေါင်း ချဉ် ရည်လဲပါသဟဲ့၊ ငါတော့ ဝက်သာ
ကြိုက်တယ်၊ ပုန်းရည်ကြီးနဲ့ လက်ပံကို နင်တို့ပဲစား'

'ချိုင့်ဖြူတ်ဟာ ဆာလိုက်တာ'

သူ့အပြောနှင့်သူ ဗိုက်ထဲက ဇာတ်ကြမ်းမြည်သံ အံကိုက်
စိမ်းနု ရယ်မောမိယင်း သူ့လက်ဖျံကို လှမ်းရိုက်သည်။

တင့်တင့်က ပြုံးစစ မျက်စောင်းခဲစဉ်၊ နေဘွားကလည်း
မျက်စပစ်ကာ ထွေ့ငေါ့လိုက်လေ၏။

'အခွင့်အရေးရယင် ရသလို ခြေတို့ လက်တို့နဲ့ တင့်တင့်
ရှာနော်'

'အေးဟယ် ငါ့သူငယ်ချင်းကို သိပ်မကြောပါနဲ့ စိမ်းနုရဲ့'

'အတိုင်အဖောက် ညီပါပေ့ရဲ့နော်' ဟု စိမ်းနုက ပြုံးမဲ့မဲ့
ညည်းကွားလေသည်။

စိမ်းနု၏ မင်္ဂလာဆောင်သို့ မောင် ရောက်လာခဲ့စဉ်က။

ဟုတ်ပါသည် မောင့်နောက်ပါးဝယ် မား မား ရပ် ကာ
ကျရောက်လာမည့် အန္တရာယ်မှန်သမျှ လက်တွဲ ရင်ဆိုင်မည်
ဟူသော အားမာန် အထောက်အပံ့ အပြည့်အစုံ ဆောင်ထား
သည်။

ထိုစဉ်က တင့်တင့်နှင့် ဟုတ်ပါသည် သူငယ်ချင်း ချစ်ထက်
တစ်ရွေး တစ်ဆစ်မှ မပို့သော သံယောဇဉ်သာ ရှိကြသေးသည်။
စိမ်းနု ဟုတ်ပါနှင့် နေဘွားအပေါ် တင့် တင့် ထား သော
မေတ္တာသည် ချိန်ခွင်တွင် စက်ကြည့်လည်း ဘယ်ဘက်ကိုမှ
အလေးသာနိုင်ဦးမှာ မဟုတ်ဘူး။

သို့တစေ တင့်တင့်သည် စိမ်းနုကို ဖြတ်ကျော်ကာ ရှေ့တိုး
သွားပြီး ဟုတ်ပါနဲ့ဘေးတွင် သွားရပ်သည်။ ဩော်....သူတို့

နေဘွားကား လက်ဆေး၍ မပြီးနိုင်သေး။ စိမ်းနုသည်ရေ အပြည့်ထည့်ထားသော ဖလားကို ကိုင်ထားရသည်မှာ ကြာတော့ လက်တွေ့ ညောင်းညာလာသည်။ သူက ဆရာဝန်မို့ အသွန်ကြိုက်ပေတာ့ပဲဟု ရေခွက်ကို လက်ပြောင်းကိုင်ကာ ဘာညာ မငြူစူဘဲ စောင့်ဆိုင်းနေဆဲ။

သူ့မျက်နှာကိုကြည့်မိတော့မှ မချိမချဉ်ပြုံးစပ်စပ်ကြီး။ တင့်တင့်က...

'နေဘွား၊ ဆပ်ပြာတစ်တုံးလုံး ကုန်တော့မှာပါပဲ၊ ကာဘော်လိပ် တစ်တောင့်ကို နှစ်ဆယ့်နှစ်ကျပ်ဟဲ့၊ တစ်တုံး ဆယ့်တစ်ကျပ်၊ သိလား၊ ငါတို့အိမ်မှာ တစ်တုံးကို တစ်ဝက်ဖြတ်သုံးရတာ၊ လက်ဆေးယင် ရွှေငါးပဲ၊ ဆေးခန်းမှာသာမစိမ်းနုက ဆရာဝန်တွေကိုဖားပြီး ကာဘော်လိပ် တစ်တုံးကြီးထားတာ'ဟု လှမ်းအော်၏။

စိမ်းနုက အားတုံ့အားနာဖြစ်မိစေကာမူ နေဘွားကား ဘင့်တင့်စကားကို တဟားဟား ရယ်လေသည်။

'ငါတို့ဆေးရုံကော၊ ခွဲစိတ်ခန်းမှာတောင် ရွှေဝါသုံးနေရပါတယ်ဟာ၊ ဒေါ်စိမ်းအေးနုရဲ့ အင်ပိုင်ယာတာ အထူးအဆင့်မြင့်မားနေဆဲပါပဲ'

နေဘွားသည် စိမ်းနု ထင်တွေး မျော်မှန်းခဲ့သလို စေတနာအပြည့်အဝနှင့် လူနာတွေကို ကုသသော ဆရာဝန်တော့ဖြစ်ခဲ့သည်ပင်။ အသပြာကို လက်ဖျားမှာ ရေလိုသွန်းချသုံးဖြုန်းခဲ့သော ဆရာဝန်သာ ဖြစ်မလာနိုင်ခဲ့တာကလား၊ အစက

တော့ဟာ မောင့်ဘက်မှာ သွေးစည်းမြဲ အတိုင်အဖောက်ညီမြဲပေကိုး။

စိမ်းနု မောင် မှားသွားတယ်၊ မောင် ပြန်ပါ့မယ်၊ အသည်းနှလုံးထဲမှာ နှင့်ခနဲ့ စူးနစ် နာကျင်သည်။

လိုက်သွား တင့်တင့်၊ သူ ကျောင်းကို ပြန်သွားပါစေနော်၊ ကျောင်းပိတ်လိုက်ပြီ။

ဒါဖြင့် သူ့အမေဆီ ပြန်သွားပါစေလားဟင်။

သူ့အိမ်လား။

တင့်တင့်အသံခါးသီးခဲ့သည်။ပြီးတော့စကားဆက်၍မဆိုဘဲ နေဘွားနှင့် ဟုတ်ပျံနောက်သို့ အပြေးကလေးလိုက်သွားလေသော တင့်တင့်။

တင့်တင့်ကား ဟင်းချိုင့်တွေ စီရရီချကာ ထမင်းပွဲ ပြင်ဆင်နေလေပြီ။

စိမ်းအေးနုတို့ ဆိုင်ရှေ့ထွက်ကာ လက်ဆေးကြသည်။

နေဘွားသည် ကာဘော်လိပ်ဆပ်ပြာနှင့် သူ့လက်တွေကို စိမ်ပြေနပြေ တိုက်ချွတ်သန့်စင်နေသည်။ စိမ်းနုက ရေတစ်ခွက်နှင့် စိတ်ရှည်လက်ရှည် ရပ်စောင့်နေ၏။

တင့်တင့်က ထမင်းပန်းကန်တွေထဲသို့ ထမင်းခူးခပ်ထည့်ယင်း မိုးလေဝသ သတင်းကို ကြေညာနေသည်။

တော့ သူမို့သာ ငွေကိုကျောခိုင်းကာ ပညာကို စေတနာနှင့် ကြေးဖြတ်နိုင်တာပဲဟု စိမ်းနုတွေးသေးသည်။ သို့တစေစိမ်းနု၏ ဆေးခန်းလို နေရာမျိုးမှာ တစ်ယောက်ပြီးတစ်ယောက်ပြောင်းလဲ ထိုင်သွား ကုသရေးတာဝန်ယူသွားကြသောဆရာဝန်တွေထဲမှာ ဏ ကြီးနံပါတ်၊ ဒဒွေးနံပါတ်နှင့်ကားမျိုး စီးလာနိုင်သူ တစ်ယောက်မှမပါ။ ဒေါက်တာဝင်းသွင်ပြောသော ဆရာဝန်ချင်း တန်းမတူပါဘူး ဆိုစကားကို သဘောပေါက်စပြုလာသယောင်တည်း။

ဒေါက်တာဝင်းသွင် အလုပ်ရသွားယင် စိမ်းနုတို့ ဆရာဝန်ရှာရဦးမယ်'

စားပွဲတွင်ဝင်ထိုင်ယင်းအတွေးနှင့်ဆက်စပ်ပြောလိုက်သော စိမ်းနု၏စကားကို တင့်တင့်မျက်လုံးဝင့်၍ကြည့်လေသည်။ သူမ၏ အကြည့်တွင် စကားလုံးများစွာ ပါဝင်သည်။ စိမ်းနု မျက်လွှာချလိုက်ရလေသည်။ အပိုင်ရမည့်ဆရာဝန်ကို လိုချင်လျက်လည်း လက်မကမ်းသာပါကလား။ ရင်ထဲမှာ သာမည့်လကို မကြိုလင့်သာပါတကား။

'ယွန်းကို ဒေါက်တာဝင်းသွင်က တော်တော်သဘောကျနေတာ နေဘွားရယ်၊ ဆင်ပေါက်နှယ် နှံ့ပြီစုတ်မှလာချိန်တယ်တော်'

နေဘွားရယ်နေသည်။

'ခုမှ ရှိလှ အစိတ် နှစ်ဆယ့်ခြောက်ပါတင့်တင့်ရယ်၊ ဆယ်နှစ်တောင် မကွာပါဘူး'

'ဒါပေမယ့် ယွန်းက ကလေးရှိသေးတာကွယ်' ဟု စိမ်းနုကဝင်ရောက်ကန့်ကွက်သည်။

'ဟုတ်ပါတယ်၊ ယွန်းဟာ အသက် နှစ်ဆယ်လောက်မှပဲ ချစ်ရေးချစ်ရာ စဉ်းစားယင် ကောင်းပါတယ်၊ ခက်တာက ကောင်မလေးမှာ စန်းရှိတယ်၊ လှတိုင်းလဲ စန်းပွင့်တာမှမဟုတ်ဘဲ၊ လှတာနဲ့ စန်းပွင့်တာ ယှဉ်တွဲလာယင် ကုသိုလ်ထူးတာပဲ၊ နင့်လိုပေါ့ဟယ်'

တင့်တင့်စကားအဆုံးတွင် နေဘွားက တင့်တင့်ပန်းကန်ထဲသို့ ဝက်သားတစ်တုံးခပ်ထည့်ပေးကာ 'သူငယ်ချင်း စားဟာ၊ အားမနာနဲ့' ဟု ရှတ်နောက်နောက်လုပ်လေသည်။

'ဒါ စိမ်းနုကို ချီးမွမ်းနေတာ၊ နင်နဲ့ဘာဆိုင်လို့လဲ'

တင့်တင့်က မထိခလုတ် ထိခလုတ်။

'မဆိုင်ဘူးလား၊ သိပါဘူး'

'နင်ရှုပ်နေတာနဲ့ပဲ စကားပြတ်သွားပြီဟာ၊ ဘာတဲ့ အဲ.... ယွန်းက စန်းရှိတယ်၊ စောစောစီးစီး စွံသွားမှ အခက်'

'ဒါတော့ မစွံအောင် တားရမှာပေါ့၊ ယွန်းကို ဘွဲ့ရစေချင်တယ်၊ အရာရှိမကလေး ဖြစ်စေချင်တယ်၊ ဆရာဝန်တော့ မလုပ်ခိုင်းတော့ပါဘူး၊ သူက အစကတည်းကစိတ်မပါပါဘူး၊ ငါလဲ ခုတော့လန့်သွားပြီ၊ သူ့စိတ်ဆန္ဒနဲ့ဆန့်ကျင်ပြီးမလျှောက်ခိုင်းဝံ့တော့ပါဘူး၊ သူ စီးပွားရေးတက္ကသိုလ်ပဲ လျှောက်မယ်ဘဲ့၊ ငါ သဘောတူလိုက်တယ်'

'ဒါပေါ့ဟာ ဆရာဝန်လုပ်ဖို့ဆိုတာ ကာယကံရှင် စိတ်ပါဖို့အရေးကြီးတာကိုး'

'အခု ပိုင်းဖြတ်ပြီးသွားကြပြီပေါ့' ဟုနေဘွားကမေးသည်။

'ဟုတ်တယ်မောင်၊ နက်ဖြန် နောက်ဆုံးဖောင်ပိတ်ရက်ပဲ၊ ယွန်း နက်ဖြန် ဖောင်တင်လိမ့်မယ်၊ နီတာလဲ မတင်ရသေးဘူး၊ ယွန်းကို စောင့်နေတာ၊ သူတို့ အတူတူသွားတင်ကြမှာပေါ့'

'နီတာက ဘာလျှောက်သလဲ'

'သူလဲ စီးပွားရေးလျှောက်မယ်တဲ့၊ ခေတုဗေဒကလဲ ဂုဏ်ထူး မသွက်ပေမယ့် အမှတ်ခုနစ်ဆယ် ကျော်တယ်၊ ဒုတိယဦးစားပေးက ခေတု၊ စီးပွားရေးတက္ကသိုလ်မမှီယင်ခေတုတော့ မီမယ်ထင့်ပါရဲ့'

'ယွန်းတို့ မိန်းမှာ တက်ရမှာလား'

'မဟုတ်ဘူးလေ၊ လှိုင်မှာတက်ရမှာပေါ့၊ စီးပွားရေးတို့၊ ခေတုတို့ လှိုင်မှာ အတူတူတက်ရမှာပဲ၊ သူတို့က သည်နယ်မြေကပဲ ဥစ္စာ'

'ကိုယ်တို့ငယ်ငယ်ကတော့စီးပွားရေးတက္ကသိုလ်ဟာမိန်းမှာပဲကွ၊ ပထမနှစ်ကတည်းက တော်လျှောက် မိန်းမှာ တက်တာပဲ'

'သိလှချည်လား' ဟု စိမ်းနုက မလိုတမာထော့ ငေါ့သည်။

'သိဆို ကိုယ်တို့ တစ်ခါတလေ ခြေဆန့်လက်ဆန့်ထွက်ကြတာကိုး' ဟု နေဘွားကကျီစယ်လိုဟန် မျက်နှာပေးဖြင့် ပြောင်စပ်စပ် လုပ်သည်။

'နင်တက္ကသိုလ်မှာ တစ်ယောက်တလေများတောင် မတွေ့ခဲ့ဘူးလား'

တင့်စင့်ကလည်း စိမ်းနုကိုကျစယ်ရန် နေဘွားဘက်သို့ ပူးပေါင်းသည်။

'တွေ့တာတော့ အများကြီးပေါ့ဟာ၊ တက္ကသိုလ်ပါဆိုမှ တစ်ပုံကြီးရှိတာပေါ့၊ ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမ'

'မဒီလေး ဇယ်ကလေး မတွေ့ခဲ့ဘူးလားလို့ မေးနေတာ၊ ကောင်မလေး တစ်ယောက်ယောက်ဟာ၊ ကဲ....

တင့်တင့်က ဘွင်းဘွင်းရွှင်းရွှင်းမေးလိုက်တော့ သူမျက်လုံးကြီးပြူး ပါးစပ်ကြီးအဟောင်းသား လုပ်ပြလေသည်။

'သူ့ တခြားမှာ ဘယ်တွေ့မလဲ တင့်တင့်ရဲ့၊ ဆေးကျောင်းမှာ တစ်လည်လည် ဖြစ်နေတာ'

နေဘွားသည်စိမ်းနုကိုစိုက်ကြည့်ကာပြုံးနေသည်။ စိမ်းနုက ဘယ့်နှယ်ရှိစဟူသော အမူအရာနှင့် ပြုံးမဲ့မဲ့လုပ်ပြလေ၏။

'အဲဒါ နင် ပြောဖူးပါတယ်၊ ကောင်မလေးက နှိုင်ငံခြားကို အပြီးထွက်သွားချင်တယ်၊ နင်က မိသားစုတာဝန်တွေရှိနေတယ်၊ နင့်အမေကိုလဲ ငွေလှမ်းပေးပို့နိုင်ယင်တောင်မှ ခွဲမထားခဲ့နိုင်ဘူး၊ အဲသည်အကြောင်းမဟုတ်လား၊ ဇာတ်လမ်းက မစလိုက်ရဘဲ နိဂုံးတံ တစ်ခန်းရပ် ဇာတ်သိမ်းသွားတော့တာလေ'

'ဟုတ်ကဲ့ခင်ဗျာ၊ သံတော်ဦးတင်ဖူးပါတယ်' ဟု နေဘွားက ဖြောင့်ချက်ပေးသည်။

'နင်လဲ အသိသားပဲမဟုတ်လား စိမ်းနုရဲ့'

'ယွန်းကို အပြင်လူနာဌာန သွားပြရဦးမယ်ဆိုတာ ချိန်းဦးနော် စိမ်းနု'

'အဲဒါ အဆောင်ကိုပဲ သွားရမယ်ဆို၊ သန်ဘက်ခါသွားရမှာ မဟုတ်လား၊ ဆေးရုံမှာစောင့်နေတာယ် မဟုတ်လား ဟင်၊ အားပါ့မလား'

နေဘွားသည် စိမ်းနု၏ အဆက်မပြတ်သော တရစပ် မေးခွန်းတွေကြောင့် ဆန္ဒစောရန်ကောဟု သရော်လိုဟန် ပြုံးယောင်ပြုကာ ပါးစပ်ထဲမှ ထမင်းလုပ်ကို လက်ညှိုးပြပြီး လက်ကာပြသည်။ စိမ်းနု စိတ်မရှည်ဟန်ပြုကာ ခေါင်းဆတ်ခနဲ ခါတော့ ထမင်းလုပ်ကို ကပျာကယာ မျိုချလေသည်။

ငါက အဲသည်အဆောင်မှာပဲ ရှိနေမှာပဲ စိမ်းနုရယ်၊ ငါ့ကို ချက်ချင်းမတွေ့လဲ ခဏတစ်ဖြုတ်စောင့်ပေါ့၊ ဆရာမတွေကလဲ ယွန်းကို သိနေပြီပဲ၊ ယွန်းနဲ့ပတ်သက်လာယင် စိမ်းနုဟာ ဘယ်လိုမျိုး အပူအပင်လွန်ကဲမှန်း မသိတော့အောင်ပဲကွာ'

'ဒါတော့ စိမ်းနု ဟောသည် ကလေးနှစ်ယောက်အတွက်ပဲ အသက်ရှင်နေရတာကိုး'

မောင်မျက်လုံးတွေ ရိပ်ခနဲ တစ်ချက် ညို့မှောင်သည်။

သို့သော် သူက ပြုံးနိုင်သေး၏။

စိမ်းနုမှာ အားနာရဖန်များလွန်း၍ ထုံပေရှိပင် နေတော့ကာ သူမို့ သည်းခံစိတ်ရှည်ပေရဲ့ဟုသာ တုံ့ပြန်ယဲ့ ပြုံးပြရလေသည်။

စိမ်းနု ပြုံးရယ်နေသည်။

'သိကြောင်းပါ ခင်ဗျာ၊ ချေးခြောက် ရေနှူးနေတာပါ ခင်ဗျာ'

စိမ်းနုက နေဘွား၏လက်ကို တဖပ်ဖပ်ရိုက်ကာ အတော်မသပ် ရယ်မောနေလေသည်။

'နှင်တို့နှစ်ယောက် ချေးခြောက်ရေနှူးတာနဲ့ပဲ ငါ ပြောချင်တာလေးတောင် အစပျောက်သွားတယ်၊ ယွန်း ကလေပိုင်စိုးကလေးကို ခင်ခင်မင်မင်ရှိပါရဲ့၊ ဒေါက်တာဝင်းသွင်ကို ကျတော့ လေးလေးစားစား အထင်တကြီးရှိတယ် သိလား၊ အဲဒါနှင့်ကို ပြောပြချင်တာ၊ စိမ်းနုကတော့ သိပြီးသား'

'အဲဒါတော့ တင့်တင့်ရယ်၊ ယွန်းဟာ ဝေဒနာတစ်ခုစွဲကပ်တယ်လို့ လက်ခံလိုက်တဲ့အဆင့် ရောက်နေပြီပဲ၊ လူနာလို့ သူ့ကိုယ်သူ လက်ခံသတ်မှတ်လိုက်ပြီ ဆိုတော့ ဆရာဝန်ကို အားထား လေးစားမှာပေါ့၊ မဟုတ်ဘူးလားဟင်'

စိမ်းနုက နေဘွားဘက်လှည့်ကာ စစ် ကူ တောင်း သည်။ စိမ်းနုအနေနှင့် ယွန်းသည် ပိုင်စိုးကိုရော ဒေါက်တာဝင်းသွင်ကိုပါ ခင်မင်ရုံလောက်ထက် လက်တစ်ဆစ်မျှပင် မပိုစေချင်သေးပေ။ သမီးငယ်ကို ပညာရေးမှာသာ အားသွန်ခွန်စိုက် မြှုပ်နှံထားစေချင်သေးသည်။ အထူးသဖြင့် ယခုလို စိတ်လက်မကြည်မသာ ကယောက်ကယက်ဖြစ်ပြီးစမှာ တောင်တောင်အီအီ ဘာစိတ်ကူးမှ မထောခစချင်ပေ။

'တစ်နေ့တစ်နေ့ ယွန်း တက္ကသိုလ်တက်ဖို့ ဗလာစာအုပ်စု၊ အဝတ်အစားစု၊ ချုပ်ခတွေလဲ ရှင်းရသလား မမေးနဲ့'ဟု ပြောယင်း...

တင့်တင့်က ပီတိအမြည့်နှင့် စိမ်းနုကို မျက်စောင်းထိုးဟန်ပြုလေ၏။

သည် စိတ်ရောဂါအထူးကု ဆေးရုံကြီးသို့ သူမ၏ ဝေဒနာကို ကုသရန် လာရောက်ရကြောင်းကို သည်တစ်ခါ ယွန်း သေသေချာချာကြီး သိနေသည်။

အရင်တစ်ခါ ရောက်လာ ရစဉ်ကတော့ ရောက်လာမှန်းလည်း ယွန်း မသိ။ ရောက်နေပြီမှန်း သိပြန့်တော့လည်း ဘာကြောင့် ရောက်နေရသည်ကို ယွန်း မသိခဲ့ပြန်ပေ။

ခုတော့ ယွန်း သိနေပါပြီ။ ယွန်းသည် စိတ်ဝေဒနာရှင်။ သည် ဆေးရုံကြီးမှ ကုသပေးလိုက်သောကြောင့် ပျောက်ကင်းသလောက် နီးပါး သက်သာသွားပြီဖြစ်သော စိတ် ဝေဒနာရှင်တစ်ဦး။

ယွန်းသည် လှုပ်ရှား ရိုက်ခတ်သော စိတ်နှင်တံကို သတိဉာဏ်စဉ်နှင့် ချိုးနှိမ်ထိန်းတန့်ကာ နီတာဘက် တိုးကပ်နေရ

'ဩော်... ရုပ်ရှင်အကြောင်း ပြောနေတာလား' ဟု ဒေါ်လေးက ခုမှ သဘောပေါက်လေ၏။

နိတာ ပြောနေသည်မှာ ဂျပန်ရုပ်ရှင်တစ်ကားအကြောင်း ဖြစ်ကြောင်း ယွန်းသိသည်။ ဘယ်မှာကြည့်တာလဲ ချက်ချင်း စဉ်းစားမရဘဲ ၈၀၉၀ ဖြစ်နေသည်။ နောက်တော့မှ စနေနဲ့ ရုပ်ရှင်ကောင်းသည်ဟု နိတာ စောစောက ပြောသေးကြောင်း သတိရလာသည်။ နိတာသာသာ ရုပ်မြင်သံကြားကြည့်ရတာကို ပြောနေတာပဲ။

'နိတာ မကြိုက်တာက သူမချစ်ယင် ဘာလို့ တခြား တစ်ယောက်ကို လက်ထပ်သလဲနော်၊ နိတာတို့ မြန်မာ ဇလေ့ယဉ်ကျေးမှုနဲ့ဆို လုံးဝ မအပ်စပ်ဘူး၊ တကယ်ဆို သူချစ်တဲ့ ကောင်လေးကို ယူပစ်လိုက်ပါလား၊ နောက်မှ ကောင်လေးဆီ ပြန်ထွက်ပြေးသွားတော့ အောက်တာပေါ့'

နိတာ ဤမျှ နူတ်ရေးစကားတတ် အဆက်မပြတ် ပြောနေတာမျိုးကို ယွန်း မတွေ့ဖူးပေ။ နိတာကို အထူးအဆန်းသဖွယ် ငေးကြည့်ယင်း နိတာ အလျင်ကထက် ပိုလှလာသည်ကို ယွန်း သတိပြုမိလာသည်။ အမယ်ကြည့်စမ်း။ နိတာ မျက်ခုံးရိတ်သိမ်းပြင်ထားပါသလား။ ပြီးတော့ နိတာ အသားပိုဖြူ ဝင်းနေသည်မှာ အောက်ခံမိတ်ကပ် တစ်မျိုးမျိုး လိမ်းခြယ်ထားတာပါကလား။ သိပြီ သိပြီ။ တလောက သူ ပြောသေးတယ်လေ။ မမလေး သနပ်ခါး မိတ်ကပ်က ဝက်ခြံ သက်သာတယ်လို့

သည်။ နိတာရှိခြင်းကြောင့် ယွန်း အားရှိမိတာအမှန်။ ဒေါ်လေး တင့်ကဘာ့ ကားရှေ့ခန်းမှာထိုင်ကာ နိတာပြောသမျှ နားစွင့်ကာနေလေသည်။ နိတာသည် ယွန်းကို စိတ်မဝင်စားနိုင်ဘဲ သူမ၏ ယာဉ်မောင်းနှင့်သာ စကားတွေ ရေပက် မဝင်အောင် ပြောလျက်ရှိသည်။ တိတိကျကျဆိုရလျှင် နိတာကသာ ဦးဆောင် စကားဆွက်နေကာ ကိုနေကျော်က ကားကို အာရုံစိုက် မောင်းနှင်ယင်းက တအင်းအင်း ခေါင်းညိတ် နေရုံသာ ရှိလေသည်။

ကိုနေကျော်သည် နိတာတို့၏ ယာဉ်မောင်းသူ ဦးမောင်ဆင်၏ တူဖြစ်သည်။ ဦးမောင်ဆင်သည် လေအောင့်ဝေဒနာ မကြာခဏ ပေါ်တတ်ခုံမကတဲ့ သူ၏ ကြပ်သော အသည်းမှ နောက်ဆက်တဲ့ လက္ခဏာများအဖြစ် ခြေယောင် ဝမ်းပြည့် မျက်လုံးဝါတာတာ အစာမကြေ ရင်ပြည့်ရင်ကယ်နှင့် ဆေးခန်းဆေးရုံ ပြေးရတတ်သည်။ ထိုအခါမျိုးတွင် သူ့ တူကို အစား ထိုးခဲ့တတ်လေသည်။

'တိတ်မိအဝေး ကြည့်ရတော့မှ ယာမဒူချီမိုးမိုးအေး ဘာလို့ သည်လောက် နာမည်ကြီးလဲ သိရတော့တယ်၊ လှတာ မဟုတ်ဘဲနဲ့ ချစ်စရာ သိပ်ကောင်းတယ်နော်၊ အစ်ကို တိုက်တွန်းလို့ နိတာ ကြည့်ဖြစ်တာ၊ အစ်ကို့ကိုပဲ ကျေးဇူးတင်ရသေးတော့တယ်၊ မဟုတ်ယင် ဂျပန်ကားမို့ နဂူးမလည်ဘူးဆိုပြီး နိတာ မကြည့်ဖြစ်မှာ အသေအချာ'

သက်မာစုက ပြောတယ်တဲ့။ သူမေးလို့သာ သက်မာစု
ပြောတာ ဖြစ်မှာပါ။

နီတာသည် ခါတိုင်း အပြင်ထွက်လျှင် အင်္ကျီ တစ်ထော
ထဘီဆစ်ရောင်၊ ဒါမှမဟုတ် အင်္ကျီအပွင့် ထဘီရှပ်ထွေး
လက်သင့်သလို ဆွဲဝတ်လာတတ်တာ။ ယနေ့မူကား တကူ
ပိဿ် ကျီးကန်းဥရောင် အောက်ခံတွင် အဖြူအနီ ရောင်စုံပွင့်
ကလေးကို ထက်အောက် ဆင်တူ ဝတ်ထားသည်။ ခါတိုင်း
လူတစ်ကိုယ် ထပ်ဝင်သာအောင် ချောင်လည် မ နေ
ဘလောက်စ်ခါးတိုကလေးနှင့် နီတာ အ ဆင်း အ သွင်
ကျစ်ကျစ်လျစ်လျစ်ပုံ မိမိကလေး။

ဒါတွင်မက နီတာသည် တစ်ချို့တစ်ဖုံ အသုထူးနေသော
တာအမှန်။ မိန်းကလေးတွေသည် အချစ်ကို တွေ့လာသော
အခါ အချစ်ရိပ်လူပြီး အသုးထူးတင့် ထက်သည်ဟူ၍ ဝတ္ထု
ထဲမှာ ယွန်း ဖတ်ဖူးသည်။

ယွန်း မျက်မှောင် ကြုတ်မိသည်။ နီတာ ကိုနေကျော်
ကျင်မှု အရောတဝင် စိတ်ဝင်တစား ဖြစ်နေရအောင် ကိုနေ
ကျော်ဟာ ဘာများထူးခြားနေပါလိမ့်။

ဆံပင် ဒေါက်ဖြာက်ဆားသောကေ၊ ကျောမှာ မြန်မြန်
နှမ်းစမ်းပါ (Kiss Me Quick) ဆိုသော စာလုံးအမည်
ကြီးတွေပါသော အပြာရောင် လည်ပိုင်းစပို့ရှပ်လက်ဘို ခပ်
လတ်လတ်နှင့် ခေတ်ပုံစံတော့ အံဝင်ခွင်ကျသည်။ သူ မျက်နှာ

သည် ခပ်တင်းတင်း ခပ်တည်တည် မထီစာရီအချိုးနှင့် ဆိုး
တေတေဂိုက် ဖမ်း၏။

ယွန်း မသိမသာ ခါးကိုင်းကာ ရှေ့ခန်းဘက် ချောင်း
သည်။ ကိုနေကျော် ဝတ်ထားသော ပုဆိုးမှာ တက်ထရက်
ဆိုး မင် ဖြစ်သော်လည်း အတော်ဖာနေ နွမ်းနေပြီ။ သူ
ဆာဘဖိနပ်ကလည်း ညစ်ပတ် ဖြစ်နေပြီ။

မီးပွင့်တွင် မီးနီနှင့်တိုး၍ ရပ်ဘန်ထားရစဉ်တွင် ကိုနေ
ကျော်သည် နောက်ဘက်လှည့်ကာ နီတာကို စကားပြောသည်။
ယခုမှ နီတာသည် ယာဉ်မောင်းနှင့် ထောင့်ဖြတ်နေရာကို တမင်
ရွေးပြီးထိုင်ကြောင်း ယွန်း သတိထားမိသည်။

ယွန်းသည် ဆေးရုံရောက်လျှင် ခဏတ် နှိပ် ခံ ရ ဦး မည့်
အကြောင်းကို ခေတ္တ မေ့လျော့သွားသည်။

ကားပေါ်မှဆင်းကာ ဆေးရုံဝင်းထဲ ဝင်ကြစဉ် ကိုနေ
ကျော် အ ကြောင်း ပိုမို သိရှိအောင် နီတာကို မေးကြည့်ဖို
ခိုင်ခိုင်ရွယ် အကြံထုတ်နေလေသည်။

ယွန်းထက် ဒေါ်လေးတင့်က အကြံဉီးလေ၏။

'အခုမောင်းလာတဲ့ မောင်နေကျော်က ဦးမောင်ဆင်နှင့်
အတူ နေသလား နီတာ'

'မနေပါဘူး၊ သူက ဦးလေးကြီး အကူအညီတောင်းလို့
လာမောင်း ပေးရတာ၊ သူ့ကိုယ်ပိုင်အလုပ် ရှိတယ်တဲ့'

'ဘာအလုပ်ပါလိမ့်'

ရွက်သစ် လက်ဖက်ခြောက် လုပ်ငန်းမှာ ကိုယ်စားလှယ်တဲ့
နီတာတို့ လမ်းဆုံမှာတောင် ဆိုင်းဘုတ်ကြီး ထောင်ထားတ
လေ'

'သူက ဆိုင်ရှိလို့လား'

'မဟုတ်ဘူးလေ ဒေါ်လေးရဲ့၊ ဖောက်သည်တွေ လိုက်ရှာ
တချို့ အတင်၊ တချို့ အပြတ်၊ အဲ့သလို လုပ်ရတာတဲ့'

'ဘာလဲ အတင်တို့ အပြတ်တို့'

'ကြေငြာတုန်းဆိုယင် တင်ထားခဲ့ရတာပေါ့၊ ရောင်းကုန်
ပိုက်ဆံရတာပေါ့၊ နီတာလဲ သေချာ ဘယ်သိမလဲ၊ ဒေါ်လေး
သိချင် သူ့မေးကြည့်လေ'

နီတာ စကားသံသည် အတန်ငယ် ကိုတောင်းလာသည်
ရေနံ့သာဆောင်ဝင်းဝလည်းရောက်လာပြီမို့ ဒေါ်လေးတင်
ဆက်မမေးတော့။

'ယွန်းကံလေးရေ၊ ဆရာ မရောက်သေးဘူး၊ အပေါ်ထ
ကနေ အဆင်သင့် စောင့်နေလိုက်နော်၊ ယွန်း သွားတက်
သားပဲ၊ ဆရာမလိုက်မပို့တော့ဘူး၊ ခင်သီတာနဲ့ အတူသွား
ပေါ့၊ နေဦး...အဲသည်ကောင်မလေး လှစ်ခနဲဆို ဘယ်ပျော
သွားပါလိမ့်'

သူနာပြုဆရာမက ယွန်းကို အနာချမ်းတဝင်ဆီးကြိုနှုတ်ဆက်
သည်။

'ဘယ်မှမပျောက်ပါဘူး ဆရာမရဲ့ ကျန်မရှိပါတယ်'

ယွန်း၏နောက်မှ ဆိုင်းဖက်ယင်းပြောလိုက်သော ခင်သီတာ
ကို ယွန်းလည်ပြန်လှည့်ကြည့် ပြုံးပြရလေသည်။

'လှမ်းလိုက်ဘာ အစ်မယွန်းရယ်၊ အစ်မကတော့ကျွန်မကို
ဘယ်သတိရပါ့မလဲ'

'သတိရပါတယ်၊ ဒေါ်လေးတင့်ကိုမေးကြည့်၊ ယွန်းသတိ
ရတယ်'

ဒေါ်လေးတင့်က ခင်သီတာ၏ချစ်ခင်ရင်းနှီးဟန်ကို နှစ်လို
စွာ ပြုံးရယ်သည်။

'ဟုတ်တယ် တူမရဲ့၊ ခင်သီတာက သိပ်ဂရုစိုက်တာပဲတဲ့၊
ဆရာမတို့က ခင်သီတာနဲ့ အပ်ထားပေးလို့ သူစကားပြောဖော်
လဲရ အပျင်းလဲ ပြေသတဲ့'

'နီတာကတောင် စနေရတယ်၊ ယွန်းကသူငယ်ချင်းအသစ်
ရလို့ နီတာကို သိပ်မခင်တော့ဘူး ထင်တယ်လို့'

ယွန်းသည် ခင်သီတာဝမ်းသာအောင် နီတာလုပ်ကြံပြော
နေမှန်းသိသဖြင့် မကဲ့ကွက်ဘဲ ပြုံးနေလိုက်လေသည်။

'ယွန်း အပေါ်ထပ် လိုက်သွားနော်၊ သည်မနက် ဘာမှ
စားမလာဘူး မဟုတ်လား'

'မစားပါဘူး၊ ဆရာမ'

မစူးပါဘူး၊ ဆရာကြီးကကော ဘယ်လိုသိမှာလဲ၊ ချိတ်ထိုးသားပေး'

ခင်သီတာသည် ဟိုသည်လှည့်ကြည့်ကာ ယွန်း၏ လူနာအင်္ကျီရှည်နောက်ကျောအတွင်းဘက်မှာ မြုပ်ကွယ်၍ ချိတ်ထိုးပေးလေသည်။

'အစ်မယွန်းက ရှက်တတ်လိုက်တာ'

ယွန်း သိလည်းသိချင် မေးလည်းမမေးဝံ့ဘဲ တအုံ့တနွေးနှေး ဖြစ်နေရသည်ကို အရဲစွန့်၍ တီးတိုးမေးသည်။

'တို့ဆေးရုံလာတက်ရတုန်းက ထဘီမနိုင်ပဝါမနိုင် ဖြစ်နေဘာပဲဆို၊ ဟုတ်လို့လား ခင်သီတာရယ်'

သည်ရောက်တော့ လုံလုံခြုံခြုံပါပဲ အစ်မယွန်းရဲ့၊ ခါးမှာမျှဉ်ကြိုးနဲ့ ချည်ထားပေးကြတာကိုး'

ယွန်း သိသာရှင်းလင်းသွားသည်။ ကျောင်းအုပ်ကြီးရော၊ ပြီးတော့ ကိုပိုစ်ရော့မှာ။ ယွန်း၏ ပါးကလေးတွေ နွေးခနဲ ဖြစ်သွားရလေသည်။

'ဆရာကြီးရောက်ပြီ၊ လာ မြင့်မြင့်အေး၊ သမီးကိုဆရာကြီးခေါ်နေပြီ'

မြင့်မြင့်အေးကို လူနာစောင့် အမျိုးသမီး နှစ်ယောက်ကသာခေါ်သွားသည်။

သူကော ဆေးရုံဆင်းရပြီလား'

'လိုသေးတယ်တဲ့၊ မဆင်းရသေးပါဘူး၊ သူကတော့ ကြာမှာ ဆင်းရလဲ ခဏပါပဲ၊ တော်ကြာပြန်လာရမှာပဲ'

'အဝ်ကြီးတို့ကတော့ကိုဘက်မှာခုံတန်းကလေးတွေရှိတယ်၊ သိဘယ်မဟုတ်သား၊ လူနာတွေကိုဆရာကြီးတွေ့တဲ့ရှေ့ကခုံတန်းတွေလေ၊ အဲသည်ကနေ စောင့်လိုက်ပေါ့၊ ဆယ် နာရီလောက်ဆို ပြန်ရမှာပါပဲ၊ မကြာပါဘူး'

'ဟုတ်ကဲ့ ဆရာမ ဟုတ်ကဲ့၊ ကျွန်မတို့သွားမယ်နော်'

ယွန်းကို ခင်သီတာက လက်ဆွဲကာ ဦးဆောင်ခေါ်ခဲ့သည်။

'ဒေါ်နုနုမြိုင်ဆင်းသွားပြီလား'

'မဆင်းရသေးဘူး၊ ငြိမ်တော့ငြိမ်သွားပါပြီ၊ ဟိုအစ်မကတော့ ယွန်းလိုပဲ ရှောခ်လာရှိက်ရတယ်၊ ရောက်နေပြီ'

'ဘယ်အစ်မလဲ'

'သူ့ကိုယ်သူ သေကြောင်းကြံတဲ့အစ်မလေ၊ အိပ်ဆေးတွေသောက်ဘာ လူဒိသွားတာကော၊ မတင်ထွေးပေါ့'

'ဩော်....ဩော်....ဟုတ်ပြီ၊ သူကောကောင်းသွားပြီလား'

'ခုတော့ ကောင်းတာပဲ၊ အယင်တစ်ခါ ဆင်းသွားတုန်းကလဲ ကောင်းတာပါပဲ'

ယွန်းသည် အပေါ်ထပ်ရောက်လျှင် ဆေးရုံဝတ် မီးခိုးပြာရောင် သင်တိုင်းရှည်ကို လဲလှယ်ဝတ်ဆင်ရလေသည်။

'ခင်သီတာ ယွန်း ချိတ်ယူလာတယ်၊ အောက်ဘက်ကို ချိတ်ထားပေး'

'အဟိ....ဖင်မပေါ်ပါဘူးအစ်မယွန်းရဲ့၊ ချိတ်စူးနေမှအခက်ဆရာကြီးသိသွားမယ် ကျွန်မတော့်ပြာပြီ'

မတင်ထွေးက ယွန်းကိုပြုံးခြဲနှုတ်ဆက်သည်။

'ညီမလေးက ကောင်းနေပြီပဲ၊ လာရတုန်းပဲလား'

'ဟုတ်ကဲ့၊ ယွန်းက ပြန်မဖြစ်ချင်ဘူး၊ ဒါကြောင့်ဆေးလာ မှန်မှန်စားတယ်၊ လာလဲလာချင်တယ်'

ယွန်းသည် မတင်ထွေးအကြောင်းကို စဉ်းစားနေမိသည် မတင်ထွေးသည် ဖြူဖြူနှာတံစင်းစင်းနှင့် ရုပ်အဆင်းအပြ အားဖြင့် လှပစွဲမက်ဖွယ်ရှိသလို အသက်အရွယ်ကလည်း ယ်ယ် နှစ်ဆယ်စွန်းစသာ ရှိသေးသည်။ ထူးဆန်းသည်မှာ သူမသည် အိမ်ထောင်သုံးဆက်ရှိနေပေပြီ။ ပထမအိမ်ထော မှာ မိဘသဘောမတူဘဲခွဲသဖြင့် ကွဲကွာသွားခဲ့သည်။ ဒုတိ အိမ်ထောင်မှာ အဆုတ်နာရောဂါဖြင့်ကွယ်လွန်ခဲ့သည်။ လက အိမ်ထောင်ကတော့ မယားကြီးကိုစွန့်ပစ်ကာ မတင်ထွေး ယူထားသတဲ့။ အထူးဆန်းဆုံးကတော့ လင်ဘစ်ယောက်လု သားတစ်ယောက် နှုန်းထားနှင့် မတင်ထွေးမှာ ကလေး ယောက် ရှိနေပြီတဲ့လေ။

ဆေးရုံမှာတုန်းကတော့ ယွန်းဘာသာ ဆေးရုံမှဆင်း သော ဆန္ဒလွန်ကဲနေကာ ခင်သီတာပြောပြသော ဇာတ်လ များကို စိတ်ဝင်စားလှသည် မရှိခဲ့။ ခုတော့ မတင်ထွေးဘာ နေတာလဲ၊ ဘာကြောင့်ဖြစ်ရတာလဲ ယွန်း သိချင်လာသည် ဦးကိုတွေ့မှ သေချာမေးရမည်ဟု ယွန်း တေးထားလိုက် သည်။ အချစ်ဦးနှင့်တွဲကွာရာမှ ဝေဒနာရခဲ့သည်ဆိုပါလျှင် မေမေ့ကို ယွန်း ဖျတ်ခနဲ သတိရလေ၏။

'ယွန်း အလှည့်၊ လာ....ယွန်း'

ဆရာကြီးကိုတွေ့လျှင် ယွန်းကို ဘယ်နှစ်ခါထပ်ပြီး အီးစီတီ ခေါ်ဦးမှာလဲ မေးမည် အားခဲသည်။

'လာ သမီး၊ ခုတင်ပေါ်တက်'

ယွန်းကို သူနာပြုများနှင့် လူနာစောင့်များက ခုတင်ပေါ် ဆောက်အောင် ဝိုင်းဝန်း တွဲတင်လိုက်ကြသည်။ ယွန်း ပက်လက် အနေအထားမှာ နေရာတကျဖြစ်အောင် လှုပ်ခိုပ်စေကြ၏။ ယွန်း ဘာမှ မပြောနိုင်မီမှာပင် ယွန်းပါးစပ်ထဲသို့ ရာဘာပြား တစ်ခု ထိုးသွင်းခုခံလိုက်ကြလေသည်။

ယွန်း၏ နားထင်နှစ်ဖက်တွင် အီလိုက်ကြုတ်တစ်ခု တပ်ဆင် သည်။ ဓာတ်အားကူးသန်းဆက်သွယ်သော သတ္တုပြားကလေး သည် ယွန်း ငယ်ထိပ်ပေါ်မှာ အုပ်မိုးလျက်ရှိ၏။ ယွန်းသည် ဦးမဲ့ကြေးနန်းလုပ်သားလိုလို၊ ဂြိုဟ်သားလိုလိုနှင့် တကယ် ဘမ်း ကျတော့ စိတ်ဝေဒနာသည်ကလေးသာပါပဲလေ။

'ရယ်ဒီနော်'

ယွန်း၏ အတွေးတွေ ပြတ်တောက်သွားသည်။

'ဟုတ်ကဲ့ဆရာ၊ ရယ်ဒီပဲ'

ယွန်း၏ ဦးနှောက်ထဲ ဒိန်းခနဲ ဆောင့်သွားသည်။ မိုက်ခနဲ ကျဉ်ခနဲ။

ယွန်း ဘာမှမသိတော့။

ယွန်းသည် ရှစ်နာရီထိုးကတည်းက အဆင်သင့် ဖြစ်နေပေပြီ။

မေမေ စိတ်ကြိုက် ရွေးချယ်ချုပ်လုပ်ပေးထားသည့်အတိုင်း ရှေ့အိုအောင် ဇာတလောက်စ် ခါးတိုကလေးနှင့် ထိုင်းဆစ် ထဘီကလေးကို ယွန်း ဝတ်ဆင်ထားသည်။

ယွန်း၏ ဆံပင် တိုတိုလန်လန် ကလေးကို မေမေက သူမ ဝယ်ပေးထားသော ကောစ ဆံပင်အခြောက်ခံကိရိယာကလေး နှင့် စိတ်ရှည်စွာ ပုံသွင်းပြုပြင်ပေးလေသည်။

'သည်လို ဘီးလိပ်ကလေးတွေ နှစ်ခုလောက် ထပ်ဝယ်ဦးမယ်၊ သည် ဘီးလိပ်တွေက ကြီးတယ်၊ ပိုသေးတာလေး ဝယ်ဦးမှ'

ဒေါ်လေးတင့်သည်လည်း မီးဖိုချောင်ပစ်ထားခဲ့ကာ ယွန်း ခုတင်ပေါ်ထိုင်ပြီး မှန်ခုံရှေ့မှာ ယွန်းတို့သားအမိကို ကြည့်ရှုအားပေးလျက်ရှိ၏။

'စိမ်းနု ဗြူတီပါလားကွ၊ မဆိုးဘူး၊ ယွန်း မျက်ခွံတွေ ပါးတွေမှာ အပြာတွေ အနီတွေ မထည့်တော့ဘူးလား'

'မထည့်ပါဘူးကွာ၊ ကျောင်းသွားတာပဲဟာ တော်ရုံသင့်ရုံပေါ့၊ နှုတ်ခမ်းနီကလေး ဆိုးချင်ဆိုး၊ မျက်လုံးကာခြယ် လိုက်ချင်လိုက်၊ ဒါဆို တော်ပါပြီ၊ နေ့တိုင်း ဆောင်စုံခြယ်လှန်းယင် ပွဲလမ်းသဘင်ရှိလို့ ပြင်ဆင်လဲ ပိုမထွက်တော့ဘူး'

'တော်ပါပြီ၊ ယွန်း နှုတ်ခမ်းနီလဲ မဆိုးတော့ပါဘူး၊ သည်လောက် လှ တော်ရောပေါ့'

'လှသားမဒေးနဲ့၊ မြနီမာဆန်ဆန်ကဒေး၊ ယွန်းသည် ယွန်းရုပ်ကဒေးနေ့'

ယွန်းက ဒေါ်လေးတင့်ကို မှန်ထဲမှတစ်ဆင့် မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

'လက်မဝက် ဒေါက်ဖိနပ်အညိုကလေး စီးသွားနော်သမီး၊ လုံချည်အင်္ကျီနဲ့ ဖက်ရှင်ပဲ၊ လွယ်အိတ် အညိုကလေး လွယ်သွား'

ယွန်း အသာတကြည် ခေါင်းညိတ်ယင်း လက်ပတ်နာရီကို ငုံ့ကြည့်သည်။

'မေမေ ရှစ်နာရီထိုးနေပြီ၊ ဆိုင်သွားတော့လေ၊ ယွန်းကို နီတာ လာခေါ်မှာပဲ မေမေရဲ့၊ စိတ်ချပြီး ထားခဲ့တော့'

ယွန်းသည် သမီးကို ထားစရာ မရှိအောင် အရေးတယူ ဂရုတစိုက်ရှိလှသော မိခင်ကြောင့် အနေရခက်သောကအောင် အားနာမိသည်။

'နီတာ့ကားလာမှ လိုက်သွားယင်သွားပေါ့ စိမ်းနုရဲ့'

'တစ်လမ်းစီ သွားရမှာကို တင့်တင့်ကလဲ၊ ဟုတ်ပါရဲ့ ငါ့သားတော့မှပါပဲ'

ယွန်းက မေမေ့ကိုဖက်ကာ မေမေ့ပါးကို နမ်းသည်။ မေမေ့မျက်လုံးများတွင် ကြည်နူးရိပ်တွေ လှုံ့ဖိတ်လျက် ရှိလေသည်။

'နီတာနဲ့ ဘယ်အချိန် ချိန်းထားသလဲ သမီး'

'ရှစ်နာရီကျော်လောက် လာခေါ်မှာ မေမေ၊ ယွန်းက ငယ်သပ် နီတာက သပ်သပ်ဆိုတော့ ဟိုကျ ဘယ်မှာတွက်ရမလဲ မသိဘူးမှာ'

'ပထမနေ့ကို သည်ထက် စောစောသွားယင် ကောင်းတာပေါ့၊ တော်ကြာ ကြိုဆိုပွဲအနေနဲ့ ဘရီဖင်နိပေးတာ မမီဘဲနေမယ်'

'ယွန်း ခြံဝ ဆင်းစောင့် နေလိုက်မယ်လေ မေမေ၊ လာမေမေကို ခြံဝအထိ လိုက်ပို့ပေးမယ်'

ယွန်းကို မေမေက ရေမွှေးဆွတ်ပေးသည်။ ဤ ရေမွှေးကို ယွန်း ဆယ်တန်းမဖြေမီကတည်းက မေမေ ဝယ်ယူသိမ်းဆည်းထားပေးကာ ယနေ့မှ ထုတ်လာလေသည်။

မေမေ လက်ထဲမှ ရေမွှေးပုလင်းကို ယွန်း လှမ်းယူသည်။ မေမေ နှမြောအဲ့သြဟန် တစ်စုံတရာလည်း မပြောမထားဘဲ ကြည့်နေဆဲ။ ယွန်းက မေမေ လည်ကုပ်နားထင် ဆံစများနှင့် ဆိုင်းနှစ်ဖက်တွင် ရှိုးခနဲ ရှိုးခနဲ ခလုပ်နှိပ်ကာ ဖျန်းဆွတ်ပေးလိုက်သည်။

'ယွန်း ထပ်ဆွတ်ဦးမယ်လို့ မေမေထင်လို့လား၊ မဟုတ်ပါ
ဘူး မေမေရဲ့'

မေမေ ပြုံးရယ်လာသော်လည်း နှမြောရိပ်က ပိုကဲလာ၏

မေမေသည် ယွန်း စနစ်တကျ စည်းနှင့်ကမ်းနှင့် သုံးစွဲတော်
သမျှ အတိုင်းအတာကို သဒ္ဓါကြည်ဖြူသော်လည်း သူမ ကိုယ်
တိုင် အတွက်တော့ လိုအပ်သရွေ့သာ သုံးစွဲဖို့ပင် နှမြောစေ
လေ၏။

'မေမေက တစ်နေကုန် အလုပ်လုပ်ယင်း ချွေးသံရွှဲရွှဲနေတာ
ပါ၊ ပွန်း ပေါင်ဒါကလေးကို ဆိုင်ထဲမှထားပြီး ချွေးထွက်
များယင်း လိမ်းလိုက်ယင်း၊ ဒါလောက်ဆို အိုကေပါပဲ'

ရှေ့မှသွားနှင့်သော မိခင်ကို ငေးကြည့်ယင်း ယွန်း လိုက်
သည်။

ယွန်း၏မိခင်သည် အသက် လေးဆယ် ပြည့်တော့မည် ထင်
သည်။ သုံးဆယ့်ကိုးလား၊ လေးဆယ်လား၊ သို့သော် မေမေ
သည် သုံးဆယ်ဝန်းကျင်အရွယ်မျှနှယ် နုနယ် လှပဆဲ။ ဆရာ
နေဘွားမှာ မေမေနှင့် သက်တူရွယ်တူ ဆိုရသော်လည်း သူ
အသက်နှင့် သူ့ ရုပ်ရည် လိုက်လျောညီထွေ ရင့်ကျက်ကာ
မေမေထက်ပင် ကြီးသယောင်ယောင် ထင်နေရသည်။

ဒေါ်လေးတင့်သည်လည်း အဆီအသားတွေဘက်ကာ မေ
စေ့ နှစ်ထပ်ဖြစ်လျက် ပိုက်လည်းထွက်စူခဲ့ပြီ။

'သွားကြတော့ဟေ့၊ ငါ့ရေနွေးအိုးလဲ ရေခန်းပြီး ဖင်ပါ
ပေါက်ပြီလား မသိပါဘူး'

ဒေါ်လေးတင့်က လှေကားမှ နောက်ဆုံး ဆင်းလာလေ
သည်။ ပြီးတော့ ထမင်းစား စားပွဲပေါ် အသင့်တင်ထားပေး
သော ခြင်းကလေးကို သူငယ်ချင်းလက်ထဲ ကမ်းပေးလိုက်၏။

ယွန်းက အိမ်ရှေ့တံခါးဖွင့်ကာ မိခင်ကို အရင်ထွက်စေ
သည်။

'မေမေက သိပ်လှတာပဲ'

'သမီးရဲ့ အမေကိုးကွယ်'

'မေမေ့သမီးမို့ ယွန်းက လှရတာပါ၊ မေမေ တကယ်အမွေး
တော်တယ်'

မေမေက ယွန်း၏ ပခုံးကလေးကို သိုင်းဖက်ကာ ခြံဝသို့
လျှောက်ခဲ့ကြသည်။ ခြံတံခါးကို ယွန်းက ဖွင့်ပေးလိုက်လေ
သည်။

ရှစ်နာရီထိုးခဲ့သော်လည်း နှင်းရိပ်ဝေဆဲဖြစ်လေသည်။ နေ
ဆောင်ခြည်သည် နှင်းလွှာကိုအရှင်းမထွင်းဖောက်နိုင်သေး။

ယွန်းသည် မိခင်အပေါ် မလိုတမာတွန့်တိုစွာရိုင်းရိုင်းပျပျ
ဆက်ဆံပြောဆိုမိသမျှကို နောင်တရနေဆဲပင်တည်း။ ယွန်း ပြန်
လည် ပေးဆပ်ချင်မိသည့် အာသီသကို တစ်ယောက်ယောက်
သ်အောင် ပြောပြချင်သည်။ယွန်းပြောပြချင်သောတစ်ယောက်
ယောက်သည် ယွန်း၏ ဝေဒနာကို ပျောက်ကင်းစေခဲ့သော
ဆရာသမားတစ်ဦးဖြစ်သည့် ဆရာနေဘွားဖြစ်နေပြန်၏။ သူနှင့်
ဆက်နွယ်ပြီး မိခင်အပေါ် ယွန်းမိုက်မှား စော်ကားခဲ့မိသည့်
အဖြစ်နှင့်ပတ်သက်၍ ယွန်း သူ့အား ဘယ်လိုဇာတ်ကြောင်း

ပြန်လှန်ပြရပါမလဲ။ ပြီးတော့စိတ္တဇအမှောင်နယ်ကိုပင်ပန်းကြီးစွာ ဖြတ်သန်းလွန်မြောက်လာပြီးသော ယွန်းကို ဝေဒနာလုံးဝကင်းရှင်းပြီဟု ဦးက အာမခံချက်ပေးတိုင်း ယွန်းရင်မှာ အေးချမ်းလုံခြုံရကြောင်းကို သူဘယ်လိုသိစေရပါ့မလဲ။

'ရှတ်....'

'ရှတ်.... ရှတ်....'

သွားကြားမှ လေသံနှင့်ခေါ်ဝေါ်အချက်ပြနေသူကို ယွန်းလှည့်ကြည့်ရှာဖွေသည်။

ထူပိန်းစိမ်းမှောင်သော ပုဏ္ဏရိက် ခြံစည်းရိုးအကွယ်မှပိုင်စိုး၏ မျက်နှာ ပေါ်လာသည်။

'ကျူးရှင်မသွားဘူးလား ကိုပိုင်' ဟူ မေးယင်း ခြံစည်းရိုးအနီးသို့ ယွန်းချဉ်းကပ်သွားသည်။

'သည်နေ့ ပြေးတယ် ယွန်း'

'ဘာလို့'

'ယွန်းကျောင်းသွားမှာကို စောင့်ကြည့်ချင်လို့လေ'

'ယွန်းက မျက်စောင်းခဲကာ ခနဲတဲ့တဲ့ မဲ့တဲ့တဲ့လုပ်မိသည်။

'ဒုတိယအစမ်းဖြေရတော့မယ်မဟုတ်လား ကိုပိုင်၊ ဘာလို့ကျူးရှင်ပြေးပြန်တာလဲ'

'ခုပဲ ပြောပြီးပါရောလားကွာ'

'တန်ဆောင်တိုင်တုန်းကလဲ ကိုပိုင် ကျူးရှင်မမှန်၊ အတုန်းမတက်နဲ့နော်'

'ယွန်းဘယ်လိုလုပ်သိသလဲ'

ယွန်းက ပိုင်စိုးတို့ခြံဘက် မျက်လုံးဝေ့ဝဲကာ ပိုင်စိုးမိခင်ရှိနေမလားရှာဖွေသည်။ လူသူအရိပ်အယောင်လုံးဝမတွေ့။

'ယွန်း အိမ်ပြန်ရောက်နေပြီပဲ၊ သိတာပေါ့'

'သည်နှစ်အောင်မှာပါယွန်းရာ၊ လှိုင်ဒေသကို တို့လိုက်လာမှာ'

'လာလေ၊ လာပေါ့'

'တကယ်လား'

'ဩော်....ကိုပိုင်လာတာ ဘယ်သူက တားလို့ရမှာလဲ'

'တို့လာမယ်နော် ရှင်းလား'

ယွန်း ရယ်မိသည်။

'ရှင်းပါ့၊ ရှင်းပါ့'

နံတာတို့ကားလာပြီမို့ ကိုပိုင့်ကိုလက်ပြနှုတ်ဆက်ကာခြံပြင်သို့ ခပြေးထွက်ခဲ့လေသည်။

'ဦးလေးကြီး နေကောင်းနေပြန်ပြီလား'

'အေးကွယ်၊ ကောင်းလိုက်မကောင်းလိုက်နဲ့ပါပဲတူမရယ်'

'ယွန်းက ဦးမောင်ဆင်ကို နှုတ်ဆက်ယင်း နံတာ ဖွင့်ပေးသော တံခါးမှ ကားနောက်ခန်းထဲဝင်ထိုင်သည်။

'ကိုနေကျော် လာစရာမလိုတော့ဘူးပေါ့နော်'

'သည်ကောင်က တစ်နေရာမှာ အခြေတကျလဲ မလုပ်ချင်ဘူး၊ ပုံကျနေချင်တာ'ဟု ဦးမောင်ဆင်ကဆို၏။

နံတာသည် မျက်နှာ မရွှင်မပျ ဖြစ်သွားသည်။ လေးလေးနှံ့တဲ့ ဖြင့် မျက်နှာတစ်ဖက်လှည့် လဲလိုက်လေသည်။

နီတာကို ယွန်းသနားမိသည်။ သို့ဘစေ ကိုနေကျော်နှင့် ဝေးကွာသွားတာ နီတာအတွက် ပိုကောင်းပေမည်။ ပထမဆုံး အကြိမ်နီးစပ်ခွင့်ရသော ရွယ်တူယောကျ်ားတစ်ယောက်အပေါ် နီတာစိတ်ဝင်စားသည်မှာ အချစ်ဟုမခေါ်နိုင်ပေ။ တက္ကသိုလ် ရောက်သွားပြီး နယ်ပယ်သစ်မှာ အတွေ့အကြုံသစ်တွေ ရလာလျှင် နီတာ၏ အဇျတ္တရေပြင်တွင် စဉ်ကျလာသောကျောက်ခဲ ကလေး၏ လှိုင်းဂယက်သည် အချိန်အလိုက် ငြိမ်သက်တည်တံ့သွားမှာပါ။ နီတာ ရှေ့ဆက်စရာခရီးက အဝေးကြီး တစ်မျှော် တစ်ခေါ်ကြီး ကျန်သေးတာပဲလေ။

'စီးပွားရေးတက္ကသိုလ်တဲ့နီတာ၊ ငါသည်မှာဆင်းခဲ့ရမလားဟင်'

'ငါ့သမိုင်းကို ဝိုင်းရှာပေးဦးလေယွန်း၊ မဆင်းခဲ့နဲ့ဦးဟယ်'

'ဘယ်ကနေ သွားရှာကြမလဲ'

'ကျောင်းသားရေးရာဘက်ကိုသွားမယ်လေ၊ အဲသည်ကနေမှ မေးမြန်း စုံစမ်းပြီး လိုက်ရှာကြမယ်'

'ကောင်းသားပဲ၊ ဆက်လုပ်'

တက္ကသိုလ် နယ်မြေတွင် ကျောင်းသူ ကျောင်းသားတို့သည် လူးလာလှုပ်ရှားဟိုသည်သွားလာနေကြသည်။ အပြုံးအရယ်

ကလေးတွေ ကိုယ်စီကိုယ်ငှနှင့် သည်ပရိဇုဏ်နန်းကို အလှရောင်စုံဆင်နေကြလေသည်။

'နီတာတို့ ဘတ်စ်နဲ့ပြန်မယ်လို့ ဖေဖေ့ကို ပြောလိုက်နော် ဦးလေးကြီး၊ မစောင့်နဲ့တော့'

'ဆရာကို သမီး ပြောခဲ့ပြီမဟုတ်လား'

'အခြေအနေအရပဲလို့ ပြောခဲ့တာပေါ့၊ လွယ်ပါတယ် ဦးလေးကြီးရဲ့၊ သည်ရှေ့ဘင်ပဲဘတ်စ်ကားဂိတ် ရှိနေတာပဲဥစ္စာ'

ကျောင်းသားတွေကသည်း တိုးတိုးဝှေ့ဝှေ့၊ ကားတွေကသည်း ပြွတ်ပြွတ်သိပ်သိပ်၊ စကားပြောသံရယ်မှောသံနှင့် ကားဟွန်းသံက တပီပီ တဘီဘီ ရောရောထွေးထွေး။

နီတာသည် ယွန်းလက်ကိုဆွဲကာကားအနီးက ခပ်သွက်သွက်ခွာခဲ့သည်။

'ဂွီ ဂွမ်လာလုပ်နေဦးမယ်၊ လစ်စို့'

ယွန်းသည် နီတာနှင့်အမီ ခြေသှမ်းမြန်မြန်သှမ်းယင်း ပျော်ရွှင် မြူးတူးစွာ လှုပ်ရှား သွားလာနေကြသော ကျောင်းသူ ကျောင်းသားတွေကြားထဲ ရောရောထွေးထွေး ပါသွားကြလေသည်။

'မြေပုံရောင်းတယ် ထင်တယ် ဟိုမှာတွေ့လား သူများတွေကြည့်နေကြတာ' ဟု ယွန်းကညွှန်ပြသည်။

'ငါမေးကြည့်မယ်'

'မေးလေ'

နီတာက မြေပုံဖြန့်ကြည့်နေကြသော ကျောင်းသူတစ်စု
မြေပုံဘယ်နားရောင်းသလဲ မေးသည်။

'ကျောင်းသားရေးရာ ရှေ့နားမှာပဲလေ၊ မြေပုံလဲရော
တယ်၊ အချိန်စာရင်းလဲရတယ်၊ သွားမေးပါလား၊ မြေပုံက
တော့မယ် ပြောတာပဲ'

နှစ်ယောက်သား အပြေးကလေး လျှောက်ခဲ့ကြပြန်သည်

'တိုကောင်မလေးက တို့လိုပဲ ဖရက်ရှာထင်တယ်၊ ရက်ရာ
စက်စက်ကို ပြင်ထားတာပဲ'

'လှလဲ လှတယ်နော် ယွန်း'

'ဆံပင်ဖြူတာ ဆိုးတယ်ဟယ်၊ တော်တော် ဖြူနေတာ
ဒါလောက် အလှတွေပြင်ထားပြီးမှ ဆံပင်ကလေးတော့
နေလဲ ဆေးဆိုးလိုက်ကောပေါ့'

ဆံပင်တွင် ရောင်စုံဖဲကြိုးတွေချည်လျက် မျက်နှာတွင်လည်
မိတ်ကပ်နှင့် နီနီပြာပြာ ပညာပါပါခြယ်သထားသည်။ ထိတ်
ဒူးခေါင်းပုံးရဲ့ တိုနှင့်နှင့်ကလေး။ ဒေါက်ဖိနပ် ကလည်း ထ
ထွာလောက် မြင့်လေသည်။ ရုပ်ရှင်မင်းသမီးလား၊ စတိ
အဆိုတော်လား ထင်မှတ်မှားဖွယ် ရှုမပြီး။

သို့တစေ ဆယ်ကျော်သက်ရွယ်နှင့် မလိုက်ဖက်လှစွာ သူ
ပုံကျလိပ်ခွေသောဆံပင်တွင် ဆံပင်ဖြူတွေ စီရရီ ပေးဆွတ်
ယှက်နေလေသည်။

ကျောင်းသားလေးတစ်ယောက်ကတော့ မျက်မှန်ထူနှင့် ဂ
သေးသေး ပီဘိကလေးသာသာ လူပျိုဘော်ပင် ဝင်သေး

မတူပေ။ သူက လှယ်အိတ်ကြီးလှယ်ကာ ရှေ့မှ ငိုက်စိုက်ငိုက်စိုက်
လျှောက်သည်။ နှစ်လှမ်းသုံးလှမ်းခွာကာ လိုက်နေသော တစ်
ထောင်ကျော် ပိုက်ဆံအိတ်ကြီးလှယ်ပြီး နေကာမျက်မှန် မည်း
ကြီး တပ်ထားသူ မိန်းမကြီးမှာ သူ့ မိခင် ဖြစ်ဟန် ရှိလျက်
အလှန်တရာကြီးလေးသော သမိုင်းပေး တာဝန်ကြီးကို ထမ်း
ဆောင် နေရသူပမာ အလေးအနက် ရေးကြီးခွယ်ကျယ် ရှိလှ
လေ၏။

'ဒါလဲ ဖရက်ရှာလေး ဖြစ်မှာပဲနော်'ဟု ယွန်းက မှတ်ချက်
ချသည်။

'တို့မျိုးတော့ အိမ်က အဖေအမေတွေ တကောက်ကောက်
လိုက်မလာလို့ တော်သေးရဲ့၊ ကိုယ့်ဘာသာလဲ ငွေသုံးတတ်၊
အတန်းရှာတတ်ပါတယ်ဟယ်'

ယွန်းစကားကို နီတာက ရယ်မောထောက်ခံလေသည်။

အချိန်စာရင်းဝယ်သော နေ့ရှာမှာလည်း ကျောင်းသားမိဘ
တွေ အုပ်ထိန်းသူတွေသည် ကျောင်းသူကျောင်းသား တွေနှင့်
အပြိုင်အဆိုင် တိုးဝှေ့လျက်ရှိကြသည်။

'မြေပုံကုန်သွားပါပြီ'

ထိုအသံက ယွန်းတို့ လူအုပ်ထဲ ထိုးမဖောက်မီမှာပင် ရပ်တန့်
ဘုံ့ ဆိုင်းသွားစေလေ၏။

'ကုန်ပြီတဲ့'

'ဒုက္ခပါပဲ့၊ ငါ သမိုင်းအဓိက ဘယ်နား သွားရှာပါတော့
မလဲ'ဟု နီတာ ညည်းတွားသည်။

'မေးမှာပေါ့ဟဲ့၊ အတန်းကြီးတွေကို မေးကြည့်လိုက် ပြီးတာပဲ'

'ဝိုင်းမေးပေးနော်'

နီတာက ယွန်းကို အကဲခတ်သလို မျက်လုံးဝိုင်းကလေးမျှားနှင့် ကြည့်ကာ ဆိုသည်။

'မေးပေးမှာပေါ့၊ ဒါမျှား ခက်ခက်ခဲခဲ'

သွက်သွက်ကလေးဖြေပြီးမှ နီတာ ရှာဖွေလေ့လာနေသော တစ်စုံတစ်ရာကို ယွန်း ရိပ်စားမိသည်။ အစည်သဖြင့် ဦးဆောင် ဦးရွက် ခြေသွက်ဖျတ်လတ်မြဲ၊ ယွန်းသည် အယင် နှစ်ဝက် ကျော် ပတ်လုံး အားငယ်စိုးထိတ်ခြင်းများစွာဖြင့် တွန့်ဆုတ် ညှိုးနွမ်းနေခဲ့ပေသည်။ ယခု ပုံမှန်ဘက်ကို ယွန်း မည်မျှ ပြန် ရောက်လာပြီလဲ ဆိုတာ နီတာ သိချင်ပုံရပေ၏။

ယွန်းဘာသာလည်း မိမိကိုယ်ကို ပြန်လည် ဝေဖန်ဆန်းစစ် နိုင်လောက်အောင် သဘာဝကျသော အသိစိတ် ဖြည့်ဝသော အခြေအနေ အနီးကပ်ဆုံး ပြန်လည် ရယူနိုင်နေပါရောလားဟု နှစ်ထောင်းအားရ ဖြစ်မိလေသည်။

'ဟို ကော်ရစ်ဒါက လူကြီးဟာ အရွယ်နည်းနည်း ရင့်ရှာ တယ်၊ အတန်းကြီးထဲက ဖြစ်မှာပဲ၊ မေးကြည့်ရအောင်'

'မေးလေ'

ယွန်းတို့သည် ဆံပင်စုတ်ဖွားဖွား၊ ပင်နီတိုက်ပုံနှင့် ပုဆိုး တိုတို ဝတ်ဆင်ကာ ပတ်ဝန်းကျင်ကို အလေးမထား စိတ်မဝင် စားသည့်နှယ် လေးလေးမှန်မှန် လျှောက်လာနေသော ကျောင်း

သားကြီးထံ လျှောက်သွားသည်။ သူ့ရှေ့မှာ ရပ်လိုက်သော ယွန်းတို့ကို သူက ကြောင်တောင်တောင် ကြည့်၏။

'သမိုင်းအဓိကအဆောင် ဘယ်နားမှာလဲဟင်'

'မသိဘူးလေ၊ ကျွန်တော်လဲ သည်နှစ်မှ တက္ကသိုလ် ရောက် တာ'

'ဩော်....သိပါဘူး'

သူ နံဘေး ဖြတ်သန်းလျှောက်ခဲ့ကာ ကျောခိုင်းမိသည်နှင့် တစ်ခစ်ခစ် ရယ်မိကြလေသည်။

'လုံးဝဥဿုံပဲဟေ့'

'ဟိုဟာကတော့ ဆရာမကြီးတွေဖြစ်မှာပါ၊ လက်ပွေ့အိတ် ကြီးတွေနဲ့၊ သားနားတယ်၊ ကျောင်းသားရေးရာဘက် သွား မလို့လား မသိဘူး'

ကိမိုနိုထဘီတွေ၊ အင်ဒိုနီးရှား တစ်စုံစာတွေနှင့် ထည့်ဝါ သားနားသော အမျိုးသမီးကြီးသုံးယောက်နောက်သို့ ခြေကုန် သတ်ပြီး လိုက်ကြပြန်သည်။

'ဆရာမ၊ ယွန်းတို့ သမိုင်းအဓိကတွေ ဘယ်မှာ တက်ရ မလဲ ခင်ဗျာမရလို့'

ယွန်းမှ စကားမဆုံးခင်မှာပင် အမျိုးသမီးကြီးတွေ အသံ သွက်အောင် ရယ်မောလိုက်ကြတော့၏။

'ဆရာမတွေမဟုတ်ဘူး သမီးရဲ့၊ အုန်တီတို့ သမီးတွေကို ဥပဒေဌာန လိုက်ရှာပေးယင်း လူစုကွဲသွားတယ်၊ သူတို့တော့

တွေသွားပြီထင်တာပဲ၊ အန်တီတို့သာ လူလဲမတွေ၊ အဆောင်လဲ
မတွေ'

'ဟိုမှာလေ အန်တီ၊ ကြိုဆိုပါ၏တဲ့၊ စာကပ်ထားတယ်'

'အဲ ဟုတ်သားပဲ၊ ကျေးဇူးပဲကွယ်၊ ကလေးတွေ အဲသည်
ရောက်နေမှာပဲ၊ ခုံနံပါတ်တွေခွဲပြီး အတန်းတွေခွဲထားတယ်တဲ့၊
မရှုတီတို့ ခုံနံပါတ် မှတ်မိကြရဲ့လား၊ ကိုယ်တော့ မှတ်မထားမိ
ဘူးကွယ်'

ယွန်းသည် အမျိုးသမီးကြီးသုံးယောက်၏ နောက်ကျောကို
ကြည့်ကာ ပခုံးတွန့်ယင်း လက်ကလေးနှစ်ဖက်ဖြန့်ယင်း ကျန်ရစ်
ခဲ့သည်။ နီတာက ယွန်းကို ပခုံးနှင့်တွန်းတိုက်ယင်း တခစ်ခစ်
ရယ်၏။ အဖြစ်အပျက်က ရယ်စရာ ကောင်းတာထက် ယွန်း
အူရွှင် မြူးကြွနေတာကို နီတာ ကျေနပ်ဝမ်းမြောက်နေတာက
ပိုကြောင်း ယွန်းကလည်း နားလည်ကြည်နူးမိပေသည်။

'ဟော့ ဟော့ နီတာ၊ လမ်းစဉ်လူငယ်အဖွဲ့ ဝင်ရအောင်၊
အဲသည်မှာ သမိုင်းကိစ္စ မေးကြတာပေါ့'

'ကျောင်းတုန်းက လျှောက်လွှာတစ်ခါ တင်ပြီးပြီပဲ'

'ထပ်တင်မှာပေါ့၊ ခုထိမှ နံပါတ်မကျသေးတာ၊ သည်ကဆို
မြန်မှာပဲ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်လေ၊ လာပါဟာ'

ယွန်းက နီတာကိုဆွဲကာ စားပွဲရှည်ကြီးဆီသို့ လျှောက်သွား
သည်။ ယူနီဖောင်းဆင်တူနှင့် လမ်းစဉ်လူငယ်ယောကျ်ားလေး
မိန်းကလေးများတို့သည် လျှောက်လွှာ လာဝယ်သူ များကို
အသင့် စောင့်ကြိုနေလေ၏။

'လျှောက်လွှာဖြည့်ပြီးယင် ဓာတ်ပုံသုံးပုံနဲ့အတူ ရုံးခန်းမှာ
လာပို့ ပါနော်'

ကျသင့်ငွေထုတ်ပေးကာ လျှောက်လွှာကို လှမ်းယူသည်။

'ဒါနဲ့ ဟစ်ထရီမေဂျာတွေကို တယ်မှာထားသလဲဟင်'

'ဒါများ မသိဘူးလားဗျာ၊ ရန်ကုန်က မဟုတ်ကြဘူး
ဆင်တယ်'

ယွန်းတို့ရှေ့မှ လမ်းစဉ်လူငယ်တွေ ပါးစပ်ပြင်ဆဲ ယွန်းတို့
နောက်ပါးမှ ကပ်၍ ပေါ်ထွက်လာသောအသံကြောင့် ချာခနဲ
လှည့်ကြည့်မိကြသည်။

ပိုင်စိုးသည် ပြုံးစစနှင့် ရှေ့တူရူသို့ လက်ဆန့် ညွှန်ပြနေ
လေ၏။

'ကြည့်စမ်း၊ သူ ကျူရှင်မတက်ပြန်ဘူးပေါ့လေ'

'မမီတော့ဘူး ယွန်းရဲ့'

'ခုတော့ ဘယ်မီတော့မှာလဲ၊ စောစောကဆို မီတာပေါ့၊
ဘယ်တုန်းကတည်းက သည်ရောက်နေတာလဲဟင်'

'ယွန်းတို့လဲ ထွက်သွားရော တို့လဲ တစ်ကောက်ကောက်လိုက်
လာရော'

သမိုင်းစာသင်ခန်းဆီတွင်လည်း မောင်မယ်သစ်လွှင်များကို
ကြိုဆိုသော စာတမ်းကြီး တလူလူလွှင့်လျက်ရှိလေသည်။

'ဆယ်နာရီမှာ တရီဖင်ပေးမယ်တဲ့ ထွန်း၊ ငါ နေခဲ့တော့
မယ်၊ ကိုပိုင်ပဲ နင့်ကို လိုက်ပို့ခိုင်းလိုက်တော့'

ယွန်း အသာတကြည် သဘောတူလိုက်လေသည်။

'အပြန် ဘယ်လိုချိန်းကြမလဲ'

'သည်နေ့ စာသင်ဦးမှာ မဟုတ်ပါဘူး၊ နေ့ခင်း သည်ပြန်လာမယ်လေ၊ နင် အရင်ပြီးလဲ သည်ကပဲစောင့်ပေါ့'

'ကိုပိုင်လဲ မပြန်နဲ့ဦးနော်၊ တို့နှစ်ယောက်တည်းက အရင်ပြီးမယ့် တစ်ယောက်ကို စောင့်ခေါ်ပြီး ပို့ပေး'

နီတာ အတန်းလဲဝင်သွားတော့မှ နှစ်ယောက်သား ထွက်ခဲ့သည်။

'လိုက်တယ်ဟေ့ လိုက်တယ်'

'ကျော်သူကွ၊ မို့မို့မြင့်အောင်ကွ'

အခန်းထဲမှစသံ နောက်သံတွေကို မကြားယောင် ပြုကာ ဟန်မပြက် လျှောက်ခဲ့ကြသည်။

'မတူပါဘူး'

'ဟင် ဘာလဲ ကိုပိုင်'

'ယွန်းလေ၊ မို့မို့မြင့်အောင်နဲ့ မတူ ပါဘူး၊ ယွန်းကပို့ချောတယ်'

'ဘာစားမလဲ ပြော'

'အသည်း'

'ကိုပိုင်နော် ကိုပိုင်'

ယွန်း ရယ်မိလေသည်။ ဥဒဟိုသွားလာနေကြသော လူအုပ်ထဲမှ တစ်ချို့ တလေသည် ယွန်းတို့ကို စိတ်ဝင်တစားလှည့်ကြည့်သွားကြသော်လည်း အမျှားစုကတော့ ကိုယ့်ဇောနှင့်ကိုယ်

'ကိုပိုင်လိုက်လာမယ်ဆိုတာ သည်နေ့ကိုး၊ တို့က ရှေ့နှစ်ခါ လိုက်လာမယ် ပြောတယ်ထင်လို့'

'နှစ်မျိုးစလုံးရည်ရွယ်ပြီး ပြောလိုက်တာပဲလေ'

'ကျင်ပဲနော်'

'ဟင်'

'လည်လိုက်တာ'

မယ်သစ်လွင် ယွန်းနောက်သို့ ထပ်ကြပ် လိုက်လာကာ မဏ္ဍပ်တိုင်တက်ပြလေသော ကိုပိုင်အပေါ် ယွန်း စည်းကမ်းမတင်းကျပ်လိုပေ။

ယွန်း စိတ်ဝေဒနာ ခံစားနေရစဉ်ကပင် ကိုပိုင် စိတ်မပျက်ခဲ့ပါလျှင် ယွန်းကလည်း ပညာရေးတစ်ဆင့်နိမ့်ပြီး ကျန်ရစ်ခဲ့သူ ကိုပိုင်ကို လိုက်ခဲ့ပါ လက်ကမ်းကြိုဆိုသင့်သည်ကော။

ယွန်း၏ မောင်မယ်သစ်လွင်နေ့ကား ပြည့်ပြည့်ဝဝ ပျော်မွေ့ရသော နေ့ထူးကလေးပါပဲလေ။

ညီ၏ အခန်းတံခါးကို ညင်သာစွာခေါက်လိုက်သည်။

'ညီရေ နိုးလာပြီလား သား'

'လူးလွန့် လူပ်ရှားသံ၊ ဗလုံးဗထွေး ထူးဆံတွေ့ ကြားရသည်။

'သည်နေ့ မေမေပဲ ဆိုင်ထွက်နှင့်မယ်နော် သား၊ ရေစက်ပြည့်ဖို့ သား စီစဉ်လိုက်ဦး'

ရှပ်တိုက်လျှောက်လာသော ခြေသံကို ကြားရသည်။

သည်တော့မှ စေ့ထားသော သူ့ အခန်းတံခါးကို တွန်းလှစ်လိုက်ရ၏။

ညီသည် မျက်လုံးပင်မပွင့်သေး။

'ညကသူးစာကြည့်တာ ညှဉ်နက်ဘယ်သင်္ကာယ်၊ မေမေ ဆယ့်နှစ်နာရီခွဲလောက်သကြွှဲဘာ့ သားအခန်း မီးလင်းနေတုန်းပဲ'

ညီပြုံးဖြီးဖြီးနှင့် မိခင်ဝင်သာအောင် တံခါးရွက်ကို ကျယ်ကျယ် ဆွဲဖွင့်ပေးသည်။

'အိပ်ပျော်နေတာ မေမေရ၊ မီးမပိတ်ဘဲအိပ်သွားတယ်၊ ညီမနက်လင်းအားကြီးမှ ပြန်နိုးလာပြီး ထပိတ်ရတာ၊ အဟဲ'

စိမ်းနုက ညီအခန်းထဲဝင်ကာ ခြင်ထောင်တင်ပေး စောင်ခြုံပေးသည်။ ခြောက်နာရီခွဲနေပြီမို့ ညီကို သနားသော်လည်း ဆက်အိပ်ခွင့်မပြုနိုင်ဘဲ နှိုးရပေသည်။ ရေစက်ပြင်မည်၊ စက်ဆရာကလည်း စိမ်းနုတို့နှယ် နံနက်စောစော အိမ်မှထွက်မှီမို့ နေမြင့်သွားလျှင် ဖမ်းမရတော့။ မနေ့တစ်နေ့ကတည်းက ရေမတင်ရပေ။ မနက်ပိုင်းတွေတွင် စက်ဆရာကိုမမီလိုက်သဖြင့် မနေ့ကဆို တစ်အိမ်သားလုံး ရေမချိုးကြရ၊ ယွန်းတစ်ယောက်သာ ကျောင်းမှအပြန် နီတာနှင့်လိုက်သွားသဖြင့် ရေမိုးသန့်စင်နိုင်ခဲ့ပေသည်။

ညီက မျက်နှာသုတ်ပဝါကို တန်းပေါ်မှဆွဲချကာ ပခုံးပေါ်တင်ပြီး ထွက်သွားသည်။

ညီအိပ်ရာခင်းကို ခါပေး ပြန်ခင်းပေးဖို့ အိပ်ရာပေါ် စောင်တွေ ခေါင်းအုံးတွေဖယ်ရှားသည်။

အပြာရောင် စာရွက်ခေါက်ကလေး။

စိမ်းနု ဒိတ်ခနဲရင်ခုန်သည်။ ဖွင့်ဖတ်ရမလား၊ ကျင့်ဝတ်စည်းကမ်းကြီးကြီးထားကာ မဖတ်ဘဲနေလိုက်ရမလား၊ အိုအသက်နှစ်ဆယ်မှ မပြည့်ဖူးတာ၊ ညီဟာ ငါ့အုပ်ထိန်းအောက်မှာပဲရှိနေသေးတဲ့ ကလေးပဲ။

စိမ်းနုက စာရွက်ခေါက်ကလေးကို ရင်တုန်တုန်နှင့်ဖြန့်ဖတ်သည်။

တနင်းလာ၊ နံနက်ကိုးနာရီမှ ဆယ့်နှစ်နာရီ။ မြန်မာစာ။၊ အင်္ဂါ၊ အင်္ဂလိပ်စာ။

စာမေးပွဲ အချိန်စာရင်း ပေပဲ။

စိမ်းနုသည် စိတ်ပေါ့ပါးရှက်နိုးစွာ ပြုံးမိသည်။

ညီခုတင်နံဘေးမှာကျနေသော ကာတွန်းစာအုပ်ကိုကောက်ယူကာ စားပွဲပေါ်တင်ပေးလိုက်လေသည်။

ညီ၏ သွားတိုက်ယင်း မပီမသ သီချင်းဟစ်သံကို ကြားရသည်။

ယွန်း၏ စူးစူးညည်းမြည်ဆိုတိုင်တန်းသံ၊ တင့်တင့်၏ ရယ်ချင်ပက်ကျိ ဖျန်ဖြေတားဆီးသံတွေ ကြားရသည်။

မီးဖိုချောင်အဝသို့ရောက်လာသောစိမ်းနုကိုအိမ်သာတံခါးဖွင့်ကာ ထွက်လာသော ယွန်းက သုန်မှုန်စွာ တိုင်တန်းလေသည်။

'မေမေ့သားက ယွန်းကို လိုက်စနေတာပဲ၊ အိမ်သာတောင် ဖြောင့်ဖြောင့် မတက်ရဘူး'

'ဟ....ငါညကဖတ်တဲ့ သမိန်ပေါသွပ်ကာတွန်းအကြောင်းဒေါ်လေးကို ပြောပြတာပဲဟာ၊ ယွန်းကလဲကွာ အိုးမလုံအိုးဖိတ်'

'ညီနော် ညီစုတ်'

ယွန်းလိုက်ပြီးကုတ်ဖဲ့ထုရိုက်သည်ကိုညီကစိမ်းနှုန့်တင်တင်ကြား လှည့်ပတ်ကာ ပြေးသည်။

'ကဲဟာ ထုစမ်း ယွန်း၊ မိနေပြီ'

တင်တင်က ဖမ်းချုပ်ထားလိုက်သောအခါမှာတော့ယွန်းကညီကို စိတ်ရှိလက်ရှိထုရိုက်တော့မှာပဲဟုစိမ်းနုပူပန်သွား မိသည်။

'အား....ယားဘယ်ဟာ၊ ညီမလေး၊ မဲလုပ်ပါနဲ့ဟာ၊ ညီမလေးဖို့ အစ်ကိုကြီး ညကဆို့တွေဝယ်လာတယ်ကွ၊ သွားယူစားပွဲနားမှာ၊ ပုရွက်ဆိတ်တွေတက်ကုန်ပြီသားမသိဘူး၊ အား ယား....ယားတယ် ဆို'

စိမ်းနု သက်ပြင်းချယင်း ရယ်မောရလေသည်။ ယွန်းကညီ့ခါးနှင့် ချိုင်းကို အားရပါးရ ကလိထိုးပြီးမှ တုန့်လိမ်ကျွန်ရစ်သောညီကို ကျောခိုင်းကာ ရေချိုးခန်းထဲဝင်သွားသည်။

'သူ အိမ်သာထဲကထွက်လာပြီး လက်လဲဆပ်ပြာနဲ့ မဆေးရသေးဘူးဗျာ၊ မေမေ သားတော့နံကုန်ပါပြီဗျ'

ယွန်းသည် အောင်နိုင်သူအပြုံးနှင့် ညီကို တစ်ချက်မေးထိုးနှက်ခမ်းစူပြကာ ညီအခန်းဆီ ပြေးသွားတော့၏။

'ညီအလှည့်ကျမှ ဇာသားလှုံရုံမကဘူး တစ်အိမ်လုံးနစ်တော့မယ့် ထင်တယ်'

တင်တင်က စိမ်းနုတို့အတွက် ထမင်းချိုင့်ထည့်ယင်း အိမ်သာထဲဝင်သွားသော ညီကို လှမ်းစသည်။

'ညီက ယွန်းကိုဘာတွေ နောက်နေပြန်တာလဲ'

'အိုဟယ် ကြံကြံဖန်ဖန်၊ ယွန်းအိမ်သာတက်တုန်း သူဟစ်နေတာ မကြားဘူးလား၊ ချစ်သူပါသောညက ဇာသားလှုံပါးတယ်တဲ့၊ သူကာတွန်းထဲမှာ ပါတယ်ပြောတာပဲ'

နှစ်ယောက်သားရယ်မိကြသည်။ ယခင်လို ယွန်း စွာလောင်နေ သူက်လက်ဆိုးနွဲ့နေသောကြောင့် စိတ်ချမ်းမြေ့ရသလိုသားကိုကိုမပါဝင်နိုင်တော့သည့်အဖြစ်ကြောင့် ရယ်မောယင်းသည်း စိမ်းနုဆွေးရလေသည်။

'မေမေရေ သွားတော့မလား'

'သွားမယ်ညီ၊ ဘာမှဘဦးမလဲ'

'ညီ ခုတင်ပေါ်မှာ ကာတွန်းတွေလားမေမေ၊ ဆမိန်ပေါ်သုပ်လေ၊ အဲဒါခိုင့်ကို ပြန်ပေးပေးပါ၊ ညီ သူ့ဆီကဌားလာတာ'

'အေး....အေး၊ ယူသွားပေးမယ်'

စိမ်းနုက တင်တင်ဘက် အဓိပ္ပာယ်ပါစွာ လှည့်ကြည့်သည်။ တင်တင်က နားလည်စွာနှုတ်ခမ်းမဲ့ပြီး ခေါင်းဆတ်ပြလေ၏။

ယွန်းသည် ချိုချဉ် လက်တစ်ဆုပ်ကြီးကိုဝင်ကာ ညီအနှုန်းမှုန်ပြေးထွက်လာလေသည်။

'မေမေနဲ့ ဒေါ်လေးဖို့ ယူဦးလေ'

'တစ်လုံးပဲပေးပါ၊ တင်တင်ဖို့၊ မေမေမစားပါဘူး၊ အချိုးယင် ပိုးစားထားတဲ့အသွားက ကိုက်လာရော'

ယွန်းသည် တင်တင်လက်ထဲသို့ ချိုချဉ်တစ်လုံးထိုးသိပ်ထည့်ပြီး သူမ၏ထပ်ခိုးသို့ တက်သွားသည်။

'ဘယ်အချိန် သွားမှာလဲ သမီး'

'နေ့ခင်းမှသွားမယ် မေမေ'

ယွန်း ပျောက်ကွယ်သွားမှ စိမ်းနုဆိုင်ထွက်ဖို့ ခြေလှမ်း ပြင်သည်။ တင့်တင့်က ညီကာတွန်းစာအုပ်ကို သွားယူပေးလေသည်။

'ယွန်း အပြန်ကား သိပ်ကျပ်တာပဲကွယ်၊ ခြောက် နာရီ လောက်မှချည်းအိမ်ပြန်ရောက်တယ်၊ ၉ ၁ လမ်းထိပ် ထွက်စောင့် ရတယ်၊ အိမ်သေဉ့ပိတ်ခဲ့ပေမယ့် ဟိုဘက်အိမ်လဲ ကြည့်ထားဖို့ မှာရသေးတယ်'

'အဖေ်လဲ့ မရသေးဘူးနော်'

'နောက်တော့ ရသာမှာပေါ့၊ လောလောဆယ်တော့'

တင့်တင့်က တစ်ဖက်ခြံသို့ မေးငေါ့ပြသည်။

'ယွန်းက လိမ္မာပါတယ်၊ လူပြောစရာဖြစ်မှာစိုးလို့ နေ့ကိုင်း လာမကြိုပါနဲ့လို့ ပြောလိုက်တယ်တဲ့'

'ဒါပေါ့ တင့်တင့်ရယ်၊ တကယ်သိလ်ရောက်တာမှ နှစ်ရက်နဲ့ တစ်ပိုင်း မရှိသေးခင် အမြဲ တွဲခုတ်နေယင် ဘယ်ကောင်းမလဲ၊ နီးစပ်မှုဟာ အချစ်ဆိုတဲ့ မျက်နှာဖုံးကို အယောင်ဆောင်တတ် လာတာတယ်တဲ့၊ အစစ်အမှန်ကို မသိသေးခင်မှာ ထင်ယောင် မှားတတ်တာပေါ့၊ ယွန်းကို စိတ်ပူဘယ်၊ ညီကိုပိုပြီး စိတ်ချ တယ်၊ ယွန်းမှာက အဆင့်မြင့်ပညာရေးကို လေ့လာရတဲ့ အတွေ့အကြုံသစ်မှာ မျှော်မှန်းချက်တွေနဲ့၊ ညီကတော့ ဆေး

ဆိုင်မှာနေ့ဘိုင်း နေ့တိုင်း ဆေးထိုးရောင်းယင်းကိုပဲ တစ်နေကုန် မြင်နေ တွေ့နေရတာပဲ၊ ကိုကိုဘုန်းကလဲ သည်လိုပဲကွယ်'

'ကိုကိုတုန်းက ရှောင်နိုင်ခဲ့သားပဲ စိမ်းရဲ့၊ ညီက ပိုပြီး စိတ်ခိုင်မှာပါဟယ်'

ခြံဝအရောက်တွင် တင့်တင့်နေ့ရစ်သည်။

စိမ်းနု၏ အာရုံတွင် ညီနှင့်ယွန်း တစ်လှည့်စီ စိုးမိုးလိုက်ပါ လာသည်။ သူတို့ကို အုပ်ထိန်းနိုင်စေရန် စိမ်းနု၏ အသည်း နှလုံး ပြဿနာကို ဘေးချိန်ထားဖို့ လိုအပ်နေဦးမှာပါပဲ။

ကားစောင့်ရ၊ တိုးဝေ့တက်ရနှင့် ကျပ် ကျပ် သိပ် သိပ် လိုက်ပါလာယင်း လမ်းခရီးမှာဘာမှ ကားစီးရခြင်းဒုက္ခကိုသာ ရှုမှတ်ယင်း အရာခပ်သိမ်းကို မေ့မေ့ပျောက်ပျောက် ဖြစ်နေ ခဲ့လေ၏။

ဆိုင်ကို လှမ်းမြင် သာ သော နေ ရာ ရောက် ခါ မှ စိမ်းနု ဒိတ်လန့်တကြား မျက်လုံးတွေ ပြူးကျယ်သွားသည်။

'ဟောတော့ ဆိုင်တံခါးတွေ ပွင့်နေပါလား၊ ဘယ်လို ဖြစ်တာပါလိမ့်'

လေ၏ အလျင်နှုန်းတမျှနှင့် စိမ်းနု ဒုန်းစိုင်းချသွားမိ၏။

ဆိုင်ရှေ့ ရောက်မှပင် မီးအပူနှင့် ရေခဲဘူးကို တစ်ပြိုင်နက်ကိုင် လိုက် ရ သ လို ရင်ထဲမှာ အေးလည်း အေးသွားသည်။ ပူလည်း ပူလောင်သွားလေသည်။

တစ်ဖက်ဆိုင်ခန်းမှ ခိုင်သည် စိမ်းနု၏ ဆိုင်ခန်းထဲတွင် တံမြက်စည်း လှည်းနေလေ၏။

'အန်တီစိမ်း အစောကြီး ရောက်လာပါလား၊ ကိုညီကော ဟင်'

စိမ်းနု ဟန်မပျက် ပြုံးရသည်။

'အိမ်မှာ ရေစက်ပျက်နေလို့ ပြင်ဖို့ ညီလူရှာရစ်တယ်၊ အန်တီက ဆိုင်ကတံခါးတွေ ပွင့်နေတော့ စိတ်ပူသွားတာ၊ ညီ သော့ပေးထားတယ် ထင်တယ်'

'ဟုတ်တယ် အန်တီ၊ တစ်ခါတလေ၊ သူ နောက်ကျမယ် ထင်ယင် သော့ပေးခဲ့တတ်တယ်၊ တစ်ခါတလေကျတော့လဲ သူ ဆိုင်ဖွင့်ရမှာ ပျင်းလို့တဲ့ ခိုင့်ကို ဖွင့်ခိုင်းထားခဲ့တတ်တယ်'

အစက သည်ကလေးမကို စိမ်းနု ခင်ခင်မင်မင်ရှိခဲ့ပေသည်။ ကိုကိုနှင့် အကျွမ်းတဝင် မြင်တွေ့ရကာမှ အူနု တွန့်တိုကာ စိတ်အထာမကျ။ ကိုကိုမရှိတော့သော အခါမှ တဖန် ဆက်ဆံရေးသည် အတွင်းသဘော ပြန်လည် ချောမွေ့ ဖြောင့်ဖြူးလာခဲ့လေသည်။ သည်အချိန်ကျမှတစ်ခါ ညီကြောင့် စိမ်းနု စိတ်တွေ အထုအထစ်တွေနှင့် မပြေမပြစ် ဖြစ်ရပြန်လေ၏။

'ဈေးဝယ်နှစ်ယောက် သွုံးယောက် လာသွားတယ် အန်တီ စိမ်း၊ ဘာမီတွန် တော့ ခိုင် စားပွဲပေါ် မှာတွေ့လို့

ယူရောင်းပေးလိုက်တယ်၊ တစ်လုံး ငါးမူး မဟုတ်လား၊ ဆေးပုလင်းအောက်မှာ တစ်ကျပ် ဖိထားတယ် အန်တီ၊ နှစ်လုံးရောင်းလိုက်တယ်၊ တစ်ယောက်ကတော့ အရှေ့ဆိုင်ကို ကူးသွားတယ်၊ ဘာမှလဲ ဝယ်တာမတွေ့ပါဘူး၊ ဟိုမေး သည်မေးနဲ့ ပြန်ထွက်သွားတာပဲ ထင်ပါရဲ့၊ နောက်တစ်ယောက်ကတော့ တောက ဖောက်သည်တဲ့၊ ပြန်လာလိမ့်မယ်'

'အေးကွယ် ကျေးဇူးပါပဲ၊ ညီက စာအုပ် ပေးခိုင်းလိုက်သေးတယ်၊ ရော့'

'အငှားဆိုင် ပြန်အပ်ပေးခိုင်းတာ အန်တီရဲ့၊ အမြဲပဲ ငှားပေး အပ်ပေးရတာ'

ခိုင်က အပြုံးနှင့် နှုတ်ဆက်ကာ တစ်ဖက်ခန်းသို့ ကူးသွားသည်။

စိမ်းနုသည် ကလေးမလေးကို မနှစ်မြို့စွာ ကြည့်နေ ရစ်မိသည်။ ကလေးမသည်လည်း သူမကို စိမ်းနု မနှစ်မြို့ကြောင်း သိချင် သိနေပေလိမ့်မည်။ သို့စဉ်လျက် မိန်း ကလေး သည် စိမ်းနုကိုအရိပ်အကဲကြည့်ကာ လိုအပ်သည်ထင်ရာကို ဖြည့်ဆည်းပေးဖို့ ကြိုးစားမြဲ ဖြစ်လေသည်။

'မစိမ်းရေ၊ သမီး ဆေးရုံတက်ထားရတယ်၊ အဆုတ်ပွတယ် ပြောတာပဲ၊ အမ်ဝစ်စလင် ဝယ်ရမယ်တဲ့၊ တစ်ပုလင်းလောက် ဝယ်ထားလို့ ပြောတယ် မစိမ်းရဲ့'

ကြက်သားတန်းက ဒိုင် အဘွားကြီးရင်ဘတ်တွင် ရွှေသံကြိုးကြီးက တအိအို။ ရွှေနှင်းဆီ ကြယ်သီးကြီးတွေက တဝင်းဝင်း နေသည်။

ပုလဲရွှန်လက်စကနှင့် အိတ်တီဖိုက်ပါတိတ်နှင့်။

'ခြောက်ဆယ့်နှစ်ကျပ်အစ်မ'

'မြတ်စွာဘုရား၊ ကြမ်းလှချည်လား မစိမ်းရွှေ၊ အရင် လေးဆယ်လား ပေးရပါတယ်'

'မခန့်ကနဲသည်နေ့ မတူဘူးလေ အစ်မ၊ ကုန်စျေးနှုန်းတွေက တက်ချည်း တက်တာ၊ အစ်မတို့ ကြက် တွေ တောင် တစ်ပိဿာ လေးဆယ်စျေး ဖြစ်နေပြီလေ၊ ကျွန်မတို့က ခြောက်ဆယ်နဲ့ ကောက်ထားရတာ အစ်မရဲ့'

'ကျွန်းမာရေးကို ဂရုစိုက်မယ်၊ ဂရုစိုက်တော့မယ်'

အဘွားကြီးက ရှဲ့ရှဲ့မဲ့မဲ့မြည်တမ်းယင်း အင်္ကျီရင်ဖုံးထဲလက်လျှိကာ ဘော်လီထဲ ထည့်ထားသော ငွေစက္ကူတွေကို နှိုက်ထုတ်သည်။

'အစ်မက ညည်းသေးတယ်နော်၊ ကိုယ်ပေါ်ကရွှေတွေမျှား အားနာပါဦး'

ငွေစက္ကူ နှမ်းနှမ်းဖတ်ဖတ် စိုထိုင်းထိုင်းတွေကို တံတွေးဆွတ်ရေတွက်နေရာမှ အဘွားကြီးက နှုတ်ခမ်းထူကြီးကို အားရပါးရ မဲ့ပြသည်။

'ရွှေရည်စိမ်တွေ့ မစိမ်းရွှေ၊ ဘယ်လိုလုပ် တကယ်ရှိနိုင်မလဲ ရှိလဲ ဘယ်ဝတ်မလဲ'

သူ့လည်ကို လက်ဝါးစောင်းနှင့် ပုတ်လိုးဟန် ပြုကာ ကြက်သီးထပြသည်။ စိမ်းနု ရယ်မောနေရစ်သည်။

တောမှ ဖောက်သည်ရောက်လာသဖြင့် ယနေ့အဖို့ စိမ်းနု မြိုးမြိုးမြွေမြွေ အမြတ်တွက်လေသည်။ ထိုသူသည် ဆရာဝန်လည်း မဟုတ်၊ ကျန်းမာရေးမှူးလည်းမဟုတ်။ သူ့တွင် ဆေးကုပိုင်ခွင့် လက်မှတ်ရှိဟန်မတူ။ သူသည် ဆေးနာမည်တွေပင် မပီသသ မခေါ်နိုင်ပေ။

'ရမ်းကုတွေ ကုသလောက် တောရွာကလူတွေခမျာလည်း ဒွဲမျိုးခံရှာတယ် ထင်ပါရဲ့ စိမ်းနုရယ်၊ ကိုယ်တို့ မစမ်းဝံ့တဲ့ ဆေးဝါးတွေ အကြောထဲ ရောင်စုံထိုးထည့်လဲ မသေမပျောက်ရှာကြဘူး၊ သေပျောက်သွားပြန်လဲ ဝေဒနာပြင်းလွန်းလို့သာ ဆေးတိုးတာပဲလို့ ယူဆပြီး လူနာရှင်တွေ ကျေနပ်ရှာကြသလား ဆိုနိုင်ဘူးပေါ့ဟု နေဘွားပြောဖူးသလိုပင် သူတို့သည် ရမ်းသမ်း မှန်းဆ ဆေးကုသနေကြသူတွေပါ၊ စိမ်းနုတို့ထက် ပညာရှင်ကာ ဆေးထိုးအပ်လက်ဖျားက မချသူတွေပါပဲ'

နွေခင်းကြောမှာတော့ စိမ်းနု နားနားနေနေ ဝတ္ထုစာအုပ်အစ်အုပ် ငှားဖတ်ယင်း ငိုက်မြည်းတွေဝေသည်။

'ပဲကြော်သုပ်စားမလား အန်တီစိမ်း' ဟု ခိုင်က လှမ်းပြီး လောက်တ်လုပ်သည်။

စိမ်းနုသည် အပြုံးကလေးနှင့် ခေါင်းခါ ငြင်းဆန်လိုက်လေသည်။

'ကိုကို့ ကိုပဲချစ်တော့မယ် မဟုတ်လားဟင်၊ ကောင်းတယ် အန်တီစိမ်း၊ အဲဒါကောင်းတယ်၊ အချစ်နဲ့စစ်မှာ တရားတာချည်းပဲတဲ့'

ခုမှ ဝတ္ထုအမည်ကို လှုန်ကြည့်ရ၏။ ဟုတ်ပါ့။ ကိုကို့ ကိုပဲချစ်တော့မယ် ဆိုပါလား။

'အန်တီစိမ်းကဖြင့် လုက်ထဲကစာအုပ်ကို စိတ်ဝင်စားမရနိုင်လို့ ပြန်လဲဖို့ စဉ်းစားနေတာ၊ ခိုင့်မှာ သမိန်ပေါ်သွပ် ရှိသေးသလား၊ အဲဒါပဲဖတ်ယင် ကောင်းမလားလို့'

'ရှိတယ်အန်တီ၊ ခိုင် ပြန်အပ်ပေးဖို့ မေ့နေတယ်၊အတော်ပဲ'

ခိုင်သည် စိမ်းနု၏ အလိုဆန္ဒကို ဖြည့်ဆည်း ပေးရသဖြင့် ဝမ်းမြမ်းတသာ စာအုပ်လာပေးလေသည်။ စိမ်းနုကမူ ကျေးဇူးတင်ချင်လှတာမဟုတ်။

သို့သော် စိမ်းနု အိပ်ငိုက်ပြေသည်။ ရယ်ရသည်။ မျက်ရည်မျှားပင် ထွက်သည်အထိ ရယ်ရလေသည်။

'ဟာ မေမေက ညီတို့ဂိုဏ်းထဲ ရောက်လာပါပြီကောလား ဗျာ၊ အဟား'

ညီက စားပွဲပေါ် လက်ထောက်ကာ ပြောလိုက်ခါမှပင် စိမ်းနု စာအုပ်မှာရုံပြတ်သည်။ညီ့ ညာလက်ညှိုးတွင် သေသေသပ်သပ် ပတ်တီးသန့်သန့် စည်းထားသည်ကို မြင်လိုက်သဖြင့် ညီ မျက်နှာကို ပူပန်စွာ မေ့ကြည့်ရ၏။

'မော်တာစမ်းယင်း နည်းနည်း ထိသွားလို့ပါ၊ ဘရိတ်ဆီလောင်းပြီး ဒေါ်လေးကို ပတ်တီးစည်းခိုင်းခဲ့တယ်၊ သား ရေပြားကလေး ပွန်းတာပါ မေမေရ'

'သား မေးခိုင်ကာကွယ်ဆေးကလေးတော့ ထိုးမှထင်တယ်'

'ဘရိတ်ဆီလောင်းထားပါတယ် မေမေရ'

ညီသည် ဆိုင်ရှေ့ထွက်ကာ ဘစ်ဖက်ခန်းသို့လှမ်းပြီး 'ဘာသားနေတာလဲ သည်ယူခဲ့'ဟု တရင်းတနှီးပြောသည်။

'ပန်းကန်ထဲ ထည့်နေပါပြီရှင်'ဟု ခိုင်က ခပ်နွဲ့နွဲ့ ခပ် နှေ့နှေ့ တုံ့ပြန်၏။

ဖတ်လက်စကာတွန်းသည် ရယ်စရာ မကောင်းတော့ပြန်ပေ။

၁၇။

ယွန်းသည် ငါးကြိမ်သာ အီးစိတီအရိုက်ခံပြီးနောက် သောက်ဆေးနှင့်သာ ဆက်လက်ကုသခံရတော့သည်။

တက္ကသိုလ်ဝင်ချိန်တွင် ယွန်း ဆေးရုံသွားဖို့မလိုတော့။

ခုတလော ဆရာနေဘွားနှင့် မတွေ့ဆုံရသဖြင့် ယွန်း အထိုင်မကျ ဖြစ်နေသည်။

သူလို ဆရာဝန်၏နှုတ်ဖျားမှ ယွန်း နေကောင်းပြီ၊ ယွန်း သောက်ဆေးတွေ့မှိဝဲနေဖို့ မလိုတော့ဘူးဟု ပြောသည်ကို မကြာခဏ နားနှင့်ဆတ်ဆတ် ကြားချင်သည်။ ဆရာကြီး ဦးထွန်းအောင်တို့၊ ဆရာဦးမင်းစိုးတို့ကလည်း အထင်ထင်အာမခံချက် ပေးစေချင်သေးသည်။ ယွန်းသည် ဘယ်သောအခါမှမှ ဤစိတ်ဝေဒနာ ထပ်မခံစားရချင်ပေ။

မေမေကို နားပူနာဆာ လုပ်ရမှာလည်း ယွန်းရှက် အားနာလေသည်။ သို့သော် ဆရာနေဘွားကို ယွန်း တွေ့ချင်သည်။

ဦးက သမီးပျောက်တင်းချမ်းသာပြီဆိုပြီး ယွန်း၏ရင် အေးမြစေရအောင် အသင်းရောင်တွေ မျှော်လင့်ချက်တွေ ပေးလှည့်စေချင်စမ်းလှသည်။

ယွန်း ကျောင်းသွားဖို့ထပ်ခိုးမှ ဆင်းလာသောအခါ ဒေါ်လေးတင့်သည် အဝတ်ညစ်များကို မရှန်လျှော်ဖို့စုစည်းသိမ်းပုံ ပေးလျက်ရှိသည်ကို တွေ့ရ၏။

'ဒေါ်လေး ဦးဆီဖုန်းဆက်ဖြစ်သေးလား'

'ဟေ....ဒေါ်လေးမှ ဘယ်မှ မသွားရှာဘဲ၊ စိမ်းနုကသာ ဆေးခန်းနားကဖုန်းမှာ တစ်ကျပ်ပေးဆက်ဖို့ အဆင်ပြေတာ၊ ယွန်းဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ ယွန်း ကိုတိုက်ထားတဲ့ဆေးတွေနဲ့ ပတ်သက်ပြီး အလျှော့အတိုး ဘာမှမသိရလို့ပါ'

'မလိုလို့ဖြစ်မှာပါကွယ်၊ လိုယင် နေဘွားက လာပြောမှာပေါ့'

ဒေါ်လေးတင့်က စိတ်ချလက်ချ စိတ်အေးလက်အေး ရှိနေသည်။ ယွန်းကလည်း အတင်းအဓမ္မတောင်းဆိုတိုက်တွန်းရမှာ မလုံလဲပြန်ပေ။ အရင်က ပစ်ပစ်ခါခါ နိုင်ခဲ့သမျှ ယခု ဦးမှ ဦးသာ အားကိုးရာ ဖြစ်နေလေသော ယွန်းအဖြစ်ကို မေမေနှင့် ဦး သိတော့သိစေ၊ မသိမသာတဲ သိစေချင်လေသည်။

'စိမ်းနုကို ဖုန်းဆက်ခေါ်ယင်လဲ ခေါ်ခိုင်းပါလားယွန်းရဲ့'

ယွန်းသည် ဒေါ်လေးတင့်သည့်ပေးထားသော ထမင်းဘူးကို လက်သုတ်ပဝါ အသစ်ကလေးနှင့် ထုပ်ပိုးသည်။

'နေ့ပါစေတော့၊ ယွန်းလဲ နေကောင်းနေသားပဲ၊ နောက်ကြုံမှာပဲ'

'ဒါပေါ့၊ သူ စာမေးပွဲ ဖြေစရာရှိနေလို့ အလာကျဲနေတာပါ'

အိမ်ရှေ့တံခါးဖွင့်ယင်း တစ်ဖက်အိမ်ရှေ့မှ ပိုင်စိုးမိခင် စောစောစီးစီး ထွက်ခွာဖို့ ကားပေါ်တက်နေသည်ကိုဖျတ်ခနဲ လှမ်းကြည့်မိ၏။ ပိုင်စိုးကိုမူ မတွေ့။ ခုလောက်ရှိ သူကျူရှင်သွားနေလောက်ပြီ။ သူ့ဆိုင်ကယ်သံကိုမူ ယွန်း သတိမထားလိုက်မိ။ ယွန်းရေချိုးခိုက် သူထွက်သွားတာ ဖြစ်နိုင်ပေသည်။ သူ့အချိန်စာရင်းအရ သူအင်္ဂလိပ်စာနှင့်သင်္ချာ နှစ်ချိန်တက်ရမှာမို့ ယွန်းသည် ကျောင်းတက်ဖို့ အိမ်မှထွက်လာခဲ့သော်လည်း စိတ်ထဲတော့ စနိုးစနောင့် မကျေမလည်ဖြစ်နေသည်။

ကျောင်းသို့ တစ်ယောက်တည်း ထွက်ခဲ့ရသည်။ နီဘာနှင့် ဘာသာရပ်ချင်းလည်း မတူ၊ အတန်းချိန်ချင်းလည်း တကွဲဘပြားစီမို့ အရင်လို တပူးတွဲတွဲ မနေရတော့ပေ။

တက္ကသိုလ်လှိုင်နယ်မြေမှတ်တိုင်အထိ ကားကိုမတ်တတ်စီးခဲ့ရသည်။လွယ်အိတ်ကိုတင်းတင်းဆုပ်ကာရှေ့ဘက်ဆွဲပြီး ခါးပိုက်နိုက် ရန်မှကာကွယ်ခဲ့ရလေသည်။

ယနေ့စောစောပိုင်း အဘန်းတစ်တန်းမရှိပေ။ ယွန်းတက်ရမည့် စာရင်းကိုင်ပညာအဘန်းချိန်က ကိုးနာရီဆယ်မိနစ်။သည်အချိန်ဆိုလျှင် ပိုင်စိုးတစ်ယောက် ကျူရှင်မှာပဲ ရှိနေဦးမည့်ဟု ယွန်း တွေးမိပြန်သည်။ သူသည် ယွန်းထံနှစ်ခေါက် သုံး

ခေါက်တော့ ဇောက်ဇောက်လာဖူးသည်။ ကျောင်းလစ်မလာလျှင် ကျူရှင်မပြေးလျှင်တော့ ယွန်းက အသာတကြည်လက်ခံတွေ့ဆုံပေသည်။ စားသောက်ဆိုင်ဆို တစ်ခါခေါ်သည်ကိုမူ ယွန်းမလိုက်ဘဲငြင်းဆန်သည်။ ပိုင်စိုးကလည်း ထပ်ခေါ်ဖို့မကြိုးစားတော့ပေ။

ကားပေါ်မှ ကျောင်းမှတ်တိုင်တွင် အမျှားကြီး ဆင်းကြသည်။ အတန်းချိန် လိုသေးတာမို့ ယွန်းကတော့ အေးအေးဆေးဆေး ဆင်းခဲ့လေသည်။

ယွန်းနံဘေးသို့ တစ်စုံတစ်ယောက်ကပ်လျှောက်ကာ လိုက်ပါလာသည်။ ဇာဘာရူး ရှေ့ထိုးဖိနပ်စီးကာ တက်ထရက်ဘောင်းဘီရှည် မီးခိုးပြာ ဝတ်ဆင်ထားသောခြေထောက်မျှားကြောင့် အမျိုးသားတစ်ယောက်ပဲဟု သိကာ ဘယ်သူပါလိမ့် စူးစမ်းလှည့်ကြည့်မိသည်။

'ဆရာ'

ခေါက်တာဝင်းသွင်သည် သူ့ပါဝါမျက်မှန်ကို အသာ ဆယင်း ပြုံးနေသည်။

'ယွန်းကို လာစောင့်နေတာ၊ နာရီဝက်လောက်ရှိသွားပြီး ကိုးနာရီဆယ်မိနစ်မှ အတန်းရှိမယ်ဆိုတာနဲ့ ကိုယ် သည်လာစောင့်နေတာ'

'ဆရာ့ကို ဘယ်သူက ကိုးနာရီကျော်မှ အတန်းရှိတယ်ပြောပြသလဲ ဟင်'

'ယွန်းတို့ဆရာတွေထဲမှာ ကိုယ့်သူငယ်ချင်းတစ်ယောက် ရှိတယ်၊ ကျူတာလေ၊ ဦးခင်မောင်လေး'

'ယွန်း နာမည်တွေမသိဘူးဆရာ၊ အခုသူ့ဆီလာတာလား'

'ယွန်း လာမယ့်ကားဂိတ်ကနေ စောင့်နေတာပဲ ယွန်းရယ်၊ ယွန်းဆီ လာတာပေါ့'

ယွန်း မျက်လုံးစိုင်းသွားသည်။ သည်လိုကားဂိတ်မှာ တမေ့တမော လာစောင့်နေရလောက်အောင် ဘယ်လိုလုံလောက်သော အကြောင်းပြချက်ရှိနိုင်ပါသလဲ။ ယွန်းရှက်ကိုးရှက်ကန်း မျက်လွှာချမိလေသည်။

'နီတာနဲ့ လာနေမလားလို့ တွေးမိသေးတယ်၊ ဒါပေမယ့် ခုနလေးတင် နီတာကို သူ့ချာတိတ်နဲ့ စားသောက်ဆိုင်ဘက် ထွက်သွားတာ တွေ့လိုက်တော့ ကိုယ်စိတ်တုံးတုံးချပြီး စောင့်နေနိုင်တာပေါ့'

ဆရာဝင်းသွင်ကနာရီကိုကြည့်သည်။သူ့နာရီသည်ရိုးလက်စ်အမျိုးအစားဖြစ်ကြောင်း ညီက အားကျစွာ ပြောပြဖူးသဖြင့် ယွန်းတစ္ဆေတစောင်းကြည့်မိသည်။ အိမ်အဝိုင်းအဖြူခံ ရိုးရိုးကြီးပါပဲ၊ ညီကပြောတော့ ကြာရှည်ခံပြီး မျိုးကောင်းသောကြောင့် ဂုဏ်ရှိသတဲ့။ ညီဇော်ယွန်းပါ ကိုယ့်အဆင့်နှင့် ကိုယ့်အဖိုးနည်းဝန်ပါပိုးမားစက်နှင့် ဆီကိုအိမ်ကိုပဲ ကျေနပ်နှစ်သက်ဂုဏ်ယူ ဝတ်ဆင်ကြပေသည်။

'ရှစ်နာရီငါးဆယ်ပဲ ရှိသေးတယ် ယွန်း၊ အစ်ကိုတို့ စားသောက်ဆိုင် သွားထိုင်ကြမလား'

ယွန်းနားကိုယွန်း မသေချာ။ ဆရာဝင်းသွင်ကသူ့ကိုယ်သူ အစ်ကိုဟု နာမ်စားသုံးလိုက်သည် ထင်သော်လည်း နားကြားလွဲတာလည်း ဖြစ်နိုင်ပေသည်။

'ယွန်းမဆာဘူးဆရာ၊ ပြီးတော့ ထမင်းဘူးလဲပါလာတယ်'

'ည့်သည်ကို မကျေးချင်ဘူး ထင်ပါရဲ့၊ အစ်ကိုကကျွေးမှာပါ ယွန်းရဲ့'

'အို...မဟုတ်ပါဘူး'

ယွန်းအားနာမိသည်။

'တစ်ခုခုတော့ လိုက်သောက်ပါ ယွန်းရယ်၊ စားသောက်ဆိုင်နဲ့ ယွန်းတို့စီးပွားရေးက နီးသားပဲ၊ ငါးမိနစ်လောက်ဆို ကောင်းကောင်းရပါတယ်'

သူ ခြေလှမ်းပြင်သည့်ဆီသို့ ယွန်း အလိုက်သင့်လိုက်ရတော့သည်။

'ဆရာနေဘွားနဲ့ တွေ့သေးလား'

'ဟင့်အင်း၊ ဆရာဆေးခန်းဘက် မလာတာကြာပြီ'

'ယွန်း နွှတ်ဆိတ်သွားသည်။ ယွန်းတို့ဓဆေးခန်းနှင့်ပတ်သက်လာမှသာ ဒေါက်တာဝင်းသွင်သည် ဦးနှင့် သိကျွမ်းလာရခြင်း ဖြစ်ကြောင်း ယွန်း သတိရမိ၏။

'အပူလား အအေးလားယွန်း၊ အသုပ်တို့ မြီးရှည်တို့လဲရသားပဲ၊ ယွန်းဘာကြိုက်သလဲ၊ ကြိုက်တဲ့ဆိုင်ဝင်'

'ယွန်းမဆာလို့ပါ၊ တကယ်ပြောတာ'

'အရည်တစ်ခွက်တော့ ဗိုက်ဆန့်မှာပါ ယွန်းရယ်၊ ကော်ဖီသောက်မလား၊ လက်ဖက်ရည်ကြိုက်ဆလား၊ အအေးသောက်ယင် လည်ပင်းနာနေမှာ စိုးရတယ်၊ ရာသီဥတုကစိမ့်တိမ့်တိမ့်ရယ်၊ ယွန်း အန္တေးထည် ယူမလာဘူးလား'

အဆက်မပြတ် တရစပ် မေးလိုက်သော သူ့စကားတွေကြောင့် ဘယ်မေးခွန်းကို အရင်ဖြေရမလဲဟု ယွန်းမသိနိုင်အောင် ရှိသည်။

'အခုသာအေးတာ၊ကားစီးလာရတုန်းကတော့ချွေးတောင်ပြန်တယ်'

'ဆို.... ကော်ဖီလား၊ လက်ဖက်ရည်လား'

ယွန်း ဘာမှ မသောက်ချင်သော်လည်း ငြင်ဆန့်လျှင် ဆက်တိုက်တွန်းနေဦးတော့မှာမို့ တစ်ခုခုတော့ မှာလိုက်မှ ဖြစ်ပေမည်။

'ယွန်း ကော်ဖီပဲ သောက်ပါမယ်'

ဒေါက်တာ ဝင်းသွင်က နက်စ်ချိုပေါ့နှစ်ဟု မှာသည်။

'ယွန်း နက်စ်ကြိုက်ဘူး ဆရာ၊ ရိုးရိုးပဲ မှာပါ၊ ခပ်ကျကျလေး'

သူက ယွန်းကို ကလေးဆိုးတစ်ယောက်ကို အလိုလိုက်ရသည့် သဘောအသွင်ပြင်နှင့် ပြုံးစစ ပခုံးတွန့်သည်။

'ကဲ....ချာတိတ်ရေ ကြားတယ် မဟုတ်လား၊ ကော်ဖီခါးခါးတဲ့'

'ချစ်ကောင်းဘူး' ဟုချာတိတ်ကကုန်းအော်လိုက်လေသည်။

ယွန်းသည် ဆရာ့ကို နားလည်ရ ခက်လာသည်။ ဆရာက နားလည်ရ ခက်နေတာ ဟုတ်ချင်မှ ဟုတ်မှာပါ။

သို့တစေ ယွန်းကတော့ နားမလည်နိုင်အောင် အလှမ်းကွာဟ နေလေသည်။

ယွန်းက ကော်ဖီပူပူကို မြန်မြန် သောက်နိုင်အောင် ကြိုးစားယင်း မှုတ်နေသည်။ အတန်းထဲ နောက်ကျပြီး ဝင်ရမှာကို ယွန်း ပူပန်နေ၏။

သူသည် သူ့ကော်ဖီကို မတို့မထိဘဲ ယွန်းကိုသာ စေ့စေ့စပ်စပ် အကဲခတ် လေ့လာနေလေ၏။

ယွန်း အနေရ ကျဉ်းကျပ်လာသည်။ ယွန်း သူ့ကို ဆက်ဆံချင်သည်မှာ ဤပုံစံမျိုးနှင့်မဟုတ်။ ယွန်းအပေါ် ထောင့်ငါးရာ မေတ္တာတွေ လျံဖိတ်မနေစေချင်။ ယွန်းအပေါ် ရင်းနှီးကျမ်းဝင်သော လူနာတစ်ယောက်အဖြစ်သာ သံယောဇဉ် ထားစေချင်သည်။ ယွန်းက ဝေဒနာကို ကုသပေးနိုင်သော ဆရာဝန်အဖြစ်သာ ယုံကြည်ကိုးစား ချင်မိလေသည်။

'ဆရာ'

'စိမ်းလန်းပါစေယ် ယွန်းရယ်၊ အစ်ကို့ကို ဆရာလို့ မခေါ်နဲ့'

ယွန်း စိတ်ပျက်လာသည်။ မိခင်၏ စီးပွားတက်သော မဟုတ်သျှင် ယွန်း ဘုတောက် ပြောဆိုလှုတ်ချင်လာပြီ။ ယွန်း၏ ကျွန်းမာရေးနှင့်ပတ်သက်ပြီး မေးမြန်း အကြံဉာဏ်တောင်းချင်တတ်တွေလည်း ကုန်ခန်းသွား၏။

'ကော်ဖီလေကွာ၊ မင်းကလည်း အူကြောင်ကြောင်နဲ့၊ နို့ဆီနဲ့ ဖျော်ကွ'

သည်စောမှ ချာတိတ် အူကြောင်ကြောင် ဖြစ်သွားရသည်ကို ယွန်း ရယ်ချင်လှဖြင့် မနည်း ဣန္ဒြေဆည်ထားရသည်။

'အခု လက်ဖက်ရည်ဆိုင်တွေမှာ ကော် ဖီ ခါး ခါး ဆို ချစ်ကောင်းပဲ ဆရာ၊ သီချင်းလေဆရာ၊ ချစ်ကောင်းရဲ့ သီချင်းနာမည်က ကော်ဖီခါးခါးတဲ့'

'မကြားဖူးပါဘူး ယွန်းရာ'

ချာတိတ်က စောင်းငမ်းငမ်းကြည့်ကာ

'ဆိုင်တွေမှာ ဖွင့်နေကြတာပဲ၊ ကက်ဆက်တွေက အဲ့သည် သီချင်းပဲ ညံ့နေအောင်ဖွင့်တာ'

'စတီရီယို သီချင်းတွေတော့ ကိုယ် နားငြီးတယ်၊ ကိုယ်က စာဖတ်တယ်၊ ချက်စ်ကစားတယ်၊ ကျားထိုးတယ်'

'ဆရာက သီချင်းကြီးမှ ကြိုက်တယ်ထင်တယ်'

'နားထောင်လိုက်ယင် အိပ်ပျော်သွားတာချည်းပဲ'

ယွန်း ပြုံးနေသော်လည်း တအံ့တသြ ထူးဆန်းနေလေသည်။

'ဆရာက ဘာစာအုပ်တွေ ဖတ်တာလဲ'

'မြန်မာဝတ္ထု မဂ္ဂဇင်းတွေ မဖတ်ဘူး၊ မြန်မာ ရုပ်ရှင်လဲ မကြည့်ပါဘူး၊ အမျာ်းအားဖြင့် နိုင်ငံခြားကနေ မှီးထား၊ မြန်မာမှုပြုထား၊ ခိုးချထားတာချည်းပဲ မဟုတ်လား၊ ကိုယ်က အောင်ရီဂျင်နယ်ပဲ ဖတ်တယ် ကြည့်တယ်'

'အစ်ကို အခု အင်တာဗျူး ဝင်ထားရတယ် ယွန်း၊ ပြတ်ချင်လဲ ပြုတ်ခဲ့မယ်၊ ပါချင်လဲ ပါသွားမယ်၊ ပါသွားယင်တော့ ဆေးတပ်ထဲ ရောက်ဖို့မျှားပါတယ်၊ အစ်ကို ယွန်းကို ပြောခဲ့တာတွေ ရှိတယ်၊ ယွန်းက ငယ်လွန်းသေးတော့ မပြောရက်ပါဘူး၊ ဒါပေမယ့် ဝေးသွားကြယင် ပိုပြီး ပြောရခက်သွားမှာစိုးတယ်'

ယွန်း လက်ပတ်နာရီကို ကြည့်မိသည်။ ငါးမိနစ်သာလိုတော့သည်။

ယွန်းက လွယ်အိတ်ထဲမှ ပေတံဘူးကို ထုတ်လိုက်၏။

ဆရာဝင်းသွင်က ဘူးဖွင့်နေသော ယွန်း၏လက်ကို အေးမှ အုပ်ကိုင် ဖိထားလိုက်လေသည်။

ယွန်း မျက်လုံးအပြူးသား သူ့ကို ကြည့်မိသည်။ သူ ပြုံးနေသော်လည်း ယွန်းမှာမူ ဒေါသတွေ ခေါင်းထဲ ဆူပွက်လာလေသည်။

'အစ်ကိုပေးမယ်၊ ခေါ်လာတဲ့သူက ပေးရမှာပေါ့'

ယွန်း၏လက်ကို ဆတ်ခနဲ ရုတ်သိမ်းလိုက်သည်။ သူထား အပြုံးမပျက်။

'ယွန်းကို အစ်ကိုက ကလေးသေးလို အောက်မေ့လို့ပါ ကွာ၊ ညီ မလေးလိုလဲ ချစ်မိလို့ပါ ဆောရီးနော် ယွန်း'

တစ်မိနစ်ယောက်ျား တစ်ယောက်ကို ယွန်းသည် တစ်ခြား သည်းအခံရဆုံးပဲ ဖြစ်လိမ့်မည်။ လက်ရဲ့ ဇက်ရဲနိုင်လွန်းသူ

လူမျိုးထဲမှာ၊ အရည်ပျော် နူးနပ်သွားတတ်သည့် မိန်းမတွေထဲမှာ ယွန်းတော့ မပါတာ သေချာပေသည်။

ဆရာဝင်းသွင်သည် ကျသင့်ငွေကို ရှင်းလင်းပြီးစီးသွားသည်။ နေရာမှ မထသေး။

သူ ကော်ဖီတစိမ့်စိမ့်သောက်ယင်း ယွန်းကိုငေးကြည့်နေဆဲ။ သူ့မျက်လုံးမှ ပြောစကားတွေကို ယွန်း အဓိပ္ပာယ်မပြန်နိုင်ဘဲ နာရီခိုးကြည့်လိုက်၊ ယွန်းတို့ စီးပွားရေးတက္ကသိုလ်ဘက် မျှော်ငေးလိုက် ဖြစ်နေသည်။

စီးပွားရေး စာသင်ဆောင်ကြီး နံဘေးမှ ခေါင်းငိုက်စိုက်နှင့် ခပ်သွက်သွက်လျှောက်သွားနေသော ကျောင်းသား တစ်ဦးဆီ အမှတ်မထင် မျက်လုံးရောက်သွားသည်။ သိကျမ်းသော သူ တစ်ယောက်ဖြစ်သည်ဟု သေချာကြည့်မိ၏။

'ကိုပိုင် ဘာလာလုပ်သလဲမသိ'

ယွန်းပါးစပ်မှ လွတ်ခနဲ ထွက်သွားသည်။

ဒေါက်တာဝင်းသွင်သည် ယွန်း ကြည့်ရာသို့ ရောယောင်လိုက်ကြည့်သည်။ ပိုင်စိုးကို သူလည်း မြင်လေသည်။

ကုန်းဆင်းကလေးမှ အပြေးဆင်းသွားသဖြင့် လျှပ်တစ်ပြက်သာ မြင်သာလင့်ကစား ပိုင်စိုးမှန်း သူ မှတ်မိသိရှိလေ၏။

'ယွန်းတို့ အိမ်နီးချင်း ကလေး မဟုတ်လား ယွန်း'

ယွန်း တအံ့တဩ ခေါင်းညိတ်သည်။

'ဆရာနဲ့ ဘယ်လိုလုပ်သိသလဲဟင်'

ဖခင်လက်ဝယ် အသာတကြည် ထားရစ်ခဲ့ခြင်းအောင် သူ့ကိုယ်သူ ဖြေသိမ့်တတ်ရှာသည် မဟုတ်ပေဘူးလား။

ဆရာနေဘွားသည် ယွန်းအတွက် စံပြ အချစ်သူရဲကောင်းကြီး ဖြစ်မှန်းမသိ ဖြစ်ခဲ့ပြီဟု ယွန်း တအံ့တသြ တွေးရှိသည်။

ဆရာဝင်းသွင်သည် အချစ်ပြိုင်ဘက်တစ်ယောက်၏ အားနည်းချက်ကို ရက်စက်ပါးနပ်စွာ ဖော်ထုတ် ထောက်ပြတတ်သည်ဟု ယွန်း စိတ်ပျက်စွာ အတွေးရောက်သည်။

သူနှင့်အတူ တွဲလျှောက်လာကာ အဆောင်နားအရောက်မှာ ယွန်း ခြေစုံရပ်ကာ သူ့ကို ပြုံးပြသည်။ နှုတ်ဆက်ပြုံး။

'ဆရာ....ယွန်း သည်ကနေပဲ သွားလိုက်တော့မယ်နော်'

'နှင့်တယ်ပေါ့နော်'

'ကိုးနာရီထိုးသွားပြီ ဆရာ'

'ဆောရီး ယွန်း၊ အစ်ကို...'

ယွန်း ဖျတ်ခနဲ ကျောခိုင်းခဲ့သည်။

ယွန်းသည် စာသင်ခန်းတွေထဲသို့ နောက်ကျပြီး ဝင်လေ့မရှိ။

ယွန်း အတန်းထဲအဝင်မှာ ဆရာမ မရောက်သေး။ သို့တစေ ကျောင်းသားတွေ အသင့် နေရာယူပြီးနေကြပြီ။

'ဘယ်ညာ၊ ဘယ်ညာ ချီတက်'

'ယွန်းရုပ်ကလေး ဘယ်ကိုသွားနေတာလဲ'

'အစ်ကိုမြင်ဖူးတာပါ၊ အသိတော့မဟုတ်ဘူး ပြောရမလားဗဲ၊ ယွန်းကို ဆေးရုံမှာ အစ်ကိုလာတွေ့တုန်းက မြင်ဖူးတာပေါ့၊ ယွန်း မေ့သွားပြီလား'

'ခုတော့ မှတ်မိသွားပါပြီ၊ ဆရာပြောလိုက်မှ မှတ်မိလာတယ်၊ ဟုတ်သားပဲ ယွန်း ဆေးရုံဆင်းခါနီးတုန်း ကလေ'

စီးပွားရေးတက္ကသိုလ်ဝင်းမှ စူပါကတ်တစ်စီး ထွက်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။

ကျူရှင်မှအပြန် ယွန်းထံ လှည့်ဝင်လာခြင်းဖြစ်မည်။ ဆရာဝင်းသွင်လို ကံစမ်းလာတာ မဟုတ်ဘဲ ပိုင်စီးဇင် ယွန်း၏ အတန်းချိန်ဇယား ရှိပေသည်။

'ချာတိတ်က သည်နှစ်လဲ ဆယ်တန်းပဲနော်'

'ဟုတ်ကဲ့'ဟု ယွန်းက အမှတ်မထင်ဖြေသည်။

ပြီးတော့မှ ဆရာဝင်းသွင်၏ စကားအလာမှာ ပိုင်စီးသည် မနှစ်ကလဲ ဆယ်တန်းဖြစ်သည်ဟု ပါဝင် ဖော်ပြပြီး ဖြစ်နေကြောင်း သဘောပေါက်မိသည်။

'သိချင်းဆိုဖို့ စိုင်းဖြင်းနေတုန်းပဲလား'

ဆရာဝင်းသွင်သည် ပိုင်စီးအကြောင်း အတော်ကြီး သိရှိနေသည်ဟု ယွန်း နားလည်လိုက်သည်။ အချစ်နှင့်စစ်မှာ မတရားတာ မရှိဘူး ဆိုသော်လည်း အချို့သောသူများသည် အချစ်မှာလည်း အနှစ်နာခံ စွန့်လွှတ်နိုင်စွမ်းသည်ဟု ယွန်း အတွေးအကြားနှင့် ယွန်း ချိန်ဆ စဉ်းစားသည်။ ဆရာနေဘွားသည် ယွန်း၏ မိခင်ကို ယနေ့တိုင် စွဲမြဲချစ်လျက်နှင့်၊ ထိုစဉ်က ယွန်းတို့

'ကွယ်ရာမှာ ခြေမများနဲ့နော်'

အရယ် အပြုံး အလှောင်အရိတွေနာခံကာ ခြေလှမ်းမပျက် အောင် သတိထားပြီး အနီးဆုံး နေရာသွတ်မှာ ဝင်ထိုင်လိုက် ရသည်။

ခါတိုင်းထိုင်နေကျနေရာမှာ မအားလပ်တော့တဲ့ ကျောင်း သူတစ်ယောက်ဝင်ထိုင်နေပြီ။ တဲ့နေကျသောင်းစွန့်က ယွန်းကို လည်ပြန်လှည့်ကြည့်ကာ မျက်နှာလေးဖြူ့ပြသည်။ စကားဖြင့် ဖော်ပြနေစရာမလိုဘဲ ယွန်းနောက်ကျနေသဖြင့် နေရာလွတ် ကို တခြားတစ်ယောက်ဝင်ယူလိုက်ကြောင်း၊ သူမလည်းမတာ မြစ်သာကြောင်း သတင်းပို့ခြင်းဖြစ်လေသည်။

ယွန်းက မျက်ခုံးကလေးပင့်ကာသာ သူမအဓိပ္ပာယ် နား လည်ကြောင်း ဖော်ပြသည်။ ယွန်းစိတ်ထဲ သောင်းစွန့် မဖြစ် မနေ နေရာဦးထားပေးသင့်သည်ဟု ခိုးလိုးခုလုဖြစ်မိ၏။ ယခု ယွန်းရသောနေရာမှာ အနောက်နားရောက်လှသဖြင့် နောက်က ကျောင်းသားတွေကလည်း ဆူဆူညံညံစကားပြောနေပြန်တော့ ရှေ့မှ ဆရာစာသင်လျှင် ဘာမှ သဲသဲကွဲကွဲမကြားရ။

ဆရာသည် ပိန်ပိန်ပါးပါး ခါးကိုင်းကိုင်းမို့ အဝေးကကြည့် လျှင် အဘိုးအိုတစ်ယောက်လို ထင်မှတ်ရသည်။ တကယ်တော့ အသက်အစိတ် ကျော်ရုံလောက်သာ ရှိပေဦးမည်။

စာရင်းကိုင်ပညာနှင့်ပတ်သက်၍ ယနေ့ပေးသောခေါင်းစဉ် မှာ စာရင်းရေးသွင်းခြင်းပင် ဖြစ်လေသည်။

ယနေ့တော့ သည်မျှသာ သင်ကြားပြီးပြတ်မည်။

- ရပိုင်ခွင့်နှင့် တာဝန်။
- အရှုံးအမြတ်ရှင်းတမ်း။
- လက်ကျန်ရှင်းတမ်း။

ဒါကြေ အားလုံး သင်ကြားပြီးမှသာ ယွန်းတို့ ပုစ္ဆာတွေ ဖြေတက်ရပေလိမ့်မည်။

အတန်းထဲမှ ဆရာထွက်သွားသည်နှင့် ဆရာမကွယ်မသွား သေးမီမှာပင် တဝေါဝေါစကားပြောသံ၊ ရယ်မောသံတွေညံ ထွက်လာသည်။

ယွန်းနံဘေးမှစကြ။မြားလည် ဝှစ်ခနဲဝေ့ဝဲစာ ယွန်းရှေ့မှ ဝဝကစ်ကစ် ကျောင်းသူကို ထိမှန်၏။

'မှဉ်းချက်နဲ့ နှမ်းထွက်မကိုက်ဘူးဟ'

တစ်နေရာမှ ကျောင်းသားတစ်ယောက်က သံသေးသံကြောင် နှင့် အော်သည်။

ကျောင်းသူဝဝသည် အသံလာရာဘက်သို့ မျက်စောင်း တထိုးထိုးနှင့် ရန်တွေ့ရွတ်မြည်သည်။

'မိ မဆုံးမ ဖမဆုံးမတွေ၊ နင်တို့နှမကိုသွားလုပ်ပါလား၊ အေးအေးဆေးဆေး စာ မသင်ချင်ဘူး၊ ဆပ်ဘလီတင်မကာ အက်ဖ်ပါထိမယ်'

'ဟိုက်....လေစိမ်းတွေတိုက်လှချည်လား'

'ရင့်တယ်ဟေ့'

နောက်ထပ် စက္ကူမြားတွေ ထပ်ကာ ထပ်ကာ ဝဲလျက် ကျောင်းသူ ဝတုတ်ကလေးကို အကြိမ်ကြိမ် ထိလေသည်။

'အိတ်ဇိုဆေး ဒုံးကျည်တွေက'

ယွန်းသည် မြုံးလည်းပြုံးခဲ့၊ ကျောင်းသူဝတုတ်ကလေးကိုလည်း သံသယနေ၏။ ခါတိုင်း ရှေ့မှာ နေရာရနေကြမို့ နောက်ဆုံးနားက စစ်ပွဲတွေကို ခုမှသာ ရင်ဆိုင်တွေ့ရပါတော့လား။

ယွန်းနားထဲတွင် ကားသံသဲ့သဲ့ကြားလိုက်သလိုပင်။

ခင်သီတာသည် သူမ၏မိခင် စိတ်ဒဏ်ရာရှင်ကြီးကိုလက်ဆွဲကာ ဆေးရုံဝင်းထဲသို့ နှစ်သိမ့်ဖျောင်းဖျ ခေါ်နေသည်။ အဒေါ်ကြီးက မလိုက်ဘဲ ခြေကန်ရုန်းဖယ်သည်။ ခင်သီတာ ပိန်ပိန်ကလေး ခမျာ အင်အားချင်း မမျှဘဲ မိုင်လွတ်ထွက်ပြေးရှောင်သွားမှာကို စိုးရိမ်တကြီး ဖြစ်နေရှာသည်။

ယွန်းကူမှဖြစ်မှာပါ။ ယွန်းက ခင်သီတာ့မိတ်ဆွေ မဟုတ်လား။ ခင်သီတာကိုကူမှ ဖြစ်ပေမှာပေါ့။

သို့တစေ ဒေါ်လေးတင့်တင့်က ဘာတွေမှန်းမသိ ငေါက်ငမ်းပြောနေပြန်သည်။

'လေးနာရီထိုးပြီလေယွန်း၊ နီတာရောက်နေတယ်၊ထတော့၊ သည်လောက်အိပ်ရ တော်ရောပေါ့၊ ညနေစောင်းကြီး သိပ်အိပ်နေယင် ခေါင်းမူးနေမယ် သမီးရဲ့'

နီတာကဒေါ်လေးတင့်ရှိသည်ဆိုသော သဘော မျက်စနှင့် ပစ်အပြဝယ် ဒေါ်လေးတင့် လှည့်အကြည့်နှင့် ပက်ပင်းတိုးလေ၏။

နီတာရှက်စနိုးနှင့် ဒေါ်လေးတင့်ကို သိုင်းဖက်ယင်းရယ်သည်။ ဒေါ်လေးတင့်က မျက်စောင်းထိုးကာ တွန်းဖယ်လေ၏။

'မိန်းမတွေနော် သတိကျပ်ကျပ်ထား၊ ဘွဲ့မရခင် စာညာမကြားချင်ဘူး၊ ပြီးတော့လဲ နီတာကို ဒေါ်လေးက ယွန်းနဲ့ သပ်တူချစ်လို့ သတိပေးချင်တယ်၊မောင်နေကျော်ကိုဒေါ်လေးသဘောမကျဘူးကွယ်'

ယွန်းက နီတာမျက်နှာ အပြောင်းအလဲကို အကဲဖမ်းကာ စေ့စေ့ကြည့်သည်။

နီတာကား အကယ်ဒမီ ရွှေစင်ရုပ်ဆုရှင် ရုပ်ရှင် မင်းသမီးတွေ လက်မြောက်အချုံးပေးလောက်ပါပေသည်။

ယွန်း၏ ခုတင်တွင် တင်ပါးလုံဝင်ထိုင်ယင်း အရယ်မပျက်။

'ဟုတ်တယ်နော် ဒေါ်လေး၊ ကြွပ်ဆတ်ဆတ်နဲ့ လူကြီးတွေ မျက်စိမတွေ့စဖူးပဲ'

'သူ့ကို တစ်ခေါက်နှစ်ခေါက် တွေ့ဆုံ ဆက်ဆံူးတာနဲ့ ဒေါ်လေး သိသွားပြီ၊ သည်သူငယ် လက်ကြော မတင်းဘူးကွယ်၊ လည်လဲလည်တယ်၊ ကျပန်းအလုပ်စုံနေတော့ အတွေ့အကြုံလဲ စုံနေပြီ မဟုတ်လား သမီး၊ မယုံစားနဲ့နော်၊ မှားလိမ့်မယ်'

သည်တော့မှ ယွန်းမျက်လုံးဖွင့်ကြည့်ဖြစ်သည်။ ဦးနှောက်ထဲ ရီဝေဝေနှင့် အတွေးအမြင် မကြည်သင်းသေးသော်လည်း ယွန်းအိပ်မက် မက်နေကြောင်းကိုသိသည်။ မနက်သား ညနေလား အချိန်မကွဲပြားစေကာမူ ဒေါ်လေးတင့် ပြောခဲ့သောကြောင့် ညနေလေးနာရီဟုလည်း ယွန်းသိလေသည်။

'ယွန်း အိပ်မက် မက်နေတာ'

'ဘာတွေ့မက်နေတာလဲ'

'ခင်သီဘာနဲ့သူ့အမေ၊ အိပ်မက်ဆိုတော့ ယွန်းမမြင်ဖူးလဲ သူ့အမေမှန်း သိနေတယ်'

ဒေါ်လေးတင့်က ယွန်း ဖယ်ရှားလိုက်သော စောင်ကို ခါပေး ခေါက်ပေးလေသည်။ ယွန်း၏အိပ်မက်ကို နှစ်သက်ဟန် မတူဘဲ မျက်မှောင်ခွံ့ ခေါင်းခါသည်။

'အချိန်မဟုတ် အိပ်နေတာကိုး၊ ကယောက်ကယက် မက်တာပေါ့'

နီတာက တံခါးဝမှ ပြုံးစစကြည့်နေသည်။

ယွန်း ဂုတ်တုတ်ထထိုင်လိုက်လေသည်။

'ငါက နင့် မနက်ကဲ လာမလားလို့ မျော်နေသေးတာ'

'ကားနဲ့လာတာလား'

'အေး'

'ဦးဆင့်နဲ့လား'

'ဒါပေါ့'

'ဒေါ်လေးကလဲ၊ နီတာက ကိုယ့်အိမ်က ဒရိုင်ဘာကို ဘာသွား ယုံစားရမှာလဲလို့၊ နီတာများ အထင်သေးလိုက်တာ'

ယွန်းသည် ခုတင်ခြေရင်းဆီမှကုန်းကာ မှန်ခုံပေါ်ရှိ ဝက်မှင်ဘီးကို လှမ်းယူသည်။ ဆံပင်ကို စိမ်ပြေနပြေ ဖြီးသင်ယင်း ဒေါ်လေး တင့်၏ အဆုံးအမကို နားစွင့်နေလေသည်။

'နီတာတို့ ယွန်းတို့ဟာ ဒေါ်လေးတင့်ရဲ့ ဝမ်းမနာ သားသမီးပါကွယ်၊ လဲ့လဲ့ရွှေနဲ့စိမ်းနုကို ဒေါ်လေး ချစ်ယင် သမီးတို့ကို မကောင်းတာမြင် တား၊ ကောင်းတာမြင် လမ်းညွှန်ဖို့ ဒေါ်လေးမှာ တာဝန်ရှိတယ်၊ သမီး စဉ်းစား၊ အချိန်ပေးစမ်းပါ၊ စိတ်ကစားတာကို အချစ်လို့ မထင်ပါနဲ့ နီတာရယ်၊ ဘာကိစ္စမဆို သူ့အချိန်နဲ့သူ ဆောင်ရွက်တာ ပြီးမြောက်တာသာ ပုံစံကျ အဆင်ချောပါတယ်၊ နားလည်လား နီတာ၊ နီတာကိုများ သူငယ်က ချစ်တယ် ကြိုက်တယ်ပြောယင် လောပြီးလက်မခံလေနဲ့၊ များများမဟုတ်ဘူး နှစ်နှစ်ပဲစဉ်းစား၊ နီတာ အဖြေရမှာပါ'

နီတာ ရယ်နေသည်။

'တော်တော့ ဧါ ပုစွန်ခြောက်တွေ လှမ်းထားတာ ရုပ်ဖို့မေ့နေတယ်၊ ပိုင်စိုး ကြောင်ထီးက စင်ပေါ် တက် နှိုက် တတ်တယ်၊ နှိုက်တာက အရေးမကြီးဘူး၊ ဗန်း မှောက်ချလိုက်မှဖြင့် အကြီးမြတို့အိမ်က ခွေးမက အကုန်ဟပ်ပစ်မှာ'

ဒေါ်လေးတင့် ကပျာကယာနှင့် ဆင်းသွားသည်။

သည်တော့မှ နီတာက မျက်နှာရှုံ့လေသည်။

'လှည့်ကြည့်လိုက်ယင် ခုနလို မိသွားမှာလဲ စိုးရသေး' ဟုရယ်ဟဟပြောသော်လည်း စောစောက အမူလုပ်ထားတာတွေ ခွာချလိုက်ပြီမို့ အပူရုပ်ကလေး စင်းစင်းပေါ်ထင်သည်။

'နင့်အတွက် စာပါတယ် ယွန်း၊ ကိုပိုင်လာပေးတယ်၊ အစ်ကိုနဲ့ သွားဆုံနေလို့တောင် ငါနဲ့ ရိုးပါတယ်လို့ အစ်ကိုကို မနည်းရှင်းပြရသေးတယ်ဟာ'

နီတာ လွယ်အိတ်ထဲမှ စာအိတ် ကလေး တစ်ခု ထွက်လာသည်။ ယွန်း အလိုက်သင့် လှမ်းယူသော်လည်း နီတာ စကားကို နားကြားလွဲလေသလား စဉ်းစားငေးမောနေရသေးသည်။

'နင်နဲ့ ကိုနေကျော်က ဘယ်လိုလဲ နီတာ'

'ကြိုက်နေတာပေါ့'

နီတာက မခိုးမခန့်ဖြေကာ ခုတင်ပေါ် ပစ်လှဲ လိုက်လေသည်။

'နင်ကလဲဟယ်'

'နင်လဲ ကိုပိုင်နဲ့ ကြိုက်တော့မှာပါ၊ ဒါမှမဟုတ် ဒေါက်တာ ဝင်းသွင်နဲ့ပေါ့၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပေါ့ ယွန်းရာ၊ သူငယ်ချင်းဆိုပေမယ့် ဘောင်နဲ့စည်းနဲ့ အကန့်အသတ်ထားပြီးတော့သာ စွက်ဖက်ပိုင်ကြတာပဲ မဟုတ်လား'

'ငါနဲ့ကိုပိုင် တွေ့တာ ကြာလှပြီ နီတာ၊ ခုထိ ငါ အပိုင်အနိုင် မဆုံးဖြတ်သေးဘူး၊ နင်က မြန်လွန်းတယ်'

'ငါက အစ်ကိုကို ကြိုက်တာကိုး၊ မြန်မြန်ပဲပေါ့၊ နင့်လိုလဲ တွက်ချက် စဉ်းစားမနေပါဘူးဟာ'

'ဘာကို တွက်ချက်စဉ်းစားရမှာလဲ နီတာရယ်'

'ဒေါ်လေးတင့်က နင့်ကိုဆို ကိုပိုင်ကြိုက်ကြိုက်၊ ဆရာဝန်ဆို ကြိုက်ကြိုက် ကျေနပ်နေတာ၊ ဂုဏ်ရှိတာကိုး၊ ငွေရှိတာကိုး ငါ့ကိုတော့ ဖျက်လိုဖျက်ဆီးပိတ်ပင်နေတာ၊ ဒရိုင်ဘာတူဆိုပြီး အစ်ကို့ကို အထင်သေးတာပါ၊ အမှန်မှာ ဦးလေးမောင်ဆန်း နေမကောင်းဖြစ်ယင် လာမောင်းမကူရတော့ ဒရိုင်ဘာတူလို့လဲ နှိမ်စရာရှိမှာ မဟုတ်ဘူး'

ယွန်းမှာ ကိုပိုင့် စာကို ကိုင်ကာ ငေးနေသည်။ ဒေါ်လေးတင့်သာမက ယွန်းလည်း ကိုနေကျော်ကို မနှစ်သက်ပေ။ နီတာ စာစထစ်ချ အမြင်အထင်လွဲမှားနေသလို ဂုဏ်မရှိ ငွေမရှိတာက အဓိကမဟုတ်ကြောင်း ရှင်းပြချင်သော်လည်း နီတာလက်ခံမည် မဟုတ်မှန်း ရိပ်မိနေသည်။ ဦးနေဘူး ငယ်စဉ်က ဂုဏ်မရှိ ငွေမရှိခြင်းကို ယွန်း၏မိခင်က ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ဘဲ ဘဝလှေငယ်လှော်ခတ်ဖို့ တက်မစုံရွက်မစုံသေးတာကြောင့်သာ ထားပစ်ခဲ့ရတာ မဟုတ်လား။ ယခုလည်း ယွန်းက အမေ့ နှမြောတွန့်တိုကာ ဦးကို ခါးခါးသီး ဆန့်ကျင်ခဲ့မိဆုတွင် ဂုဏ်တွေ ငြပ်တွေ ရှိနေခြင်းကလည်း မတားဆီးနိုင်ခဲ့ဘူး မဟုတ်လား။ ကိုယ်ရည်ကိုယ်သွေးကသာ အဓိကပါ။ ကိုနေကျော်မှာ အသင်ကြီးလေးစားလောက်သော ကိုယ်ရည် ကိုယ်သွေး မရှိကြောင်း နီတာ နားမလည်နိုင်ဘူးလား။

'ကဲပါ ငါ့ကိစ္စ အသာခေါက်ထားစမ်းပါ၊ ပိုင်စိုးရဲ့ စာကို အရင် ဖတ်စမ်းပါဦး၊ ငါ့ကို သူ အေးအေးဆေးဆေးလာတွေ့

ဦး စကားတွေပြောပြီးပြီ၊ သူ့စာကိုနင်ဖတ်ပြီးမှ ငါ အားလုံး ပြောပြမယ်၊ ကဲ ဖတ်'

သည်တော့မှ လက်ထဲရောက်နေသော ပိုင်စိုး၏ စာကို သတိရသည်။

'ကိုပိုင်ကလဲ ရေးကြီးခွင်ကျယ် စာနဲ့ပေနဲ့'ဟု ပြောယင်း ယွန်းက စာအိတ်ထောင့်ကလေးတစ်ဖက်ကို အသာဖောက်ပြီး ဘောလ်ပင်မင်ချောင်းထိပ်ကလေး ထိုးသွင်း ဆွဲဖောက်သည်။

'ယွန်းက စာအိတ်ကတော့ ဂရုတစိုက်ဖောက်သားပဲနော်' နီတာကို မျက်လွှာပင့်ကြည့်တော့ နီတာက ပေါ့ဆဆ ပြုံးခြစ်လိုက်လေသည်။

'သူ့ကို ငါမတွေ့တာ သုံးလေးရက်ရှိပြီ၊ ဟို တစ်ရက်နေ့က ဆေးရုံဘယ်၊ ငါတို့ကျောင်းမှာ ဖျတ်ခနဲ လှမ်းမြင် လိုက်တယ်၊ သူသည်ကတည်းက....'

'ဒါဆို နင် သဘောပေါက်'

'ဘာ'

'သဘောမပေါက်ဘူးလား၊ ဒါဖြင့် စာဖတ်၊ ငါလဲကြည့်ရဦးနော်၊ ဘာတွေရေးထားသလဲ သိချင်လို့'

ယွန်းက မျက်စောင်းချိတ်သော်လည်း နီတာကို မတားမြစ် နီတာသည် ယွန်းဘက် တိုးရွေ့လာကာ ယွန်းကို မှီကာ ခေါင်းထိလုမတတ် ကပ်ပြီး အပြိုင် စာကိုဖတ်လေ၏။

ယွန်းရေ....

တို့ကဗျာတစ်ပုဒ် ကူးပို့လိုက်ပါတယ်။ယွန်း ကြိုက်ချင်မှ ကြိုက်မှာပါ။တို့စိတ်တွေ ဆောက် တည်ရာ မရလွန်းလို့ သက်သာလေ မလား လို့ ပါ။

ယွန်းနဲ့မတွေ့တာ ကြာပြီ....
ရက်ပေါင်းလဲ ကြာပါပြီ။ နှာရီပေါင်းမိနစ် ပေါင်း များစွာပဲ ယွန်းရယ်။

ယွန်း ချမ်းမြေ့ပါစေ။

သူ၏စာသည် ဤမျှသာပင်။
'သူ စိတ်ထိခိုက်နေတယ် ယွန်း'
'ဘာကိုလဲ'
'တစ်ရွက်လှန်ဦးလေ၊ ပြီးမှ စကားပြောကြရအောင်လေ'
နောက်တစ်ရွက်မှာတော့ သူ ကူးပို့လိုက်သည်ဆိုသောကဗျာ ကလေး။

နန်းမထိုက်၍ အရွက်မှာကွယ်ယင်း
ပန်းမိုက်ကလေး မျက်နှာငယ်ရပါတယ်။
ထူးတင့်ပေစွ ပန်းအလှကမ္ဘာ ဆိုပေမယ့်လည်း
ဖူးပွင့်ကြေကျ ပန်းဘဝ ဆံသရုပါကွယ်။
အမြင့်စံကာ အလှမာန် နွေဝင့်ချင်ပေမယ့်
အခွင့်မပန်သာဘဝကံ မဲ့လင့်လေသူမို့
ပွဲမတင့် အကြဉ်ခံရသူ အရွက်ပြေနိုးနဲ့
ကွဲနင့်ရန် အလံဆူ မျက်ရည်ဖြိုးရပါတယ်။

ယွန်း အံ့အားသင့်မိသည်။ ကိုပိုင့်ကဗျာသည် ယွန်းနှင့် ဘာမျှား စပ်ဆိုင် ပတ်သက်နေပါသလဲ။

ပျံတဲ့သူ အရိုင်းငှက် ဆုတ်ခွာရာသီ မသွားပေမယ့်လဲ
ကျန်ခဲ့သူ အကိုင်းလှပ်ခါဘာ သတိထားသင့်ပါရဲ့ကွယ်။

ယွန်း ရင်နှင့် ကြေကွဲမိသည်။ကိုပိုင်က ဘာကို ရည်ရွယ်ကာ ဘာကြောင့်ပေးသည် မသိသော်လည်း စာဆိုရှင်က ရင်နှင့် အောင် ဖွဲ့နိုင်စွမ်းပေရဲ့။

ဩော်....အလှမ်းရှိုက်၍ အရှက်သာ လွယ်လွယ်ပြီး
ပန်းကြိုက်သူ တစ်ရက် လာအလည်ကို
နန်းမထိုက်၍ အရွက်မှာ ကွယ်ကွယ်ရင်း
ပန်းမိုက်ကလေး မျက်နှာ ငယ်ငယ်နဲ့
စောင့်ပါမယ်။

စာဆိုရှင် အမည်မှာ လှပ်ပန်း။
ကိုပိုင်သည် အဆိုတော်တစ်ဦးအဖြစ် နာ မည် ကျော် ပါ
မလား မသိသော်လည်း အနုပညာလက်ရာ တစ်ခုကို နှစ်သက်
ခံစားတတ်သလို ဝေမှု ဖြန့်ဖြူးနိုင်စွမ်းပါပေသည်။
'သနားပါတယ်ဟယ်' ဟု နီတာ ပင့်သက် ရှိုက်သည်။
'ကဗျာကိုလား'
'ကဗျာက သနားစရာ ကောင်းတယ်၊ အခု ကိုပိုင်က သူ့
ခံစားရသမျှ ဖွင့်ချပြလိုက်တဲ့ ကဗျာကိုး၊ သည်တော့ ငါ
ကိုပိုင့်ကို သနားတာပေါ့'
ယွန်းက စာကို တစ်ခေါက် ပြန်ဖတ်သည်။
ကဗျာကိုလည်း တစ်ခေါက် ပြန်ဖတ်သည်။
'ကဗျာကလေးက သနားစရာ ကောင်းတယ်ဆိုတာ ငါ
သဘောတူပါတယ်၊ ကိုပိုင်ကိုတော့ ငါက ဘာကို သနား
မလဲ'
နီဘာသည် ယွန်းကို တည့်တည့်မတ်မတ် မကြည့်တော့ဘဲ
မျက်နှာ လွဲဖယ်ဖယ်နှင့် ငေးငိုင်ငိုင် ထိုင်သည်။

'နန်းမထိုက်လို့ အရွက်မှာ ကွယ်နေတော့မယ်လို့ ကဗျာက
ဆိုသားပဲ၊ ကိုပိုင်ဟာ ဆယ်တန်းလည်း မအောင်ဘူး၊ အောင်
မြင်တဲ့ အဆိုတော်လဲ ဖြစ်မလာဘူး ဘယ်မှာ နန်းထိုက်ပါ့မလဲ'
'ဩော်....သူက ဆယ်တန်း ဘယ်နှစ်ခါ ကျပြီမို့လဲ၊ အသက်
က ဘယ်လောက် ပထက်ချိုက်လိုက်နေပြီမို့လဲ၊ သူကကော
ဘယ်လောက် မဲ့နေ ချာနေလို့လဲ၊ ဒုံ့ရော ဒုံ့ရော'
'ဒေါက်တာ ဝင်းသိုင်က ဆရာဝန်'
'အဲ့ဒါနဲ့ ဘာဆိုင်လဲ၊ သူလဲ သူ့အချိန်အရွယ်အလိုက်
တစ်ခုခုတော့ ဖြစ်လာမှာပေါ့၊ နတ်ကရာကြည့်မောနေဖို့ မလို
ပါဘူး၊ ကိုယ့်ဘာသာကိုယ် စာကျက်စရာရှိတာ ကျက်နေတာ
မဟုတ်ဘူး၊ အခု သူတို့ စာမေးပွဲကြီးဖြေဖို့ တစ်လခွဲပဲလိုတော့
တာ'
နီတာက ယွန်းကို မျက်လုံး စွေကြည့်သည်။
'ဒါတော့ နင် သိသားပဲ'
'ဘာကို ပြောနေပြန်တာလဲ'
'ဆယ်တန်း ဘယ်တော့ဖြေရမယ်ဆိုတာ နင် သတိရသားပဲ'
'ညီလဲ ဆယ်တန်း ဖြေရမယ်လေ နီတာရဲ့'
နီတာ တစ်ချက် ရယ်သည်။
'ဟုတ်သားပဲ' ဟု ရှိသည်။
'မဟုတ်သေးပါဘူး နီတာရယ်၊ ကိုယ်ပိုင်က သည်ဆရာ
ဝင်းသိုင်ကို ခုမှ ဘာလို့ အလူးအလဲ သဝန်ကြောင်နေရ
တာလဲ'

'နင်ပဲ ပြောပြီးတော့ တနင်္လာနေ့က ကိုပိုင် ကျောင်းကို လာတာ နင်တွေ့လိုက်တယ်ဆို'

'တွေ့တယ်လေ'

'နင်နဲ့ ဆရာဝန် စားသောက်ဆိုင်ထဲ အတူထိုင်နေတာ သူ မြင်သွားတယ်'

'ဟုတ်လို့လားဟယ်၊ ငါတွေ့တော့ သူ အီကိုနားမှာပါ'

'နင်က ကပ်လျက် လက်ဖက်ရည်ဆိုင်မှာ သူ ထိုင်နေတာ တောင် မမြင်ဘဲဟာကိုး၊ ဒါကြောင့်လဲ သူ အားငယ်သွား တာပေါ့'

ယွန်းသည် ကိုပိုင်တစ်ယောက် အူနုကျွဲခတ်ရှာပြီကောဟု သဘောပေါက်သွားသည်က တစ်ဝက်၊ ဘာမဟုတ် သော အကြောင်းကိစ္စကလေးအတွက် အသည်းအက်သံ ကွဲသံတွေ ပါလာရမလားဟု ဒေါသထွက်သည်က တစ်ပိုင်း။

'ငါနဲ့ ဆရာဝင်းသွင်ကို အတူတွေ့ဘာနဲ့ပဲ စွပ်စွပ်စွဲစွဲဟယ်၊ ငါ မုန်းမိတော့မှာပါပဲ'

'သူ့ကိုတော့ စားသောက်ဆိုင်မှာ နှစ်ယောက် အတူထိုင် ယင် သူများတွေအထင်လွဲမယ်လို့ နင်ကပြောတယ်တဲ့'

'သူ့ကို အားမှမနာရတာကိုး၊ ငါကပြောတာပေါ့၊ ဆရာ ဝင်းလွင်က မေမေ့စီးပွားဘက်ဆိုတော့ ငါကအားနာရ၊ လေး စားရတယ်၊ ဆရာဝန်လဲဖြစ်တော့ ငါ့ရောဂါအကြောင်းလေး လဲမေးချင်လို့ပေါ့ဟယ်၊ ခုတော့သူ့ရောဂါကို ငါက ကုရမလို ကျနေပြီ'

'ငမ်းဖျားလား၊ ပိုင်စိုးကလဲ ဆရာဝန်ဆိုတာနဲ့ကို သူ့ဘာ သာ ဖြုံပြီး ဆန်ပြုတ်ပြုတ်နေပြီဟ'

ယွန်း မပြုံးဘဲမနေနိုင်တော့၊ ပိုင်စိုး နှမြောတွန့်တိုတာကို စိတ်တိုသည့်ကြားက ရောထွေးကာ သူ တန်ဖိုးထားရှာသားပဲ ဟု ကြည်နူးသာယာ ခွင့်လွှတ်ချင်လာပြန်သည်။

ယွန်းက ဗလာစာရွက်တစ်ခုကို စားပွဲပေါ်မှာ ရှာယူသည်။ ဆယ်တန်းတုန်းက မှတ်စုဟောင်းများမှ စာရွက်လွှတ်တွေကို ယွန်း အကုန်ဖြတ်ဆုတ်ယူထုတ်ကာ လိုအပ်သလို အသုံးပြုရပေ သည်။

ကိုပိုင်

စာမေးပွဲ နီးလှပြီလေ၊ စာကျက်မှပေါ့၊ တို့တွေတက္ကသိုလ်ကို သူ တက္ကသိုလ် ကျောင်း သားအဖြစ်နဲ့ လာခဲ့စေချင်တာတို့မလွန်ပါဘူး၊ ပန်းမိုက်ကလေးဆိုယင်လည်း တက္ကသိုလ်နန်းနဲ့ ထိုက်တဲ့ ပန်းမိုက်ကလေးပဲဖြစ်လိုက်လေ။ကွယ် ပြီး မပုန်းနိုင်အောင် အရွက်တွေကို ဖယ်ပစ် မှာပေါ့။

တို့

နီတာသည် ယွန်းရေးနေသောစာကို နံဘေးမှကဲ့၍ ဖတ်နေပြန်သည်။

'နင့်စာကလဲဟယ်၊ ပွဲပွဲစဉ်စဉ် မရှိလိုက်တာ၊ လုံးဝပဲ'

'အစ်မကုန် ဖဲနဲ့ မရှိထားတာပဲလေ'

'အချစ်မှာ တကယ်သိလ်ရောက်တာမရောက်တာ အရေးမကြီးဘူးမဟုတ်လား ယွန်းရဲ့'

'ကိုယ်စွမ်းကိုယ်စဟာ အရေးကြီးတယ် နီတာ၊ သူ့မှာ ညက်ရှိကယ်၊ စားဝတ်နေရေး မဝပင်ရဘူး၊ အဲဒါမှတကယ်သိလ်မရောက်ဘူးဆိုယင်တုံးတာပေါ့'

နီတာငြိမ်ပြီးစဉ်းစားနေသည်။

'အစ်ကိုနေကျော်ဟာ ဆင်းရဲလို့ စာမသင်နိုင်တာ၊ အဲဒါကြနင်က အထင်သေးတယ်'

'အတန်းပညာကြောင့်ချည်းမဟုတ်ပါဘူး၊ သူ့ကိုကြည့်ရတာ လေထဲတိုက်အိမ်ဆောက်နေသလို သူ့ကိုယ်သူ အထင်တစ်ခဲ့သားနဲ့'

ယွန်းက စားပွဲပေါ်တင်လာသော နီတာလက်ကို အမှတ်မထင် ကြည့်မိသည်။

'နင့်လက်စွပ်ကလေး ဘယ်ရောက်သွားပြီလဲနီတာ'

နီတာသည် သူမ၏လက်ကို ငုံ့ကြည့်ကာ ရှပ်သိမ်းတော့မလို လူပ်ရှားလိုက်ပြီးမှ တစ်ဖန် ဟန်မပျက် ဆက်ထားမြဲထားလေ၏။ သူမ၏လက်မှ အသည်းကလေးတွေ ဆက်ထားသော ငွေလက်စွပ်ကလေးသည် ယွန်းကို အဖြေရှာခိုင်းနေလေသည်။

'သည်လက်စွပ်ကို ပြောင်းဝတ်လိုက်တယ်လေ'

'ဒါ ဘယ်သူပေးတာလဲ'

'ကိုနေကျော်ပေါ့၊ နင်သိယင်လဲ ဘာလို့မေးနေလဲဟာ'

'နင့်စိန်လက်စွပ်ကို သူယူသွားတယ် မဟုတ်လား'

'ငါပေးလိုက်တာပါ၊ ကဲ...အဘွား၊ ငါ့အမေသေသွားလို့ ဆူမယ့်သူတောင် မရှိတော့ဘူးမှတ်တာ၊ ခုမှပဲ အမေ့အမေ အဘွားနဲ့ တွေ့နေတော့တယ်'

ယွန်းသည် ပိုင်စိုးနှင့် သူမ၏ဆက်ဆံရေးကို ကိုနေကျော်နှင့် နီတာတို့၏ ဆက်ဆံရေးနှင့် ယှဉ်ထိုးကြည့်မိသည်။

ပိုင်စိုးသည် သူမအပေါ် စွဲစွဲလမ်းလမ်းချစ်နေတာ သူမကလည်း သာယာညှာတ်ပျော်ငြင်းနေခဲ့သည်။ နီတာကကိုနေကျော်ကို စွဲစွဲလမ်းလမ်း ညှာတ်ကြေဆဲဝယ် ကိုနေကျော်က ငါးစာဘပ်ကာ ငါးများသော တံငါနှင့် ပမာတူနေ၏။ ယွန်းတို့ကပဲ မျက်မှန်စိမ်းတပ်ကာ အမြင်မကြည်လင်လေသလား၊ နီတာကပဲ မဝေဖန် မပိုင်းခြားနိုင်အောင် အချစ်ငန်းဖမ်း နေလေရော့သလား။

'စာအိတ်ပိတ်လေ၊ ငါကတော့ သူငယ်ချင်းတို့ရဲ့ ဝတ္ထုထားရှိတဲ့အတိုင်း ကိုပိုင့်ဆီစာပို့ပြီးအကျိုးဆောင်မှာပါယွန်းရယ်'

ယွန်းသည် နီတာကိုကြေကြေကွဲကွဲငေးကြည့်မိသည်။ယွန်းသည် နီတာစိတ်ခုသွားမှန်း မပြောဘဲရိပ်မိလေသည်။

နီတာကျေနပ်အောင် မချော့ချင်။ ကိုနေကျော်ကိုယွန်းမနှစ်ခြိုက်ကြောင်းနီတာသိစေရမည်ဟုယွန်းသန္ဓိဌာန်ချထားလေ၏။

၁၉။

'ငြိမ်လှချည်လား၊ အိပ်ငိုက်နေသလား'

ဆေးဗီရိုနောက်ခုံမြင့်ပေါ်ထိုင်ကာ ဗီရိုပေါ်ဝယ်ထောက်လျက် ငိုင်တိုင်တိုင်ဖြစ်နေသည့် ညီမျက်နှာအကျသည် ဘေးတစောင်း မြင်ရတော့ ကိုကိုနှင့် တူပေသားဟု သားကြီးကို လွှမ်းဆွေးမိပြန်လေသည်။

ညီက စိမ်းနုကိုလှည့်ကြည့်သည်။ ပြီးတော့ ခေါင်းခါယမ်းမြလေသည်။

စိမ်းနုက လုပ်လက်စ စာရင်းဇယားကို ဆက်လက်ရေးမှတ်နေလေသည်။

ကိုကို နှစ်ပတ်လည်အတွက် ဝယ်ခြမ်းရန်။

ညီသည် အနီးကပ် တစ်လသင်တန်း တက်နေရပြီ။ ဆေးခန်းသို့ နေ့စဉ် မလိုက်နိုင်တော့ဘဲ၊ တစ်ခါတစ်ရံ ကျူရှင်အပြန် အချိန်အံကိုက်မှသာ အမေကို ဝင်ကြိုရတော့သည်။

ညီမအားလပ်ပြီမို့ ကိုကို့ကိစ္စအတွက် လိုအပ်သည့် လူဖွယ်ပစ္စည်း ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသည်တို့ကို တင့်တင့်ထွက် ဝယ် ရ တာ များ သည်။ ဘုန်း ကြီး ကျောင်း မှာ ပဲ နေ့ဆွမ်းကပ်လူကာ အိမ်နီးချင်းတွေကိုလည်း ကျောင်းမှာပဲ ဖိတ်ကျွေးမည်။ စာမေးပွဲ ဖြေရမည့်ညီကို စိမ်းနုက လူရော စိတ်ပါ သက်သာ အေးအေး စေချင်ပေသည်။

ခြေထောက် ထောနှင်းနှင့် လူနာတစ်ယောက် ဆိုင်ထဲ ဝင်လာသည်။

'သံစူးလာပြီ တင်တယ်'ဟု စိမ်းနုက ခရီးဦးကြိုစကား ဆို၏။

'ဟုတ်ကဲ့ ခင်ဗျာ၊မနေ့ညက အိုဗာတိုင် ဆင်းရတော့ အပြန် မိုးချုပ်တယ်၊ လမ်းမီးကလဲ မရှိဘူး၊ အဲ့ဒါ မမြင်မကန်းနဲ့ ကျနေတဲ့ သစ်သားစက သံတစ်ချောင်းလုံး စူးဝင်သွားပါရော'

'အခု ခြေထောက်ကြီးလဲ ထောင်နေလို့နော်'

'ကိုက်လိုက်တာလဲ အလွန်ပဲဗျာ၊ ဘက်စပရိုသောက် အနလ် ဂျက်ဆင်သောက် မသက်သာပါဘူး'

'ဆေးထိုးလိုက်မှ ဖြစ်မှာ၊ ထိုင်ဦးနော်၊ ပြလျက်စ လူနာ တစ်ယောက် ရှိနေလို့ ပြီးတော့ မှာပါ၊သူက အထဲကလူနာနဲ့ အဖော်လိုက်လာတာ မပြပါဘူး၊ရှင် မေးခိုင် ကာကွယ်ဆေးလဲ ထိုးဖို့လိုတယ်'

စိမ်းနုက တတ်သမျှ မှတ်သမျှ ရွတ်ဖတ် ဆရာလုပ်သည်။

'ကျွန်တော်လဲ မေးခိုင်ပိုးဝင်မှာ ကြောက်စာပါပဲ၊ သည်ဆေးခန်းမှာမှ ပြချင်တာနဲ့ မနက်ကလဲ ဘယ်မှမသွားဖြစ်ဘူး၊ ပိုးတော့ မဝင်နိုင်သေးပါဘူးနော်'

'မဝင်သေးပါဘူး ထင်တယ်၊ ဆရာနဲ့ ဝင်တွေ့တော့ စုံစုံစေ့စေ့ ပြောပြမေပါ့၊ လိုအပ်သမျှ သူ ကြည့်လုပ်ပေးမှာလို့မယ်၊ စိတ်မပူနဲ့'

လူနာသည် သူ၏ ရောင်ကိုင်းနေသော ခြေခုံကြီးကို ကြည့်ယင်း စမ်းသပ်ခန်း တံခါးဝနှင့် အနီးဆုံးသောင့်တင် ဝင်ထိုင်သည်။

လူနာအမျိုးသမီးသည် ဖြည်းညင်းသော ခြေလှမ်းများနှင့် အခန်းထဲမှ ထွက်သာသည်။ ဆေးရုံ မီးပုံးလာခဲ့ပြီး အပြင် ဆေးခန်းတွင် မွေးသမီးကြောင်း ချုပ်ရိုး လာဖြေရသော လူနာ။ သူမသည် ချုပ်ရိုး ဖြေလိုက်သော အနာမောင်းမှ စုတ်ထွက် ကွဲထွက်သွားမှာစိုးသည့်အလား ပေါင်ချင်းစေ့ကာ လျှောက်လာ၏။

သံစူးသော လူနာသည် ဆရာဝန်ထံ အ လျင် တ စော ဝင်သွားသည်။ ထောနှင်း ထောနှင်း။

လူနာတို့၏ ဝေဒနာ တွဲယှဉ်သော လျှောက်ဟန် သွားဟန် အမျိုးမျိုးကိုကြည့်ကာ ညီ ပြုံးသည်။ ပြုံးယင်း ဖေးရိုးကို အသာ ဖိကိုင်လေသည်။

'သွားကိုက်သလား ညီ'

'မဟုတ်ဘူး မေမေ၊ စကားပြောယင် ပြုံးယင် မေးရိုးက တင်းကျပ်ကျပ်နဲ့၊ သည်နေ့ တစ်နေ့လုံးပဲ နေရတာကို မလန်းဆန်းပါဘူး မေမေရာ'

'သားက သက်သက် လာကြိနေတာကိုးကွယ်၊ ပင်ပန်းလွန်းတော့ ဘယ်လန်းဆန်း နိုင်ပါတော့မလဲ၊ စာ မေး ပွဲရက်ကျမှ ပန်းဖျား ဖျားနေယင်အခက်'

'ဟာ မေမေကလဲ ညီက အကြမ်းခံ ရေစိမ်ခံပါ'

'လက်ဖက်ရည် သောက်မလား သား'

'ဟင့်အင်း လည်ပင်းကလည်း မျိုရတာ ဆို့နင့်နင့်ကြီး'

ပြောရင်း ညီက သူ့အမေးကို တစ်ချက် နှိပ်နယ်ပြန်သည်။

'လည်ပင်း နာသလား၊ ပသိရောင်သလားမှ ဓသိတာ'

လူနာ အမျိုးသမီးအတွက် ကျသင့်ငွေ တွက်ချက် ရှင်းယူ ဆဲဝယ် အခန်းထဲမှလည်း ဒေါက်တာ ဝင်းသွင်၏ ပညာပေးပို့ချသံ မှန်မှန် ထွက်ပေါ်နေသည်။

'အနာရင်းတာ ပြည်တည်တာကို ပင် နစလင် ထိုး ပြီး ကာကွယ်နိုင် ကုသနိုင်တယ်၊ မေးခိုင်ပိုး ဝင်လာပြီဆိုယင်တော့ မေးခိုင်ပိုးကို ခုခံ တိုက်ခိုက်မယ် ဆင်တီတက်တနက်စ်ရည်ကြည်ကို ထိုးမှ ရတော့တာ'

'အခု တစ်ခါတည်း ထိုးသွားလိုက်ရမှာပေါ့နော်'

'အခုထိုးမှာက မေးခိုင်ပိုးရဲ့ အဆိပ်အတောက်ကို အန္တရာယ်မပြုနိုင်ရုံ အားလျော့ပစ်လိုက်တဲ့ ဆေးဓာတ်ရည်ကြည်ဗျ၊ ဒါ ထိုးလိုယင် အဆိပ်ကို ဆန့်ကျင်မယ့် ဓာတ်တွေကို ခင်ဗျား

ကိုယ်ထဲမှာ ထုတ်လုပ်စေမယ်၊ သည်တော့ ပိုးဝင်ခဲ့သော် တိုက်ဖျက်ပစ်မယ်ပေါ့ဗျာ၊ ကြိုတင် ကာကွယ်မယ့် ဆေးပဲ၊ တစ်လခွဲကြာယင် နောက်တစ်လုံး ထပ်ထိုးဗျ၊ ဒါမှ တိုက်ဖျက်နိုင်လောက်တဲ့ ပမာဏကို ကိုယ်တွင်းမှာ ထုတ်လုပ်နိုင်မှာကိုး'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ထပ်လာပါမယ်'

'သည်မလာနိုင်တောင် နီးရာဆေးခန်းမှာ ထိုး ပါ ဗျာ၊ အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုဆိန်နှင့် ထွင်းနေရမှာ စိုးလို့ခင်ဗျ'

'မေးခိုင်ရောဂါ ဖြစ်လာယင် ဘယ်လို လက္ခဏာ စပြသလဲ ဆရာ'

'ရောဂါကိုက နာမည်နဲ့ လက္ခဏာ ဖော်ပြထားပြီပဲ၊ မေးခိုင်ပိုးဝင်လာယင် မေးခိုင်လာတာပေါ့၊ ပါးစပ်ဟလို့ မရတော့ပဲ သွားစေ့လာတာပေါ့ဗျာ'

စိမ်းနုရင်ထဲ ဖျတ်ခနဲ တုန်လှုပ်ရသည်။

'ညီ လက်ကအနာ ပျောက်သွားပြီလား' ဟု ညီကို ရေးကြီး သုတ်ပျာ လှည့်မေး၏။

ညီက စိမ်းနုကို ကြောင်အမ်းအမ်း လှည့်ကြည့်ပြီးကာ သူ့လက်ကို သူပြန်ကြည့်သည်။

'ပျောက်တော့ ပျောက်သလိုပဲ၊ ဒါပေမယ့် မြုံစိစိနဲ့၊ ဘာဖြစ်လို့လဲ မေမေ'

စိမ်းနု မျက်ကလဲ့ဆန်ပျာ နေရာမှထသည်။

'သား မေးခိုင်ကာကွယ်ဆေး မထိုးဘူးမဟုတ်လား၊ ဒုက္ခ ပါပဲ၊ ဒဏ်ရာသေးသေးကလေးပဲဆိုပြီး မေမေလဲ အမှတ်တမဲ့ ဖြစ်သွားတယ်'

ညီ မျက်နှာပျက်သွားသည်။ သူ့ မေးရိုးကို တစ်ဖန်ကိုင် ကြည့်ယင်း စဉ်းစားထိတ်လန့်သွားဟန်ရှိလေ၏။

စိမ်းနုသည် ငယ်ထိပ်မြေခဲလိုက်သည့်ပမာ ပျာပျာဝေဝေ၊ ထူထူပူပူနှင့် စမ်းသပ်ခန်းထဲ အပြေးကလေး ရောက်သွားသည်။ တံခါးဝတွင် ပြန်ထွက်လာသော လူနာနှင့် တိုက်မိသလို ဖြစ်သွားသည်ကိုလည်း တောင်းပန်ဖို့ သတိမရနိုင်တော့။

အရက်ပြန်ဆွတ်ထားသော ဝါဂွမ်းပုလင်းကို ပြန်လည် ဖုံးပိတ် နေရာအကျထားနေသော ဒေါက်တာဝင်းသွင်သည် စိမ်းနု၏ ထိတ်ပျာချောက်ချားသောအသွင်ကို မြင်လျှင် တအံ့တသြ ဖြစ်သွား၏။

'မမစိမ်း ဘာလဲ'

ညီ ပါးစပ်ကောင်းကောင်း ဟလို့ မရဘူးတဲ့ဆရာ၊ သူ့လက်မှာ အနာရှိတယ်၊ တစ်လခွဲလောက်နှစ်လလောက် ရှိနေပြီ ဆရာရဲ့၊ အနာကလဲ မြုံစိစိနဲ့ဆရာရယ်၊ စိမ်းနု အမှတ်တမဲ့ ဖြစ်သွားတယ်၊ သူ့ဘို့ငယ်ငယ်က ကာကွယ်ဆေးထိုးဖို့ အမြဲ သတိထားတာ'

စိမ်းနု ငိုမလို မဲ့မလို ယောက်ယက်ခတ်လျက် စမ်းသပ်ခန်းမှ ပြန်ထွက်သွားပြန်သည်။

'လာလေ သား၊ ဆရာကို ဖြစ်ဘာ ပြောပြပါဦး'

ညီသည် စိမ်းနု ပစ်ခွာထားခဲ့သော စားပွဲနံဘေးတွင် ဝတ်တတ်နှင့်ပင် လူနာအတွက် ဆရာဝင်းသွင် ညွှန်ကြားထားသော စားဆေးများကို ထုတ်ပေးကာ ဘယ်လိုသောက်ရမည် ရှင်းပြနေသည်။

'ပြီးတော့မယ် မေမေ၊ ခဏလေး ခဏလေး'

မေးခိုင်ပိုးမဝင်ခင် ကြိုတင်ကာကွယ်ရသည်မှာ မခဲယဉ်း၊ ပိုးဝင်ပြီဆိုမှဖြင့် စိမ်းနု အတွေ့အကြုံအရ ပျက်စီးတာက များလေသည်။ မွေးစကလေး ချက်အနာကျော်ရာမှ ပိုးဝင်တာ ခွဲစိပ်ကုသပြီးသော ချုပ်ရိုးဒဏ်ရာမှ ပိုးဝင်တာ အဲသလို ထွေလာ ဆန်းပြားတွေလည်း တွေ့ဖူး ကြားဖူး ခဲ့၏။ တွေးလေ ကြောစိမ့်လေနှင့် စိမ်းနု ဆောက်တည်ရာမရ။

'နေ့ခင်းက ယွန်းနဲ့ ကျွန်တော် ပဲလှော်သုပ်စားကြတာ ပါးစောင်တွေ တညောင်းပဲဆရာ၊ အဲဒါထင်ပါရဲ့ ဆရာရယ်၊ မေမေက ကြံဖန် စိတ်ပူနေတာ'

ညီ ခပ်ရှင်ရှင်ပြောသော်လည်း သူ့စကားသံ လေယူလေ သိမ်းသည် ဌာန်ကရိုဏ်းမကျ မပီသလှဘူးထင်သည်။

ဆရာဝင်းသွင်သည် ဆေးထားသောလက်တွေကို တဘက်ကိုင်သုတ်ယင်း စမ်းသပ်ခန်းမှ ထွက်လာသည်။ စိမ်းနုက သူ့မျက်နှာမှာ အားကိုးပူပန်စွာ အဖြေ ရှာဖွေယင်း မျက်လုံးကလည်ကလည် ဖြစ်နေသည်။

လူနာကား စိမ်းနုတို့ ဘာကိုတွေးဆပြီးစိတ်ပူနေကြကြောင်း အမှတ်ထားမိဟန်မတူပေ။ ကျသင့်ငွေကို ရှင်းလင်းကာ ထော့

ဒေါက်တာဝင်းသွင်ကို အကဲခတ်ရသည်မှာ သေချာသည့် ဘက် မဲ့တင်းသလို အစိုးရိမ် လွန်ကဲနေပုံလည်းရ၏။ သူသည် စမ်းသပ်ခန်းထဲ တစ်ဖန်ပြန်ဝင်ကာ သူ့လက်ဆဲ့သေတ္တာထဲသို့ သူ့နားကျပ်ကို ကောက်ထည့်ပြန်သည်။

စိမ်းနုကလည်း စမ်းသပ်ခန်းတံခါး ကြေးပေါင်ကိုကိုင်ကာ ဆရာဝန်ဘာလုပ်လုပ် ဘာပြောပြော အသေးစိတ် လေ့လာ ပူပန်ကာနေ၏။

'အခုလိုက်ရမလားဆရာ၊ ကျွန်တော်အဝတ်တစ်ထည်ကိုယ် ဘစ်ခုနဲ့ ဖြစ်မလား၊ ဘာပြန်ယူရဦးမလဲ'

'မယူနဲ့တော့လေသား၊ အချိန်ကြာနေမယ်၊ မေမေပြန်ယူ ပြီး လိုက်ခဲ့မှာပေါ့'

'ဟာ....မေမေ မလိုက်ပါနဲ့၊ ပင်ပန်းတယ်၊ ဆရာပို့ပေးခဲ့ မှာပဲ၊ ကျွန်တော့် ဘာသာ သွားပါမယ်'

'ဆရာက ညီနောက်လိုက်နေရဦးမှာပေါ့၊ ဆေးရုံပဲမြန်မြန် သွားကြယင် မကောင်းဘူးလား ညီရယ်'

စိမ်းနုက ညီ့ကိုချော့မော့သည်။ သူ့ကိုမိခင်က ဆေးရုံသို့ လိုက်ပို့မနေရစေလိုသော သား၏ စေတနာကို နားလည်နိုင် သည်မို့လည်း စိမ်းနုဝမ်းနည်းညှတ်နူးရချေသည်။

'ကျွန်တော့် အဆောင်က ဆေးရုံနဲ့နီးတယ်မမစိမ်း၊ လိုတာ ကျွန်တော့် ဆီကပဲယူပို့ ထားပေးမယ်၊ သည်တစ်ညစောင့်ကြည့် ပြီး အခြေအနေကောင်းယင် ပြန်ဆင်းခွင့်ပြုမှာပါ၊ မမ ဆိုင် သိမ်းပြီး အိမ်ပြန်ပေတော့'

နှင်း ထောနှင်း ထွက်ခွာသွားတော့သည်။ သူ့မှာလည်း သူ့ ဝေဒနာနှင့် ဗျာပါနှင့်ပေကိုး။

ဆရာဝင်းသွင်က ညီ့နဖူးကို စမ်းလေသည်။

'ညီ ပါးစပ်ဟကြည့်စမ်း၊ ဟာ၊ ဘယ်လောက်အထိဟနိုင် သလဲ အစ့မ်းကုန်'

'ဒါလောက်ပဲဆရာ မရတော့ဘူး'

ဆရာဝင်းသွင်မှာ ဇဝေဇဝါ ဖြစ်နေသေးဟန် စားပွဲကို လက်ညှိုးနှင့်ထောက်ယင်း စဉ်းစားနေသည်။ တစ်ဖန် ညီ့လက် ကောက် ဝတ်မှ သွေးခုန်နှုန်းကို စမ်းပြန်လေ၏။

'ညီ အနာက ဖြစ်တာ ဘယ်လောက်ကြာပြီလဲ'

'အစ်လခွဲ နှစ်လ ကြာပါပြီဆရာ၊ သေးသေး ကလေးပါ ဆရာရယ်၊ ပိုးဝင်ယင် စောစောကတည်းကဝင်မှာပေါ့၊ ပျောက် သလောက် ရှိနေမှု ကျွန်တော်က အနာဖေးတက်လာယင် ခွာခွာ ပစ်တယ်၊ ဒါကြောင့် အရှင်းမပျောက်တာ ထင်ပါရဲ့'

'အစာမျိုရခက်တယ်၊ပါးစပ်ဟရခက်တယ်၊ ပြီးတော့ကော ဇက်တွေ ခါးတွေ နာသလား တင်းသလား'

'နာသလို တင်းသလိုနဲ့၊ မေးလိုက်မှ ဇဝေဇဝါ ဖြစ်လာ တယ်'

စိမ်းနုသည် ဆရာဝန်မျက်နှာတွင် အဖြေရှာဖို့ ကြိုးစား သည်။ ဆရာဝန်က မပီမပြင် နှစ်သိမ့်ပြုံးလေ၏။

'မသချာပါဘူး မမစိမ်း၊ ဒါပမယ့် စိတ်ချရအောင် ကျွန်တော်ဆေးရုံခေါ်သွားချင်တယ်'

စိမ်းနုသည် ညီသွားဖြစ်စေတော့ဟု အံဆွဲထဲမှ ဒဏ္ဍစက္ကူ တစ်ထပ်ဆွဲကာ ညီ့အိတ်ကပ်ထဲထည့်ပေးလိုက်သည်။

'လိုက်သွားနော်သား'

ည်ခမျာ အခြေအနေအရ နေ့ချင်းညချင်း လူကြီးလုပ်နေ လိုက်ရစေကာမူ တကယ်တော့ သူသည် မိခင်ကိုမှီခိုအားကိုးဆဲ သာပဲ ဖြစ်နေသည်။ သူ့မျက်နှာသည် မွန်ရွှင်ပျ။

'မေမေ မနက်မှလိုက်လာခဲ့မယ်၊ သည်ည မလိုက်ပါဘူး အိမ်သာပြန်ပါမယ်၊ သားစိတ်ချပြီးသွားပေတော့'

ညီ စိတ်အေးသွားပုံရသည်။ စိမ်းနုကိုတစ်ချက်ပြုံးပြကာ ဆရာဝင်းသွင်ကို သွားကြစို့ဆိုသောသဘောနှင့် ခေါင်းဆတ် ပြပြီး ဆိုင်ထဲမှထွက်သည်။

'ပြန်ကြတော့မလား ကိုညီ'

တစ်ဖက်ဆိုင်မှခိုင်က လှမ်းမေးသည်။ ကလေးမသည်ညီကို အမြဲအစဉ် စောင့်ကြပ်ကြည့်မြင်နေသည့်နှယ် ညီ ဘာလုပ်လုပ် ဘယ်သွားသွား စပ်စုမေးမြန်းနေလေ့ရှိသည်။

ညီက ထွေထွေရာရာ ပြန်ဖြေမနေဘဲ လက်တစ်ဖက်မြှောက် ကာသာ နှုတ်ဆက်သွားလေ၏။

'အန်တီစိမ်း မပြန်သေးဘူးလား၊ ဆရာနဲ့ညီ လူနာကို အိမ် သွားကြည့်ပေးကြတာလား'

စိမ်းနု သည် ညီတို့မျက်နှာကြည့်သည်နှင့် အားလည်းငယ် လျော့လာသည်။ ခိုင်ကိုပင် အရင်လို မျက်စိစပါးမွေးစူးမနေ နိုင်တော့ပဲ ည့်အကြောင်း ပြောပြမိတော့သည်။ ခိုင်က စိမ်းနု

နှင့်အတူ ဆိုင်ကူသိမ်းပေးယင်း စိမ်းနုပူပန်သလို လိုက်ပြီးပူပန် နေတော့ အဖော်ရသလို အတန်အသင့်စိတ်သက်သာပေါ့ပါး သည်။

'ခိုင် မပြန်သေးဘူးလား'

'ခိုင်တို့က လည်လမ်းထဲတွင်ပဲဆိုတော့ အိမ်ကအားလို့ လာ ဝိုင်းသိမ်းမှပဲ ဆိုင်ပိတ်ဖြစ်တာပဲ'

ခြင်းကခလေးဆွဲပြီးပြန်အလာ ဈေးလမ်းတစ်လျှောက် အသိ အကျွမ်းတွေနှင့် အဆက်မပြတ် တွေ့ဆုံနေကာ အလိုက်သင့် နှုတ်ဆက်ပြုံးပြမိသည်လည်းရှိ၊မမြင်ဟန်ပြုကာ လျစ်လျူရှုခဲ့ နေလိုက်မိသည်လည်းမနည်း။ မလဲ့မကင်းသာမှ မင်းတိုင်းကျေ တုံ့ပြန်စကားပြောဖြစ်လေသည်။ ဘတ်စ်ကားဂိတ်မှ အိမ်ဘက် လျှောက်ရသောလမ်းသည် လူပြတ်တိတ်ဆိတ်သည်။ စိမ်းနု အားငယ်ဝမ်းနည်းမိ၏။

မောင့်ကို ပြောပြလိုက်ချင်တာ။ ဒါပေမယ့်ညကြီးမင်းကြီး မောင့်ဆီ စိမ်းနု ဘယ်လိုသွား သတင်းပေးနိုင်ပါတော့မလဲ။ မနက်ဖြန်အထိ စိမ်းနု ဘယ်လိုနေရပါမလဲကွယ်၊ယွန်းကိုကော ဘယ်လိုအသိပေးရပါမလဲ၊ အထိတ်တလန့်စိုးရိမ်တကြီး ယွန်း သွေးလန့်သွားပြီး အယင်ဖြစ်ခဲ့ဖူးတဲ့ဝေဒနာများ ပြန်ပေါ်လာ ခဲ့ယင်လား ....။

စိမ်းနု ခေါင်းသွက်သွက်ခါ ငြင်းဆန်ယင်း မျက်လုံးစုံမှိတ် မိသည်။ မျက်ဉီးပူများသည်စိမ်းနု၏ပါးပြင်ပေါ် စီးကျလာ လေသည်။

ဘုရား....ဘုရား....သည်သားကိုတော့ ခွဲမထုတ်သွားရက်ပါနဲ့ ကံကြမ္မာရယ်'

တွယ်တာခဲ့ ရှိုက်ညည်း၍ ငိုယင်း စိမ်းနု တစ်ကိုယ်တည်း လျှောက်လာခဲ့ရလေသည်။ သွားလာနေကျ သည်ခရီးလမ်းသည် ပို၍ကြမ်းတမ်းသယောင်ပင်ပန်းစွဘကား ၊အလင်းရောင်ကင်းမဲ့လှစွာ နု၍မှောင်မိုက်စွဘကား။

၂၀။

ရှည်လျားစွာသောညကို ယွန်းတို့ အပန်းတကြီးဖြတ်သန်း လွန်မြောက်ခဲ့ကြရလေသည်။

ညီကို ဆေးရုံတင်ဖို့ ဆရာဝင်းသွင်နှင့်အတူထည့်လိုက်ရသည့်ဟူသော သတင်းကို မိခင်ဖြစ်သူက တည်ငြိမ်စွာ ပြောပြခဲ့သည်။

မေမေပြန်ရောက်လာတုန်းက ယွန်းလက်ဖက်သုပ်နေဆဲဖြစ်လေသည်။ နောက်နေ့ကျောင်းပိတ်ရက်မို့ ညဉ့်နှုက်အောင်စာကျက်ပြီး မနက်နေမြင့်အောင် အိပ်မည်ဟုအစီအစဉ်ချကာ အကောင်အထည်ဖော်နေခဲ့လေ၏။

ချာလီ ဆီးကြို့ဟောင်ဟိန်းသံကြောင့် မေမေ့ကို ဒေါ်လေးသင့်က တံခါးဖွင့်ကာ ကြိုသည်။

ယွန်း လက်ဖက်ပန်းကန်ကိုင်ကာ မီးဖိုချောင်ထဲမှထွက်လာသောအခါတွင် မေမေနှင့် ဒေါ်လေးသည် မချင်ပျံသော မျက်နှာကို ကြိုးစားပြီး တည်ငြိမ်စေလျက် ရှိကြပေသည်။

'ညီတော့ ဒေါက်တာဝင်းသွင်နဲ့ ပါသွားလေရဲ့ ယွန်းရေ' မေမေ့ အသံသည် ပုံမှန်နီးပါး ကြည်လင်ပီပြတ်သည်။

'ညီ့ လက်မှာဒဏ်ရာကလေးတစ်ခုရှိနေတာ သမီးသတိထားမိမှာ မဟုတ်ဘူး၊ ရေစက်ညှပ်မိထားတာလေ'

ယွန်း ၈၀၈၀၂ ခေါင်းခါသည်။

ထိုဒဏ်ရာကြောင့် မေးခိုင်ပိုး ဝင်နိုင်ချည်ရှိသောကြောင့် ညီကို ဆေးကုသကာကွယ်ဖို့ ဆရာဝင်းသွင် ခေါ်သွားသည်ဟု ယွန်းကိုနားလည်စေကြသည်။

စောစောစီးစီး သက်သာမကင်းဖြစ်မိပေလို့ တောင်တော့တယ် သမီးရယ်၊ ညီကိုတော့ ဆေးအရင်လက်ဦးပြီမို့ စိတ်မပူရပါဘူး၊ သမီးကိုသာ မေမေကစိတ်ပူတာ၊ သမီး စိတ်အနှောင့်အယှက် ဖြစ်ယင်၊ သမီး စိတ်မချမ်းမသာဖြစ်ယင် နေထိုင်မကောင်းဖြစ်မှာ ပိုပြီး မေမေ စိတ်ပူရတယ်၊ သမီး အဲသည် လက်ဖက်တွေမစားနဲ့ အိပ်မပျော်ပဲနေမယ်၊ သမီး သောက်နေကျ ဆေးလေးသောက်ပြီးယင် မေမေနဲ့အဖော်လာနေပါကွယ်၊ သမီးကို မေမေ့ဘေးမှာသိပ်ရမှ မေမေစိတ်ချနိုင်မယ်'

ယွန်း အသာတကြည်ပင် မေမေနှင့်အတူ အိပ်သည်။ ဒေါ်လေးတင့်က ညီခုတင်သို့ ပြောင်းရွှေ့ပေးလေသည်။

မေမေ့ဆန္ဒအတိုင်း ယွန်းဆေးထောက်သည်။ ဘုရားရှိခိုးစိပ်ပုတီးစိပ်သည်။

လက်ဖက်မစားပါဘဲလျက် တစ်ညလုံးပင် တစ်ရေးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပေ။

ဦးနေဘုံးထံ ညတွင်းချင်း အကြောင်းကြားနိုင်လေခြင်းဟု ယွန်း ရင်ထဲက တနှုန့်နှုန့်ဖြစ်နေသည်။

မတွေးရက်သဖြင့် ဇွတ်နှစ်ထားရသော ကိုကိုသည် ယွန်းထံ အိပ်မက်ထဲမှာလိုလို အတွေးထဲမှာလိုလို ဝါးဝါး ရောက်လာပြန်သည်။ ကိုကိုမှန်း သေချာ သိလိုက်လျက်လည်း ညီဖြစ်သွားလိုက်၊ ညီပါ ခိုင်ခိုင်မြဲမြဲ လက်ဆွဲကိုင်ထားလျက်လည်း ကိုကိုဖြစ်လာလိုက်။

မေမေခမျာလည်း တလူးလိမ့်လိမ့် အိပ်မပျော်ရှာပေ။ယွန်း ဘစ်ခုခုဖြစ်လျှင် မေမေ ရင်ကွဲရပေလိမ့်မည်။ ယွန်း ဘာမှ မဖြစ်ရ။ မေမေ့အတွက် ယွန်း ခိုင်မာ ထိန်းသိမ်းနိုင်ရလိမ့်မည်။

'မအိပ်သေးဘူးလား သမီး၊ ပုတီး နာနာစိပ်လေကွယ်၊ ချင်အရဟံစိပ်၊ အာရုံပြုနော်၊ စိတ်မပျံလွင့်စေနဲ့'

'ယွန်းကိုယွန်း သိပါတယ် မေမေ၊ ယွန်း သတိထားတယ်၊ ယွန်း တရားချ ဖြေဖျောက်ပါတယ်'

ပြောလဲ့လဲ့ မီးရောင်ကြောင့် ထင်သာ မြင်သာနေသော ခြင်ထောင်ဇာ ပါးပါးကလေးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေပြန်သည်။ ဇာလေးက ပါးပါးလှာလှာ ကလေး ပင်။ သို့သော် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကာရံ ပိုင်းခြား

ထားနိုင်ဘိသည်။ ဆုတ်ဖြဲ ဖျက်ဆီးလိုက်ဖို့ လွယ်ကူသည်။ တန်ဖိုးကား ကြီးမားချေ၏။

'မေမေ'

'အင်း'

'ဦးဆီ အကြောင်းမကြားရသေးဘူး ထင်တယ်'

မေမေ့ အဖြေသည် မဆိုစလောက် တုံ့ဆိုင်းသည်။

'ညကတော့ ညဉ့်နက်နေပြီလေ၊ သူ အိမ်ကလည်း အဝေးကြီး၊ မနက်မှ ဆေးရုံကို လှမ်းပြီး ဖုန်းဆက်ရမလားလို့'

ထိုစဉ်မှာပင် ယွန်း အကြံရလေသည်။ ယွန်း ဘာ သာနှစ်ခြိုက် သဘောတွေ့ကာ ရင်လည်း ပေါ့သွားသည်။ နံနက်လင်းအားကြီးမှာမှ ယွန်း တရေးအိပ်ပျော်သွားခဲ့၏။ မေမေ ဘယ်အချိန် အိပ်ရာထသွားသည်ကိုပင် ယွန်းမသိလိုက်တော့ပေ။

ယွန်း နိုးလာတော့ ခြောက်နာရီ ခွဲနေပေပြီ။ အိမ်ရှေ့ခန်း၌ ဒေါ်လေးတင့် တစ်ယောက်သာ ဘုရားပန်းအိုးတွေ့ရေလဲ ပန်းထိုး နေလေ၏။

'မေမေ သွားပြီလား ဒေါ်လေး'

'ဟုတ်တယ် သမီး၊ သမီး အိပ်ပျော်နေလို့ ဒေါ်လေးကိုပဲ မှာသွားတော့တယ်'

'ဆေးရုံ သွားတာလား'

'ဟုတ်တယ် အစောကြီးထပြီး ပစ္စည်းတွေ ထည့်လိုက် ပြန်ထုတ်လိုက်နဲ့၊ ဒါတောင် သွားတော့ ပခုံးသိုင်း အိတ်တစ်ခု လက်ဆွဲခြင်းတစ်လုံး'

'ဆေးရုံကြီးပေါ့နော်'

'ဟုတ်တယ်၊ ဆရာဝင်းသွင်က အဲ့သည်ပဲ ခေါ်သွားမယ်တဲ့'

ယွန်းသည် ကိုကို့ကိုသတိရကာ အသက်ရှူကျပ်လာသည်။ ယွန်းရောမေမေပါ ထိုစဉ်က ကိုကို့ကိုဆေးရုံမှာ သွားကြည့်ခွင့်မကြုံခဲ့။ ညီကတော့ အားလုံး ပြန်မြင်ယောင် နေရှာမှာပဲ။

ယွန်းသည် ကုလားထိုင် တစ်လုံးတွင် ဖျတ်ခနဲ ဝင်ထိုင်ကာ ထမင်းစားပွဲပေါ် တံတောင်နှစ်ဖက်ထောက်၍ လက်ချောင်းများနှင့် နဖူးကိုဖိယင်း တအင့်အင့် ရှိုက်ငိုမိသည်။

ဒေါ်လေးတင့် အံ့ဩသွားသလို ယွန်း ဘာ သာ လည်း အံ့ဩမိသည်။ ယွန်း သည်လို လွယ်လင့်တကူ ရှိုက်ငိုဖြစ်သော အချိန်တွေသည် ကာလအတန်ငယ် ဝေးကျန်ခဲ့ပြီဟု ထင်မှတ်မိသည်။

ဟုတ်တယ်နော်။ မေမေကို မကျေမနပ် ရန်ဖွဲ့ငြိုးထားနေမိခဲ့တဲ့ အချိန်တွေကတည်းက ယွန်းဟာ တင်းမာခက်ထန်ပြီး မာန်စွယ် ပြင်းနေခဲ့တာ၊ တစ်ဖက်က တင်းမာအောင် ကြိုးစားယင်း ကျေနပ်ယင်း တစ်ဖက်မှာလည်း ယွန်း ကြေမွခဲ့ရပါတယ် မေမေရယ်။

'ဘာလို့ ငိုနေတာလဲ သမီးရယ်၊ ညီဘာမှ မဖြစ်ပါဘူး၊ ညီ နေကောင်းသွားမှာ'

'ယွန်း မေ့မေကို သနားတယ်၊ ကိုကို မရှိတော့ဘူး၊ ယွန်းက ရှူးခဲ့တယ်၊ညီသာ တစ်ခုခုဖြစ်သွားယင် မေမေတော့ ရှင်လျက်နဲ့ သေရတော့မှာပါပဲ'

'ညီ ဘာမှ မဖြစ်ဘူး၊ ညီ့အတွက် ဆုတောင်း သမီး၊သမီးဟာ အမေကို ချစ်တယ်၊ အစ်ကိုဘော့ကို ချစ်ဘယ်၊ ငယ်ရွယ်သေးတဲ့ သမီးကလေး မသိနားမလည်ဘာတွေတာ တစ်ကဏ္ဍ၊ တကယ်တော့ သမီးဟာ မိဘဓမ္မာင်နှမအပေါ်မှာ မေတ္တာတွေ အချစ်တွေ အများကြီး ပေးခဲ့တာပဲ၊ ဒါကို သစ္စာပြု သမီး၊ ညီ ကောင်းလာမှာပါကွယ်'

ဒေါ်လေး ဆွမ်းပန်းကပ်လှူထားသော ဘုရားရှင် ကိုယ်တော်မြတ် ရှေ့မောက်တွင် ယွန်း တစ်ရှိုက်ငင်ငင် တစ်ပင်ပန်းပန်း အဓိဋ္ဌာန်ပြု သစ္စာဘိုင်တည်လေသည်။

ဦးသုံးကြိမ် ချိုးနှိမ် ဝပ်ဘွားပြီး သကာလ ယွန်း၏ ရင်ထဲမှာ အေးမြ လွတ်လပ်သွားတော့သည်။

မျက်ရည်သုတ်ယင်း ဒေါ်လေးကို ပြုံးပြမိသည်။

'ငိုလိုက်ရတာ လူသက်သာတယ်နော် ဒေါ်လေး'

'ဒါပေါ့၊ ဒါကြောင့် ဒေါ်သေးတို့ မိန်းမတွေ ခဏခဏ ငိုပစ်ရတာ၊ ငိုပစ်လိုက်ယင်း ရင်ပေါ့သွားယင်း အခက်အခဲ ပြဿနာတွေကို ဆက်ပြီး ရင်ဆိုင်ကျော်ဖြတ်ပစ်ယင်း သည်နည်းကို ယောကျ်ားတွေ သိမှမသိဘဲ၊ ဒါကြောင့် တို့ မိန်းမတွေ လောက်များ အခက်အခဲနဲ့ ရင်ဆိုင်လိုက်ရယင် လေးဖက်ပစ်တော့တာပဲ'

ယွန်း ဟက်ခနဲရယ်သည်။ ယွန်းရယ်အောင် ဒေါ်လေးက လိုရာဆွဲ တရားကို ဟောပြောနေလေတော့ ယွန်း ရယ်ရပေမှာပေါ့။

မော်တော်ဆိုင်ကယ်ဟုန်းသံ ကြားရလေသည်။ ကိုပိုင်သည် အိမ်မှ ကျူရှင်သို့ မထွက်ခွာမီ စက်နှိုးယင်း ယွန်းကို စမ်းသည်လည်း ဆိုနိုင်ကာ ယွန်းကိုလည်း နှုတ်ဆက်ရာ ရောက်စေတတ်လေ၏။ သူ့ကဗျာကို ယွန်းက ရှင်းရှင်းတိုတို လိုရင်းကိုတုံ့ပြန်လိုက်ပြီးနောက် ခုလိုအပြုအမူနှုန်း၊အတွေးအရေးနှင့်တေးနှုန်းတွေကို တစ်လှည့်စီ မှန်မှန် သူ စေပို့တတ်လာပြန်၏။

ယွန်း ကပျာကယာ ပြေးထွက်ကာ အိမ်ရှေ့ တံခါးဝတွင် ရပ်လိုက်သည်။ ယွန်းကို ပိုင်စိုးတို့အိမ်သားတွေ မမြင်သာပေ။ သူတို့ဝင်းတံခါးနားရောက်လာပြီဖြစ်သော ပိုင်စိုးကသာ မြင်နိုင်လေ၏။

တစ်ယောက်မျက်နှာ အမူအရာကို တစ်ယောက် သဲသဲကွဲကွဲမြင်သာသည်မဟုတ်။ သို့သော် ယွန်း၏ခါင်း ဆက်လက်သွပ်ချားဟန် အရိပ်အကဲကို သူ ဖမ်းမိသည်။

ကားဂိတ်ဆီသို့ ယွန်းက လက်ညှိုးညွှန်သည်။ လက်ကာတားဆီးသည်။ နားလည်ရွဲ့လား ခေါင်းဆတ် မေး ထိုး ကာ မေးသည်။

ပိုင်စိုး ခေါင်းညိတ်ကာ ရှေ့တူရူသို့ ဟန်မပျက် ကြည့်ပြီး ဆိုင်ကယ်ဆက်စီးသွားတော့၏။

ဒေါ်လေးတင့်သည် အိမ်ထဲ အပြေး ပြန်ဝင် လာခဲ့သော ယွန်းကို အကဲခတ်နေ၏။

'တချို့ မနက်တွေမှာ ခုနစ်နာရီ ဆယ်မိနစ် ပီအက်စ်အတန်း တချိန်ရှိတယ် ဒေါ်လေးရဲ့၊ ယွန်း ကိုပိုင်နဲ့ အကြုံလိုက်သွား မလို့နော် ဒေါ်လေး'

ဒေါ်လေး အင်တင်တင်နှင့် ခေါင်းမည်တ် ခေါင်းမခဲ နှာစေးနေဆဲ။ ယွန်းက သူမ၏ ထပ်ခိုးသို့ ပြေးတက်ခဲ့သည်။

ယွန်း မလိမ်မညာ မှန်တာပြောသည်ကို စိတ်ချလက်ချရှိလေ သည်။ တချို့ မနက်တွေမှာ အတန်းရှိသည် ပြောသော်လည်း သည်မနက်မှာရှိသည်ဟု ယွန်း မညာခဲ့ပေ။ မရှိသော ထိုအတန်း ကို သွားမည်ဟုလည်း လေသံမှပင်မဟခဲ့။ ကိုပိုင်နှင့်ယွန်းအတူ သွားကြောင်း အသိပေးခဲ့ဖို့သာ အရေးကြီးဘာ မဟုတ်လား။

ဒေါ်လေးတင့် ထည့်ပေးသော ထမင်းဘူးကို အမှန်တော့ ယွန်း မယူချင်ပေ။ ဝန်ပိုသည်ဟု လေးလံ ပင်ပန်းမိသည်။ သို့တစေ ဒေါ်လေးနှင့် အငြင်းပွားစရာရှောင်ရှားဦးမှ ဖြစ်မည် ဟု ယွန်း တွက်ဆရလေ၏။

'ဟိုအဘွားကြီးတော့ အိပ်ရာမထသေးပါဘူး ထင်ဘာနဲ့ ဒေါ်လေး'

ဒေါ်လေး ပြုံးမဲ့မဲ့ လုပ်သည်။

'အဘွားကြီးကိုလဲ ခုစ်ကြည်ရေးလေးဘာလေး လုပ်ကြဦးလေ၊ ဆိုဗီယက်နဲ့အမေရိကန်ခုစ်ကြည်ချင်လာတော့ ရေဂင်နဲ့ ဂိုဗာချော့ဗ်လဲ ပျော့ပျောင်းဖို့ လိုလာတာပဲယွန်းရဲ့'

ယွန်း မပီမပြင် ပြုံးသလိုလုပ်ယင်း အိမ်ထဲမှ ထွက်ခဲ့လေ သည်။

ကားဂိတ်တွင် ပိုင်စိုး စောင့်နေပေသည်။

'ကိုပိုင် သည်နေ့ အင်္ဂလိပ်စာနော်'

'တစ်ချိန်ပါပဲ'

သူက ယွန်းကို ခပ်ငေးငေး ကြည့်ကာ နေသည်။ သူနှင့် ယွန်းတို့ သည်လိုမတွေ့ဆုံရတာ ကြာတော်ကြာမြင့်ခဲ့ချေပြီ။ သူ့မှာသူ့ဘာသာ ကိုတ်မှိတ်ယိုးမှား ဆံသဖယ် ပွားခဲ့ရသော ဝေဒနာမှလည်း ခုမှ ပျောက်ကင်းချမ်းသာစ ရှိသေးသည်။ နောက်တစ်ကြိမ် သည်လိုဝေဒနာမျိုး ကောန်မုချ ရောက်မလာရ အောင် သူတားဆီးနိုင်ချင်ရှာလိမ့်မည်ထင်၏။

'အင်္ဂလိပ်စာတော့ကိုပိုင်ကနိုင်ပါတယ်နော်၊ တို့စိတ္တဇဆေးရုံ သွားချင်တယ်၊ အဖော်လိုက်မလားဟင်၊ နိုတာကို သွားချိန်း နေလို့လဲ အချိန်မရှိတော့လို့ပါ'

'ယွန်း ဘာဖြစ်လို့လဲ'

'ခုတော့ ဘာမှမဖြစ်ပါဘူး၊ ဖြစ်မှာစိုးတယ်၊ အံခုဖြစ်တာ က ညီလေ၊ ညီကို ညကဆေးရုံတင်လိုက်ရတယ်၊ သည်မနက် မေမေ အခြေအနေ သွားကြည့်တယ်၊ မေမေ့ဆေးခန်းက

ဆရာဝန်ကတော့ ခေါ်သွားပေးပါတယ်၊ ဒါပေမယ့် သိပ်ရင်းတာမှမဟုတ်တာကိုပိုင်ရာ တို့တွေစိတ်ပူတာပဲ'

ယွန်းက စိတ်မြန်လက်မြန် ကိုပိုင့်ဆိုင်ကယ်နောက်ခုံနံဘေးသို့ သွားရပ်သည်။ ပိုင်စိုးသည် ဆိုင်ကယ်ဒေါက် ဖြုတ်ကာ စက်နှိုးရလေသည်။

'ညီက ဆေးရုံမှာလား'

'ဟုတ်တယ်'

'ဘယ်ဆေးရုံလဲ'

သည်တော့မှပြည့်ပြည့်စုံစုံမသိရသေးသော ပိုင်စိုးနားမရှင်းဘဲ ရှိနေကြောင်းကို ယွန်း ရိပ်မိရတော့သည်။

'ညီက ဆေးရုံကြီးမှာလေ၊ အခုယွန်းသွားချင်တာက စိတ်ရောဂါကုဆေးရုံ၊ ယွန်း က ဦးကိုရှာချင်တာ'

ပိုင်စိုးက နောက်ခုံတွင် ယွန်း နေရာတကျ ထိုင်မိသည်နှင့် ဆိုင်ကယ်တစ်ရှိန်ထိုးမောင်းထွက်ခဲ့လေသည်။

'သည်အချိန်ဆို ဆရာနေဘူး ရောက်ဦးမယ်မထင်ဘူး'

'စောင့်မှာပေါ့၊ လာတဲ့အထိစောင့်မှာပေါ့'

'အိုကေ'

'မြန်မြန်နော် ကိုပိုင်'

'မိုင်ငါးဆယ်နှုန်းလေ ယွန်း၊ တော်ရောပေါ့ကွာ'

ခုနစ်နာရီပင် မထိုးသေးသောကြောင့် လမ်းမတွင် ကားအသွားအလာများလှသေး။

'သည်နေ့ယွန်းတို့ဆိုင် ပိတ်ထားရမှာပဲ'

'ဒါပေါ့၊ ဆိုင်ရောင်းမယ့်သူမှ မရှိတာ၊ တို့လဲ မရောင်းတတ်ဘူး'

'ရောင်း တတ်လဲ ယွန်းက ကျောင်းတက်ရဦးမှာလေ'

'ဟုတ်တယ်၊ တို့ကိုမေမေက ကျောင်းတက်မှကျေနပ်တာ'

ယွန်း သည် ခါးဆန့်ကာ ကိုပိုင့်ပခုံးပေါ်မှတစ်ဆင့် ရှေ့သို့ မျှော်ကြည့်မိသည်။

'ကိုပိုင် ရှေ့ကပစ်ကင်ပေါ်က ကောင်မလေးဟာနီတာနဲ့ တူလိုက်တာ၊ နီတာမဟုတ်လားဟင်'

'ဘယ်ပစ်ကင်လဲ'

'အနီကလေးပေါ်ကလေ၊ ဟုတ်ပါတယ် နီတာပါ'

'အဲသည်ပတ်ဘလစ်ကာကို ပရိုက်ဗိတ်ဇာကွစီစတင်းမှာတွေ့တွေ့နေတာ၊ နီတာ ဘယ်သွားမလို့ပါလိမ့်'

'အေးလေ တစ်ယောက်တည်း၊ တို့ကိုလဲအဖော်မခေါ်ဘူး၊ သူ့အစ်မကြီးလဲ မပါဘူး၊ လိုက်ကြည့်ပါလားဟင် ကိုပိုင်'

ပိုင်စိုးမှာ စိတ်ပါလက်ပါမရှိဘဲ အင်တင်တင်ဖြစ်နေသည်။

'မြို့ထဲဘက်သွားမှာယွန်းရဲ့၊ ဘယ် သွားမှန်းမသိ၊ ဘာကိစ္စမှန်းမသိနဲ့'

'အဲဒါ ကြောင့် စိတ်ပူတာပေါ့'

ယွန်းလဲ အတွံးကြီးလေးဖြစ်တော့မှာပဲနော်၊ ပူပင်သောကတွေ များ လိုက်တာလွန်ရော'

'လိုက် ပါကိုပိုင်ရဲ့ ဝေးဝေးသွားပြီ'

'ခုနစ်နာရီထိုးနေပြီလေ ယွန်း၊ နီတာနောက် လိုက်နေယင် တံတားလေးကို အရောက်နောက်ကျနေမှာပေါ့၊ စဉ်းစားဦး ယွန်း၊ နီတာက အခေါင်းသားကြီး၊ ဆရာနေဘွားဆီ ညီအတွက် သွားတိုင်ပင်ဖို့က ပိုအရေးမကြီးဘူးလား'

ဆရာနေဘွားဆီ အရင်သွားရမည်ဟု ယွန်း ကိုယ် ယွန်း ညွှန်ကြားလိုက်သည်။ ယွန်း၏နှုတ်မှ စကားသံကား ထွက်မလာသေး။

'ရွှစ်မိုင်ဘက်နော်ယွန်း'

ယွန်းစကားမပြန်သော်လည်း ပိုင်စိုးကတော့ သူလုပ်သင့်သည်ထင်သလို ဆက်လက်လုပ်ဆောင်သွားတော့၏။

အတန်ကြာမှ ယွန်းသက်ပြင်းရှိုက်သည်။

'နီတာ တစ်ခုခုတော့ အရေးကြီးနေတယ်၊ တို့သိတယ် ကိုပိုင်'

ပိုင်စိုးသည် လှည့်ကြည့်တော့မည်ကဲ့သို့ ခေါင်းငဲ့လှည့်ချသည်။

ဘယ်ဘက်လမ်းကြားမှ အရှိန်နှင့်ပေါ်လာသော ကားသည် ကျွဲခနဲ ကျယ်လောင်စွာ ဘရိတ်အုပ်ယင်း ရပ်သွားသည်။ ယာဉ်မောင်းသူ၏ အော်ဟစ်ဆဲခေါ်ရေးသံသည် ဆိုင်ကယ်ကို အမီလိုက်လာ၏။

'သူကလဲမှားသေးတယ်၊ သူခိုးကလူဟစ်နေသေးတယ်၊ တို့ကလဲ သတိလစ်သွားလို့ သူသာ မလျှောမိယင် တို့မှန်ဘာက တခြား အသက်နဲ့ကိုယ် အိုးစားကွဲမှာကအရင်'

'သူကရပ်ပေးရမှာပေါ့နော်'

'ဒါပေါ့၊ သူကလမ်းကြားကလာတာ၊ တို့က လမ်းမကြီးက လာတာပဲ'

'သူဆက်မောင်းလာယင်ကော'

'သည်နေရာမျိုးမှာတော့ အမှန်တရားအတွက် အသက်မစွန့်နိုင်ဘူးလေ၊ တို့မှန်ပေမယ့် တို့လျှော့ရမှာပေါ့၊ မကျေနပ်ယင် ဟိုလူလို အော်ဆဲရုံပဲ'

ယွန်းရယ်မိသည်။

'ဆောရီးပဲကွာ၊ ကိုပိုင့်ကို တို့က အမျိုးမျိုးနှောင့်ယှက်နေမိတယ်၊ ဆိုင်ကယ်ကို အာရုံဘယ်စိုက်နိုင်ပါ့တော့မလဲ၊ အေးဆေး မောင်းတော့၊ တို့တံတားလေးကိုပဲ လိုက်ပါမယ်'

ရွှစ်မိုင်မီးပူင့်တွင် မီးနီနေသည်ကို အဝေးမှ လှမ်းမြင်နေရသည်။

'လက်ဖက်ရည်သောက်မလားယွန်း၊ သည်နားမှာ လက်ဖက်ရည်ဆိုင်တွေ အများကြီးပဲ'

'ဦးက ညဂျူတီကျချင်ကျနေမှာ ကိုပိုင်ရဲ့'

'အဲဒါဆို သည်မနက်အစောကြီးလဲ ဆေးရုံမှာရှိနေမှာပဲ'

'ဦးဆီ အယင်သွားရအောင်ပါ'

'တို့က ဘရိတ်ဖတ်စ်စားခဲ့တယ်ယွန်းရဲ့၊ ယွန်း ဘာမှမစားခဲ့ဘူးမဟုတ်လား'

'ထမင်းဘူး ပါပါတယ်၊ ထမင်းစားလို့ရတယ်၊ ပြီးတော့ ဆေးရုံမှာ လက်ဖက်ရည်ဆိုင်ရှိတယ်၊ ဝင်းထဲကို ဦးနာမည် ပြောပြီးဝင်ယင် ရမှာ'

'သေချာအောင် သည်က သောက်သွားကြရအောင်'

'ယွန်း မဆာဘူး'

'ဘာမှမစားမသောက်ယင် ယွန်း မူးနေမယ်'

ပိုင်စိုးသည် ဆိုင်ကယ်ကို လမ်းဘေးသို့ဖြတ်ဆင်းမောင်းနှင်ကာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့သို့ ရပ်လိုက်လေသည်။

'ယွန်း လက်ဖက်ရည်လား၊ ကော်ဖီလား'

'လက်ဖက်ရည်သောက်မှထင်တယ်၊ ဒါမှလူလန်းဆန်းသွားမှာ'

ပိုင်စိုးက 'တူးတီးချိုပေါ့ကျစပါယ်ရှယ်'ဟုလှည့်မှာသည်။

'ဘယ်လိုစပါယ်ရှယ်လဲ'

'ဘူးနို့ ဆီနဲ့ဖျော်တာ စပါယ်ရှယ်ပေါ့'

ယွန်းသည် ဒေါက်တာဝင်းသွင်နှင့်အတူ ကျောင်းလက်ဖက်ရည်ဆိုင်တွင် ထိုင်ဖူးစဉ်တုန်းက ပိုင်စိုးတွေ့သွားပြီး နေမထိထိုင်မသာ မျက်စပ်မှာပိုးဝင်နှောက်ခဲ့ပုံကို သတိရလာသည်။

ပိုင်စိုး သည်လည်း ယွန်းနှင့် အတွေးချင်းတိုက်ဆိုင်နေလေသည်။

'ယွန်းနဲ့လက်ဖက်ရည်ဆိုင် အတူထိုင်ရတာ တို့ဖြင့် စာမေးပွဲ တစ်ခု အောင်သွားသလိုပဲ'

ယွန်းက ခနဲ့တဲ့တဲ့ မျက်လုံးများဖြင့် ခပ်စွေစွေ ကြည့်လေသည်။

'တို့ကိုလူတကာနဲ့လျှောက်စွပ်စွဲတာမျိုးတော့နောက်မလုပ်နဲ့ ကိုပိုင်'

'လူတကာနဲ့မဟုတ်ရပါဘူးယွန်းရာ၊ သည်တစ်ခါတည်းပါ'

'ခုတော့ ဒါပဲရှိသေးတာကိုး၊ နောက်ဆက်တွဲတွေ့တွေ့လာယင်လဲ ကိုပိုင်သည်လိုပဲ လုပ်ဦးမှာပဲ၊ ဒါကြောင့်တို့ကသတိပေးနေရတာ'

'ယွန်းကို ချစ်တဲ့ကြိုက်တဲ့လူတွေအများကြီးရှိမှန်း တို့သိနေသားပဲ၊ သည်တစ်ယောက်ကတော့ ယွန်းရယ်'

'ဆရာဝန်မို့ မနာလိုဘူးပေါ့လေ'

ပိုင်စိုးမဖြေ။ သူငြိမ်ချက်သားကောင်းနေသည်ကိုက သူ့အဇ္ဈတ္တသဏ္ဌာန်ကို အမှန်ဖော်ပြနေသည်။

'တို့တွေက ဆေးခန်းဖွင့်စားရတော့ ဆရာဝန်ဆိုယင်အိုကေပဲလို့ ကိုပိုင်ထင်တယ်မဟုတ်လား'

'ယွန်းကလဲကွာ'

'အဲသလိုတွက်ကိန်းနဲ့ဖြင့် မေမေ့ကိုပဲ ဦးနဲ့သဘောတူပစ်လိုက်တော့မှာပေါ့ကိုပိုင်၊ မေမေကို သည်လောက်တောင် တစ်သက်လုံးချစ်လာခဲ့တဲ့ ဦးရဲ့အချစ်ကိုသာ တို့က ပိုပြီးတန်ဖိုးထားရတာပါ ကိုပိုင်ရာ၊ ပြီးမှ တစ်ခါ ဦးစိတ်ရှည်တာ သဘောထားကြီးတာတွေကို အထင်တကြီး ဖြစ်ရတာ ကိုပိုင်ထင်တဲ့ စီးပွားရေးတွက်ကိန်းဆိုတာ တကယ်ကို မိုင်နာပဲ'

ပိုင်စိုးသည် သူ့ကို ယွန်း စကားနာထိုးနေမှန်း သိသော်လည်း ပံတိအပြည့်နှင့် ငြိမ်ခံလေသည်။

'တို့ကလေ ဦးနဲ့မေမေအပေါ် နည်းနည်းမှ ကိုယ်ချင်းမစာခဲ့မိဘူး၊ တို့ သိပ်ဆိုးတာပဲ၊ မေမေက အမေမို့ ခွင့်လွှတ်နိုင်တယ် ထား၊ ဦးဟာလဲ မေမေကိုချစ်လို့ မေမေ့သမီးကို ခွင့်လွှတ်လိုက်တာပဲ၊ တို့ နေကောင်းစ ရက်တွေမှာလေ တို့ သိပ်ကို ပြန်ကောင်းချင်လွန်းတော့ နေ့တိုင်းပဲဦးကိုမျှော်ရတယ် ကိုပိုင်ရယ်၊ တခြားဆရာဝန်ကြီးတွေကလဲ ကုသပေးပါတယ်၊ ဒါပေမယ့် သူ့ကို တို့ ခင်တွယ်တယ်၊ အားကိုးတယ်ဆိုတာ အဲသည်တော့မှ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်နိုင်တော့တာပဲ'

'ယွန်း သဘောတူပြီပေါ့'

'မေမေနဲ့ ဦးကိုလား'

'အင်းလေ'

'တို့ အဲသလိုလဲ ဖွင့်မပြောချင်ဘူး ကိုပိုင်ရာ၊ သူတို့ဘာသာသိပါစေတော့'

'ယွန်းအမေဟာ ယွန်းကို လွန်ဆန်ပြီး ဘာမှ သူ့ဘာသာသိရဲမှာ မဟုတ်ပါဘူးကွာ'

'တို့က အဲသလောက်ဖဲ့ ကြောက်စရာ ကောင်းနေပြီလား'

'ယွန်းက ကြောက်စရာကောင်းတာမဟုတ်ဘူး၊ ယွန်းအမေက ယွန်းကို ချစ်လွန်းလို့ ယွန်း ငြိုငြင်မှာ သိပ် ကြောက် နေတာ'

ယွန်းသည် ထိခိုက်နာကျင်ဟန် မျက်နှာကလေး မသိမသာ ချုံ့မဲ့သွားသည်။

'တို့ ဘာလုပ်ယင် ကောင်းမလဲ'

'တို့လဲ မသိဘူးလေ၊ နောက်တော့ စဉ်းစားကြသေးတာပေါ့၊ သောက်လိုက်ဦး၊ သွားကြမယ်'

လက်ဖက်ရည်သောက်ယင်း ယွန်း စိတ်ကူးတစ်မျိုးပြောင်းပြန်သည်။

'ဆေးရုံမှာ ဦး ဂျူတီကျမနေယင် သူ့အိမ် လိုက်သွားမလား၊ ဦးက ရှစ်နာရီခွဲလောက်မှ ဆေးရုံရောက်တာတဲ့၊ အိမ်လိုက်ယင် မီဦးမှာပဲ'

'လမ်းမှာ လုံခြုံပါမယ် ယွန်းရယ်'

'ဆေးရုံမှာမရှိယင်တော့ သူ့အိမ်ကို လိုက်သွား ချင်တယ်'

ယွန်းက တစ်ချုံးထိုး ဇွတ်တိုးတောင်းဆိုသည်။ သည်လောက်တွေးဆနိုင် ဆုံးဖြတ်လာနိုင်သည်ကိုလည်း ယွန်းဘာသာ ကျေနပ် အားတက်နေမိ၏။ သည်တစ်ခါ ယွန်း၏မိခင်သည် ယွန်းကြောင့် စိတ်ဆင်းရဲမှုကို မကြုံစေရ။ ယွန်း ကူညီ ဖေးမသောကြောင့် ဆောက်ဖျားပါ သက်သာရာရပါစေ။

ဆေးရုံဘက် ဆရာနေဘွားမရှိပေ။

'ခုနစ်နာရီခွဲပဲရှိသေးတယ် ကိုပိုင်၊ အိမ်လိုက်သွားမယ်'

'ယွန်း အိမ်သိလို့လား'

'ဟင့်အင်း၊ သည်ကလူတွေကို မေးကြည့်မှာပေါ့၊ ခင်သီတာနဲ့ လိုက်မေးခိုင်းမယ်'

ခင်သီတာကို ယွန်း လိုက်ရှာရတာက ဆယ်မိနစ်လောက်ကြာလေသည်။

'ဟယ် အစ်မ ယွန်း ဘာလာလုပ်တာလဲ၊ ဆရာနေဘွားကို လာရှာတယ်ထင်တယ်'

ခင်သီတာကား မပြောင်းမလဲ ပြုံးရွှင် သွက်လက် မြဲမင့်တည်း။

'သူ့အိမ်လိပ်စာ သိတဲ့လူရှိလားဟင် ခင်သီတာ၊ သူ့အိမ်ကို ယွန်း လိုက်သွားချင်တယ်'

'နေဦး ကျွန်မ မေးပေးမယ်၊ ကျွန်မလဲ လူနာတစ်ယောက် ထပ်ကြည့်ပေးနေရပြန်ပြီ၊ ဆယ်တန်းဖြေမယ့် ကောင်မလေး တစ်ယောက် မနေ့က ရောက်လာတယ်၊ စာတွေကျက်နေယင်း စာအုပ်တွေ ဆုတ်ဖြဲပြီး ပေါက်သွားရော့တဲ့၊ သည်နှစ်တော့ ဖြေရမှာ မဟုတ်တော့ပါဘူး၊ အစ်မတုန်းက ဖြေပြီးမှ ဖြစ်လို့ တော်သေးတယ်နော်'

ခင်သီတာပြောသောလူနာကလေးကို မမြင်ပါဘဲ မှုန်းဆသနားမိသည်။

ညီကော သည်နှစ် ဖြေရပါမလား။ ယွန်းသည် မျက်စိစုံမှိတ် ဆုတောင်းမိပြန်သည်။ စိတ်ရှိတိုင်းတော့ အသံမထွက် နှုတ်ခမ်း

မလှုပ်ခို့။ တော်ကြာ ယွန်း စိတ်တွေ ဖောက်ပြန်လာပြန်ပြီထင် နေကြမှဖြင့် အခက်။

'ယွန်း ပြန်ရောက်လာပြန်ပြီလား'

မြင့်မြင့်အေးသည် ယွန်းအနီးသို့ လာရပ်လေသည်။ ယွန်းကို သူမ ကောင်းကောင်း မှတ်မိလေသည်။

'ခဏလာတာပါ'

'ယွန်းရဲ့ဦးလေး ဆရာဝန်ဆီလာတာလား'

'ဟုတ်တယ် မြင့်မြင့်အေး၊ ယွန်းရဲ့အစ်ကို နေမကောင်းလို့ မြင့်မြင့်အေးရော့ တစ်ခေါက်ပြန်လာတာလား'

'ဟုတ်တယ်၊ ညီမကို ခင်လို့ ပြောပြရဦးမယ်၊ ညီမရဲ့ဦးလေးတော့ မသိစေနဲ့၊ အစ်ကိုရဲ့ကလေးထိန်းဖင်း အိမ်ရှေ့ကပြင်မှာ ထွက်ထိုင်နေတုန်း လေယာဉ်ပျံအစိမ်းပုပ်ကြီးနှစ်စင်း လာရပ်တယ်၊ ကျွန်မ လန့်သွားတယ်၊ အဲဒါ ကြမ္မာဆိုး ဝင်တာပဲ'

'ရဟတ်ယာဉ်ကြီးတွေလေ၊ ဟယ်လီကော့ပတာကြီး တွေလိုမျိုး၊ အရင်တစ်ခါလဲ မြင့်မြင့်အေး ယွန်းကို ပြောပြဖူးတယ်'

'ကျွန်မကလေ၊ အစ်ကိုကြီးအတွက် စိတ်ပူတယ်၊ ကျန်တဲ့ မောင်နှမတွေက အယူအဆမှန်မှန်ကန်ကန်နဲ့ လိမ္မာပါတယ်၊ အစ်ကိုကြီးကသာ မောင်နှမတွေကို သိပ် ဖြစ်မြောက်စေချင်နေဘာ၊ ဘုရားရှိခိုးယင်း အစုံပါလာတာပဲ၊ အမေ ရှိတုန်းကလဲ

သားသမီးတွေကို ဖြစ်စေချင်တာတွေ သိပ် ဆုတောင်းတယ်
အစ်ကိုကြီးလဲ အမေ့အတိုင်းပဲ'

ခင်သီတာ ခပ်သုတ်သုတ်ပြန်လာနေသည်။

'မြင့်မြင့်အေး ခုလဲ ကျောင်းပြန်တက်ချင်စိတ် မပေါ်သေး
ဘူးနော်'

ရီဝေကြောင်တက်သော မျက်လုံးများနှင့် ယွန်းကို ကြည့်
ယင်း ခရှသင်းစွဲဆော နှုတ်ခမ်းကလေး တွန့်သွားသည်။ ယွန်း
ကို စိတ်ဆိုးသွားတော့မလား ပူမန်ကာ ယွန်း နောက်သို့ တစ်
လှမ်း ဆုတ်မိ၏။

'မတက်ချင်ပါဘူး၊ ဘယ်တော့မှ မတက်တော့ဘူး'

'ဘာဖြစ်လို့လဲ နေကောင်းလာယင် ပြန်တက်ပေါ့၊ နောက်
ဆုံး နှစ်တောင် ရောက်နေပြီပဲ'

'သည် ဆေးရုံကလူတွေက ဆံပင် ဆွဲဆောင့်တယ်၊ ဒါ
ကြောင့် မတက်ချင်တာ၊ လာနေပါပြီ၊ သူလဲပါတယ်၊ သူ့ကို
သတိထား'

ယွန်းက ခင်သီတာထံ လျှောက်ခဲ့သည်။

ပါရမီဘူတာနားတွင်ပဲယွန်း၊ နီးပါတယ်၊ အဖော်ပါလား၊
ကျွန်မလိုက်ပို့ရမလား၊ အဲ လူနာကလဲ့ကြည့်နေရသေးတယ်၊
လိုက်လဲလိုက်ချင်၊ ဒုက္ခ'

'အဖော်ပါပါတယ်၊ လမ်းသာညွှန်လိုက်'

'ခု သွားယင် မီပါတယ်၊ ဆရာ အိမ်ကထွက်ဦးမှာ မဟုတ်
ဘူး'

မြင့်မြင့်အေးသည် မသက်သာသောမျက်လုံးများနှင့် ယွန်း
တို့ထံ လှမ်းကြည့်နေသည်။အနားလည်းတပ်မလာ၊ ခွာ၍လည်း
မသွားဘဲ ထိုနေရာမှာပင် ကျောက်ချထားသလို ရပ်နေ၏။

'သူ ကျောင်းမတက်ချင်တော့တာ သည်ဆေးရုံက ဆံပင်တွေ
ဆောင့်ဆွဲလိုက်တဲ့'

ခင်သီတာ တဟီးဟီး ရယ်မောသည်။

'အရူးပြောတဲ့စကားများ အစ်မယွန်းက ယုံချင်ပြန်ပါပြီ၊
သူ အကြမ်းပတမ်းရောက်လာတော့ ကျွန်မတို့ ဝိုင်းဖမ်းရချုပ်ရ
ဆဲလ်ထဲ သွင်းရတာကို သူ ဝိုးတိုးဝါးတား မှတ်မိပြီး အမေး
တခြား အဖြေတလွဲ ပြောမှာပေါ့၊ အခု ရောက်လာတာအတော်
ကြမ်းတယ်၊ သူ့အစ်ကိုရဲ့ ကလေးကို အိမ်ရှေ့ ကပြင်ကနေ
ကိုင်ပေါက်ပစ်တာ သိလား'

ယွန်း ကျောစိမ့် တုန်လှုပ်သည်။ယွန်းစိတ်တွင် မြင့်မြင့်အေး
ကို လုံးဝ ပြန်ကောင်းလာနိုင်ဦးမည်ဟု မျှော်လင့် ဆုတောင်း
ထားခဲ့လေသမျှ ရေစုန်မျောပစ်လိုက်ရမလို ဖြစ်နေလေ၏။

'ခင်သီတာ နေခဲ့ပါ၊ လူနာကြည့်ရဦးမယ် မဟုတ်လား'

'ခဏတော့ ရပါတယ်၊ အစ်မကို ဝင်းဝအထိ လိုက်ပို့ဦး
မယ်လေ'

ဝင်းတံခါး အပြင်တွင် စောင့်နေသော ကိုပိုင့်ကို ယွန်း
အတွေ့မှာတော့ ခင်သီတာက လက်ကုတ် ကျီစယ်လေ၏။

'ထင်သားပဲ၊ အဖော်ပါတယ်ဆိုကတည်းက သူပြန်မှာပဲ
ကျွန်မ သိနေတာ'

ယွန်း ရှက်ပြုံးနှင့် ကိုပိုင်ကို လှမ်းကြည့်သည်။ ကိုပိုင်က
ည်း သူနှင့် ဆက်နွယ်ပြီး ပြောခဲနတာမှန်း ရိပ်မိဟန် မော်
ာ်ဆိုင်ကယ်လက်ကိုင်ကို ဟိုလှည့် သည်လှည့်ရှေ့ အရှက်
ပြေ အလုပ်ရှုပ်လိုက်ရှာလေ၏။

'ဆရာ့အိမ် သွားဦးမလား ယွန်း'

'သွားမယ်၊ နီးနီးကလေးပဲ၊ ခုရောက်သွားမှာပါ'

ယွန်းတို့ဆိုင်ကယ် ထွက်လာသည်အထိ ခင် သီ တာ သည်
စ္စု လေ့လာလျက် ကျန်ရစ်ခဲ့သေးသည်။

သီဘာ လမ်းညွှန်အရ ယွန်းတို့ သိပ် ရှာနေစရာ မလိုဘဲ
ဆုနေဘား၏နေအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရှာတွေ့သည်။
ဆရာနေဘား၏ မိခင်ကို မိန်းမရွယ်ဘဝ်ဦးက အိမ်ရှေ့ခန်း
ဆီပင် ဖြီးသင်၊ ပေးနေလေသည်။

'ယွန်းပါ အဘွား၊ ဒေါ်စိမ်းအေးနဲ့ရဲ့ သမီးပါ'

သည်တစ်ခွန်းမျှနှင့် လိုအပ်သော ကိုယ်ရေး အကျဉ်းပြီး
ပ်စုံခပသည်။

'မနက်က စိမ်းနု လာခေါ်သွားပြီလေ'

'ကြာပြီလား အဘွား၊ မေမေက မိုးမလင်းခင်က အိမ်က
်သွားတာ ဆေးရုံကတစ်ဆင့် လာတာလား၊ သည်တန်းလာ
သား သိချင်လို့ပါ'

'ဆေးရုံ မရောက်သေးဘူးတဲ့၊ သည် ရောက် လာ တော့
ခြောက် နာ ရီ တောင် မထိုးသေးဘူး၊ ငိုကြီးချက်မနဲ့အေ၊
အဘွားဖြင့် ရောနှော မျက်ရည်ကျမိတယ်'

ယွန်းသည် အပြစ်မကင်းသူပီပီ မျက်နှာ ညှိုးလျစ္စာ မျက်
လွှာချမိသည်။ ယွန်း၏မိခင်လို မုဆိုးမတစ်ယောက်ကို ဦး၏
မိခင်က ချေးမတော်ရန် ဖက်လဲ့ဘကင်း ကြည့်ဖြူနိုင်ပါလျက်
ယွန်းသည် ဆန့်ကြမ်းနေရာမှာ မနေနိုင်ဘဲ စေးထန်းခဲ့သည်ဟု
ထင်မြင် အပစ်ဖို့ချင်လေမည့် ထင်၏။

'ယွန်း လိုက်သွားဦးမယ် အဘွား'

လူကြီးသူမ ပီသစွာပင် အဘွားက ပိုင်စိုးကို စူးစူးစမ်းစမ်း
ကြည့်သည်။

'အဘွား အဖော်လိုက်ခဲ့ရမလား သမီး'

'နေပါစေ အဘွား၊သူက ယွန်းတို့ အိမ်နီးချင်းပါ၊ ယွန်း
အဖော်ခေါ်လာခဲ့တာ၊ ညီနဲ့လဲ ဆယ်ဘန်း အတူဖြေကြမှာ'

'ဩော်....ဟုတ်ပြီ၊ ဟုတ်ပြီအဘွား သိပြီ'

ယွန်းပါးကလေးတွေ ပူခဲနေသွားသည်။ ပိုင်စိုးသည် ယွန်း
မိခင်ကို အနှောင့်အယှက်ပေးဖို့ အသုံးချခဲ့သော ယွန်း၏
သားကောင်ဖြစ်ကြောင်းလည်း အဘွား ရိပ်မိ သွားပြန်လေ
သည်။

'လိုက်သွားကြလေ၊ဆိုင်ကယ် ဖြည်းဖြည်းနဲ့နော် သူငယ်၊
အန္တရာယ် ကြီးတယ်ကွယ်၊ အရင်မလိုကြနဲ့ကွယ်'

တံတားလေးမှ သည်ဆေးရုံကြီးဆီသို့။

သီးသန့်ခန်းသည် သားကို မြင်နိုင်ရုံ ဖျိုးဖျသာ အလင်းရောင် ရှိလေသည်။

အမှောင်ခန်း။

အလင်းရောင်ကို သားလို မေးခိုင်ရောဂါရှင်သည် ခံနိုင်ရည် မရှိဘဲ လုံ့ဆော်မှုရကာ ပို၍ အကြော တက် တတ် သည် ဟု နေဘွားက ရှင်းပြလေသည်။

'စိမ်းနု၊ မောင် ဆေးရုံ သွားရဦးမယ်၊ နေခင်းတစ်ခေါက် ပြန်လာခဲ့မယ်နော်' ဟု သူက နားနားကပ်ကာ လေသံနှင့် မှာခဲ့သည်။

စိမ်းနု ငိုချင်လားသေးသော်လည်း ခဏ ခဏ မျက်ရည် ကျပြရမှာ သူ့ကို သနား အားနာသည်။ သူ့လက်ကိုသာ တင်းတင်းဆုပ်ကိုင်ကာ သူ့အနားမှာ ရှိနေမှ သည်ဗျာပါဒကို

စိမ်းနု ဆက်ရင်ဆိုင်နိုင်မှာဖြစ်ကြောင်း တောင်းပန် တိုးလျှီးမိသည်။

'မောင် အမြန်ဆုံး ပြန်လာမှာပါ စိမ်းနုရယ်၊ အသိတွေ ကိုလဲ မှာထားခဲ့တယ် သိလား'

မောင်က စိမ်းနု၏ခေါင်းကို အသာ ကိုင်လှုပ် နှုတ်ဆက်ခဲ့သည်။ စိမ်းနုသည် ကလေးသူငယ်အလား သူ ကျောပြင်ကို ငေးစိုက်ကြည့်ယင်း ကျန်ရစ်လေ၏။

ညီညီသည် ခုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းလျက်ရှိသည်။ စိမ်းနုမှာ သူငြိမ်နေတာကိုပင် စိတ်သက်သာရာရလျက် သူ တစ်ချက် ခါးကော့ကာ လက်ခြေဆန့်ကာ အကြောတက်လိုက်တိုင်း အသည်းတွေ အူတွေ ပြောင်း ဆန် သွား မ တတ်ခံစားရလေသည်။

ညီ့ မျက်နှာသည် မချိုပြုံး သရော်ပြုံး ပြုံးနေသည့်နှယ် ပြုံးသလို မဲ့သလိုနှင့် မေးခိုင်ဝေဒနာသည်၏ လက္ခဏာတစ်ခုပဲဟု မောင်က ပြောသွားသည်။ မျက်နှာမှာ ကြွက်သားတွေ ဆတ်ခနဲ ဆတ်ခနဲ လှုပ်ခါ အကြောတက်သည်။ ဇက်ကြောတက်သည်ဟု ညက ပြောသည်ဆို၏။ သည်မနက်မှာတော့ ညီ လုံးဝ ပါးစပ်မဟနိုင်တော့ လော့ခ်ဂျောဟု ဆရာဝန်တွေ လူနာ လှည့်ပတ်ကြည့်ရှုယင်း အချင်းချင်း တီးတိုးပြောသွားကြသည်။

ညီ နှာခေါင်းမှတစ်ဆင့် ပိုက်သွင်းထားသည်။ ညီ့ လက်တစ်ဖက်တွင်လည်း ဆေးထိုးပိုက် တန်းလန်းနှင့် အချိုရည်ပုလင်း

ကြီးမှ တစ်စက်ချင်း စိမ့်ဝင်နေစေလေသည်။ ညီ အကြောတက်ကာ ဇက်လန် ခါးကော့သွားတိုင်း သွေးကြောမှ ဆေးသွင်းအပ်ပေါက် ထွက်သွားမလား ပူပန်နေရပေ၏။

ညီ၏ တင်းတောင့်နေသော အကြော ကြွက်သားများကြောင့် နာကျင်ခြင်း ပြင်းပြစွာ ဝေဒနာ ခံစားနေရကြောင်း စိမ်းနု တွေ့သိနေရသည်။

သည် တစ် ယောက် ကို တော့ မစ္ဂန့်လွှတ်ပါရစေနဲ့၊ အို.... အသက်ချင်း လဲလိုက် ပိုင်ပါရစေ ရှင်တော်မြတ်ဘုရားသခင်။

ညီသည် အသိလည်းရှိ သတိလည်း ရှိသည်။ သူ့အနားမှာ စိမ်းနုရှိနေသည်ကို သူ အားရှိလေသည်။

အားတုံ့အားနာ ဝန်ပိုမှာ မစိုးရိမ်နိုင်ရှာတော့။ မိခင်ကို ခင်တွယ်ခြင်း အားကိုးခြင်း များစွာဖြင့် တစ်ချက် တစ်ချက် လှည့်ပတ် ရှာဖွေသော သူ့မျက်လုံးတွေ မြင်သာမည့်နေရာကို ရွေးပြီး စိမ်းနု ထိုင်ရလေ၏။

ကလင်ခနဲ တစ်စုံတစ်ရာ လွတ်ကျသံ ကြားရသဖြင့် အခန်းအပြင်ဘက် အတော်ဝေးဝေးမှ အသံပါပဲ။

သို့တစေ စိမ်းနုနားထဲတွင် အဝီစိပျက်သလို ဆူညံပူလောင်ရလေသည်။

ညီသည် အသံကြားသည်နှင့် ခါးကော့ကာ ဇက်လန့်ကာ ဆက်ကာ ဆက်ကာ တက်တော့၏။

ကုလားထိုင် လက်ရန်းကို တင်းကျပ်စွာ ကိုင်ဆုပ်ထားယင်း မျက်တောင်မခတ် ငေးကြည့်မိသည်။ တစစ ညီ ငြိမ်သက်

«ကောင်းလာဖို့သာ အဖန်ဖန် ဘောင့်တ ဆုတောင်းကာ နေ
လေသည်။

အခန်းတံခါး ပွင့်ဟလာသည်။

ယွန်း၏ မျက်နှာကလေး ပေါ်လာလေ၏။

စိမ်းနုသည် နှုတ်ခမ်းတွင်လက်ညှိုးတေ့ကာ အသံမထွက်ဖို့
အချက်ပြလိုက်သည်။ယွန်းက သိနားလည်ကြောင်း ခေါင်းညိတ်
လေသည်။

ယွန်းကို ညှို့မြင်။ ယွန်းကလည်း မမြင်သာသော နေရာ
မှာ ရပ်ကာ ညှိကို ပူပန်ကြေကွဲစွာ လှမ်းကြည့်ရှာလေသည်။
တစ်စုံတစ်ရာ စိတ်လှုပ်ရှားလျှင် အင်ကြောတွေ ဆွဲဦးတော့
မှာမို့ ယွန်းအတွေ့မခံတာက ပိုကောင်းမည်ဟု စိမ်းနု အသာ
မျက်ခိုပ်ပြကာ ပြန်ခိုင်းမိ၏။

ယွန်းသည် အခိုပ်ကလေး ပမာ ရွှေ့လျား ပျောက်ကွယ်
သွားပြန်လေသည်။

ယွန်း ဘယ်သူနှင့် လာပါလိမ့် ကျောင်းမတက်ဘူးလား၊
ယွန်း သိမ်စိတ်ထိခိုက်နေမှာပဲ တင်သည်။ စိတ်ပင်ပန်းလွန်းပြီး
ယွန်း ခံစားခဲ့ဖူးသော ဝေဒနာ ပြန်ဖြစ်လာမဖြင့်။

အခန်းပြင် ထလိုက်သွားဖို့ကလည်း စိမ်းနု လှုပ်ရှားလိုက်
လျှင် ညှိမှာ အနှောင့်အယှက် တစ်စုံတစ်ရာ ဖြစ်ပြီး အကြောတွေ
ဆွဲပြန်ဦးတော့မှာ။

စိမ်းနု ကြံရာမရတဲ့ နားထင်တွေကို လက်နှစ်ဖက်နှင့်ဖိကာ
ခေါင်းငိုက်ဆိုက် ချထားမိလေတော့၏။

သွားသောအခါထွင်မှ အသက် ရှူထုတ်ဖို့ သတိရလာသည်။
ပါးစပ်ထဲတွင် နှင်ငြိုငြို ညှီစို့စို့ဖြစ်နေသည်။ အထက်နှုတ်ခမ်း
စပ်ဖျဉ်းဖျဉ်း နာလာတော့မှ သတိလက်လွတ် နှုတ်ခမ်းကို
ကိုက်ထားခဲ့မိကြောင်း သိရတော့၏။

ညှိ တစ်ဖန် ငြိမ်သက်သွားပြန် သောအခါတွင် စိမ်းနုသည်
မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ဆိုင်း ကွယ်ဝှက်ကာ တရှိုက်
မက်မက် သက်ပြင်း တချချ ဖြစ်နေရပြန်လေသည်။

အစ်ကိုကြီး ဦးသက်တင် ရောဂါဆိုးလျှင် ခြေထောင့်တင်း
ကာ အမြဲပ်တစီစီ တက်ချက်အတ်ပုံကို မြင်ယောင်လာသည်။

သားကြီး၏ နောက်ဆုံးအချိန်တွေမှာတုန်းက စိမ်းနု မတွေ့
လိုက်ရ။ အားမပေးလိုက်ရပေ။ အို...ညီကတော့ နေကောင်း
သွားမှာပါ။ဝေဒနာကို အသိဦး၊ ဆေးဦးသား မဟုတ်လား။
တစ်ဖန် နေတွားအပြောအရ ညှိ စတင် ခံစားရသည်ဆိုသော
မေးခိုင်လာတင်းလာသည်မှာ စပြီး မျက်နှာ အ ကြော ဆွဲ
ခါးကော့ အကြောတက်သည်။ လက္ခဏာတွေ ပေါ်လာချိန်
သည် လေးဆယ့်ရှစ်နာရီ ဝန်းကျင်ရှိတာမို့ ညှိသည် အဆိုးရွား
အပြင်းထန်ဆုံးအဆင့် မဟုတ်ဘဲ ပြန် ကောင်း လာဖို့ သာ
အလေးသာပါသတဲ့၊ လူနာ ခံစားရတာနှင့် မြင်သာသော
လက္ခဏာပြသည့် အချိန်ကွာဟချက် ဘောင်ကျဉ်းလေ စိုးရိမ်
ရလေပါတဲ့။

စိမ်းနုသည် အဆိုးအတွက် လုံးဝမပြင်ဆင်နိုင် ရင်မဆိုင်ဝံ့တဲ့

'နီတာ ရှိသလား မမ'

နီတာ့ အစ်မသည် ခေါင်းလောင်းနှိပ်သံကြောင့် ထွက်ကြည့်ကာ ဘာဂျာတံခါးကြားမှတစ်ဆင့် ယွန်းကိုမြင်မှ နံရံတွင် ချိတ်ထားသော သော့တွဲကို ဖြုတ်ကာ တံခါး လာဖွင့်လေသည်။

'အကာသွားတိုက်နေတယ်လေ၊ သက်ိန်မှာ ယိမ်းကမလို့တဲ့'

'သူလေ နီတာ အနုပညာအသင်း ဝင်ထားတယ်လဲ မကြားမိပါဘူး'

'မပြောတတ်ပါဘူး ယွန်းရယ်၊ ဝင်ထိုင်ဦး၊ မမ ပြောစရာတွေ ရှိသေးတယ်'

နီတာ အစ်မက ယွန်း၏လက်ကိုဆွဲကာ အိမ်ထဲခေါ်သွားသည်။

'ယွန်း အစ်ကို ဘယ်နှယ်နေသလဲ၊ မမလဲ အန်တီ စိမ်းဆီ တစ်ခေါက်ပဲရောက်ပြီး ထပ်မရောက်ဘူး၊ အဖေကလဲ မမအမြဲ ရှိမှ ဖြစ်တာဘဲ၊ ပြီးတော့ ဆေးရုံသွားပြန်လဲ ညီကို ဝင်ကြည့် ရမှာ မဟုတ်ဘဲ့ မသွားစောဘူးလေ'

'ယွန်းတို့တောင် ခဏကြည့်ပြီးပြန်ရတယ်၊ အနှောင့်အယှက် မဖြစ်စေရဘူးတဲ့ မမရယ်၊ သက်သာတယ်ပြောဘာပဲ၊ နီဘာနဲ့လဲ မမရဲ့အိမ် လာကြတဲ့ တစ်ရက် တွေ့ပြီး ထပ်မတွေ့ဘူး၊ ခါတိုင်းလို ယွန်းဆီ သိပ်မလာဘူး'

နီတာ့အစ်မသည် ယွန်းကို ဥဉ့်ခံဆိုဖာတွင်ထိုင်စေကာ သူမက ကြိမ်ခုံတစ်လုံးဆွဲပြီး အနီးကပ်ထိုင်လေသည်။

'ယွန်းတို့ ဆိုင်ပိတ်ထားရတာပေါ့နော်'

'ဟုတ်တယ်၊ ဆေးခန်းပါ ပိတ်ရတယ်၊ ဆရာဝင်းသွင်ကလဲ အလုပ်လျှောက်ထားတာ လူတွေစစ်ဆေးမှာမို့ ကျူရှင်တက်ရ မယ်တဲ့၊ ဆတော်ပါပဲ'

'အေးကွယ်၊ အိမ်မှာလဲ အဖေက စီးပွားရေးကို သိပ်အာရုံ မစိုက်နိုင်ပါဘူး၊ ကျန်းမာရေးကလဲ မကောင်း၊ သည်ကြားထဲ မနီတာက သိပ် အခြေမမှန်ဘူးကွယ်၊ သဝေထိုးလွန်းနေတယ်'

ယွန်း နူတ်ဆိတ်ငြိမ်သက်သည်။ ညီ ဆေးရုံတက်ရစဉ် ဆရာ နေဘူးကို ယွန်း လိုက်ခေါ်သည့်နေ့က နီတာ တစ်ယောက် တည်း ကားငှားပြီး ဘယ်သွားသလဲ မေးချင်သော်လည်း အခွင့် မသာသဖြင့် မမေးရသေး။ နီတာခြေလှမ်းပျက်သည်ဆိုတာကို တော့ စိတ်ထဲမှာ သံမှိုလို စွဲမြဲယုံကြည်နေပေသည်။ ကား ဆီး

ပိုင်ခွင့် ရှိသင့်သလောက် ရှိသည်ထင်ကာ တားလည်း တားဆီး ချင်သည်။

'ဦးမောင်ဆင်ကို တခြားမှာ အလုပ် သွင်းပေးလိုက်တာ ကော ယွန်း သိသလား'

'ဟင့်အင်း'

တစ်နှစ်ဝင် တစ်စင်ပါ သံသရာက မဆုံးဘူး မဟုတ်လား၊ ဒါကြောင့် အဖေ့အသိဆို ပြောင်းလုပ်ခိုင်းလိုက်ရတယ်၊ အခု ကုလားအဘိုးကြီးကတော့ ဦးမောင်ဆင်လောက် ကားမောင်း ကားပြင် မကျွမ်းဘူးပေါ့၊ ဘယ်တတ်နိုင်မလဲ၊ အဲသလို လုပ် တာတောင် နေကျော်နဲ့ နီတာက မရှင်းဘူး၊ အခုသကြိန်ယိမ်း ကမယ် ဆိုတာလဲ သက်သက်ထွက်စရာ လမ်းရှာတာပါကွယ်'

ယွန်းသည် နီတာကို ဤမျှ ငယ်ငယ်နုနုအရွယ်တွင် ကိုနေ ကျော်လို လူလည်လူပေါ့သွမ်းတစ်ယောက်နှင့် အတည်တကျ ဖြစ်မသွားစေချင်မှေ။ စိတ်ကစားရုံမျှနှင့်သာ ပြီးစီးရှင်းပြတ် သွားလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

'ဟော ပြန်လာပြီ၊ ခါတိုင်း သည်အချိန် မရောက်ဘူး၊ သည်နေ့ အပြန်စောတယ်၊ တော်သေးရဲ့ ယွန်း နည်းနည်း အစ်ကြည့်ကွယ်၊ တော်ကြာ ဟိုကသုတ်ပြေးယင် အခက်၊ သိုက် တူးမယ့်ကောင် ယွန်းရေ'

နီတာအစ်မသည် နီတာကို အပြုံးကလေးနှင့် ဆီးကြိုကာ နီဘာလွယ်အိတ်ကိုပင် ဆီးယူရှာလေသည်။

ယွန်းသည် နီတာတို့အဖေပစ်ခဲ့သည်ဆိုသော နီတာ့ကြီးဒေါ်နှင့် နီတာ့အစ်မများကို သနားမိသည်။ နီတာသည် အများအပေါ်မှာ အနွံ့အတာခံ စိတ်ရှည်မြဲ ဖြစ်သော်လည်း အငုံစိတ် ရှိလေသလား မဆိုနိုင်ဘဲ သူမ၏ အစ်မအပေါ်မှာတော့ ခပ်စိမ်းစိမ်း ခပ်မှန်မှန်နေလေ့ရှိသည်။ နီတာ့အစ်မသည် နီတာအနေအထိုင်နှင့်ပတ်သက်ပြီး တိုက်ရိုက် ဆိုဆုံးမဝံ့ဟန် မတူပေ။

'မမ ဘာလိရည်သွားဖျော်ဦးမယ်နော်၊ ယွန်း အေးအေးဆေးဆေးမှ ပြန်ပေါ့'

နီတာသည် ယွန်းရောက်နေသည်ကိုလည်း ဝမ်းသာဟန်မပြ။

'ဘယ်သူတွေနဲ့ သင်္ကြန်ကမ္ဘာလဲဟင် နီတာ'

'ကျောင်းကပေါ့'

'ကျောင်းမဏ္ဍပ်မှာလား'

'ဟင့်အင်း စမ်းချောင်းမှာ'

'ဩော် အရင်တစ်ပတ်က နင့်ကို ပစ်ကပ်အနီကလေးပေါ်မှာ တွေ့လိုက်တယ်၊ နင် ယိမ်းသွားတိုက်တာလား'

နီတာ မျက်နှာပျက်သွားသည်။

'နင် ဘယ်ကနေတွေ့တာလဲ'

'ညီ ဆေးရုံတင်ထားရလို့ သွားကြည့်တာလေ၊ နင့်ကို ကြိုမချိန်းနိုင်တော့ ငါ ကိုပိုင်ကို လိုက်ပို့ခိုင်းရတယ်'

နီတာ့ အစ်မကြီးသည် ဘာလိရည်နှင့် အုန်းယိုလာပို့ပေးကာ အပေါ်ထပ် တက်သွားလေ၏။ ရှောင်ထွက်သွားခြင်းပင် ဖြစ်ပေမည်။

'ကိုနေကျော်နဲ့ တွေ့သေးလား နီတာ'

'တွေ့သားပဲ'

'သူ အခု ဘာလုပ်နေလဲ'

'သူ သင်္ကြန်လှည့်ဖို့ အလှပြကား စီစဉ်နေတာပေါ့'

'ဩော်....'

ယွန်း သဘောပေါက်သွားသည်။ ကိုနေကျော်သည် အနုပညာဘက် ဝါသနာပါသည် မထင်မှတ်ခဲ့ဘူး သောကြောင့် အံ့လည်းသြမိ၏။

'သူ့ ညီမဝမ်းကွဲတစ်ယောက်လဲ ပါတယ်၊ သူတို့နဲ့ အတူ အကတိုက်ရတာ၊ ငါ ဝါသနာမပါမှန်း နင်လဲသိသားနဲ့၊ သူတို့ ဆွယ်တာနဲ့ ကရမှာ၊ စိတ်မပါပါဘူးဟာ'

'စိတ်မပါဘဲင် မကနဲ့ပေါ့ နီတာရယ်၊ ငါကဖြင့် ကမယ့်က ကိုပိုင်တို့မဏ္ဍပ်မှာ ကပါလား ပြောမလို့၊ တို့တွေ့ လမ်းထိပ်မှာ လုပ်မှာ၊ ဆုတွေ့လဲပေးမှာ'

နီတာက သရော်ပြုံးကလေးနှင့် 'နင် ကမှာလား' ဟု ခန့်သည်။

ယွန်းက သည်းခံကာ ဟန်မပျက် ရယ်မောသည်။

'ညီ သက်သာတယ်ဆိုပေမယ့် စိတ်မချရသေးပါဘူးဟယ်၊ စာမေးပွဲလဲ ဖြေကုန်ကြပြီ၊ ညီ မဖြေရတော့ဘူး၊ ငါ ဘယ်လို လုပ် မြူးနိုင် ကနိုင်မှာလဲ နီတာ'

နီတာ မျက်နှာပျော့ပျောင်းသွားသည်။

'အန်တီစိမ်းခမျာ သနားစရာပဲနော် ယွန်း၊ အန်တီစိမ်းဟာ အချစ်မှာလဲ ကံမကောင်းရှာပါဘူး၊ အချစ်ဦးနဲ့ တစ်ခါလွဲပြီး ယင် ပြန်ဆုံဖို့ မလွယ်တော့ပါဘူး'

နီတာက တွေးတွေးဆဆ ဆွေးဆွေးမြည့်မြည့် ပြောသည်။

'ယွန်းရယ်၊ အစ်ကိုနေကျော့် နှမဝမ်းကွဲ ဆိုတာကလေ၊ နှမဆိုပေမယ့် နေထိုင်ပြောဆိုပုံဟာ အစ်ကို့အပေါ်မှာ မရှိုးသားဘူး၊ ငါ့ကိုလဲ ခပ်စောင်စောင်နဲ့၊ သည် အလှုပြ ကား အတွက် ငါစုံက်ထားပေးလိုသာ မဟုတ်ယင် ငါ့ကို မောင်းထုတ်မှာပဲ ထင်တယ်'

ယွန်း ခပ်တွေးတွေ နားထောင်သည်။

'နှမဝမ်းကွဲပါဆိုမှပဲ မရိုးသားချင်လဲ ရတာပေါ့'

'သက်ိန်ပြီးယင်တော့ အစ်ကို ရှင်းရှင်းပြတ်ပြတ်မေးရမယ်၊ ချစ်ယင် သတ္တိရှိရမှာပဲ ယွန်း၊ မိုက်တယ်ပြောပြော၊ ဘာပဲ ဖြစ်ဖြစ်'

ယွန်းသည် နီတာကို စိုးရိမ်ပူပန်စွာ ငေးကြည့်နေမိသည်။

နီတာကား အချစ်ဟု သူမ ထင်မှတ်နေသော အရာအတွက် မိုက်တော့မည် တကဲကဲ ဟန်ပြင်နေလေသည်။

'နီတာကလဲကွယ်၊ ငါ့ဘာသာ စိတ်မချမ်းသာရတဲ့ အထဲ'

နီတာသည်လည်း ယွန်းအတွက် စိုးရိမ်ပူပန်ရကောင်းမှန်း သိလာဟန် တူလေသည်။

ယွန်း၏ပခုံးကိုမြို့ငိုးဖက်ကာ ယွန်း၏ပါးကို ရွှတ်ခနဲ နမ်းလိုက်သည်။

ပြီးတော့ ဘာလီရည်ဖန်ခွက်ကို စားပွဲပေါ်မှ လှမ်းယူကာ ယွန်းလက်ထဲထည့်ပေးလိုက်လေသည်။

နီတာ့မျက်ဝန်းမှ တလက်လက်တောက်ပနေသော အကြည် အစည်မီးလျှံတွေကို ယွန်းသွေးလန့်ခမန်း ဖမ်းမိလိုက်ချေ၏။

"ပိုင်စိုးတို့အဖေရောအမေပါထွက်စာကျလာပြီတဲ့ဒမမေ၊အလုပ်လုပ်ခွင့်နဲ့ ပြည်ပမှာ နှစ်နှစ်သွားလုပ်ကြမယ်"

ယွန်းက ကိတ်မုန့်သိုးနေသော မိခင်ကိုတီးတိုးပြောပြသည်။

ညီလည်း ဆေးရုံမှ ဆင်းသာရပြီမို့ မိသားစု ကောင်းမှုဒါနပြုကာ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ် ဆွမ်းကပ်လှူကြမည်။

သည်တစ်နှစ်လုံး နှစ်ကူးကောင်းစေ ဟူသော မျော်မှန်းတောင်းဆုတွေသာမက ကိုကို့ နှစ်ပတ်လည်မှာ ဘုန်းကြီးကျောင်းသို့ ဆွမ်းကပ်လှူဒါန်းရုံသာ ဒါနပြုနိုင်ခဲ့တာမို့ စိတ်မကျေပဲ နှဲခြင်းလည်း မည်ပေမည်။

မနှစ်က ကိုကို့နာရေးမှာတစ်ရပ်ကွက်လုံး ကြင်နာစောင်မဝိုင်းဝန်းခဲ့ကြသည်ကို ကျေးဇူးတင်လှသောကြောင့် ဖိတ်ခေါ်ကျေးမွေးလိုသည့်ဆန္ဒလည်းပါလေသည်။

မစ္ဆိမစာလေ

ပြီးတော့ဆရာနေဘုံးကို ရပ်ကွက်ထဲမိတ်ဆွေဖြစ်ပြသသည့် သဘောလည်း ပါစေပေါ့လေ။

ညီနှင့်ယွန်း မောင်နှမနှစ်ယောက်တို့နှင့်မမေမေ။ ဦးတို့ကြားမှာ စေ့စပ်စကားကမ်းလှမ်းနေသူကတော့ ဒေါ်လေးတင့်ပါပဲ။

မိခင်ဖြစ်သူ ရှက်အမ်းအမ်းဖြစ်နေသေးဘာမို့ ယွန်းတို့က မသိမသာ ကြည်ဖြူကြောင်း ပြသရုံအဆင့်မှာသာ ရှိဒဿသည်။ ဆို့တစေ သည်တစ်နှစ်လုံးတော့ ချမ်းမြေ့သာယာကြရမှာပါပဲ။

နွေဆွမ်းကပ်လှူမှာမို့ ကြီးကြီးမြတို့လည်းလာရောက်ကူညီနေကြသည်။

နီတာသည် ညက ရေကစား အပြီး ယွန်းတို့ အိမ်မှာပဲ လာအိပ် လေသည်။ ပိုင်စိုးသည်လည်း ညဉ့်နက်သည်အထိ ကူညီပိုင်းဝန်းကာ သည်မနက်လည်း အစောကြီး တစ်ခေါက် ရောက်လာပြီး ဆွမ်းပဲ့ ကွမ်းပဲ့ ကန်တော့ပဲ့တွေ့ ပိုင်းဝန်း ခင်းကျင်း ပြင်ဆင်ခဲ့ပေးပြီးမှ အိမ်တစ်ခေါက်ပြန်ပြေးကာအဝတ်အစားလဲနေခြင်း ဖြစ်လေ၏။

'အခုတော့ နှစ်ယောက်စလုံးရှိနေတယ် မဟုတ်လား၊ လာကြမယ်ထင်တယ်နော်'

'လာမယ်လို့ ကိုပိုင်ကပြောတယ်မေမေ၊ မေမေတို့ကို အိမ်လဲကြည့်ဖေးဝါးခဲ့ချင်လို့တဲ့'

မေမေက ယွန်းကို မျက်လုံးဝင့်ကာ ကြည့်သည်။

'အိမ်လဲ ဟုတ်လား၊ ဘာလဲ ကြည့်ပေးပါ မှာခဲ့ဦးမယ် စဲ့လဲ'

ယွန်း ရှက်စိုး နှုတ်ခမ်းစူဆဲ ညီက ဆတ်တောက် ဆတ်တောက် လျှောက်လာယင်းမှ သတောပေါက်မေမေ ဟုသံပြတ်နှင့်လောင်၏။

ယွန်းက အစ်ကိုလက်မောင်းကိုလက်သီးနှင့်ရွယ်သော်လည်း ဘယ်မှာထုရက်နိုင်ပါ့မလဲ။ သူ့ခမျာ အကြောအခြင် ကြွက်သားတွေကတင်းတင်းတောင့်တောင့်နှင့် ဝေဒနာအရှိန်လျော့စရှိသေးတာကလား။

'စိမ်းနုရေ သံဃာတော်တွေကြွလာပြီ၊ ဆွမ်းဘုဉ်းပေးပြီးမှ တရားဟောမလားဟင်'

'ဆရာတော်မိန့်တဲ့အတိုင်းပဲလေ၊ မောင်ပဲခြေသုတ်ကြိတော့နော်၊ ညီက အထိုင်အထခက်တယ်'

ပိုင်စိုးသည် ပုဆိုးနှင့်တိုက်ပုံနှင့် လူကြီးဟန်ဖမ်းကာပျာယီးပျာယာ ရောက်ရှိလာသည်။

ဆရာတော်က တရားဟောဖို့ ပြင်ဆင်ပြီ။

မိသားစုနှင့် အလုပ်အကိုင်သမားများအပြင် နီတာနှင့်ပိုင်စိုးသည်လည်း ပါဝင်တရားနာကြလေသည်။

သံဃာတော်တွေဆွမ်းဘုဉ်းပေးနေခိုက် နီတာက ယွန်းကို အသာတို့ခေါ်သည်။

'ငါ သွားတော့မယ်ယွန်း'

'အိမ်ပြန်မလို့လား၊ နေပါဦးဟယ်၊ ဆယ်နာရီဆယ့်နှစ်နာရီဆို အားလုံးကျွေးမွေးပြီးသွားမှာပဲ၊ အဲသည်တော့ ငါလိုက်ပို့မှာပေါ့'

'မဟုတ်ဘူး ယွန်း၊ ငါနင့်ကို နှုတ်ဆက်နေတာ၊ ငါသွားတော့မှာ'

ယွန်းသည် နီတာကို အံ့အားသင့်စွာ စိုက်ကြည့်နေသည်။ ကြည့်ယင်း နီတာ့ဆိုသို့ရင်းကိုနားလည်လိုက်ပေသည်။ သက်ြန်ပြီးယင်တော့ အစ်ကို့ကိုရှင်းရှင်းပြတ်ပြတ်မေးရမယ်၊ ချစ်ယင်သတ္တိရှိရမှာပဲယွန်း၊ မိုက်တယ်ပြောပြော ဘာပဲဖြစ်ဖြစ်။ နီတာယခုပင်ထပ်ပြောလိုက်သည့် ယွန်းနားထဲမှာ သဲသဲကွဲကွဲ ကြားယောင်သည်။

'လမ်းထိပ်မှာ အစ်ကိုစောင့်နေလိုက်မယ်၊ နင် ဘယ်သူ့ကိုမှမပြောနဲ့ နော်၊ ငါ ယုံကြည်စိတ်ချပါရစေကွာ'

'နင် လိုက်သွားတော့မှာလား'

'ဟုတ်တယ်၊ လိုက်သွားတော့မယ်၊ သူက ငါ့ကိုရွေးတယ်၊ ငါ့ကိုရွေးယင် ငါယူလိုက်မှ ဖြစ်မှာပေါ့၊ အနှစ်တစိမ်းလို နှစ်ပေါင်း နှစ်ဆယ်အစိတ် အချစ်ဦးနဲ့လွဲရတဲ့ဆင်းရဲကို ငါမခံစားချင်ဘူး'

နီတာသည်တဖွဖွရောက်လာသောဧည့်သည်များကိုကြိုယင်း နေရာထိုင်ခင်းပေးယင်း မယ္မောင်မလည်နှင့် အိမ်ရှေ့သို့ ထွက်သည်။

ယွန်းသည် ညီ့အိပ်ခန်းဝမှနေ၍ မှင်သက်မိကာ နှုတ်ခမ်းတွေသာ တုန်ယင်ဖြူရော်လာလေသည်။

နီတာရယ် မသွားပါနဲ့ကွယ်။သူ နီတာကိုမချစ်ပါဘူး။နီတာသိအောင် ငါဘယ်လိုမြောရမှာလဲ နီတာရယ်။

'ယွန်းရေ သည်ကိစ္စသည်တွေအတွက် တစ်ဝိုင်းပြင်ပေးပါဦး သမီးရယ်၊ ဟော့ ကိုပိုင့်မိဘတွေ လာနေပြီ၊ ထွက်ကြိုကြဦးလေ'

ကိုပိုင့်မိခင်သည် မျက်နှာတင်းတင်း စိန်ဝင်းဝင်း ပုံစံရှိမြဖြစ်စေကာမူ ဆီးကြိုသောယွန်းကိုတော့ နှစ်လိုစွာပြုံးပြယင်း ယွန်း၏လက်ကို လှမ်းတွဲလျက် အိမ်ထဲဝင်လာလေသည်။

'ထိုင် ပါ အစ်မကြီး၊ အစ်မကြီးတို့ သွားကြတော့မယ်လို့ ကလေးတွေကပြောပြတယ်၊ စိတ်မကောင်းဘူးအစ်မကြီးရယ်၊ အတူနေ လာကြတာကြာနေမှ ဘယ်ခဲ့ချင်မှာလဲ'

ယွန်းမိခင်က နှုတ်ရေးကြွယ်ကြွယ်နှင့်ညှို့ဝတ်ကျေစွာဧည့်ခံပြုစုနေခိုက် ယွန်းကတော့ စိတ်တွေ့ကယောက်ကယက် ဖြစ်နေလျက် လမ်းထိပ်သို့သာ သွားချင်နေ၏။နီတာမသွားပါနဲ့ဟယ်။

'သားက သည်နှစ်တော့ အောင်စေရမယ်ပြောတာပဲ ညီမရယ်၊ ယွန်းကလေးကလဲ မိတ်ဆွေစစ်ပီသပါတယ်၊သူအဆွယ်ကောင်း အစည်းအရုံးကောင်းလို့သာ ကိုပိုင်သည်နှစ် သီချင်းကို သံယောဇဉ်လျော့ပြီး စာဘက်ပြန်လည်တာ၊အန်တီတကယ်ပဲ ကျေးဇူးတင်ပါတယ်ကွယ်၊ရှေ့လျှောက်လဲ ဘွဲ့ကိုအချိန်ကိုက်

ယွန်း ဖိနပ်မပါဘဲ ဆက်ပြေးလေသည်။ ပြေးသာပြေးရ နီတာ့ကို ကားဂိတ်မှ မမီလိုက်လျှင် ယွန်း ဆက်ရှာတတ်မှာ မဟုတ်တော့ကြောင်း ဘေးမိတော့ ချွေးလည်းစို့ကာ အမောလည်း ဆို့ချင်လေ၏။

ကားဂိတ်အမိုးအောက်တွင် နီတာ့ကိုမမြင်တွေ့။ နီတာဝတ်ထားသော နက်ပြာကွက်စိပ် တစ်ဆင်စာနှင့် ဆင်ဆင်တူတာ ပင် မရှိပေ။

ဟိုသည်လှည့်ဒီကြည့်ယင်း ရှာဖွေမိသည်။

'ငါ သည်မှာယွန်းရေ'

သည်တော့မှလမ်းတစ်ဖက်ကွမ်းယာဆိုင်နံဘေးမှ ထွက်လာသော နီတာကို တွေ့ရလေသည်။

'သူမလာသေးဘူးယွန်း၊ ခုနစ်နာရီခွဲရောက်လာဖို့ မှာထားတာ၊ ခုနစ်နာရီလေးဆယ်ရှိနေပြီ'

ရန်ကုန်မှာ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ကတော့ကား အခက်အခဲနှင့် နောက်ကျကွာဟာတတ်မှန်းယွန်းမသိမဟုတ်ပေ။

သို့တစေ....

'ပြန်စို့ နီတာရယ်'

'ဘာလို့ပြန်ရမှာလဲ'

နီတာသည် စိတ်လှုပ်ရှားစွာဖြင့် နှုတ်ခမ်းကို ပြတ်ထွက်လု မတတ် ကိုက်ကာ စဉ်းစားနေသည်။

ယွန်းကိုလည်း အိမ်ကလူတွေ ရှာနေတော့မည်။ သို့သော် ယွန်းမပြန်နိုင်သေး။

ဆူခိုင်းပါသမီးရယ်၊ နှစ်ရှည်စီမံကိန်းတွေ ဘာတွေ လက်မခံနဲ့သိလား'

ယွန်းသည် ပိုင်ဦး၏ ပြုံးမျက်လုံးတွေကို မတုံ့ပြန်နိုင်ဘဲ ဘယ်လိုလစ်ထွက်ရမလဲသာ အကြံအိုက်နေလေပြီ။

'စိမ်းနုရေ ဒေါက်တာဝင်းသွင်ကို ကြိုပါဦး'

ပိုင်စိုးမျက်နှာညိုခနဲမှုန်သည်။ ညီတို့သားအမိသည် ဒေါက်တာဝင်းသွင်အား ကျေးဇူးတင်စကား တဖွဖွပြောမဆုံးရုံမက ညီကလက်အုပ်ချီကာ ကန်တော့ပြန်လေသည်။ပိုင်စိုး၏မိခင်ပင် ယွန်းကိုတစ်သွယ်၊ ပိုင်စိုးကိုဘစ်လှည့် ကွက်ကြည့် ကွက်ကြည့် ဇဝေဇဝေဖြစ်လာဟန်တူလေ၏။

အိမ်ရှေ့ကထွက်ဖို့မလှယ်တာကို ယွန်းစဉ်းစားမိသည်။သိပ်ဆိုင်းနေလျှင် နီတာပါသွားတော့မှာ။ နောက်ဖေးပေါက်ကလှည့်ထွက်ပါမှ။

ယွန်းနှင့် မရင်းနှီးသော ည့ွှေသည်ဘစ်သုတ်ဝင်အလာနှင့် တိုးသဖြင့် ယွန်းအဆင်ပြေသွားသည်။ သူတို့အကာအကွယ်နှင့် ယွန်းခြံပြင်သို့ ရောက်သွားလေ၏။

မီးဖိုချောင်မှ တွေ့ရာ စွပ်စီးလာသော ရာဘာဖိနပ်ဟောင်းသည် ယွန်း သုံးလေးလှမ်းပြေးမိသည်နှင့် ကြိုးပြတ်ထွက်သွားတော့၏။

နီတာသည် နာရီတကြည့်ကြည့်၊ လာသမျှကားကို လည်ဆန့် တမျှော်မျှော်နှင့် ဆောက်တည်ရာမရ။

'နင်ပြန်တော့ယွန်း'

'မပြန်ဘူး၊ နင်မပါယင် မပြန်ဘူး'

'မရူးစမ်းနဲ့ယွန်း၊ ငါသူတို့အိမ်လိုက်သွားမှာ'

'နီတာရယ် နင်လုပ်မှ ငါပြန်ရူးမှာပါ၊ နင်ဘာလို့ တစ်ဇွတ်ထိုး ဆုံးဖြတ်ရတာလဲ၊ သူမှမလာတာ နင် ဘယ်လိုလိုက်တော့မလဲ'

'သူ့ကောင်မအိမ်ကို ငါသိတယ်၊ ငါလိုက်သွားမယ်'

ယွန်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။

နီတာ ကားရောက်လာသော အငှားကားတစ်စီးကို လှမ်းတားလိုက်လေပြီ။

အခုမှပင် ကိုပိုင် ဝင့်တွေကြပ်ကြပ်လည်ကာ နီတာနောက်သို့ အမီ ယွန်း ကားပေါ်လိုက်ပြီး ခုန်တက်ရတော့၏။

'စမ်းချောင်းကို မောင်းနော်၊ ဗားကရာ လမ်းအတိုင်း မောင်း ဦးလေး'

ယွန်းသည် နီတာကို မမြင်ဖူးသလို အထူးအဆန်းဖြစ်ကာ ငေးနေသည်။ နီတာ့ အဖေကို အမိအရ ယူစဉ်က နီတာ အမေသည်လည်း သည်လိုပဲ ကမူးရှူးထိုး ဖြစ်ခဲ့မှာပဲထင်သည်။

တိတ်ဆိတ်စွာ ကားစီးသွားကြစဉ် အတွေးတွေက တစ်လမ်းစီ ကွဲပြား ခြားနားပေမည်။ ယွန်းသိသည်မှာ နီတာ

အတွက် ယွန်း ကြေကွဲနာကျင်နေရသော အဖြူရောင် သံယောဇဉ်တွေသည် အင်အား ပြင်းပြလှကြောင်းပါပဲ။

'ကိုနေကျော့် ညီမဆိုတာရဲ့ အိမ်ကိုလဲ နင် သိတယ်လား နီတာ'

'အိမ်ချင်း ကင်လျက်ပဲ'

နီတာ ညွှန်ကြားသည့်အတိုင်း ကားချိုးကွေ့ ဝင်ရောက်ခဲ့သော လမ်းသွယ်တွေကို နောက်တစ်ခါ ယွန်း ထပ်သွားရလျှင် မျက်စိလည်မှာမလွဲ။

ကားဆိုက်သည်နှင့် နီတာ ခုန်ဆင်းလိုက်သည်။ ယွန်းသည် နီတာ ဝင်သွားသော ယိုင်နဲ့နဲ့ ပျဉ်တန်းလျားဆီ ကြောင်ငေးကြည့်ယင်း ကားပေါ်မှ လေးလံစွာ ဆင်းရ၏။

'ကားခ သမီး'

ပြင်နေဆဲ ခြေလှမ်းကို ရုပ်လိုက်ရသည်။

'လာပေးမယ် ဦးလေး၊ ခဏလေးနော်၊ ယွန်းတို့ ဘယ်မှသွားလို့ မရပါဘူး၊ တန်းလျားနောက်မှာ အုတ်ထရံကြီး ရှိနေသားပဲ၊ ဦးလေး ခဏစောင့်'

နီတာ ရောက်လာသည် မထင်မှတ်ထားသော ကိုနေကျော်သည် အိပ်မှုန်စုံမွှား ဆံပင်စုံပ်ဖွား အင်္ကျီရင်ဘတ် ဟပြုနှင့် အိပ်ခန်းထဲမှ ထွက်လာသည်။

'နီတာ'

ကိုနေကျော် မျက်လုံးတွေ ပြူးထွက်လာ၏။

ကိုနေကျော် နောက်ပါးမှ ပေါ်လာသည်မှာ နီတာတို့ ယွန်းတို့အရွယ် မိန်းမငယ်တစ်ဦး၏ မျက်နှာ။

နီတာ ကြမ်းတမ်း ရှုန့်ရင်းစွာ အော်ဟစ်ဆဲရေးယင်း ကျား သစ်မ တစ်ကောင်နှယ် ဝုန်းခနဲ ရှေ့သို့ခုန်၍ တိုးသွားသည်။ ကိုနေကျော်သာ လက်ဆန့် မကာလိုက်လျှင် မိန်းမငယ်၏ မျက်နှာသည် နီတာ့ လက်သည်းဒဏ်ကြောင့် စုတ် ပြဲ သွား မှာ အသေအချာ။

'ငါတို့ လက်ထပ်ထားကြပြီ နီတာ၊ မင်း ပြန်တော့'ဟု ကိုနေကျော် ခက်ထန်စွာ ဆို၏။

ယွန်း၏ အသည်းနှလုံးတွေကို ဆွဲခါ လှုပ်ယမ်းလိုက်သည့် နှယ် ဖျပ်ဖျပ်လူး နာကျင်သွားသည်။ နီတာခမျာဖြင့် ဘယ်သို့ ရှိရှာပါ့မလဲ။

'လက်ထပ်ထားယင် ကွာပစ်လိုက်၊ ဘယ်လောက် လိုချင် သလဲ၊ ပေးမယ်'

သည်တစ်ခါ ယွန်း၏ သည်းခံမှုတွေ ဆုံးခန်းတိုင် ရောက် သွား ရပြီ။ ဖြစ်ရလေ နီတာရယ်၊ ဝဲကယ်ဆို သည်နေရာ အရောက်လာတာ သည်မျှ အပြောခံရပြီးလျှင် ချာခနဲ လှည့် ပြန်တာတောင်မှ မျက်နှာ ပြင့်စရာမရှိအောင် သိက္ခာကျရ

ပြီးသားပါ၊ ဘာကြောင့် ကိုယ့်ကို မယူချင်၍ လက်ထပ် ယူလိုက်သော အခြားတစ်ယောက်ကို ကွာပစ်ပါ တောင်းဆို နေရပြန်တာလဲ။

ယွန်း တစ်စုံတစ်ရာ ဝင်စွက်ဖက် စရာပင် မလိုပေ။

'မကွာနိုင်ဘူး နီတာ၊ သည်က ဗိုက်သုံးလ ရှိနေပြီ'

မိန်းမငယ်၏ သုံးလိုက်သော လက်နက်သည် ကိုနေကျော် ကိုပင် အနေခက်စေနိုင် စွမ်းသည်။

'ပြဿနာပဲ'ဆိုကာ ခေါင်းကုတ်လျက် တစောင်းလှည့်ကာ နေ၏။

နီတာ အရှိုက်ထိကာ တချိတရီ ပေါက်ကွဲသည်။

'နီတာ့ကို အစ်ကိုညာပြီး လှည့်စားပြီး နီတာ့ ပစ္စည်းတွေကို ချူတာပေါ့လေ၊ နီတာ့ ငွေတွေ ပြန်ပေး၊ နီတာ့ လက်စွပ်လဲ ပြန်ပေး၊ ပြန်မပေးယင် ရဲတိုင်မယ် သိလား'

ကိုနေကျော်မမူ။ သူ့ဇနီးကလည်း ခြေဆောင့်ကာ အိမ် ထဲဝင်သွားတော့သည်။

'နောက်တော့ ပြန်ဆပ်မယ် နီတာ၊ ခုမရှိဘူး'

'ကျေးဇူးရှိမှ ကျေးစုပ်၊ ရှင် သိပ်မိုက်ရိုင်းတာပဲ'

နီတာက တုန်ယင် အက်ကွဲသော အသံနှင့် ငိုလည်းငို ရန် လည်း တွေ့သည်။

အိမ်သားတွေရော ဘေးအခန်းတွေမှ လူတွေပါ ဝိုင်းအုံ လာကြလေပြီ။

လှည်းတန်းလွန်လာသည့်တိုင် နီတာ ငြိမ်ချက်သားကောင်း နေတော့မှ ယွန်း မတင်မကျ ဖြစ်လာသည်။

ယွန်းက ခေါင်းအသာငဲ့ကာ နီတာကိုကြည့်၏။

နီတာက ဖျတ်ခနဲ မျက်လွှာအပင့် အကြည့်ချင်းဆုံလေ၏။

နီတာ ဟီးခနဲ ရှက်ရယ် ရယ်သည်။

ယွန်းလည်း ခိုးခနဲ ရယ်ချလိုက်မိလေသည်။

'သရဲမ၊ ကလေးကလား ကြွေးတောင်း နေရသေးတယ်၊ မအေနို့မှမစင်သေးခင် လင်ယူချင်ရသလား'ဟု ပလုံးပထွေး ပြောယင်း ယွန်း အတောမသတ် ရယ်လေ၏။

နီတာလည်း မျက်ရည်ထွက်အောင်ပင် ရယ်လေသည်။

ယာဉ်မောင်းဦးလေးကြီးကတော့ ဘာမသိ ညာမသိ။ သူ့ ဘတ္တရားအတိုင်း ကားကိုသာအမြန်နှိုင်ဆုံး မောင်း၍နေချေ၏။

'နီတာငွေတွေနဲ့ ပစ္စည်းတွေ အခုချက်ချင်း ပြန်ရှာပေးပါ။ မနေ့ယဲ့ နီတာ မပြန်ဘူး'

ယွန်း တစ်သက်မှာ တစ်ခါမှ သည်လောက် အရှက်မကွဲ စိတ်မဆင်းရဲ ခံရဘူးပေ။ နီတာ့အတွက် အသည်းလည်းအက်၊ စိတ်လည်းထွက်နှင့် ယွန်း ရှက်လိုက်ပုံမျှား စာဖွဲ့မကုန်တော့။

'ငါ ပြန်တော့မယ် နီတာ၊ သည်တစ်ခါ ငါမရှူးဘူး၊ နှင် သာ ရှူးနေရစ်'

လှေကားထစ်မှ ကလေးမျှားသည် တစ်ရှိန်ထိုးဆင်းလာသော ယွန်း သွားရန် လမ်းဖယ်ပေးယင်း ဘေးသို့ ရှဲသွားကြသည်။

'ပြန်မယ်ဦးလေး၊ လာလမ်းအတိုင်းမောင်း'

'ယာဉ်မောင်းသူက စက်နှိုးယင်း ကျိုးကြည့်ကြောင်ကြည့် ဖြစ်နေသည်။

'တိုတစ်ယောက် မလိုက်တော့ဘူးလားဆမီး'

'မောင်းမှာမောင်းပါ ဦးလေးရယ်'

ကားအထွက်တွင် နီတာ ကားပေါ် ဝုန်းခနဲ ခုန်တက်လာ ပြန်လေ၏။

ယွန်းက နီတာကို လှည့်မကြည့်။ နီတာကလည်း စကား မဆိုပေ။ နီတာ ငိုနေမလားမသိ။ ငိုလည်း ငိုပလေ့စေဟု ယွန်း ခပ်မာမာ တွေးသည်။ သည်လို မာနိုင် တင်းနိုင် လာတာကိုက ယွန်း၏ ပင်ကိုယ်မူလစိတ် သဘာဝကို ပြန်ရလာတာပဲဟုလည်း ယွန်းကိုယ်ယွန်း ဝမ်းပန်းတသာ ချီးကျူးမိလေ၏။

'အမယ်၊ မရွေယွန်းတို့ ကျောင်း ပိတ်ရက် မှာမျှား ထူးထူး ဆန်းဆန်း စောစော အိပ်ရာနိုးလို့နေ၁'

ဒေါ်လေးတင့်က မေမေ့ကို မျက်စပစ်ကဲ့ ဆိုသည်။

မေမေက ပြုံးရုံပြုံးကာ တစ်စုံတစ်ရာဝင်မပြောဘဲ နှာစေးရေငုံ နေလိုက်သည်။

'ထမင်း သိပ်ပေးလိုက်တယ်နော်၊ မနက်စာကိုတော့ နှင်းပိသုပ်နဲ့ ဝက်သား ဆီပြန်စားပေါ့၊ ညနေစာကျမှ ခရမ်းချဉ်သီး ချက်နဲ့ ဝက်သား၊ ဟုတ်ပြီလား၊ ထီးရော ပါပြီလား၊ မိုးက အုံ့အုံ့ရယ်'

ယခု မေမေ့ဆေးခန်းတွင် ဆရာနေဘွား ပြန်ထိုင်နေပေပြီ။ ဆရာဝင်းသွင်မှာ လက်ထောက် ဆရာဝန် ရာထူးနှင့် အညာဆေးရုံတစ်ခုသို့ ပြောင်းရွှေ့သွားရတော့ပေတော့မည်။

ညနေတိုင်း မေမေက ဆိုင်မှာ ဦးနှင့် နှစ်ယောက် အတူ ထမင်းစားပြီးမှ ပြန်လာသည်။ ဦးက မေမေကို အိမ်အရောက် လိုက်ပို့ပေးလေ၏။

မေမေတို့ ဝါမဝင်မီ လက်ထပ်ကြ လိမ့်မည်။ ယွန်းတို့ မောင်နှမ မေမေနှင့် ဦးအတွက် နှစ်ယောက်စာ ဖိုင်ဘာ ထမင်းချိုင့် လတ် တစ်ခု လက်ဖွဲ့ဖို့ ဝယ်ထားပြီးနှင့်ကြလေပြီ။

ဒေါ်လေးတင့်ကတော့ မော်လမြိုင် တစ်လှည့် ပြန်လိမ့်ဦးမည်။ ယွန်းတို့က မပြန်စေချင်သော်လည်း သူ့ရပ် သူ့ရွာ သူ့မိဘများရှိရာ ပြန်တာကိုတော့ ဘယ်မှာ ဇွတ်တားသာပါမလဲ။

မေမေ ဆေးခန်းသို့ထွက်သွားသည်ကို ယွန်းက ခြံဝ အထိ လိုက်ပို့သည်။ ပြန်လှည့်အလာ ပိုင်စိုးတို့အိမ်ဘက် လှည့်ကြည့်မိ၏။ ပိုင်စိုး၏အဒေါ်က ပိုင်စိုး သွားပြီဖြစ်ကြောင်း လက်ဝေ့ကာ ပြလေသည်။

ယနေ့ အခြေခံပညာ အဆက်တန်း စာမေးပွဲအောင်စာရင်း ထွက်ပေမည်။ ဖြေဆိုရာကျောင်းတွေမှာ အောင်စာရင်းတွေ ကပ်ထားပေလိမ့်မည်။

မဖြေဆိုလိုက်ရသူ ညီကတော့ အိပ်ရာဆဲမှာနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ဆဲ။

ယွန်း သနပ်ခါးလိမ်း အဝတ်အစားလဲလှယ်သည်။ ပြီးတော့ နိုင်ငံ့ရေးသိပ္ပံ မှတ်စုကိုကိုင်ကာ ပြန်ဆင်းလာခဲ့လေသည်။

နံနက်ခင်းစာ ထမင်းကြော်ကို စားသောက်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့သည်။

'ဆရာပါလား၊ မေမေ ခုပဲ ဆေးခန်းထွက်သွားတယ်ဆရာ'

ခေါက်ထီးအနက်နှင့် လက်ကိုင်အိတ်အနက် တွဲ ကိုင် ထားသော ဒေါက်တာဝင်းသွင်သည် ချက် မချထားသော ယွန်းတို့ ဝင်းတံခါးကို တွန်းဖွင့်ဝင်လာသည်။

'မေမေရှိမှ လာရမှာလား ယွန်း'

'မဟုတ်ပါဘူး၊ မေမေ့ဆီ လာတယ် မှတ်လို့'ဟု ယွန်းက လျှာကလေး တစ်လစ်ထုတ်ကာ လျှောချသည်။

'ကိုယ် နယ်သွားရမှာ ယွန်း သိပြီးပြီထင်တယ်၊ လာ နှုတ်ဆက်တာပါ ယွန်း'

ဒေါ်လေးတင့်က ဧည့်ခန်းထဲသို့ ကော်ဖီလာပို့သည်မှအပ ထပ် ထွက်မလာတော့ပေ။

ယွန်းသည် ဘာပြောရမည်မသိဘဲ စကား ရှားပါးလျက် ရှိလေ၏။

'ရန်ကုန်ရောက်တဲ့အခါ ဝင်လည်နိုင်ဖါတယ် မဟုတ်လား ယွန်း'

'လည်ပါ ဆရာ၊ ယွန်းတို့က ခင်ပါတယ်၊ ယွန်းတို့ မောင်နှမတွေရဲ့ ကျန်းမာရေးကိုလဲ ဆရာ အများကြီး ကြည့်ရှုပေးခဲ့တာပဲ၊ ဆရာ့ ကျေးဇူးတွေ ရှိနေတာ၊ ညီကလဲ ဆရာ မသွားခင် တွေ့ချင်မှာပဲ၊ ယွန်း ညီကို နှိုးလိုက်ဦးမယ်'

'အိပ်နေသလား၊ အိပ်ပါစေဦး ယွန်းရွှဲ၊ အစ်ကို ချက်ချင်း မပြန်သေးပါဘူး၊ အလုပ်မဝင်ခင်တော့ အစ်ကို အချိန်တွေ ရှိပြီး အားနေတာပါ'

'ညီက လုံးဝ ကောင်းသလောက် ရှိနေပါပြီ၊ အားနည်းလို့ အားမွေးခိုင်းထားတာ တစ်ခုပဲ ဆရာ'

'ယွန်းကကော'

ယွန်း ကြည်ရွှင်စွာ ပြုံးသည်။

'ယွန်း နောက်တစ်ခါ ရောဂါ မထတော့ဘူး ထင်တာပဲ ဆရာ၊ သည်နှစ်လောက် သောကများရတာ မရှိပါဘူး ဆရာရယ်၊ အဲ့ဒါတောင် ရောဂါ ပြန်မထတော့ ယွန်း ပျောက်ပြီ ထင်ပါရဲ့နော်'

ဒေါက်တာဝင်းသွင်သည် ယွန်းကို ငေးကြည့်ယင်း တစ်စုံတစ်ရာ ပြောဆိုရန် ချိန်ရွယ်နေဟန် ရှိလေသည်။

'ယွန်းဆီ စာရေးခွင့် ပြုမလားဟင် ယွန်း'

သူ ဘာရည်ရွယ်နေမှန်း ယွန်း သိလေသည်။ သူ့သိက္ခာ၊ သူ့အရွယ်ကို ယွန်း အားနာလှသည်။ သို့သော် ယွန်းအနေနှင့် မရဲသော်လည်း ပြေးခဲစေ၊ လာမည့်ဘေး ပြေးတွေ့ရပေမည်။

ယွန်း အဖြေမပေးရမီ မော်တော်ဆိုင်ကယ်သံ ကြားလိုက် ရလေသည်။ ဟွန်းသံလည်း တစ်လမ်းလုံး ညံလာလေ၏။

ယွန်း သုတ်ခနဲ ထိုင်ရာမှ ထသည်။

ဒေါ်လေးတင့်သည် ယောက်မကြီး ကိုင်မြောက်ကာ ပြေး ထွက်လာလေ၏။

'အောင်တယ် ယွန်းရေ၊ တို့ အောင်ခဲ့ပြီကွ'

လက်ကိုင်ကိုလွှတ်ပြီး လက်နှစ်ဖက်မြောက်ကာ အော်ဟစ် ကြွေးကြော်လာသော ကိုပိုင့်ကို ပူပန်စိတ်တိုကာ မျက်မှောင် ကြုတ်မိယင်း ယွန်း ကပျာကယာ အိမ်ရှေ့သို့ ပြေးလိုက် သွားမိ၏။ ပြီးမှ ည့ွှသည်ကို သတိရပြီး ပြန် လှည့် လာ ရ လေသည်။

'သွားလေ ယွန်း၊ အောင်ခဲ့သတဲ့လား'

သူ့မျက်နှာသည် မရွှင်ပျလှသော်လည်း လူကြီးလူကောင်း ပီသစွာပင် သူ ပြုံးလေသည်။

'ယွန်းရေ ဆောရီးပဲကွာ၊ အင်္ဂလိပ်စာ မရခဲ့ဘူး'

ယွန်း ဝမ်းသာအားရ လက်ခုပ်တီးကာ ခုန်ပေါက် ရယ် မောမိလေသည်။

'ဟယ် တော်လိုက်တာကွာ၊ ကျေးရမယ်၊ တို့တွေကို စပါယ်ရှယ် ကျေးရမယ်'

'ဒေါ်လေးကိုလဲ ချန်မထားနဲ့ကိုပိုင်၊ ယောက်မနဲ့ခေါက် မှာ သိလား'

ညီအခန်းထဲမှထွက်လာလေသည်။ သူ့ဆရာဝန်ကို သူနှုတ် ဆက် ည့ွှခံခိုက် ယွန်းအပြင်သို့ ရောက်သွားတော့၏။

ကိုပိုင်က အောင်စာရင်း တိုးဝှေ့ကြည့်ရပုံတွေ့ လက်ဟန်ခြေဟန်နှင့် အားပါးတရ ပြောပြနေခိုက် ယွန်းနှင့်ဒေါ်လေးရယ်မောကာ နားထောင်နေကြသည်။

'ယွန်းရေ ဆရာပြန်တော့မယ်တဲ့'

ညီက လှမ်းသတိပေးမှ အိမ်ထဲက ထွက်လာပြီဖြစ်သော ဒေါက်တာဝင်းသွင်ကို သွားတိရလာလေသည်။

ယွန်းပြုံးပြီးနှုတ်ဆက်မည်အပြု ဆရာဝင်းသွင်သည် ပိုင်စိုးရွှေ့သို့ ဘည်တည့်မတ်မာဘ်လျှောက်လာကာ ညာလက် ကမ်းပေးသည်။

'ကွန်ဂရက်ကျူလေးရှင်း ငါ့ညီ'

'ကျေးဇူးပဲ အစ်ကို'

သူသည်ယွန်းကိုတော့ ခေါင်းတစ်ချက်ဆတ်ကာနှုတ်ဆက်ပြီး နောက်ပြန်လှည့်မကြည့်တမ်း ထွက်ခွာသွားတော့၏။

စောစောက ဆူညံမြူးတူးနေသောစကားဝိုင်းသည် မီးကိုရေနှင့် ငြိမ်းသတ်ထားသည့်နှယ် တိတ်ဆိတ်နေ၏။

ညီက ဆရာဝင်းသွင်အား ခြံဝအထိလိုက်ပို့ပြီး ပြန်လှည့်လာသည်။

သူက မျက်နှာသေကလေးနှင့် ခပ်ငေးငေးဖြစ်နေသော ယွန်းကို မျက်လုံးတစ်ဖက်မှိတ်ပြ၏။

'ဘာမှအားမနာနဲ့ယွန်း၊ မဘတ်နိုင်ဘူး၊ နှစ်ယောက်တော့ မဖြစ်ဘူး၊ ငါမျက်နှာပူဘယ်'

ယွန်း ရှက်ကိုးရှက်ကန်း လက်သီးရွယ်သည်။ထုံကား ထူး
'ငါတို့ ရောဂါထူတာတော့မှန်ပါရဲ့၊ဆရာဝန်တစ်ယောက်
ရှိ တော်ပါပြီဟာ၊ ဆရာများသားသေတယ်ဟ'

ညီက ခပ်တည်တည်ပြောပြီး အိမ်ထဲပြန်ဝင်သွားသည်။

ခွေးကလေး ဟုမြည်တွန်ယင်း ဒေါ်လေးတင့် ငယ်မော
မဆုံးနိုင်တော့။

'မှတ်မိသေးရဲ့လား စိမ်းနု၊ စိမ်းနုချက်တဲ့ ဝက်သားဟင်းကို မောင်ကပ်စားလိုက်လို့ စိမ်းနုမစားရတာလေ'

'ဘယ်တုန်းကလဲ မောင်က ခဏခဏ ကပ်စားတာပဲ၊ စိမ်းနု မမှတ်မိပါဘူး'

'စိမ်းနုက ငါအပျိုဖြစ်နေပြီ ခဏခဏမလာနဲ့လို့ ပြောတဲ့ အခေါက်ကလေ'

စိမ်းနု ရယ်မောမိသည်။ သူချို့ထဲသို့ သုံးထပ်သား တစ် ဖတ် ခပ်ထည့်ပေးသည်ကို သူကြည်မေ့ကာငေးကြည့်နေလေ သည်။

'မောင်ရေးထားတဲ့ကဗျာကလေးကော မှတ်မိသေးသလား ဟင်'

'ဘယ်ကဗျာလဲ'

'စိမ်းမြည့်မှောင်၊ ပြိုမယောင် တိမ်တောင်ရိပ်တွေကြောင့်၊ စိုးထိတ်မအေး'

'သြော်....ဟုတ်တယ်၊ သည်းနုရွယ်မောင့်ကိုသနားတာဖြင့် သူ့းတော့ မိုးပြေးတဲ့၊ ခုတော့ သနားပြီပေါ့နော် စိမ်းနု၊ ဆပ်ဖြူပေမယ့် အသည်းကတော့ နုတုန်းပဲအချစ်ရဲ့'

စိမ်းနုသည် ငွေမျင်ဖြူရောယှက်သော သူ့ဆံပင်ကိုကြင်နာစွာ ကြည့်မိပြန်လေသည်။

'ခုတော့ အားလုံးအေးချမ်းပြီထင်ပါရဲ့နော်စိမ်းနု'

'ဟုတ်မှာပေါ့ မောင်ရယ်'

ယွန်း လုံးဝ ပြန်ကောင်းလာရမယ်လို့ အာမခံခဲ့တုန်းက ကိုယ်ဟာကြွမွာအလှည့်အပြောင်းကို လောင်းကစားလုပ်လိုက်ရတာပါပဲ၊ တကယ်ဆိုကံသေကံမဘယ်သိနိုင်ပါ့မလဲ စိမ်းနုရယ်၊ ဒါပေမယ့် အဲဒည့်တုန်းက ကံကြမ္မာဟာ မောင်တို့ဘက်ကမဲတင်းခဲ့တယ်နော်'

'ဟုတ်တယ်နော်၊ အခု ယွန်းဟာ အရင်တုန်းကလိုပဲဟန်နဲ့မာန်နဲ့ ဝံ့ဝံ့စားစားပြန်ဖြစ်နေပါပြီ၊ ယွန်း လုံးဝနေကောင်းသွားပြီနော်'

'ညီကလဲ အဆစ်တစ်ခါ ပြန်မွေးဖွားလာသလိုပါပဲ၊ သူ့ဝေဒနာမျိုးဟာ အဖိတ်အစဉ်များတယ်'

စိမ်းနုတို့ သားအမိတစ်တွေ ရင်မှာ ပူပင်သောကတွေ အမောင်ချစ်မိုးခိုက်မှာ မောင်က မေတ္တာ စန်းငွေ့လ ထွန်းညှိပေးခဲ့သည်။ စိမ်းနု သက်ပြင်းမျှင်းကာ ချမိလေ၏။

'ဘဝတစ်ခုမှာ သည်လောက်ပဲ ပြည့်စုံနိုင်မှာပေါ့ မောင်ရယ်၊ စိမ်းနု ရောင့်ရဲနိုင်ပါပြီ'

သူ့ကို ကြင်နာစွာ ပြုံးပြမိ၏။

စိမ်းနုဘေးမှာလည်း မောင်ရှိနေပြီပဲ။ ။